# အရှင်စက္ကိန္ဒ

# ရခိုင်ယဉ်ကျေးမှုများ

## အမှတ် (၄)



ဖြန့်ချိရေး
ရခိုင်သားကြီးစာပေ
အမှတ် (၈) ၅၅အေ ကျွန်းရွှေဝါလမ်း၊
ဘုရင့်နောင်ပွဲရုံတန်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
ပုံး ၆၇၄၃၆

စာမူခွင့်ပြုချက် - ၄၃၀/ ၉၄ (၇)

မျက်နှာဖုံးခွင့်ပြုချက် - ၈၁၇/၉၄ (၁၂)

တန်ဖိုး - သုံးထောင်ကျပ်တိတိ

စောင်ရေ - ငါးရာ

ထုတ်ဝေနှစ် - ၁၉၉၅၊ ဖေဖော်ဝါရီ။

ထုတ်ဝေသည့် အကြိမ် - ပထမအကြိမ်

ရခိုင်လှမြင့်နှင့်ညီများ ကိုယ်စား

ဦးရဲမြင့်(၀၁၀၄၉)

တက်လမ်းစာပေတိုက်

၉၆၇ / ပဒေသာရပ်ကွက်

စော်ဘွားကြီးကုန်း၊ ရန်ကုန်။

ဒေါ်ခင်ကြွေ (၀၄၇၈၀)၊ ရတနာမဥ္ဇူပုံနှိပ်တိုက်၊

၂၀၇၊ ဝေဇယန္တာလမ်း၊ ၁၆/၂ရပ်ကွက်၊

သင်္ဃန်းကျွန်း။

ဖြန့်ချိသူ

ရခိုင်သားကြီးစာပေ

(ခ) ၅၅(အေ) ကျွန်းရွှေဝါလမ်း၊

(ကားရပ်နားကွင်းအနီး)

ဘုရင့်နောင်ပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်

ရန်ကုန်မြို့။

**ရခိုင်သားကြီးစာပေ**

# အရှင်စက္ကိန္ဒ

# ရခိုင်ယဉ်ကျေးမှုများ

# အမှတ် (၄)

# ရခိုင်ယဉ်ကျေးမှု အမှတ် (၄)
## မာတိကာ


- ထုတ်ဝေသူအမှာစာ
- မျက်နှာဖုံးအဓိပ္ပါယ်ဖော်ပြချက်

၁။ ရခိုင်ပြည်(နယ်) ဗုဒ္ဓဘာသာ
၂။ ဗုဒ္ဓသာသနာနှစ်ယူဆချက်
၃။ မဟာမြတ်မုနိ ကုန်းတော်မြင်ကွင်း
၄။ မုံစဲကျွန်း ဂူထွင်းဘုရားများ
၅။ ဗုဒ္ဓဝင် အန်ချင်းများ
၆။ ပဥ္စမသံဂါယနာမော်ကွန်းစာ
၇။ မဟာကျန်ရုပ်ပွားတော်များ
၈။ ရမ္မာဝတီကျွန်းနှင့် ဓာတ်တော်များ
၉။ သျှစ်သောင်းဘုရားအနားနှိုက် အနွှော်
၁၀။ ဝရာဇ်တောင်စာတီ ကဗျာများ
၁၁။ ဘူးသီးတောင်မြို့နယ် သုံးဆယ့်တစ်ဘုံ ရုပ်စုံစေတီ
၁၂။ ရခိုင်ဘုရားရှိခိုး၊ ဆုတောင်း၊ အမျှဝေ
၁၃။ အနောက်ပြည် မဟာမုနိ ရုပ်ပွားများ
၁၄။ ရခိုင်ပြည်(နယ်) ဗုဒ္ဓရုပ်ပွားစေတီထုလုပ်တည်ထားမှု
၁၅။ ခေတ်ဦး ရခိုင်သမိုင်းအတွေးအမြင်
၁၆။ ရခိုင်ယဉ်ကျေးမှု ပျော်ပွဲသဘင်
၁၇။ ရခိုင်နှင်ပန်းသဇင်

# ရခိုင်ယဉ်ကျေးမှုများ အမှတ်(၄)

## ထုတ်ဝေသူအမှာစာ

ဆရာတော်အရှင်စက္ကိန္ဒသည် ရခိုင်ယဉ်ကျေးမှုဟူ၍ ၁၉၆၉ -ခုနှစ်ကပင် စာစု၊ စာတမ်းများကို စုပေါင်း ထုတ်ဝေခြင်း စတင်လာခဲ့သည်။ ၁၉၅၇ -ခုနှစ်မှစ၍ မဂ္ဂဇင်း၊ စာစောင်များတွင် ကလောင်သွေး၍ စာပေရေးသားပြုစုလာခဲ့၏။ မာန်အောင် ပီယလည်း ဆရာတော်နှင့် စာပေမိတ် ဖက်ရင်းနှီးမှု ရှိလာဖူး၏။ ထို့ကြောင့် ၎င်း၏'ရခိုင်သာစွလေ' စာအုပ်ကို ဆရာတော်ထံမှ တေးကဗျာများ၊ ပုံပြင်များကိုလည်းကောင်း၊ ၁၉၅၈ ခုနှစ် ရခိုင်အသံလွှင့်ခြင်းတို့မှလည်းကောင်း ပေါင်းစု၍ ထုတ်ဝေခဲ့လေသည်။

အစိုးရ တိုင်းရင်းသားလူမျိုးစု ဌာနစိတ်မှလည်း ရခိုင်တေးသံ၊ ရခိုင်ပုံဝတ္ထုများ၊ ရခိုင်အကပဒေသာ၊ ရခိုင်စကားပုံ များကို ဆရာတော်အပါ အဝင် ရခိုင်ပညာရှင်များ၊ သုတေသီများ အကူအညီဖြင့် ထုတ်ဝေပေးခဲ့လေသည်။ လူထုဦးလှဆိုလျှင် ဆရာတော်ထံ ဆက်သွယ်၍ ရခိုင်ပုံပြင် များကို အတွဲများစွာ ထုတ်ဝေခဲ့ပေသေး၏။ 'ဆရာတော်နှင့် ဆက်သွယ်မှုရသဖြင့် ရခိုင်ပြည်နယ်သို့ ခရီးထွက်စရာမလိုဘဲ ပြည့်စုံမှုရှိ လာခဲ့ရသည်" ဟုပင်ဆို၏။ 'ပထမတွင် ရခိုင်မှမိတ်ဆွေများ၏ အကူအညီကို ရလိုနိုးနိုး အားကိုးခဲ့သေးရာ မှန်းသလောက်မရ" ဟူ၍ ဆရာတော်ထံပေးစာ တွင် ဖော်ပြခဲ့သည်ဆို၏။

ဆရာတော်၏ စာပေထုတ်ဝေမှုမှာ ဗွေဆော်ဦးအဖြစ် ရခိုင်ရာဇဝင်နှင့် စာပေအသင်းက စတင်ခဲ့ပေသေး၏။ ရခိုင်သဘာဝတေးကဗျာများ (၁၉၆၁)တစ်အုပ်သာ ထုတ်ဝေပေးနိုင်ခဲ့၏။ အသင်းလည်း ရေဒီယိုမှ အသံလွှင့်ခွင့်ရသောကြောင့် လေလှိုင်းသံဖြင့်သာ လွင့်ပျံ့သွားခဲ့လေပြီ။ နိုင်ငံရေးအခြေအနေ ပြောင်းလဲလာသောအခါ အသင်းအဖွဲ့များ အားမကောင်း တော့ရာကား ပါတီနိုင်ငံရေးသို့သာ ပြောင်းလဲသွားခဲ့ကြလေ၏။ ထို့ကြောင့် စာပေထုတ်ဝေရေးမှာ အဆင်မချော၊ အခက်အခဲ ရှိလာပြီး ပြတ်တောက်လာခဲ့ရလေ၏။ ၁၉၆၆-ခုနှစ်တွင် ထုတ်ဝေမှု ခေါင်းပြုခဲ့လေသည်။ သို့သော် တိုင်းလင်းပုံနှိပ်တိုက်သည် ကံမကောင်းကြုံလာခဲ့သဖြင့် ပိုင်ရှင်ပြောင်းလဲသွားလေ၏။ ထိုအခါ ထုတ်ဝေမှု အဆက်ပြတ်ကာ တဖန်မျော ခဲ့ရလေ၏။

စာပေထုတ်ဝေမှုသည် အရင်းစိုက်မြုပ်နှံရ၊ အချိန်စောင့်ရ၊ ဖြန့်ချိရ၊ စုရစသော လုပ်ငန်းသံသရာ အကျိုးဆက်တို့ ကလည်း များလှရကား ဆရာတော်အဖို့ စိတ်ပင်မကူးနိုင်။ ထုတ်ဝေသူတို့ကလည်း ကျက်ပြီးသား ခူးစားချင်ကြသူများ၏။ သို့သော် ကိုယ်တိုင်ကား မကြိုးပမ်းလိုကြချေ။ ဆရာတော်ကိုယ်တိုင်ကား အဘယ်မှာ ဆောင်ရွက်နိုင်ဖြိမ့်အံ့နည်း။

ထို့ကြောင့် သူထုတ်ဝေပေးအံ့နိုးနိုး၊ ငါထုတ်ဝေပေးအံ့နိုးနိုး စာမူများဆားမြည်းစမ်းခံခဲ့ရသည်။ သို့သော်အရေး မကြီးသေး၊ ရန်ကုန်ယူ သွား ကြန့်ကြာနေပြန်တောင်းမရ၊ ထိုကြားထဲတွင် မရေမရာပျောက်ရှမှုခံရနှင့် စိတ္တဒုက္ခအပိုပင် ဖိစီးလာခဲ့ရသေး၏။ ထိုကြားထဲမှာ မလွဲမရှောင်သာသော ကိုယ်ရေးကိုယ်တာ နေရာထိုင်ခင်း ကျောင်းကန် အခြေတကျ ဖြစ်နိုင်မှုတို့ကလည်း လိုအပ်သေးရာ ၁၉၈၀ ခုနှစ်မှသာ မောင်းတောမြို့၌ အခြေစိုက်ချမိခဲ့ရကြောင်း သိရပါသည်။

၁၉၉၃-ခုနှစ်၌ မလွဲမရှောင်သာသော ကိစ္စကြောင့် ရန်ကုန်သို့ ဆရာတော် ကြွလာခဲ့ပါသည်။ ထိုအခါ စာပေထုတ်ဝေမှုကို အားစိုက်သူများ၊ ဆောင်ရွက်ပေးလိုသူများ၏ တွန်းအားကြောင့် ရခိုင်ယဉ်ကျေးမှုများကို အတွဲဆက်၍ စမ်းသပ်ထုတ်ဝေရန် စိုင်းပြင်းလာခဲ့ရခြင်း ဖြစ်ခဲ့ရလေသည်။

စာပေရေးသားမှု၊ လေ့လာမှုတို့ကား အဆက်ပြတ်ခဲ့သည်ဟူ၍ မရှိခဲ့ပါ။ ဒေသမဂ္ဂဇင်း၊ စာစောင်များ၊ ကျောင်းသား နှစ်လည် မဂ္ဂဇင်းများတွင် ထည့်ပေးမြဲ ရှိခဲ့သည်။ ရခိုင်ပြည်နယ်ကောင်စီ၏ ယဉ်ကျေးမှုဆောင်ရွက်ချက်၊ မြို့နယ်ကောင်စီ ၏ဆောင်ရွက်ချက်၊ စာပေလုပ်သား အဖွဲ့အစည်း၊ ဘာသာရေး၊ လူမှုရေးတို့၌ လိုအပ်သည်တို့ကို ကူညီပေးခဲ့ သည် သာတည်း။ အားလပ်ကာလ အခွင့်ရတိုင်းလည်း စာတမ်းများကို မိတ္တူပွား၍လည်း လက်ကမ်းဝေငှခဲ့ပေသေး၏။

ယခုကျွန်ုပ်တို့ အစီအစဉ် ကူညီမှုအရ ရခိုင်ယဉ်ကျေးမှု အတွဲဆက်များသည် အခါအားလျော်စွာ ထွက်ပေါ်လာ ခဲ့သည့်အတွက် ကြိုက်နှစ် သက်ခဲ့ကြ၏။ မျှော်လင့်ကြသူများကလည်း တစ်မေးတည်းမေးလာခဲ့ကြ၏။ စာဖတ်ပရိသတ်များကို ဆရာတော်သည် အထူးအလေးထားစေ၏။ ပြန့်ကူးမှုတို့အတွက်လည်း ဆရာတော်၏စိတ်စေတနာ ဆန္ဒကို အထူးအာရုံပြု ရှိပါ၏။

သို့သော် မလောက်မင ရှိနေသဖြင့် စာအုပ်ရေကိုလည်း တိုးချဲ့ရန်လိုလားပြောဆို အကြံပြုချက်များ ရှိလာခဲ့ကြပါ သည်။ အထူးသဖြင့် ရခိုင်ပြည်နယ် မြို့နယ်တိုင်းအရောက် တစ်ပြိုင်တည်းရောက်ရှိရန် မလွယ်ကူလှပါ။ တတ်နိုင်လျှင် မြို့နယ်တို့မှ စာပေဖြန့်ချိရေး ပြုလုပ် နေကြသူများက ဆက်သွယ်၍ ကူညီကြမည်ဆိုလျှင် ပို၍ ခရီးရောက်တွင်ကျယ်မည်ဟု ယုံကြည်မိပါသည်။

စာဖတ်ပရိသတ်တို့အား အသိပေးလိုပါသေး၏။

ယခုရခိုင်ရာဇဝင်ကို ပုံပြင်ဟန်ဖြင့် ရေးသား၍ စတင်ထုတ်ဝေလျက်ရှိပါ၏။ "ရခိုင်ပုံသေဝတ္ထုများ' အမည်ဖြင့်

ဖြစ်၏။ ယခုပထမတွဲကို ထုတ်ဝေထားရှိပြီးဖြစ်ရာ ဒုတိယတွဲကိုလည်း ထုတ်ဝေရန် သင့်လှ၏။ ဆရာတော်အား စီစဉ်ပေးရန် လျှောက်ထားပြီးဖြစ်ပါသည်။

အခြေအနေပေးလျှင် ပေးသလောက် အားပေးကြသူများ အင်အားအလျောက် ဆရာတော်၏ စာစုများကို အစဉ်ထွက်ပေါ်လာရန် ကြိုးစားမည်ဖြစ်ပါသည်။ စာဖတ်ပရိသတ်တို့ကလည်း အားပေးကူညီနိုင်ကြလိမ့်မည်ဟု မျှော်လင့် ရပါသတည်း။

**ထုတ်ဝေသူ**
**ရခိုင်လှမြင့်နှင့်ညီများ**
**၂၂၊ ဖေဖော်ဝါရီ၊ ၁၉၉၅**

# ရခိုင်ယဉ်ကျေးမှု အမှတ် (၄)
# မျက်နှာဖုံး အဓိပ္ပါယ် ဖော်ပြချက်

နှစ်ဆယ့်လေးပစ္စည်း ပဋ္ဌာန်းဒေသနာတော်နှင့် နှိုင်းယှဉ်ပြထားသောပုံ၏အဓိပ္ပါယ်မှာ 'ဖြဟ္မာမင်း အယူဝါဒကို ကိုယ်စားပြုသော ခရုသင်းမှ ဗုဒ္ဓဝါဒကို ကိုယ်စားပြုသော ကြာပွင့်တစ်ပွင့်ထွက်လာပြီး ဓမ္မစကြာတရားတော်ဖြစ်ပေါ်လာသည်ကို ပြဆိုထား၏'ဟုဆရာကြီး ဦးစံသာအောင်၏ အာနန္ဒစန္ဒြ ရှစ်ရာစု ရခိုင်ဝေသာလီမင်း စာအုပ်စာမျက်နှာ (၉)အပိုဒ် (၅)တွင် ကျောက်စာဝန်ဟောင်း ဖော်ချမာ၏ အလိုကို ဖော်ပြရေးဆွဲထားခြင်း ဖြစ်ပါသည်။

**ရခိုင်သားကြီးစာပေ**

# ရခိုင်ပြည် (နယ်) ဗုဒ္ဓဘာသာ

အရှင်စက္ကိန္ဒ (ရခိုင်မြေ)

## ဗုဒ္ဓသာသနာဝင်ရောက်ခြင်း

ရခိုင်ပြည်ကို ရှေးနှစ်ပေါင်း ငါးထောင်ကျော်၊ ဘုရားမပွင့်မီ နှစ်ပေါင်း ၂၈၀၀ ခန့် (ဘီစီ ၃၃၀၀)ကပင် ထီးနန်းစိုက်ချလာခဲ့သော တိုင်းပြည်တစ်ပြည်ဖြစ်ကြောင်းဖြင့် သမိုင်းသုတေသီများက မှတ်တမ်းတင်ကြသည်။ ဘုရားမပွင့်မီ နှစ်ပေါင်း **၂၈၀၀**အတွင်း၌ဆိုလျှင် ဗုဒ္ဓဘာသာသာသနာပင်လျှင် မပေါ်ထွန်းသေးရကား ယုံကြည်ကိုးကွယ်မှုများသည် အမျိုးမျိုးဖြစ်ခဲ့ရပေသည်။

အိန္ဒိယပြည်တွင် လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ကျော်ကစ၍ ဗုဒ္ဓဂေါတမရှင်တော်သည် ပွင့်ထွန်းတော်မူလာခဲ့လေသည်။ ထိုရှင်တော်ဘုရားပွင့်ထွန်းလာသောအခါတွင်မှစ၍ ဗုဒ္ဓသာသနာသည် အိန္ဒိယတွင် စတင်ထွန်းပေါ်လာခဲ့ရလေသည်။ ထိုအိန္ဒိယတွင် စတင်ထွန်းကားလာခဲ့ရသော ဗုဒ္ဓသာသနာသည် တစ်စတစ်စနှင့် အရှေ့အနောက် တိုင်းပြည်များသို့ ဆက်သွယ်ဝင်ရောက်ကာ ပျံ့နှံ့လာခဲ့ရလေသည်။ ထိုသို့ ပျံ့နှံ့လာခဲ့ရခြင်းကြောင့်လည်း ရခိုင်ပြည်သို့ ဗုဒ္ဓသာသနာသည် စတင်ဝင်ရောက်ခဲ့မှုဖြစ်ခဲ့ရသည်။

ခေတ်သုတေသီများအလိုအားဖြင့် ဗုဒ္ဓဌာနဖြစ်ရာ အိန္ဒိယတောင်ပိုင်း၊ မြောက်ပိုင်းများမှ ဗုဒ္ဓဘာသာဝင်များ၊ ဝင်ရောက်လာခြင်းများနှင့်အတူ ခရစ်မပေါ်မီ ဘီစီ သုံးရာစု(ရှေးနှစ်ပေါင်း ၂၃၀၀)ခေတ်လောက်မှစ၍ ဗုဒ္ဓယဉ်ကျေးမှုနှင့် ကိုးကွယ်မှုတို့သည် တစ်စတစ်စ အခြေအနေဖြစ်လာကြပြီး ယခုတိုင် တည်မြဲလာခဲ့ရသည်ဟု ယူဆကြလေသည်။

ရခိုင်ရာဇဝင်သမိုင်းအရ ဘုရားရှင်သက်တော်ထင်ရှားရှိစဉ်ကပင် စန္ဒာသူရိယမင်းက မနောမိဌာန်ဖြင့် ပင့်ဖိတ်ခဲ့လေသည်ဟူ၏။ (ဗုဒ္ဓစာပေတို့၌ အနာထပိဏ်သူဌေးသူမီး စူဠသုဘဒ္ဒါသည် မိမိနေရာ ဥဂ္ဂမြို့မှ ယူဇနာ ၁၂၀ ဝေးသော သာဝတ္ထိပြည်ရှိ ဗုဒ္ဓဂေါတမကို စိတ်မနောမိဌာန်ဖြင့် ပင့်ဖိတ်သဖြင့် ကြွရောက်ဖူးလေသည်ဟု အထင်အရှားပြဆိုထားချက် ရှိလေသည်) ထိုသို့ပင့်ဖိတ်ချက်အရ ဝါတော်(၂၀)မြောက်တွင် ရာဇဂြိုဟ်ပြည်မှသည် (အချို့ ပရိနိဗ္ဗာန်မပြုမီ တစ်နှစ်ကဟူ၏) တပည့်ရဟန္တာများခြံရံလျက် ဓညဝတီမြို့တော်သို့ ကြွရောက်၍ မဟာမုနိရုပ်ရှင်တော်မြတ်ကို ကိုယ်စားသွန်းလုပ်စေခဲ့သည့်ပြင် သာသနာပြုစေရန် ဗာကုလမထေရ်ကိုပင် ထားခဲ့ရစ်သည်ဟု အဆိုရှိသည်။ ယင်းတို့ကို ကိုယ်စားရုပ်တုတော်နှင့် ရဟန္တာအရှင်တစ်ပါးအား ထားပေးစေခဲ့သည်မှစ၍ ဗုဒ္ဓသာသနာသည်စတင်လာခဲ့ရကြောင်းဖြင့် သမိုင်းအရသိရှိရလေသည်။

ဤသမိုင်းအထောက်အထားသည် ယခုရှိ ပါဠိအဋ္ဌကထာတို့၌ မလာ၍ မယုံကြည်ကြသည်လည်း ရှိ၏။ ရခိုင်စာဆိုတော် တန်းခိုးဆရာထွန်းက သီဟိုဠ်မှ အဋ္ဌကထာနှင့် သမ္ဗဒါန်ကျမ်းတို့၌လာကြောင်း ထောက်ပြထားခဲ့သည်။ ထိုခေတ်မျက်မှောက်အထောက်အထားများကို ရှာဖွေကြရာ ကွယ်လွန်သူ သုတေသီကျောက်စာဝန် ဦးစံရွှေဘုသည် လွန်ခဲ့သော နှစ်ပေါင်း ၃၀ကျော်က ဓညဝတီမြို့တော်ဟောင်းတစ်နေရာမှ ကျောက်စာတစ်ချပ်ကို ရှာဖွေတွေ့ရှိ၍ လက်ရေးမူ ပုံတူကူးရေးထားခဲ့လေသည်။ မူရင်းကျောက်စာကိုကား ရှာဖွေမတွေ့ရတော့ပြီ။ ထိုကျောက်စာတွင် ဘုရားမြတ်စွာသည် တပည့်သားသံဃာတော်နှင့် ရခိုင်သို့ကြွရောက်လာကြောင်းကို ရေးထိုးထားချက်ပါရှိသည်။ အစောဆုံးတွေ့ရသောရခိုင်ရာဇဝင် လင်္ကာသမိုင်းတို့၌လည်း ထို့အတူ ယုံကြည်ဆိုထားလေသည်။ ဗုဒ္ဓကြွရောက်၍ မဟာမုနိသွန်းလုပ်ရခြင်း၊ ဗုဒ္ဓရူပအကျိုးနှင့် ထွေထွေရာရာ ဒါနအကျိုးတို့ကို ဟောခဲ့ရာဖြစ်သည်ဆိုသော အချက်တို့ကို မှတ်တမ်းပြုထားသည့် သမ္ဗဒါန်ကျမ်းတစ်စောင်ကား ယခုထိရှိနေသေး၏။ ခရစ် ၁၈၈၇ခုနှစ် ရခိုင်သို့ပထမဆုံးလေ့လာရန် ရောက်လာသောကျောက်စာဝန် ဖိုချင်မာသည် ထိုကျမ်းကိုမတွေ့ခဲ့ရကြောင်းဖြင့် ၎င်းရေးသောစာအုပ်၌ ရေးသားခဲ့သည်။

ပါဠိတော်ကျမ်းဂန်ကိုထောက်၍ ရခိုင်သို့ဘုရားမကြွရောက်ခဲ့၊ ထို့ပြင်ဘုရားသည် အိန္ဒိယနိုင်ငံ (ယူပီ-နီဝါရီ) နယ်မှပင် မထွက်ခဲ့ဟူသော အနောက်တိုင်းပညာရှင်များအဆိုကိုလည်း စဉ်းစားသင့်သည်။ ထိုသို့ယူဆကြသော်လည်း ရခိုင်နှင့်အိန္ဒိယသည် ဒေသနယ်ပယ်ခြင်း ဆက်စပ်နေသည်ကတစ်ကြောင်း၊ လူနေမှု ဝင်ရောက်သွားလာကူးလူးဆက်ဆံနိုင်သည်ကတစ်ကြောင်းတို့ကြောင့် ဗုဒ္ဓ၏သတင်းသည် ကျော်ကြားခြင်း၊ ပျံ့နှံ့ခြင်း ရှိနိုင်ရာသည်။

ရခိုင်ပြည်နယ်နိမိတ်မှာ ရှေးက ရာဇဝင်ခေတ်အလိုအရ ယခုအနောက်ဗင်္ဂါ ဩရိဿနယ်ထိ ကျယ်ဝန်းခဲ့လေသည်။ ထို့ကြောင့် ဘုရားရှင်သည် ထိုဒေသသို့ ကြွရောက်နိုင်ခဲ့ရာသည်။ အနည်းဆုံး ရခိုင်နယ်နိမိတ်သို့ ခြေတစ်လှမ်းမျှကား ဝင်ရောက်ခဲ့ရမည်မှာ မလွဲတည်း။ ထိုသို့ ဒေသစာရီ ကြွချီမှုသတင်းသည် နယ်စား၊ မြို့စား၊ တပ်စီး၊ တပ်နင်းမှဖြစ်စေ ရခိုင်မင်းနှင့် ရခိုင်ပြည်သို့ အနှံ့အပျံ့ကြားသိပေါက်ရောက် ကျော်လွှမ်းစေရာသည်။ ထိုသတင်းကြောင့် ဘုရားရှင်အား ပင့်ဆောင်နိုင်မှု၊

ကိုယ်စားတော်ထုလုပ်နိုင်မှုတို့ကား ပြမည်ဆိုက ပြနိုင်ကောင်းရာသည်။

ရခိုင်ဘုရားသမိုင်းအလို စန္ဒသူရိယမင်းလက်ထက် ဗုဒ္ဓကြွရောက်၍ တရားဟောခဲ့ရာ တရားအဆုံး၌ ထိုမင်း၏နှမ အထွေးမိဖုရား ဥဒုမ္ဗရဒေဝီသည် ဘိက္ခုနီထေရီ ရဟန္တမဖြစ်ခဲ့ရသည်။ ထို့ပြင် ဘိက္ခုထေရီ ရဟန္တာပေါင်း နှစ်ရာဖြစ်ခဲ့ရသည်ဟု အဆိုရှိသည်။ ဗာကုလမည်သော ရဟန္တာကို ဦးစီးဥက္ကဋ္ဌပြု၍ ရခိုင်ပြည်၌ အကျွတ်တရားရ ဘိက္ခု၊ ဘိက္ခုနီမ၊ ရဟန္တာတို့နှင့် သာသနာပြုနေစေခဲ့လေသည်။ ထိုရဟန္တာတို့မှဆက်နွယ်သော ရဟန္တာများကား စမ္ဘာဝက်ခေတ်တိုင် ရှည်လာခဲ့၏။ ပဋ္ဌာခေတ်တွင် မင်းရင်ဖြူလက်ထက် သံဂါယနာတင်စဉ် ရဟန္တာအရှင်မြတ် ရှစ်ရာထိပါဝင်ခဲ့သည်ဟု ရခိုင်ရာဇပုံကျမ်း၌ ပြဆိုထားခဲ့သေးသည်။

ထိုစမ္ဗဝက်ခေတ် ပဏ္ဏာဝထေရ် စကြံ ံလျှောက်၍ တရားကြိုးစားခဲ့ရာ ဥမင်လိုဏ်ခေါင်းရှိသေး၏။ ယခုလေညှင်းတောင် အနောက်၊ စမ္ဘာဝက်မြို့ဟောင်းအနီးအထက်ငှက်ခေါင်း၊ အောက်ငှက်ခေါင်းဟူ၍ခေါ်တွင်နေကြ၏။ အမှန်မှာ ထိုမထေရ်၏တရားကျင့်ရာ စကြံ ရှည်လိုဏ်ခေါင်းသာဖြစ်၏။ ထိုလိုဏ်ခေါင်းမှာ ကာလကြာ၍ အလယ်မှကျိုးပြတ်ပေါက်ကွဲပြီး အထက်အောက်နှစ်ဖြတ်ကဲ့သို့ ဖြစ်နေရခြင်းပင်တည်း။ ထိုရဟန္တာသည် နေရဥ္စရာ တောင်ငူခေတ်အထိ အသက်ရှည်ခဲ့ရာ ယခုလေးမြို့ချောင်း လက်မတောင်တန်းအနီး၌ သီတင်းသုံးဖူးသည်။ ထို့ကြောင့် ထိုရဟန္တာဗဏ္ဏာဝထေရ်သီတင်းသုံးဖူးရာဂူကို ဗဏ္ဏာဝဂူဟုခေါ်တွင် နေကြသည်။ ထိုရဟန္တာသည် နေရဥ္စရာတောင်ငူမြို့၌ မင်းမတည်တံ့၍ သမုဒ္ဒဂီရိခေါ် ယခုစစ်တွေမြို့တည်ရာ စစ်တွေကျွန်းကျောက်ဆောင်ပေါ်သို့ သွား၍သီတင်းသုံးခဲ့ဖူးသည်။ ယခုတိုင်သီတင်းသုံးခဲ့ရာ ဂူကိုစွဲ၍ ‘ဗခေါမော်’၊ ‘ဗခေါဂူ’ဟု ခေါ်တွင်လျက်ရှိနေသေး၏။

နောက်ရဟန္တာတစ်ပါးဖြစ်သော ဥတ္တမသီရိထေရ်အရှင်သည် ပစ္ဆိမပဗ္ဗတတောင်တန်း၌ သီတင်းသုံးခဲ့၏။ ထိုတောင်တန်း၌ပင်လျှင် ပရိနိဗ္ဗာန်စံခြင်းကိုလည်း ပြုခဲ့လေသည်။ ထိုရဟန္တာ၏ဓာတ်မွေတော်များကို ဌာပနာ၍ ရခိုင်မင်းအဆက်ဆက်တို့ တည်ထားကိုးကွယ်ခဲ့ရာ စေတီတစ်ဆူလည်း အထင်အရှားရှိသေး၏။ ထိုစေတီတော်ကို မင်္ဂလာဓာတ်ရွှေဂူစေတီဟူ၍ ယခုမြို့ဟောင်းမြို့ ပစ္ဆိမပဗ္ဗတ တောင်တန်း၌ ဖူးမြင်နိုင်ပေ၏။

ဤသို့ ဗုဒ္ဓထင်ရှားကြွလာသည်မှစ၍ ရဟန္တာများထိ ဆက်နွယ်လာခဲ့ရာသော ရခိုင်ပြည်၏ဗုဒ္ဓသာသနာသည် အမှန်လည်း ထူးခြားအံ့သြစရာ ကောင်းလေသည်။

ယင်းနှင့်ပတ်သက်၍ အင်္ဂလိပ်စာရေးဆရာတစ်ဦးက ‘ရခိုင်ပြည်မှာ ဗုဒ္ဓကိုယ်စားတော်မြတ်ကြောင့် ဗုဒ္ဓသာသနာတော်ကြီး၏အချက်အချာ မဏ္ဍိုင်ပင်ဖြစ်သည်။ ထိုကိုယ်စားတော်မြတ်ကား ကမ္ဘာပေါ်တွင် အဟောင်းဆုံး၊ အသိခက်ဆုံး၊ အမြင့်မြတ်ဆုံးရတနာပင်ဖြစ်သည်။ ထို့ကြောင့် ရခိုင်မင်းတိုင်း ဗုဒ္ဓဘာသာဝင်ဖြစ်သည်သာမက နိုင်ငံအုပ်ချုပ်ရေးအပြင် ရက္ခမဏ္ဍိုင်ဖြစ်သော မဟာမုနိနှင့် ဓာတ်မွေများကိုပါ စောင့်ရှောက်ကိုးကွယ်ခဲ့ရပေသည်သာတည်း’ဟု ရေးသားထားခဲ့လေသေးသည်။

ယင်းနောက် ရခိုင်မင်းများသည် ရာဇဘိသိက်ခံရာ၌ မင်္ဂလာမဏ္ဍပ်ဆောက်စဉ်မှစ၍ ကမ္မဝါစာဖတ်ခြင်း၊ ဘိသိက်သွန်းနေ့တွင် ထိုမဏ္ဍပ်၌ ပိဋကတ်တော်ကို ဆောင်ယူထားရခြင်း၊ ဝိနည်းမိုရ်ဆရာတော်များကိုပင့်၍ ပရိတ်တော်များကို ရွတ်စေခြင်းပြုရသည်။

ထို့ပြင် မင်းကိုယ်တိုင်

ဗုဒ္ဓဥ္စ၊ ဓမ္မဥ္စ၊ သံဃဥ္စ သရဏံဂတော၊ ဥပသကတ္တံ။

မံ ဒေထ သကျ ပုတ္တ သာသနေ၊ သဒါ သရဏ မုပေမိတိ။

ဟူသောဂါထာကို ရွတ်ဖတ်ရပြီး အဘိသိက်သွန်းလောင်းခြင်းကို ခံခဲ့ရသည်သာဖြစ်ကြ၏။ ထိုဂါထာအလာကား ဗုဒ္ဓဘာသာ ဥပသကာဒါယကာအဖြစ်ကိုလည်းကောင်း၊ ရတနာသုံးပါးကို ကိုးကွယ်သူအဖြစ်လည်းကောင်း၊ ဗုဒ္ဓသာသနာ၌ သရဏဂုံအမြဲဆည်းကပ်သူ အဖြစ်ကိုလည်းကောင်း၊ ဝန်ခံခွင့်တောင်းရာဖြစ်၏။ ထို့ကြောင့် အဘိသိက်သွန်းခံရသော ရခိုင်မင်းတိုင်း ဗုဒ္ဓဘာသာဝင်အဖြစ်ကို ခံယူရသည်ကား ဗုဒ္ဓသာသနာ၏ ကျက်သရေဆောင်ပေတည်း။

ကျမ်းဂန်အရလည်း ဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးနောက် ကြွင်းကျန်ရစ်သောဓာတ်မွေတော်များဆိုလျှင် ဗုဒ္ဓဗျာဒိတ်အရ ပျံ့နှံ့ခြင်း၊ နတ်တို့က ပင့်ဆောင်လာပေးခြင်း၊ ဘုန်းရှိသောမင်းများလက်ထက်၊ စိတ်မနောဓိဋ္ဌာန်ပြုကာ ကြွရောက်လာခြင်းစသော အကြောင်းများကြောင့် ရခိုင်ပြည်သို့လည်း ထိုထိုဘုရားရှင်တို့၏ ဓာတ်မွေတော်များ စတင်ပျံ့နှံ့ဝင်ရောက်လာခဲ့ရခြင်းကိုပင် သိရှိရပြန်လေသည်။

သီရိဓမ္မာသောကမင်းလက်ထက် ကိုးတိုင်းကိုးဌာနသို့ သာသနာပြုရာတွင်

မဟိံ သဟု၊ မည်ရသမိုင်း၊ ရခိုင်တိုင်းသို့

ဟုအရှင်ရေဝတ မထေရ်တို့ သာသနာပြုကြွရောက်ခဲ့ဖူးကြောင်းဖြင့် ပညာမေဓာမော်ကွန်း၌ အဆိုပြုထားသည်။ ထိုသာသနာပြုမထေရ်များ တည်ထားကိုးကွယ်ခဲ့ရာ စေတီတစ်ဆူလည်း ယခုမင်းပြားမြို့နယ်၊ ကြပ်စင်ကျွန်းတောင်တန်း၊

သစ်ပုပ်တောင်ထိပ်၌ ရှိသေး၏။ ထိုတောင်ကို အရှေ့ရက္ခိုုးတောင်ဟုခေါ်၍ ထိုအနီးရှိမြစ်ကိုလည်း ရက္ခိုးတိုင်မြစ်ဟု ခေါ်တွင်လျက်ရှိနေသေး၏။ ထိုစေတီကား ရက္ခိုးတိုင်စေတီဟု တွင်ခေါ်နေသည်။

မည်သို့ဆိုစေ ယခုတိုင်ထင်ရှားတည်ရှိနေသေးသော ထိုထိုဓာတ်မွေစေတီဘုရားဆင်းတု စသည်များမှာ ရခိုင်ပြည်၏ ယုံကြည်ကိုးကွယ်မှုကို ဖော်ပြနေလေသည်။ အင်္ဂလိပ်စာရေးဆရာတစ်ဦးက ဗုဒ္ဓဗျာဒိတ်အရ ဓာတ်မွေတော်တို့ကို ဌာပနာ၍ တည်ထားကိုးကွယ်ခဲ့ရကား၊ ရခိုင်ပြည်၏မြင့်မြတ်မှုကို ပြနေသည်ဟုလည်း ရေးသားထားလေသည်။ ထိုဓာတ်မွေတော်များကား အားလုံးသိကြသည့်အတိုင်း ဗုဒ္ဓသာသနာသက္ကရာဇ် ၂၂၂ခုနှစ် အသောကမင်း (ဘီစီ ၂၇၂-၂၃၂) လက်ထက်မှ ဓာတ်တော်ရှစ်စရွတ်ကို ပုံ့နှံ့တည်ထားစေခြင်းမှ စတင်ပြန့်ပွားခဲ့ရကြောင်း သိမှတ်လျက်ရှိနေကြပေသည်။ ရခိုင်ပြည်ဘုရားသမိုင်းတွင် ထိုထိုဓာတ်မွေများ ကိန်းအောင်းရခြင်း၏အဖြစ်သနစ်ကို ဖော်ပြလျက် တည်နေရာကိုပါ ပြဆိုထားလျက်ရှိပါ၏။

ရခိုင်စာဆိုတစ်ဦးဖြစ်သော ရမ်းပြည့်ဝါးကျောင်း ဆရာပဏ္ဍိတ်ကလည်း

မှတ်သားအပ်ရာ၊ အကြောင်းမှာမူ
ဓမ္မာသောကာ၊ ထိုရာဇာသည်
ပုညာပြန့်ပွား၊ ဖြစ်စေခန့်လျက်
ထိုနှံ့လုံးညီ၊ တည်စေတီမူ
သရီရဓာတ်၊ ရှစ်စရွတ်မည်
အတည်တည်တည်း။ ဟူ၍စပ်ဆိုမှုပြုခဲ့လေသတည်း။

**ရခိုင်မဂ္ဂဇင်း အမှတ် (၄)**

**၁၉၇၇။**

# ဗုဒ္ဓသာသနာနှစ်ယူဆချက်

**မောင်ဝဏ္ဏ (နတ်မြစ်)**

သာသနာနှစ်ဆိုသည်မှာ ဗုဒ္ဓပရိနိဗ္ဗာန်ပြုသည်မှ ရေတွက်လာသောနှစ်ကို ခေါ်ဆိုခြင်းဟု သတ်မှတ်ကြသည်။ ရခိုင်မြန်မာတို့က ဘုရားဘိုးတော်အဥ္ဇနမင်း ၈၆၄၅ကို ဇာဝစန္ဒေကိန်းပြည့်၍ ဖြိုသည်။ အဥ္ဇနဖြိုကြွင်း ၆၈တွင် ဗုဒ္ဓလောင်းလျာဖွား၍ ၁၀၃ တွင် ဗုဒ္ဓဖြစ်သည်။ ၁၄၈တွင် ပရိနိဗ္ဗာန်ပြုသည်။ ဗုဒ္ဓပရိနိဗ္ဗာန်ပြုပြီးလျှင် ပဉ္စျုးစတုရူပကိန်း အမည်ဖြင့် အဇာတသတ္တုမင်းကဖြိုလေသည်။ ထိုဖြိုကြွင်းမှစ၍ ယနေ့တိုင် ဗုဒ္ဓသာသနာနှစ် ရေတွက်လာနိုင်လေသည်။ သို့ရာတွင် ယခုထိ ရောက်ပြီး သာသနာနှစ်နှင့်ပတ်သက်၍ကား အယူအဆအသီးသီး ကွဲပြားမှုရှိလာကြသည်။

မြန်မာ့သီဟိုဠ်အလိုအားဖြင့် ဘီစီ ၅၄၄တွင် ဗုဒ္ဓပရိနိဗ္ဗာန်စံလွန်သည်ဟု ယူဆကြသည်။ ဤအယူအဆမှာ မြန်မာသက္ကရာဇ် ကိန်းခန်းအရ ရေတွက်ရရှိချက်အပေါ်တွင် သတ်မှတ်ခြင်ပင်ဖြစ်လေသည်။ ဤဝါဒကို မြန်မာဆရာများက ယခုထိလက်ခံသူများကြသည်။ အလားတူရခိုင်တို့ကလည်း ရခိုင်ကိန်းခန်းအရ သာသနာနှစ်သတ်မှတ်ချက်များ ရှိကြလေသည်။ သီဟိုဠ်ကမူ ဘီစီ ၄၈၃ကိုသာ ယခုသုတေသီများ လက်ခံလာကြသည်။ မြန်မာသုတေသီများကလည်း ရောယောင်သဘောသာ ရှိနေသည်။ မိမိတို့ကိန်းခန်းအရ တပ်အပ်မဆုံးဖြတ်နိုင်ရဲကြသေးချေ။

တရုတ်ပြည်ကန်တုန်မြို့မှ (ဗုဒ္ဓပရိနိဗ္ဗာန်ပြုသည်မှစ၍ ထိုနေ့ရောက်တိုင်း အမှတ်တရ ကျောက်တောင်ကို ထွင်းဆစ်မှတ်ပြုချက်တစ်ခု) အစက်ချမှတ်ချက်အလို၊ အီး-ဂျေ၊ သောမတ်က ဘီစီ ၄၈၆တွင် ပရိနိဗ္ဗာန်စံလွန်ကြောင်း သုတေသနပြု၍ ဖော်ပြချက်အရ သိနိုင်ပါသေးသည်။

ဘီစီ၄၈၆နှင့် ၄၈၃တွင် သမိုင်းဆရာတို့က အသုံးပြုများနေကြသည်။ ထိုသို့ဆိုလျှင် ဘီစီ ၄၈၃နှင့် ယခုရောက်ဆဲခရစ်နှစ် အေဒီ ၁၉၆၉ပေါင်းသော် ဗုဒ္ဓစံလွန်ပြီးနောက် ယခုရောက်သောသာသနာနှစ် ၂၄၅၂ကို တွက်ချက်သိသာနိုင်သည်။ ထိုသို့ဆိုလျှင် သာသနာ ၂၅၀၀ပင် မပြည့်သေးချေ။ ဘီစီ ၅၄၄၊ အေဒီ ၁၉၆၉ဆိုလျှင် (၁၅၁၃)နှစ်သို့ ရောက်ပြီးဖြစ်နေသည်။

ရမ်းပြည့်တောင်ကျောင်းဆရာ၏ ရခိုင်ရာဇဝင်သစ်အလို၊ ဗုဒ္ဓသည်ဖွား ၆၀၈ဘီစီ။ ဘုရားဖြစ် ၅၇၃ဘီစီ။ ၅၂၈ဘီစီတွင် ပရိနိဗ္ဗာန်စံလွန်ပေသည်။ ရခိုင်ရာဇဝင်ဆရာတို့ကလည်း သက္ကရာဇ်ဖြိုကိန်းကို အောက်ပါအတိုင်း ရေတွက်ပြထားချက်ပြုခဲ့ကြသည်။

| | | |
|---|---|---|
| (၁) | ဏဝစန္ဒေကိန်းကို<br>(၈၆၄၅)<br>မိဘစံဇီ | ရာလမာယုမင်း ဖြိုသည်နှင့် ကြံုသည်။ ပြိုင်သည်။ ပညာမေဓာမော်ကွန်းစာအလို၊ မိဘစံ ဇီကိန်းအမည်ဖြင့် နာလမာယုမင်းက ဖြိုလေသည်ဟုအဆိုရှိသည်။ ပဥ္စာ၊ စတု၊ ဆ၊ ပသျှူးကိန်းဟုလည်းဆိုသည်။ မာဃစန္ဒေကိန်းဟုလည်း ခေါ်သည်။ |
| (၂) | ပသျှူးစတုရူပကိန်းကို<br>(၁၄၈)<br>ဒေဝီယ၊ ဇီဝက | ဗုဒ္ဓစံလွန်ပြီးတွင် ဖြိုသည်။ အဇတသတ္တုဖြိုသည်။ ရခိုင်စန္ဒာသူရိယမင်းနှင့် ကြံုသည်။ ပြိုင်သည်။ ပညာမေဓာက ဇီဝကကိန်းဟု အမည်တွင်လေသည်။ ဒေဝီယကိန်းလည်း ခေါ်၏။ |
| (၃) | နဝ၊ ခ၊ ဆကိန်းကို<br>(၆၀၉)<br>ဓနဥ္စ | အိန္ဒိယပြည် သကမင်းကဖြိုသည်။ ရခိုင်က သူရိယပဘာမင်းနှင့် ကြံုသည်။ ပြိုင်သည်ဆို၏။ ပညာမေဓာက သူရိယစိတ္တမင်းနှင့် ပြိုင်သည်။ ဓနဥ္စကိန်းဟုတွင်သည်။ |
| (၄) | ခ၊ ဆ ပဥ္စကိန်းကို<br>(၅၆၀)<br>ဥတ္တမ | ရခိုင်သီရိစန္ဒရားမင်းဖြိုသည်။ ဥက္ကမကိန်းလည်းတွင်ကြောင်း ပညာမေဓာ ဆိုသည်။ (ဗမာက-ပုပ္ပါးစောဖြိုသည်လည်းဆိုသည်။) |
| (၅) | ကောစာသက္ကရာဇ်<br>(ယခုရောက်ဆဲခုနှစ်) | ခ ဆ ပဥ္စဖြိုကြွင်းမှစ၍ယခုထိ သက္ကရာဇ်ကို ဆိုသည်။ |

ပညာမေဓာမော်ကွန်း၌ နဝခဆနှင့် ခဆပဥ္စပေါင်းလျှင် ၁၁၆၉ရပြီး ဓာတုဋ္ဌီကာဟုအမှတ်ပြုသည်။ သာသနာအတိတ်ကိုလိုလျှင် ၎င်းဋ္ဌီကာကိန်း ခေါ် ၁၁၆၉ခုနှင့် ရောက်ဆဲကောစာနှစ်ကို ရောက သိနိုင်ကြောင်းဖြင့်

'ဓာတုဋ္ဌီကာ၊ ဂေါစာကဏော၊

ရောက်ကေမှန်စွာ၊ သာသနာနှစ်၊

အတိတ်ဖြစ်ခါ'

ဆိုသဖြင့် ယခုရောက်ဆဲ သက္ကရာဇ် ၁၃၃၁ခု ဂေါစာနှင့် (၁၁၆၉-၁၃၃၁)ရောလျှင် ၂၅၀၀ဖြစ်၍၊ သာသနာအခေါင်တိုင်သည်ဟူသော ဝေါဟာရနှင့်ဆုံသည်။

ထို့ကြောင့် ထို ၁၃၃၁ခုနှစ်တွင် မင်းပြား, မြို့ဟောင်းစသော ရခိုင်ကဆုန်လပြည့် (ဗမာနယုန်လပြည့်)နေ့တွင် သာသနာ ၂၅၀၀ပြည့် အထိမ်းအမှတ်နေ့အဖြစ် မိမိတို့အယူအဆကို ဖော်ပြနိုင်ခဲ့ပေသည်။ ဗီယက်နမ်စသော ဗုဒ္ဓဘာသာတိုင်းပြည်တို့၌လည်း ထိုနှစ်ထိုနေ့တွင်ပင် ဗုဒ္ဓနေ့ကို ပြုလုပ်ကျင်းပခဲ့လေသည်။ နိုင်ငံခြား၊ သတင်းစာ၊ ရေဒီယိုတို့ကလည်း ကမ္ဘာသိဖော်ပြခဲ့ကြလေသည်။

ရခိုင် ပြက္ခဒိန် ရာဇဝင်အလို အာလမ္ဗိဋ္ဌကိန်းအယူအဆတစ်ရပ်ရှိရာ ထိုကိန်းအရဆိုက မြန်မာအယူအဆနှင့် လုံးဝတူလေသည်။ ထိုကိန်းအား အဥ္စနမင်းဖြိုကြွင်းမှ ရေတွက်လာရာ (ပသျှူး စတုရူပကိန်း၊ နဝခဆကိန်း၊ ခဆပဥ္စကိန်းတို့ မဖြိုခဲ့ချေ) ရခိုင်သီရိစန္ဒရာမင်းအရောက် ၁၃၃၂ ခုနှစ်တွင် ၁၃၃၀ကို အာလမ္ဗိဋ္ဌကိန်းပြည့်၍ ၂ခုကြွင်းထားကာ ထိမင်းဖြိုသည်ဟူ၏။ ထိုသို့ဆိုလျှင် ၎င်း ၁၃၃၀ တွင် ဗုဒ္ဓစံလွန်သည့် ၁၄၈ခုနှစ်ကို နှုတ်က၊ ကြွင်း၁၁၈၂သည် သာသနာနှစ်ဖြစ်သည်။ (ဝါ)၁၁၈၂ခုနှစ်တွင် အာလမ္ဗိဋ္ဌကိန်းပြည့်သည်ဟု ဆိုသည်။ ဤအဆိုအရ ဒွေအဋ္ဌနှင့်၊ ဧကဧကာ၊ နှောတုံပါက၊ သာသနာနှစ်၊ အတိတ်ဖြစ်၏ ဟူသော မြန်မာဝါဒနှင့်ညီရာသည်။ ကိန်း ၄ကိန်းဖြိုအရဆိုလျှင် ရခိုင်နှင့်ဗမာသည် ၁၃နှစ်အကွာအဝေးရှိကြသည်။ ဤကား ရာဇဝင်နှင့် စာပေအယူအဆမျှသာဖြစ်သည်။

တစ်နည်း အာလမ္ဗိဋ္ဌကိန်းကို သိရသည်မှာ ၁၄၈တွင် ဗုဒ္ဓစံလွန်ပြီးနောက် ၆၂၄အရောက်တွင် သုမုန္ဒရီမင်းသည် ဒေါဒေါရသ (၆၂၂)ကိန်းဖြင့်လည်းကောင်း၊ ထိုနောက် ၅၆၂အရောက်၊ ပုပ္ပားစောရဟံသည် ပုဂံ၌ အာလမ္ဗိဋ္ဌ(၁၃၃၁ကိန်း) (၁၄၈+ ၆၂၂+ ၅၆၂=၁၃၃၂)ကြံု၍ ခဆပဥ္စဖြင့် ဖြိုသည်ဆို၏။ ထိုနောက် သက္ကရာဇ် ၈၀၀အရောက်တွင် မိုးညှင်းမင်း၊ အဋ္ဌ, နဝသတ္တကြံု၍ (၇၉၈)ဖြိုရာ၊ မပြိုသဖြင့် ဒီဃ၊ ရသသက္ကရာဇ်ပြု၍ အသုံးပြုကြလေသည်ဆို၏။

ရခိုင်ရှေးကျသော မဟာဗောဓိကျောက်စာ၌ သာသနာနှစ် ၂၁၈လွန်ပြီး၌ အသောကမင်းသည် စေတီ ၈၄၀၀၀ကို တည်ခဲ့ရာဟုဆိုသဖြင့် သာသနာနှစ် ၂၁၈သည် ယခုသမိုင်းဆရာတို့လက်ခံထားသော အသောကမင်းနန်းတက် ဘီစီ ၂၇၀ သို့မဟုတ် ၂၇၂နှစ်နှင့် အနီးဆုံးဖြစ်ရပေမည်။ ထိုသို့ဆိုက သာသနာ ၂၁၈တွင် ဘီစီ ၂၇၀ရောက၊ ဘီစီ ၄၈၈သည် ဗုဒ္ဓစံလွန်နှစ်ဖြစ်ရသည်။ ယခုသမိုင်းဆရာတို့ ဗုဒ္ဓစံလွန်နှစ်ကို ယူဆကြသော ဘီစီ ၄၈၆ (ဝါ) ၄၈၃ဟူသော ဝါဒနှင့် နီးစပ်သဖြင့် မှန်ကန်လက်ခံနိုင်စရာဟု ဆိုနိုင်ပေရာသည်။

ထိုတက်ပို၍ ခန့်မှန်းနိုင်ရန် ခဲယဉ်းလှပေသည်။ အိန္ဒိယသကျမင်း၊ မောရိယမင်းတို့၏ နန်းတက်သက္ကရာဇ်နှင့် နှိုင်းယှဉ်၍လည်း သုတေသီများ လေ့လာကြည့်ရာ ဘီစီ ၄၈၆ထက်မပိုတွင် ဗုဒ္ဓပရိနိဗ္ဗာန်လွန်ရာမည်ဟုသာ ခန့်မှန်းကြပေသည်။

**ရခိုင်မဂ္ဂဇင်း အမှတ် (၂)**
**၁၉၇၅-ခု၊ ဖေဖော်ဝါရီ**

# မဟာမြတ်မုနိ ကုန်းတော်မြင်ကွင်း

## သမိုင်းသက်သေ၏ကုန်းမြေ

ဓညဝတီခေတ်က အဂ္ဂသုတ၊ သီရိဂုတ္တ၊ ကတညုတတောင်ဟု တွင်ခဲ့ကြသောနေရာသည် ယခုမဟာမြတ်မုနိကုန်းတော်ပင်ဖြစ်သည်။ သီရိမာနဒီခေါ် သရီချောင်း၏အရှေ့ဘက်ကမ်းတွင် ရှိသည်။ သရီချောင်းမှအရှေ့ဘက် ၆ဖာလုံခန့်အကွာတွင်ဖြစ်၏။ မြောက်လတ္တီတွဒ် (၂၁ ဒီဂရီ)၊ အရှေ့လောင်ဂျီတွဒ် (၉၃ဒီဂရီ)တွင် တည်ရှိလေသည်။ ကျောက်တော်မြို့တစ်ဘက် ကစ္ဆပနဒီကမ်း(လမ်းမတော်)နှင့် မော်တော်ကားလမ်းဖြင့် ဆက်သွယ်ရှိနေ၏။ ဗုဒ္ဓကိုယ်တော်ကိုယ်စား မဟာမြတ်မုနိရုပ်ပွားတော်ကြီး တည်ထားကိန်းဝပ်ခဲ့ရာဖြစ်သော ကုန်းတော်ပေတည်း။ ဤကုန်းတော်သည် သမိုင်းခေတ် အဆက်ဆက်ပြောင်းလဲခဲ့သည်ကား မှန်၏။ သို့သော် ဘုရားကုန်းတော်မြတ်အဖြစ်ဖြင့်ကား ယခုတိုင်တည်ရှိလာခဲ့သည်မှာ ထင်ရှားပေ၏။ လက်ရှိရုပ်ကြွင်း ပစ္စက္ခသမိုင်းအရလည်း အေဒီ ၅ရာစုနှစ်ထက် နောက်မကျချေ။ ထို့ကြောင့် လွန်ခဲ့သောနှစ်ပေါင်း ၁၅၀၀ခန့်ကပင် အသုံးပြုလာသော ဗုဒ္ဓဘာသာဆိုင်ရာ သာသနိက ဝတ္ထုကမြေအဖြစ် မည်သူမှ မငြင်းနိုင်ချေ။ ရခိုင်ပြည်နယ်၏ရှေးအကျဆုံး ဗုဒ္ဓသာသနာဆိုင်ရာ နေရာပေတည်း။

## ကုန်းမြေ ခြားပိုင်း၊ တံတိုင်းမီးတား

ဤကုန်းမြေကို ပေ ၃ဝစီဖြင့် ပစ္စယံသုံးဆင့်၊ မြေညီမြင့်လျက်၊ တံတိုင်းမီးတားတို့ဖြင့် အခိုင်အမာ ကာရံဝိုင်းဆီးခြားသီးသတ်မှတ်ရှိလေသည်။ ဒုတိယကမ္ဘာစစ်အတွင်း ရိုက်နှိပ်ခဲ့သော ကောင်းကင်ဓာတ်ပုံအရလည်း ကုန်းတော်တစ်ဝိုက်အထင်ကရ ပေါ်လွင်နေ၏။ နိုင်ငံခြားသမိုင်းပညာရှင် ဒေါက်တာဖိုချမာ၏ ရေးဆွဲတိုင်းတာမှတ်တမ်းတင်ထားပြခဲ့သော ပန္နက်မြေပုံကလည်း ပို၍တိကျစွာ၏။ ထိုမြေပုံအရဆိုလျှင် ကုန်းတော်မှာရှေးခေတ် ဓညဝတီနန်းမြို့တော်၏ မြို့ရိုးမြောက်ဘက်တွင် ကပ်လျက်ကျရောက်ရှိနေလေသည်။ ကုန်းတော်၏အကျယ်အဝန်းမှာဆိုလျှင် အရှေ့အနောက်က ကျယ်လေသည်။ အပြင်ဘက်ဆုံး မဟာရံတံတိုင်းကြီး (ပထမပစ္စယံ)မှာ အလျား ၅၈၀ပေ၊ အနံ ၅၀၀ပေရှိသည်။ လေးဘက်ကျောက်တံတိုင်းထူကြီးဖြစ်ပြီး ၎င်းအပြင် မဟာရံတံတိုင်း တစ်ဘက်လျှင် ဝင်ဝမုခ်ပေါက်ကြီး သုံးခုစီရှိကြသည်။ ထို့ကြောင့် မုခ်ဝင်ပေါက်ကြီးအားလုံး ၁၂ခုရှိလေသည်။ မုခ်ဝတစ်ဘက်မှာ စေတီသုံးဆူကို အဆင့်ဆင့်ပြု၍ မုခ်ကုန်းဖော်ထားလေသည်။ ထိုမုခ်ကုန်းများတွင် အနားနှစ်ဖက်၌ စေတီတစ်ဆူစီ၊ မုခ်ထိပ်၌ တစ်ဆူစီရှိနေသည်။ မုခ်ပေါက် ၁၂ခုတွင်ဆိုလျှင် စေတီပေါင်း ၃၆ဆူဖြစ်လေသည်။

## စောင်းတန်းလေးသွယ်

အပြင်ဘက်အနိမ့်ဆုံးသော အဆင့်တံတိုင်းမှ သို့မဟုတ် မဟာရံတံတိုင်းကြီး အလယ်မုခ်ပေါက်ကဆက်၍ ကုန်းတော်ဘုရား သိမ်တော် တန်ဆောင်းတော်ကြီးအရောက် အဆင့်ဆင့်စောင်းတန်းများက မြင့်၍မြင့်၍တက်သွားလေသည်။ စောင်းတန်းအစ ဝဲယာနှစ်ဖက်တို့၌ တမော်တခေါ်ကြီးမြင့်လှသော ခြသေ့်ရုပ်ကြီးနှစ်ကောင်စီ ပြုလုပ်ထားရှိလေသည်။ အရပ်လေးမျက်နှာသွယ်တန်း၍ ဖောက်လုပ်ထားသောစောင်းတန်းကြီးလေးသွယ်ရှိရာ တောင်ဘက်စောင်းတန်းနှင့် အနောက်ဘက်စောင်းတန်း နှစ်သွယ်မှာတိုလေသည်။ အရှေ့ဖက်စောင်းတန်းကား အရှည်ဆုံးဖြစ်သည်။ မြောက်ဘက်စောင်းတန်းကား ရှေးလက်ရာမပျက် ကျောက်လှေကားဖြင့် ရှိနေပေသည်။ စောင်းတန်းတက်လမ်းနှစ်ဖက်တွင် ကျောက်နံရံစီထားရှိလေသည်၊ မီးထွန်းရန်လည်းကောင်း၊ အလင်းရောင်ရရန်လည်းကောင်း၊ အခေါင်းငယ်များ ထွင်းထည့်ထားရှိသည်။ မြောက်ဘက်စောင်းတန်းကို ရှင်ဘုရင်မတက်လမ်းဟူ၍လည်းကောင်း၊ ယနေ့တိုင်ခေါ်ဆိုပြုနေကြပေသေးသည်။ သီရိမာနဒီခေါ်

သရီချောင်းလက်တက်ငယ်ဖြင့် ကပ်လျက်တည်ရှိရာ လောင်းလှေဖြင့် ဆိုက်ကပ်၍ ဘုရားဖူးတက်လှမ်းစရာ အကောင်းဆုံး တက်လမ်း ဖြစ်နေသည်။ ချောင်းကမ်းစပ်မှ တက်လမ်းကို အုတ်လှေကားထစ်များဖြင့် ပြုလုပ်ခဲ့သည်။

## ရေကန်ကြီးများ

မဟာရံတံတိုင်းကြီး အတွင်းအပြင်တို့၌ ရေကန်ကြီးများ တူးဖော်ထားရှိကြ၏။ အနောက်ဘက် မဟာရံတံတိုင်းအပြင်ဘက်၌ ခြေတော်ဆေးကန်ဟူ၍ရှိသည်။ ဘုရားရှင်ကို ဤကန်ရေဖြင့်ခပ်၍ခြေတော်ကို ပွတ်သပ်ဆေးကြောလေ့ရှိခဲ့သည်။ ထို့ပြင် ဘုရားဖူးလာကြသူများ ခြေလက်သန့်ရှင်းစွာ ဆေးကြောရန်လည်း ဖြစ်သည်ဆို၏။ အရှေ့ဘက်စောင်းတန်းကအဝင် မဟာရံတံတိုင်းအတွင်း၌လည်း ရေကန်နှစ်ခု ရှိပေသေးသည်။ မြောက်ဘက်မှ ရေကန်ငယ်မှာ အနည်းငယ်တိမ်ကောနေပေပြီ။ ဤကန်မှရေဖြင့် ဘုရားရှင်တော်ကိုယ်စားကို ဦးတော်ဆေးခဲ့ရာကြောင့် ဦးတော်ဆေးကန်ဟုခေါ်ကြလေသည်။ ဦးတော်ဆေးကန်တောင်ဘက်တွင် စန္ဒာသူရိယကန်ဟူ၍ ကန်တော်ကြီးရှိလေသည်။ လက်တော်ဆေးကန်ဟူ၍လည်းခေါ်ပါသည်။[၅] အလွန်ရေကြည်ပြီးနက်လည်းနက်၊ ကျယ်လည်းကျယ်လေသည်။ ယခုထိ ရေကန်ကို ပြုပြင်လျက် ပန်းမာန်များဖြင့် တင့်တယ်သပ်ယပ်စွာ မွမ်းမံဆင်ယင်ထားရှိလေသည်။

ရေကန်ကြီး၏သဘာဝအလှကို ရှုမျှော်ခံစားနိုင်ရန် ဓညဝတီဆေးဆရာကြီး ဦးစောဖြူ၏ဇနီး ဒေါ်ဖြူမ မိသားစုက ရေကန်ကြီးကို အဆင်းအတက်နှင့် လှေကားကို တပ်ဆင်အလှုပြုထားရှိပေ၏။ ထိုကန်များက မည်သည့်အခါမှ ရေခမ်းခြင်းမရှိကြချေ။ သမိုင်းတို့တွင် ရေကန်ကြီးများ၌ အတိတ်နိမိတ်ထူးများဆင်ခဲ့သည်များ ရှိခဲ့ကြောင်း တွေ့နိုင်၏။

## ပစ္စယံသုံးဆင့် ဘုံအမြင့်

ပထမအပြင် မဟာရံတံတိုင်းအတွင်း (အောက်ပစ္စယံ) အနိမ့်ဆုံးမြေမှ ဒုတိယအဆင့် ပစ္စယံအထိ ပေ သုံးဆယ်မြင့်လေသည်။ ထိုအလယ်ပစ္စယံခေါ် ဒုတိယပစ္စယံမှာ အလျား ၂၄၀ပေရှိပြီး အနံ ၂၂၀ပေရှိသည်။ ပေသုံးဆယ်မြင့်သော ဒုတိယပစ္စယံ၌ ဟိန္ဒူနတ်ကြီး ငါးပါး၏ ရုပ်တုများနှင့်ဗောဓိပင်ကြီးတစ်ပင်ရှိသည်။ ရှင်တော်ဂေါတမမြတ်စွာဘုရား အလောင်းတော်သည် ဗောဓိပင်ရင်း၌ သဗ္ဗညုတ ရွှေဉာဏ်တော်ကိုရရှိ၍ လူတွင်စင်စစ်ဘုရားဖြစ်တော်မူခဲ့သည့် အထိမ်းအမှတ်ဖြစ်သည်ဆို၏။ တဖန် အထက်ဆုံးပစ္စယံ တတိယအဆင့်ဆိုလျှင် ပေသုံးဆယ် မြင့်တက်လေသေးသည်။ ထိုတတိယပစ္စယံအမြင့်ဆုံးသည် ကတည်ုတကုန်းမြေ၊ ထိပ်ခေါင်ဗွေပေတည်း။ အလျားအနံမှာ ဧရိယာပေ (၁၁၆ x ၁၅၅)ပေရှိသည်။ ဤကုန်းထိပ်ဗွေ အလယ်ဗဟိုတွင် မဟာမုနိကိန်းရာ ဂန္ဓကုဋိတိုက်၊ ပလ္လင်တော်၊ မဟာမုနိရုပ်ပွားတော်ကိုလည်းကောင်း၊ ကျောက်ဆစ်ရုပ်တုများစွာကိုလည်းကောင်း သိမ်တော်တန်ဆောင်းတော်ကြီးကိုလည်းကောင်း တည်ထားဆောက်လုပ်ခဲ့ကြလေသည်။

မဟာမုနိကုန်းတွင် အလယ်ထိပ်ချာ၌ ဂန္ဓကုဋိတိုက်အတွင်း ပလ္လင်ပေါ်တွင် ကိန်းဝပ်တော်မူသော မဟာမုနိဘုရားမှာ ဗောဓိပင်နှင့်ရွှေပလ္လင်ကို အောင်တော်မူပုံဖြစ်၏။ ဘုမ္မိဖဿမုဒြမြေကြီးကို သက်သေအဖြစ် ညွှန်းဟန်ပုံဟု ဆိုလို၏။ ဆင်းတုတော်ကြီးမှာ ခြေချင်းထပ်လျက် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေပုံဖြစ်၏။ လက်ဝဲလက်ဖဝါးတော်ကို တင်ပလ္လင်ခွေပေါ်၌ ဖြန့်တင်ထား၏။ လက်ယာဘက်လက်ဖဝါးတော် လက်ချောင်းများက မြေကြီး (ဝါ) ပလ္လင်ကို ထိနေဟန်လက်များကို စောက်ထိုးထား၏။ ယခုထိ ရခိုင်တို့ အလေးအမြတ်ပြုနေကြသော မဟာမုနိနောင်ညီ ရုပ်ပွားတော်များနှင့် မဟာမုနိသီရိပဝရ သကျမာရဇိန်ရုပ်ပွားတော်မြတ်အပြင် ထိုအရှင်မြတ်များကိန်းဝပ်စံပျော် သီတင်းသုံးနေတော်မူရန် ကောဇာ ၁၂၆၅ခုနှစ်ဆောက်လုပ်ထားသော မိုးပါးနီးသိန်းကျော်တန် မဟာအတုလဝေယန် တန်ဆောင်းတော်ကြီးလည်း အထင်အရှားရှိလေသည်။ ထိုတန်ဆောင်းတော်တို့ကိုကား ပျဉ်းကတိုးတိုင်ကြီးများဖြင့် ဆုံလည်အောင် ဂျင်စွပ်ဆက်၍ အဆင့်မြင့်ကာ မိုးလေဒါဏ်ကို ကြံ့ကြံ့ခံလျက် ရှိနေနိုင်ပေ၏။

## တန်ဆောင်းပြသာဒ်များ

ရခိုင်မင်းခေတ်အဆက်ဆက်ကို လွန်မြောက်လာခဲ့ရသော ကတညုတကုန်းမြေသည် စည်ကားသာယာရှိခဲ့သည့်အခါရှိခဲ့ပေသော်လည်း ခြုံနွယ်ပိတ်ပေါင်းခြယ်၍ တောရိုင်းသဖွယ် ဖြစ်ရှိခဲ့ရသည့်အခါလည်း ကြုံရသည်သာတည်း။ ထို့ကြောင့် ကောဇာ ၁၂၂၀ ခုနှစ်ကျော် မတိုင်မီကဆိုလျှင် ယခုအခြေအနေသို့ မရောက်သေးချေ။

ဦးရွှေမှုံအပါအဝင် တစ်စတစ်စပြုစုကြသူ ဗုဒ္ဓဘာသာဝင်တို့၏ သဒ္ဓါစေတနာ ငွေကြေးလုပ်အားတို့ဖြင့် ကြိုးပမ်းခဲ့ကြခြင်းကြောင့် ဤအခြေသို့ရောက်လာခဲ့ရခြင်းဖြစ်၏။

ကုန်းတော်ထိ စောင်းတန်းလေးသွယ်တွင် အရှေ့ဘက်တန်စောင်း၌ ပြာသာဒ်တစ်ဆောင်ရှိလေသည်။ ဂန္ဓကုဋိမုခ်ဝ

ရှေ့ ကုန်းထပ်ပြင်မြင့်တွင်ဖြစ်ရာ အတုလဝေယန်တန်ဆောင်းတော်ကြီးနောက် ဆောက်လုပ်သောတန်ဆောင်းပြသာဒ်ဖြစ်ချေ၏။ အလျှုရှင်စာရင်းကိုပါ ရေးထိုးထား၏။ ကောဇာ ၁၂၇၄ခု ပထမဝါဆိုလ သူဌေးကြီးမင်း ဦးရဲကျော်သူ၊ သူဌေးကတော်ကြီး မိသန္တာဖြူတို့ လှူထားသည်။ သူဌေးကြီး၏သား ဝတ်လုံတော်ရမင်း ရွှေသာက ကြီးကြပ်၍ တိုက်ဆရာသာထွန်းအောင်က လုပ်ကိုင်ခဲ့သည်ဆို၏။ ထိုတန်ဆောင်းပြသာဒ်အနီး၌ ကြေးချိန် ၃၄၀၀ဖြင့် ပန်းတင်းဆရာ ကိုဘိုအိုနှင့် တပည့်များသွန်းလုပ်သော ခေါင်းလောင်းကြီးတစ်လုံးလည်းရှိလေသည်။ ခေါင်းလောင်းအပြင် ပတ်လည်အပြည့်နီးနီး စာထိုးလျက်တွေ့ရရာ သူဌေးကြီးဦးရဲကျော်သူ ကောင်းမှုပင်ဖြစ်ချေ၏။ အရှေ့ဘက်စောင်းတန်းရှည်တွင် ဖော်ပြပါပြသာဒ်တစ်ဆူသာ ထားရှိရခြင်းမှာ အဓိပ္ပါယ်ထူးခြားချက် ရှိပေ၏။ ဤဘဒ္ဒကမ္ဘာ၌ ဘုရားကိုးဆူပွင့်ထွန်းလေပြီးနောက် ယခုဂေါတမဘုရား သာသနာဖြင့်ရောက်ရှိကြောင်း သဘောဆောင်နေသည်ဆို၏။ စောင်းတန်းရှည်လျားသလောက် ဇေတဝန်ဆောင်များကား ပါရှိပေ၏။ အဆောက်အအုံဆိုင်ရာအတွက် တိုင်လုံးဆိုလျှင် ၈၆လုံးရှိလေသည်။

တောင်ဘက်စောင်းတန်းသွယ်၌ ပြာသာဒ်ညွှန့် ၅ဆောင်၊ အဆင့် ၆ဆင့်ရှိ၏။ တိုင်လုံး ၄၆လုံးဖြင့် ဆောက်လုပ်ထား၏။ ဘုရားငါးဆူပွင့်မည့်အကြောင်း သဘောဆောင်၍ ပြုလုပ်ထားခဲ့ကြသည်ဆို၏။

မြောက်ဘက်စောင်းတန်းတွင် ပြာသာဒ်ညွှန့် ၂ညွှန့်ရှိ၍ အဆင့်ခြောက်ဆင့်ရှိ၏။ ရုပ်နာမ်နှစ်ပါးချုပ်ငြိမ်းရာသို့ ဝင်စံကြောင်းကို နိမိတ်ဆောင်၍ ပြာသာဒ်နှစ်ညွှန့်ထားခဲ့ရခြင်းဆို၏။

အနောက်ဘက်စောင်းတန်းတွင် ပြာသာဒ်ညွှန့်လုံးဝမရှိချေ။ အဆင့်ငါးဆင့်ရှိပြီး ဇေတဝန်ဆောင် ရှစ်ဆောင်ထားရှိပေသည်။ တိုင်လုံးမှာ ၃၂လုံးရှိ၏။ အတုလဝေယန်တန်ဆောင်းတော်ကြီး ပြာသာဒ်ညွှန့်အပါအဝင် ဘုရားကုန်းတော်တစ်လျှောက် တန်ဆောင် ဆောင်တန်းလေးသွယ်တို့၌ ပြာသာဒ်ညွှန့်ပေါင်း တစ်ဆယ့်တစ်ခုရှိလေသည်။ တန်ဆောင်းဆောင်းတန်းကြီးငယ် ၄၉ဆောင်၊ သံထီးတော်ကြီးငယ် ၅၅ခုရှိသည်ဟု ဂေါပကအဖွဲ့ကြော်ငြာတွင် တွေ့ရ၏။

အမြင့်ဆုံးတန်ဆောင်း ပြာသာဒ်ညွှန့်ထိ (နပျိုဖူး၊ ပန်းလည်တိုင်ထိ) သံတောင် ၆၄တောင်မြင့်သည်။ အောက်ကို ဂန္ဓကုဋိရှစ်ထောင့်ဖြင့် တန်ဆောင်းတော်ကြီးကို တည်ဆောက်ထားရာ၊ အာလိန်ရှစ်ဆင့်ရှိလေသည်။ မဂ္ဂင်ရှစ်ပါးကို ရည်ရွယ်၍ ပြုလုပ်ထားသည်ဟုဆို၏။ ဂန္ဓကုဋိမှာ တစ်ထောင့်လျှင် သံတောင်နှစ်ဆယ်စီရှိကြသဖြင့် သံတောင် ၁၆၀တိတိ ရှိလေသည်။ ဂန္ဓကုဋိပရဝုဏ်အတွင်းသည် တိုင်ပေါင်း ၄၈လုံးရှိ၏။ အားလုံးရွှေရောင်တဝင်းဝင်းရှိ၏။ ဗိမာန်မျက်နှာကြက်လည်း မှန်စီပန်းကွက်များ၊ ဗုဒ္ဓဝင်ရုပ်လုံးများဖြင့် ဆန်းကြယ်လှပေ၏။ အရှေ့ဘက်အာရုံခံမှာ အာလိန် ၆ဆင့်၊ အနောက်ဘက်မှာလည်း ထို့အတူ ၆ဆင့်ရှိသည်။ တောင်ဘက်နှင့်မြောက်ဘက်အာရုံခံမှာကား ၄ဆင့်စီရှိကြသည်။ အာရုံခံတစ်ခုစီတွင် တိုင်လေးလုံးကျစီ စိုက်ခံထားရှိကြပေ၏။ သစ္စာလေးပါး၊ တရားဂုဏ်ရည်နှင့် သံဃာဂုဏ်တော်ခြောက်ပါးကို ရည်ရော်ပူဇော်ထားခြင်းဖြစ်သတည်း။

ဤတန်ဆောင်းပြာသာဒ် အဆောက်အအုံတို့ကိုကား သူဌေးကြီး ဦးရဲကျော်သူနှင့်တကွ အများပြည်သူတို့ လုပ်ကိုင်ခဲ့ကြပေသည်။ သရက်တစ်ပင်ရွာမှ ဦးသထော်ရှီ ဦးဆောင်၍လည်း ၁၆၄၀၀၀/-ကျော်ဖိုး ပြုလုပ်ခဲ့ကြလေသည်။ ဂန္ဓကုဋိတံခါးနှင့် မုခ်တံခါးအားလုံး ခေတ်မီသံတံခါး တပ်ဆင်နိုင်ခဲ့ကြပေ၏။ အာရုံခံတိုင်ကြီးများ၊ နဂရစ်တိုင်ကြီးများ၊ စောင်းတန်းတိုင်ကြီးများအချို့ကို ခေတ်မီကွန်ကရစ်တိုင်အဖြစ်သို့ ပြောင်းလဲရောက်စေခဲ့ကြပေ၏။

## ရုပ်ပွားတော်များ

ကတညုတတောင်၊ ဇွေထိပ်ခေါင်တွင် ရှင်ပင်ကိုယ်စား တည်ထားခဲ့သမျှ ရုပ်ပွားတော်များကား မဟာမုနိ မည်ရှိသမိုက်မော်ကွန်းလှစ်ခဲ့ကြသည်သာတည်း။ ထို့ကြောင့် မဟာမုနိသိမ်တော်၊ မဟာအတုလဝေယန် တန်ဆောင်းတော်ကြီးအတွင်း ဂန္ဓကုဋိတိုက်ဝယ် သီးတင်းသုံးစမွာယ် အပူဇော်ခံ သပ္ပါယ်တော်မူသော ဘုရားရုပ်ပွားတော်အဆက်ဆက်သည်လည်း မဟာမုနိ ရုပ်ပွားတော်ဟူသော မူလဘူတအမည်ကို မစွန့်ကြဘဲ ယခုတိုင်ခံယူကြမြဲပင်ဖြစ်လေသည်။

မှန်၏။ မူလကိန်းဝပ်တော်မူသော မဟာမုနိကိုယ်စားတော်မှစ၍ မဟာမုနိအဆက်ဆက်မပြတ် ကိန်းဝပ်လျက်ရှိနေကြမြဲဟု ရခိုင်တို့က ယုံကြည်နေကြသည်။ အကြောင်းကား မဟာမုနိကိုယ်တော်စားနှင့် မပြားနောင်ညီ၊ သွန်းထားခဲ့ဘိ၏။ ထိုနောင်ညီအဆူဆူများလည်း မဟာမုနိကိုယ်စားတော်မခြား ပူဇော်ခံကြမည်သာဖြစ်၍ သာသနာအရှည်တည်နေစွန့်ကြာလေရာသည်။ ငါးထောင်သာသနာ ကုန်ဆုံးစွာလျှင် တည်မှာမုချ ဗျာဒိက မှန်ပေလှသည်ဆို၏။

ဖော်ပြခဲ့ပြီးသော မဟာမုနိ မည်ရှိဆူဆူ ရုပ်ပွားတော်များမူကား ပြန့်နှံ့လျက်အပူဇော်ခံရှိနေကြ၏။ ထို့အတူ စူဠာမုနိ၊ ရာဇာမုနိ၊ သကျမုနိ၊ စန္ဒမုနိတို့လည်း မဟာမုနိကုန်းမြေနှင့် မဝေးမခြား အနီးအနားတွင်ပင် ကိန်းဝပ်နေသည်ဟု ယူဆယုံကြည်နေကြပေ၏။

အခုအပူဇော်ခံနေကြသော မဟာမုနိရုပ်ပွားတော်သုံးဆူနှင့် သကျမာရဇိန်ရုပ်ပွားတော်မြတ်ကိုကား အထင်ကရ

ဖူးမြော်နေကြရ၍ သံသယကင်းကြမည်သာတည်း။ သို့သော် ယခုရှိ မဟာမုနိရုပ်ပွားတော်သုံးဆူကိုကား အဘယ်ကြောင့် ရခိုင်တို့က မဟာမုနိကိုယ်စားတော်ဟူ၍ အလေးမြတ်ထားရှိနေကြဘိသနည်း။ မေးမည်ဆိုက မေးစရာပေတည်း။ သိထားရန်မှာ သဒ္ဓါယုံကြည်ချက်အပေါ် မူတည်လျက်ရှိနေ၏။ စန္ဒာသူရိယမင်းကိုယ်စား ကိုးကွယ်ခွင့်ပေးရန် ရှင်တော်ဘုရားကို လျှောက်တောင်းစဉ်က ကျောက်ဆစ်ပန်းရံများကိုခေါ်၍ ပထမအစဘုရားနှင့် အတိုင်းအစားတူ နမူနာပုံစံပြု ဘုရားပုံများကို ဦးစွာထုဆစ်စေခဲ့လေသည်ဆို၏။ ထိုသို့ပုံစံတူရုပ်ပွား ကျောက်ဆစ်လက်ရာတော်ဖြစ်ခြင်း၊ ကိုယ်စားသွန်းဘိ မဟာမုနိ၏နောင်တော်ကြီးလည်း ဖြစ်ခြင်း၊ ဦးစွာပထမပြည်ညေတွင် နန်းမဝေယန် ဇေတဝန်ဆောင် နန်းဦးဖျား၌ ကိုးကွယ်ခံခဲ့ရခြင်းစသော သမိုင်းအချက်တို့ရှိခဲ့ကြသည်။ ထို့ကြောင့်လည်း မဟာမုနိပုံတူ ရုပ်ပွားရှိသည်ဆိုက မမှားချေ။ တစ်ဆူသောအပါအဝင်ဖြစ်၍ ယခုထိလေးမြတ်ခံနေရကြောင်း ထင်ရှားလေ၏။

ရခိုင်ဘုရင်ခေတ်အဆုံးတွင် မဟာမုနိသိမ်တော်ပျက်စီးခံရစဉ်က ဤကျောက်ညို မဟာမုနိရုပ်တုတော်မှာ ဤကုန်းတော် အလယ်ပစ္စယံ ဒုတိယပစ္စယံရှိ သရက်ပိစပ်ပင်ရင်း၌ သီတင်းသုံးလေ့ရှိသည်ဟူ၍လည်းကောင်း၊ ပြောဆိုကြသည်။ အချို့က ရခိုင်တို့သည် ညေဝတီနန်းဦးမုပင့်ဆောင် ကိုးကွယ်ခဲ့ကြသည်ဟုလည်းကောင်း၊ အယူအဆများရှိလေသည်။ နောက်ဆုံးမဟာမုနိဘုရားသီတင်းသုံးရာ သိမ်မှာ သျှစ်သောင်းဘုရား သိမ်ကဲ့သို့ ဂူလိုဏ်ဟုဆိုကြသည်။ မဟာသမတမင်းက ပြုပြင်လာခဲ့ရာ ကာလရှည်လျားသဖြင့် ကွဲအက်ခြင်းများဖြစ်ခဲ့ရသည်။

ကွဲအက်ပျက်စီးနေသမျှကို ဦးရွှေမှုံထံ ဆက်လက်ပြုပြင်ခဲ့၏။ ထိုနောက်မှပြိုပျက်၍ တံတိုင်းမီးတားတို့တွင် အသုံးပြုခဲ့သည်ဟုဆို၏။ ထိုဂူကြီးပြိုစဉ် အထက်ကိုတင်းမ၊ အောက်ကို အုတ်ကန်ထိ ကျယ်စွာသော မြည်ဟီးသံကိုကြားရသတည်း။ ဂန္ဓကုဋိဂူပြိုသောခုနှစ်ကို ကောဇာ ၁၂၀၀ မတိုင်ခင်ဟု ပြောဆိုကြသည်။ ဦးမောင်ရွှေမှုံသည် ကောဇာ ၁၂၂၈ ခုနှစ်ရောက်၍ ၎င်းမတိုင်ခင်ကပင် ပြိုပျက်ခံရမည်ဟုယူဆရသည်။[၁] မည်သို့ဆိုစေ ထီးနန်းသုံးပြီးနောက်ကာလတွင် ဤကုန်းတော်၌ အရှင်ကျောက်ညို မဟာမုနိရုပ်တုတော်ကို သူသူငါငါဖူးတွေ့ခဲ့ကြရသည်ကား အမှန်ပင်ဖြစ်သည်။

မဟာမုနိကိုယ်စား ဤရုပ်ပွားတော်ကပင် မဟာမုနိကိုယ်စားတော်မြတ်အဖြစ် ပြည်သူတကာ လူများစွာ၏ယုံကြည်သဒ္ဓါ လေးမြတ်စွာကို ခံယူလျက်ရှိခဲ့လေသည်တကား။ ထိုနောက် သပြာသိန်းကျော် ကုန်ကျသောအတုလဝေယန်သိမ်တော်တန်ဆောင်းတော်ကြီး ဆောက်လုပ်ပြီး၍ သကျမာရဇိန်ရုပ်ပွားနှင့်အတူ ကိန်းဝပ်ရစဉ်ကဆိုလျှင် ကျောချင်းကပ်လျက် ကောဇာ ၁၂၈၆ခုနှစ်ထိ အနောက်ဘက်မျက်နှာက ရှိခဲ့၏။ မည်သို့ပင် ကိန်းဝပ်တည်နေစေ ဘုန်းတော်ကား ကြီးလှပေ၏။ ထိုအရှင်ရှိရာ ရှေ့တော်မှောက်သာ ဝပ်စင်းလာရောက်ဖူးမြော်ကြသူများ ကြပေ၏။

ထို့ကြောင့် သူဌေးကြီး ဦးရဲကျော်သူတို့ သက်ရှိစဉ်ကပင် ဤဘုရားကို သကျမာရဇိန် ရုပ်ပွားတော်နှင့် မြောက်ဘက်၌ အတူပြိုင်လျက် တသီးတခြားတည်ထားကိန်းဝပ်စေခဲ့ရလေ၏။

သကျမာရဇိန်[၁] ရုပ်ပွားနောက်ကျော၌ ကိန်းဝပ်ခဲ့ရာ ပလ္လင်သုံးဆူတွင် ဘုရားမရှိ။ ပြီးနောက် အစား စေတီငယ်သုံးဆူတည်ထားပူဇော်ခဲ့ကြပေ၏။ သမိုင်းသက်သေခံတည်း။ ပတ္တမြားမှန် ညွန်မနစ်၊ တိုးလို့သာပြောင်သစ်ပေ၏။ ထိုမဟာမုနိရုပ်ပွားသုံးဆူကို သိကြားညောင်ပင်မှ ပြောင်းစဉ် မြောက်ဘက်မုခ်ဝမှ အလယ်စေတီကိုလည်းကောင်း၊ အနောက်ဘက်မှ မြောက်ဘက်ဂန္ဓကုဋိတွင်းသို့ ပြောင်းစဉ်လည်း တောင်ဘက်မုခ်စေတီကိုလည်းကောင်း၊ မိုးကြိုးခသည်။ ဤသို့ တိတ်နိမိတ်ထူးများ ပြသခဲ့ဖူးပေသေးသည်။

သကျမာရဇိန် ရုပ်ပွားတော်ကား မန္တလေးရှိ မဟာမြတ်မုနိကိုယ်စာတော်ပုံ အတုယူလျက် '၁၂၆၂ ခု ရတုဆန်းထူးနှစ်ဦး စိတ္တကာ၊ လမေသာတွင် အထူးထူးသောရတနာတို့ဖြင့် ဗိုလ်ပါဝန်းရံ၊ နိုင်ငံအစိုးရ သမဏထေကျော် ဆရာတော်တို့နှင့်တကွ ပွဲသဘင်ကျင်းပပြီး သွန်းလုပ်လျှဒါန်းပြီးစီးအောင်မြင်ခြင်းသို့ ရောက်တော်မူသော ဆင်းတုတော်ကြီးပင်ဖြစ်၏။ အများပြည်သူတို့နှင့် သူဌေးကြီးဦးရဲကျော်သူတို့ ကြီးမှူးဥက္ကဌပြု၍ လျှဒါန်းကြခြင်းဖြစ်၏။

## သိကြားညောင်ပင်စေါင်း ဘုရားအောင်းတကား

ဘုရားပုရဝုဏ် ဒုတိယပစ္စယံ၌ တောင်နှင့်မြောက်၌ ရှေးကျလှသော ဗောဓိညောင်ပင် နှစ်ပင်ရှိကြသည်။ နှစ်ပင်စလုံးတံတိုင်း မီးတား အကာအရံ ရင်ပြင်စသည်ကို ထိုးဖောက်ဖျက်ဆီးခြင်း အန္တရာယ်ကို မပြုခဲ့ကြချေ။ ယခုထိ ဘုရားရင်ပြင်တွင် အေးရိပ်ကို ဖြတ်စေလျက် လူသူတကာကို ပျူငှာစွာကြိုဆိုနေဘိ၏။ ဘုရားဖူးနှင့် ခရီးသွားတို့ နားခိုမှီးရာလည်းဖြစ်၏။

ရွက်လည်းသိပ်သိပ်၊ စေ့စေ့စိပ်လျက်

---

၁။ သကျမာရဇိန်နှင့် အတုလဝေယန် ကျောက်စာအပိုဒ်-၃

အရိပ်ကလည်း မြိုင်လှ၏

ဖွားဖက်တော် ညောင်ပေင်ပေလောဟု အောက်မေ့ရ၏။

သိကြားညောင်ပင်ဆိုသည်မှာ ဘုရားရင်ပြင်မြောက်ဘက်က ရှိ၏။ ထိုအပင်အောက်ခြေ၌ အုတ်ပုံနှင့် ခဲကျိုးများဖြင့် အုတ်ဂူသဖွယ်ရှိ၏။ ထိုအုတ်ဂူမှာ ယခုဆိုလျှင် ထိုညောင်ပင်မြစ်တို့မှ ဖြာထိုးလျက် ဂူဝင်ပေါက်မှာပိတ်နေ၏။ အခေါင်းဥမင် ဖြစ်ခဲ့ဖူးရုံဟု ယူဆနလောက်စရာ လိုဏ်ဝဂူဝကား ရှိနေပေသေး၏။ ယင်းဥမင်ခေါင်းထဲ၌ ဘုရားရုပ်တုတော်ရှိ၏။ ရှေးကဝင်ဖူးကြသူများ၊ တစ်ဆင့်စကားတစ်ဆင့်ပြောလာခဲ့ကြ၏။ ထိုဂူထဲ၌ ဘုရားရုပ်တုတော်ကို ဖူးတွေ့ရသူများရှိကြသည်ဟု လည်းပြောကြ၏။

ထိုအခေါင်းမှာ အတော်ရှည်စွာရှိခဲ့မည်ဟု ထင်ရ၏။ ၁၅တောင်ခန့်လောက်ထိ ဝင်ရောက်ဖူးသည့်အဖြစ်ကို သက်သေခံနေကြ၏။[၂] ရန်ကုန်မြို့ မင်္ဂလသုခဆရာတော် ဦးကေသရက စစ်တွေရွှေစေတီဆရာတော်ပြောပြ၍ သိရသည့်အဖြစ် တစ်ခုကို ငါတို့အား ပြောပြဖူးပါ၏။ ၎င်းမှာ ရသေ့တစ်ဦးသည် ဆရာတော်ထံ ဝတ်ပြုရန် ရွှေစေတီသို့ ရောက်လာသည်။ ဆရာတော်က အမှုမဲ့အမှတ်မဲ့မေးရာ မဟာမြတ်မုနိဘုရားကို ဖူး၍ပြန်လာကြောင်း လျှောက်သတည်း။

ဆရာတော်လည်း မည်သို့ဖူးခဲ့ရသည်အဖြစ်ကို စေ့စပ်သေချာစွာ မမေးမိခဲ့။ ထိုနောက် ၎င်းရသေ့သည် စစ်တွေဘုရားကြီး ရင်ပြင်တွင် ခေတ္တနေပြီး ထိုဥမင်ခေါင်းထဲရှိ မဟာမြတ်မုနိဘုရားကို ဖူးခဲ့ရသည့်အဖြစ်ကို ကိုယ်တွေ့ကိုပြောပြသွားလေ သည်ဆို၏။ ဆရာတော်က စိစစ်မေးမြန်းလို၍ လိုက်ရှာစေရာ ထိုရသေ့ကို ဘယ်မှာမှ မတွေ့ကြရပြီ။

## အရုပ်ရုပ်လေ့လာစရာများ

ဘုရားကုန်းတော်တွင် ကျောက်တံတိုင်းပတ်လည် ပစ္စယံအဆင့်ဆင့်၊ လှေကားအသွယ်သွယ်တို့သည် မူလအခြေခံ ဌာနဖြစ်ကြ၏။ ပရဝုဏ်အတွင်း နှစ်ရှည်လများပေါက်ရောက်ခဲ့သော မြက်၊ သစ်ပင်တို့မှာလည်း မူလအခြေခံကို မှုန်ဝါးစေခဲ့ ရာ၏။ ပရဝုဏ်ရင်ပြင်တို့၌ ရှေးက ကြွေရည်သုတ်အုတ်ပြားများ စီခင်းခဲ့လေရာသည်။ ထိုနေရာတို့မှ ကြွေရည်သုတ်အုတ်ပြား အပဲ့အစများကို သက်သေခံအဖြစ် ရရှိကြ၏။ ထိုထက်သမိုင်းအတွက် အရေးကြီးသော ရုပ်တုရုပ်လုံးများက တန်ဘိုးမဖြတ်နိုင် ချေ။ ခေတ်အခြေအနေ၊ ယုံကြည်မှု၊ လက်ရာပုံပန်းအစားစား ရုပ်တုအောက်ခြေခံ ရေးထိုးပါစာလုံးအရေးအသားတို့က သမိုင်းသက်သေကို အထောက်အကူဖြစ်ပေ၏။ ရုပ်တုများရှိရာ အကျိုးအပဲ့များ ရှိကြသော်လည်း အကောင်းပကတိလည်း ရှိကြပေ၏။ ယခု အုတ်ဂူအမိုးအကာများဖြင့် ထားရှိပေ၏။ ရုပ်တုများအချို့ကို ဒေါက်တာဖိုချင်းမာ၏ 'အာရကန်'စာအုပ် စာမျက်နှာ ၁၃မှ နောက်ဆက်တွဲ စာချပ် ၄၊ ၅ တွင် ဖော်ပြထားကြောင်း တွေ့ရ၏။[၃]

## ပိဋကတ်တိုက်

အော်ပစ္စယံခေါ် ပထမပစ္စယံအတွင်း အနောက်တောင်ထောင့်တစ်နေရာ၌ ပိဋကတ်တနက်ကို တည်ထားခဲ့သည်။ ဘုရင်မင်းမြမတ် အဆက်ဆက်ကိုလှုဒါန်း၍ စာပေအမြောက်အမြားကို သိမ်းဆည်းခဲ့သည်ဆို၏။ ၎င်းတို့အနက် အလွန်ရှေးကျသော မဟာမုနိနှင့်ဆိုင်ရာ သမ္ဗဒါနပကာရဏ အညမ်ရှိကျမ်းလည်း ပါဝင်ခဲ့၏။ ထိုကျမ်းမှာ မူလက သက္ကဋဘာသာဖြင့် ရေးသားခဲ့သည်ဆို၏။ ယခုပါဠိအနက်ဖြင့်လည်းကောင်း၊ စကားပြေဖြင့်လည်းကောင်း တွေ့နေရ၏။ မဟာမုနိနကို ပူဇော်လှုဒါန်းမှု ဝတ္ထုနှင့် ပူဇော်ရကျိုးကိုပြသောကျမ်းတည်း. အကျဉ်းအားဖြင့် သမ္ဗဒါနကျမ်းဟူ၏။ ယခု ထိုကျမ်းနှစ်ပုဒ် တွေ့ရှိထားကြပြီးဖြစ်၏။ ပြခုဘဏ္ဍာတော်တိုက်၌လည်း အရုပ်ရုပ်ဂေါပကတို့ ဆောင်ရွက်ခဲ့သမျှ မှတ်တမ်းမှတ်ရာများကို လေ့လာသင့်ကြပေ၏။

## မော်ကွန်းကျောက်စာ

သူဌေးကြီး ဦးရဲကျော်သူ ရေးထိုးခဲ့သောကျောက်စာတစ်ချပ်ရှိ၏။ မဟာမုနိ သီရိပရဝသကျမာရဇိန် ရုပ်ပွား တော်မြတ်နှင့် မဟာအတုလဝေယန် တန်ဆောင်းတော်ကြီးနှင့်ဆိုင်ရာ လက်ာများဖြင့် ရေးထိုးထားသော ကျောက်သလင်းဖြူ

---

၂။ ရက္ခပူရ ဗုဒ္ဓသာသနာ ရောင်ခြည်စာစောင်၊ နှာ-၃၀။

၃။ ထွန်းရွှေခိုင်၏ရခိုင်ရှေးဟောင်းမြို့တော်များ၊ နှာ-၁၅၄

ရေးထွင်းစာတည်း။

ထိုကျောက်စာတွင် အပိုဒ် ၇ပိုဒ်ရေးထိုးပါရှိ၏။ ပထမပိုဒ်၌ ရခိုင်မပြည်နှင့် ရခိုင်တင်းတို့ သမိုင်းကို ဖော်ပြလျက် ရခိုင်ပြည် ဓညဝတီ၌ ဘုရားကြွလာပြီးကိုယ်စားသွန်းလုပ်ရာ အောင်မြေမြတ်ဖြစ်သည်။ ၂ပိုဒ်တွင် စစ်တွေမြို့တွင် သူဌေးမင်း ဦးရဲကျော်သူတို့၏ သားသမီးရှစ်ယောက်တို့ကို ဖော်ပြလျက် ချမ်းသာစွာနေကာ ကုသိုလ်မပွားများ ရှိနေစဉ်အတွင်း သကျမာရဇိန် ရုပ်ပ်ပွားတော်ကို သွန်းလုပ်လှူဒါန်းရန် အာသာဆန္ဒဖြစ်လာသည်။

သုံးအပိုဒ်နှင့် လေးအပိုဒ်တွင်ကား ထိုဆန္ဒအောင်မြင်ရန်တိုင်ပင်ပြီး ရုပ်ပွားသွန်းခြင်း၊ နေရာချခြင်းအတွက် ရှေး အထက်က မဟာမုနိရုပ်ပွားတည်ခဲ့ရာ ကတညုတတောင်ကို စုံ့စမ်းလေသည်။ သားရဲပြွမ်းသော တောအတိဖြစ်နေ၍ ငါမှ တစ်ပါး ပြုစုသူမရှိလျှင် နောက်ဆက်သားကား ဝေးအံ့ဆိုကာရှင်းလင်းစေသည်။ အရပ်ရပ်အလှူကိုလက်ခံ၍ လိုသမျှကို စိုက်ထုတ်ကာ အုတ်ခင်းသည်။ အကြီးဥက္ကဋ္ဌပြု၍ ဘုရားသွန်းသည်။ အတုလဝေယန် တန်ဆောင်းကို ဆောက်၍ ကိုးကွယ်ထား ခဲ့သည်။ ၅၊ ၆၊ ၇အပိုဒ်တို့ကား တန်ဆောင်းကြီးပြီးသောခုနှစ်နှင့် ဆုတောင်းခြင်းများဖြစ်သည်။ သူဌေးကြီး တောမရှင်းခင်က ဦးရွှေမုံ့ရောက်။ (ခရစ် ၁၈၆၇ ခု၊ကောဇာ ၁၂၂၈ခုနှစ်)၌ ဂန္ဓကုဋိကိုပြုပြင်ခဲ့သည်။ ကောဇာ ၁၂၃၂ ခုနှစ်ပြီးစီး၍ သာစုနုမော် ကမွည်းရေးထိုးခဲ့လေသေးသည်[၄]။ ထိုနောက်မှ ပြိုပျက်လေသည်ကို လုံး-ဖြိုဖျက်ကာ တံတိုင်းတွင် အသုံးပြုသည်။ ထုမျှနာက်သူဌေးကြီးနှင့်အများက ၁၂၆၅ တွင် အပရာဇိတပလ္လင်တော်နှင့်ပြာသာဒ်ကြီးကို သကျမုနိ မန္တလေး မဟာမုနိပုံတူ ဆင်းတုကို တင်ခဲ့ကြသည်။

## ယကြာ ကြေးခေါင်းလောင်း ကြီး–ငယ်

ခေါင်းလောင်းသုံးခုတွင် ရခိုင်မင်းလက်ထက် ကြေးခေါင်းလောင်းငယ်မှာ ယခုပျောက်ရှိနေသည်။ ၎င်းမှာ ကမ္ဘောဇ ရှမ်းပြည်မှ (ခရစ် ၁၈၆၇ခု ကောဇာ ၁၂၈၈)ခုနှစ်ရောက်လာသော ဦးရွှေမှု(ရှမ်း)က မဟာမုနိဂန္ဓကုဋိ ကိုပြုလုပ်ပြီးနောက် အင်္ဂလိပ်တို့ သိမ်းယူခဲ့သဖြင့် စစ်တွေမြို့သို့ ရောက်ရှိနေသော ထိုယကြာခေါင်းလောင်းကို ပြန်ယူ၍ မူလနေရာ မဟာမုနိ၌ ထားပေးခဲ့လေသေးသည်။ ထိုနီးပါး ခေါင်းလောင်းငယ်တစ်လုံးမှာ ကြေးခေါင်းလောင်းကြီးထက် အသက်ရှည်သည်။ သံတွဲမြို့၊ သိမ်ကုန်းကျောင်းနေ သူတော်မတစ်ဦးက လှူထားသည်။ ခေါင်းလောင်းကြီးမှာ ပိဿာချိန်နှံ ၃၄၀၀ရှိသည်။ ပတ်ပတ်လည် လက်ာစကားပြေရေးလျက် စာရေးထားသည်။ စာများမှာ ထုနှက်ရိုက်ခံရသောတုတ်ဒဏ်ကြောင့် မှုန်ဝါးလျက် ပြောင်ချောစ ပြုနေပြီး တီထွင်ထုလုပ်သူဆရာနှင့် လုပ်သားများကိုတွေ့ရသည်။ ထို့ပြင် ဦးရဲကျော်သူဖွား ခုနှစ်သက္ကရာဇ်ကို တွေ့ရသဖြင့် ၎င်း၏ကောင်းမှုလက်ရာဟု ယူဆရလေသည်။

## ဘုရားကုန်တော် တွင်း–ပြင်

ဘုရားကုန်းတော်အပြင်တွင်လည်း ဘုရားနှင့်စပ်၍ ရဟန်း သံဃာတော်များ သီတင်းသုံးခဲ့ရာကျောင်းကန်များ၊ သမုတ်သိမ်၊ အုတ်တိုက်၊ သိမ်ပျက်များကိုတွေ့ရ၏။ ဘုရားကြီးကို မီးထိန်းခထဲ့ကြသော လျှပ်စစ်အပျက်အစီးများလည်း၏ရှိကြ သေးသည်။ ယခုလည်း လျှပ်စစ်မီးသီးများဖြင့် ထွန်းညှိပေးလျက်ရှိနေကြပေ၏။

မီးစက်မှာ ဘုရားပုရဝုဏ်ထဲ၌ သီးခြားအဆောက်အအုံဖြင့် ရှိကြ၏။ နောက်မှတည်ထားကြသော ဗုဒ္ဓရုပ်ပွားတော်များကိုလည်း ပထမပစ္စယံအဆင့်၌ ဖူးတွေကြရ၏။ ဘုရားကြီး ဂေါပကရုံးမှာ အနောက်ဘက် စောင်းတန်း အဝင်တွင်ရှိ၏။ ယခုအခါ ထိုဂေါပကများကပင် ဘုရားရင်ပြင်တစ်ခုလုံးကို အစစပြုပြင်နေကြ၏။ တန်ဆောင်းတော်ကြီး ကိုလည်း သဘော်ာဆေးရောင်ခြယ်သ၍ ထွန်းပြောင်စေ၏။ ရေမိုးနေရာထိုင်ခင်းများက အစစ စီစဉ်ထားရှိကြပေ၏။

## အနော်မာဘုရားကြီး

မဟာမုနိဘုရာကုန်းတော် အရှေ့တောင်ထောင့်က အနော်မာဘုရားကို ဖူးတွေ့နိုင်၏။

'ဇီးချောင်းအဖျား၊ လက်ယာနားမှာ

ဘုရားကြီးစွာ၊ အနော်မာ'ဟုဆိုရိုးပြုနေကြ၏။

ကျောက်ညိုဆင်းတုငြဖစ်ရာကျောက်ဆစ်ပန်းနုလက်ရာကျောက်ပလ္လင်တွင် ကိန်းဝပ်စမွာယ်လျက် ရှိပေ၏။ မဟာမုနိ ဘုရားကုန်းတော်မြောက်ဘက်မှ အရှေ့ဘက်သို့လှည့်လျက် တောင်ဘက်သို့ မြောက်ဦးထိ ကားလမ်းဖောက်၏။ အုတ်ပုံတောင်၊

---

၄။ ဒေါက်တာဖိုချင်မာ၏ အာရကန်စာအုပ်။

တောင်ဦး၊ တိန်ညို၊ ဝေသာလီတစ်ဝိုက် လေ့လာစရာများကား အတိရှိ၏။

## ကျောက်တစ်လုံးနှင့် မုန်းချောင်းတောင်ဘုရား

မဟာမုနိကုန်းတော်က အနောက်ဘက် သီရိချောင်းတံတားကိုကူး၍ ၆ဖာလုံခန့်အကွာတွင် သရက်တစ်ပင်ရွာ အနီးတွင် တောင်ကုန်း၌ တည်ရှိသည်။ ကျောက်ညိုဆင်းတုတော်ဖြစ်ပြီး သိမ် တန်ဆောင်းအတွင်း ကိန်းဝပ်တည်ရှိသည်။ ထိုဘုရားမြောက်ဘက် မဝေးသောတောင်ကုန်းတွင် ကျောက်တစ်လုံးဘုရားကိုလည်း အတူပင်ဖူးတွေ့နိုင်သည်။ မုန်းချောင်းတောင်နှင့် သရက်တစ်ပင်တစ်ဝိုက်သည်လည်း စန္ဒာသူရိယမင်းစိုးစံသွားခဲ့သော တတိယဓညဝတီ (ဘီစီ ၅၈၀ မှ အေဒီ ၃၂၆)မြို့တော်ရာအပါအဝင်ဖြစ်၍ သမိုင်းနယ်မြေ ဘူမိနက်သန်မြေတည်း။

ထိုတတိယ ဓညဝတီမြို့တော်တစ်ဝိုက်မှ တွေ့ရသမျှ ရုပ်တု၊ ဆင်းတုများ၊ ကျောက်စာများက အိန္ဒိယမင်း (ဘီစီ၂၇၄-၂၃၇) အာသောကခေတ်နှင့် ခေတ်ပြိုင်ဟုယူဆကြသည်။ သို့မဟုတ် ရာစုနှစ်တစ်စုခန့် နောက်ကျဟန် ရှိပေသည်ဆို၏။ ၃/၄ ဓညဝတီခေတ် ဗိုက်ပူဘုရားကျောက်စာဆိုလျှင် ဘီစီ သုံးလေးရာစု အရေးအသားဌဖြစ်သည်ဟူ၏။ ဓညဝတီမြို့ရိုးတံတိုင်းဖြစ်ဟန်ရှိခဲ့ဖူးသော တောင်ပေါက်ကြီးနေရာမှရသော ကျောက်စာမှာ ဘီစီ ၃ရာစု သို့မဟုတ် ယင်းထက် စောဖွယ်ရှိသည်ဟု ပညာရှင်များက ခန့်မှန်းကြသည်။ ဓညဝတီခေတ်နှင့် ပတ်သက်၍ကား တူးဖော်လေ့လာရန် သုတေသနပြုရန် အများကြီးလိုအပ်ပေ၏။

## မိုးလေမုန်တိုင်းဒဏ်

အတုလဝေယန် တန်ဆောင်းတော်ကြီး ငှက်ပျောဖူးများ၌ တပ်ဆင်ထားသောသံထီးမှာ ၂ကြိမ်တိတိ လေမုန်တိုင်းဒဏ်ကို ခံခဲ့ရဘူးပါသည်။ ပထမအကြိမ် (၁၉၆၇-ခု၊ အောက်တိုဘာလ ၂၃ရက်) ကောဇာ ၁၃၂၉ခုနှစ်ဖြစ်ရာ ထိုနှစ်တွင်ပြန်၍ ထီးအသစ် တင်နိုင်ခဲ့ပါ၏။ ၁၃၃၉ခုနှစ် ဒုတိယအကြိမ်တွင်ကား သံထီးကျိုး၍ ၁၃၄၀ ခုနှစ်၊ သံထီးကိုကပ်လှူနိုင်ခဲ့၏။ ပထမအကြိမ်လေဒဏ်တွင် အဆောက်အအုံ ၃၉ ခု၊ သံထီးတော် ၅၅ မြေခသည်။

အင်္ဂလိပ်ခေတ်တွင်လည်းကောင်း၊ ဂျပန်ခေတ်တွင်လည်မကနောင်း၊ ဘုရားကုန်းတော်တစ်ခုလုံးမှာ စ်ဘေးဒဏ်မှ လွတ်ကင်းရသည်ဟု ယူဆရပေသည်။ ဗုံးဒဏ်၊ စက်သေနတ်ဒဏ်ဟူ၍ သီသီမှ အထိခိုက် မခံခဲ့ရချေ။ တစ်တေတခေါင်မှ တစ်လံမကရှိ ဗုံးများကို ကြဲချခဲ့ရာ၌လည်း ဘုရားကြီး၏အနောက်ဘက် စောင်းတန်း၊ မုခ်ဝတံတိုင်း အပြင်တွင်သာကျ၍ တွင်းကြီးကန်ကြီးတမျှ ချိုင့်ဝှမ်းဖြစ်ခဲ့ရဖူး၏။ ဘုရားကား ဘေးမထိ ရန်မခ အေးချမ်းသာယာရှိလှဘိ၏။ သို့သော် မသာမာသူ တစ်ချို့က ဘုရားပလ္လင်မှာ စီထားသော ကျောက်ရောင်စုံများကို ထုခွဲဆွဲထုတ် ဖြုတ်ယူခြင်းများကို တွေ့ရပေ၏။

ကောဇာ ၁၂၉၁-ခုနှစ် ရေမင်းထွက်စဉ် ဘုရားပရဝုဏ်ထိ ရေမြုပ်သော်လည်း လူသူများစွာ ခိုမှီးနိုင်ခဲ့သည်။ ရွှံ့ညွန်ရေနစ်မြုပ်ခံရသဖြင့် သောက်သုံးရေ အခက်အခဲကြောင့် ဝတ်ဖြူစင်ကြယ်ဝတ်လျက် လူကြီး ၉ဦးက ဥပုသ်ဆောက်တည်သည်။ ထို့နောက် သစ္စာဓိဋ္ဌာန်လေလျှင် ရေတွင်းငယ်တစ်ခု ပေါ်လာ၍ ခပ်မကုန်ဘဲသောက်သုံးရန် ဖူလုံခြင်း အံ့ဖွယ်ထူးကို တွေ့ကြုံကြရသည်။ သရီချောင်းတံတား ပျက်စီးခဲ့ရသည်။ မဟာမုနိသည် အံ့ဖွယ်ကိုးဂုဏ်ရှိသကဲ့သို့ ကိန်းဝပ်လေရာ ကုန်းတော်သာလည်း ပမာမခြား အံ့ဩပေစွတကား။ ။

# မှန်စဲကျွန်း ဂူထွင်းဘုရားများ

**အရှင်စက္ကိန္ဒ**

## ဗီးကိုင်းကျော်ကကြီးတစ်လုံး ဂူတောင်

ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၌ မုံစဲကျွန်းတည်ရှိ၏။ မေယုမြစ်ဝတွင် ကျရောက်ပြီး စစ်တွေမြို့ ပါဋ္ဌလိပ်ကူးတို့ကူး၍ သွားရောက်နိုင်လေသည်။ ထိုကျွန်း၏တောင်ဘက်အဆုံး ကျွန်းဦး၌ ကျောက်ဆောင်ရှည်တစ်ခုရှိသည်။ ပေ ၃၀ခန့် မြင့်မားသည်။ အလျားနှစ်ဖာလုံခန့် ရှည်သည်။ ဤကျောက်တောင်၌ ကျောက်သားကို ဂူလိုဏ်ထွင်းထု ၍ ဘုရားရုပ်တုတော်များကိုပါ တည်ထားရှိလေသည်။ ထိုကျွန်၏မြောက်ဘက်ပိုင်း၌လည်း ဂူလိုဏ်များ ထွင်းထုရှိလေ၏။

ကျွန်ုပ်သည် ၁၉၆၅ခုနှစ်တစ်ကြိမ်၊ ၁၉၆၉ ခုနှစ်တစ်ကြိမ်၊ နှစ်ကြိမ်သွားရောက်၍ လေ့လာခဲ့ပါသည်။ ထို့နောက်လည်း အခါအားလျော်စွာ သွားရောက်ဖူးပါသေး၏။ ကျွန်ုပ်ရောက်ဖူးစတွင် လေ့လာမြင်တွေ့ရစဉ်က မှတ်တမ်းပြုထားချက်ကို မူထား၍ ဖော်ပြချင်ပါသည်။ ယခုမူကား ဗီးကိုင်းဂူအတွင်းရှိ ဘုရားဆင်းတုများမှာ ကြေမွပျက်စီးခြင်း ဖြစ်ခဲ့ရလေပြီ။

ဤကျောက်တစ်လုံးဂူတို့ကို မြောက်ဦးရွှေနန်းရှင် ဘုရင်မင်းဘကီး (ကောဇာ ၈၉၃-၉၁၅)လက်ထက်က စတင်ထုလုပ်စေခဲ့ခြင်း ဖြစ်လေသည်ဆို၏။ မင်းပင်ဘုရင်သည် တစ်ပြည်လုံး၌ ဓာတ်တော်များကိုလည်းကောင်း၊ လိုဏ်ဂူအတွင်း ဘုရားကိန်းအောင်း တည်ထားခြင်းကိုလည်းကောင်း၊ အနှံ့အပြားပြုလုပ်ခဲ့လေသည်။ ထိုမင်းကောင်းမှုတော်အနက် ဤဂူလည်းတစ်ခုအပါအဝင်ဖြစ်လေသည်။ ကျောက်ဂူတောင်၌ တောင်ဦးတွင် စေတီတစ်ဆူ တည်ရှိထားသဖြင့် မေယုမြစ်မှပင် လှမ်းမြင်နေဘိ၏။

ဘုရင်သည် ဤကျွန်း၌ လိုဏ်ဂူထွင်းထုရန် ဦးစွာနေရာရွေးချယ်စေရာ ဤကျောက်တောင်ကို တွေ့ရှိသဘောကျမိလေသည်။ ထို့ကြောင့် ကျောက်ဆစ်ပညာသည်များအား စေလွှတ်၍ ရွေးချယ်ထုလုပ်စေခဲ့ရခြင်းလည်း ဖြစ်လေ၏။ ပညာသည်များလည်း ကျောက်တောင်ကောင်း မကောင်းကို ဦးစွာလေ့လာစမ်းသပ်ခဲ့ကြရလေသည်။ စမ်းသပ်ခဲ့ရာ ကျောက်ဆစ်တွင်းငယ်များကို ယခုထိ အနှံ့အပြားတွေ့နိုင်သေး၏။

ကျောက်တောင်မှာ အပေါ်ယံအားဖြင့် ရင့်မာနေသော်လည်းအတွင်းမှာ ကျောက်သားများသည် ဆားဓာတ်ငွေ့ဖြင့် ထုံမွနေသည်။ ပညာသည်များမှာ ကျောက်တောင်၏အခြေအနေကို လေ့လာမိခဲ့ကြသည်မှာမှန်၏။ သို့သော်လည်း ဘုရင်မင်း၏ သဒ္ဓါကိုလည်းကောင်း၊ ကြံရွယ်ချက်အောင်မြင်မှုကိုလည်းကောင်း၊ အဓိကထားလျက် မိမိတို့၏မလျော့သော ပညာစွမ်းရည်ကိုပါ ပြလိုလှသည်။

ယင်းနှင့်တစ်စတစ်စထွင်းထုခဲ့ကြရာ ကျောက်သားများပျော့ညံ့ခြင်း၊ ဆားဓာတ်ငွေ့ဖြင့် စိုအိခြင်းတို့ကို လက်တွေ့ကြုံလာခဲ့ရလေသည်။ လုပ်ရကိုင်ရလည်း မကောင်းလှ၊ ပွဲအက်ကွဲကျခြင်းများပါ ဖြစ်တတ်မှုရှိခဲ့လေသည်။ သို့တစေ ထွင်းထုလက်စကြောင့် အလဟဿ မဖြစ်စေခဲ့ဘဲ အဆုံးတိုင်ဆောင်ရွက်ခြင်းဖြင့် ပြီးမြောက်အောင်မြင်ခဲ့လေသည်။

သည်မျှနှင့်သူတို့မကျေနပ်၊ နှစ်ရှည်လများ ကာလရှည်ကြာ ခံနိုင်မည့်နေရာတွင် ဆက်လက်ထွင်းထုကြရန်ကား အားခဲလျက်ပင်ဖြစ်သည်။ ထို့ကြောင့် ဒေသခံသမိုင်းစာဆို ဦးလှဖြူကပင်

‘နောင်ဝယ်သာသနာ၊ စည်ကားရာဟု
ပညာကြံဆောင်၊ ဗီးကိုင်းတောင်ကို
ရှေ့ဆောင်တုံ၍၊ ဖောက်ထွင်းကြည့်သော်
ပွဲ၍များစွာ၊ ကွဲအာအာနှင့်
အနာမလွတ်၊ မြန်ပြန်လတ်မူ
မင်းမြတ်ဘုရင်၊ စိတ်မရွှင်၍
မြောက်ခွင်ဒိသာ၊ ဥတ္တရာညသို့
ဗိုလ်ပါခြံရံ၊ ကြွရောက်ပြန်မူ’ ဟူ၍စပ်ဆိုခြင်းပြုခဲ့လေသည်။

ဦးစွာထွင်းထုခဲ့သော ဗီးကိုင်းကျောက်တောင်ဂူမှာ သမိုင်း၏သက်သေခံအဖြစ် ထင်ရှားရှိနေသည်မှာ အမှန်ပင်ဖြစ်၏။

သို့သော်လည်း မူလဂူကို နောက်ထပ်အလှူရှင်များက မွမ်းမံခြင်း တိုးချဲ့ထုလုပ်ခြင်းကြောင့် မြောက်ဦးခေတ် လက်ရာမှန်ကိုကား မတွေ့ရတော့ပြီ။ ယခုတွေ့ရသော လက်ရာများမှာ အင်္ဂလိပ်ခေတ်ဦး ကျောက်ဆစ်လက်ရာမျှသာ များလေသည်။ ထိုမုံစဲကျွန်းမြောက်ဘက် ကျောက်တစ်လုံးတောင်ခေါ် ရွှေဂူတောင်နှင့် လက်ရာချင်းယှဉ်ကြည့်က ခွဲခြားသိသာလှ၏။

တစ်ချိန်က ဤဗီးကိုင်းဂူသည် လူသူအရောက်အပေါက်နည်းသည်။ လေ့လာမှုမများ၊ လူသိလည်း နည်းလေသည်။ အကြောင်းက လမ်းပန်းသွားလာရေး မဖြောင့်ခြင်းဖြစ်သည်။ မည်သို့ဆိုစေ ကျွန်ုပ်၏လေ့လာမှုမှတ်တမ်းကို တင်ပြလိုသည်။ ၆-၆-၁၉၆၉ နေ့က အထူးလေ့လာဖက် ပန်းချီမောင်သန်းနု၏ ပုံဆွဲတိုင်းတာချက်များလည်း အထင်အရှားရှိနေသေးသည်။

မောင်သန်းနုနှင့်ရောက်သွားစဉ်က ဓာတ်ပုံကင်မရာပါရှိပေ၏။ သို့သော် ကံမကောင်းလှချေ။ မိုးအုံ့နေ၍ မရိုက်နိုင်ခဲ့ပေ။ ကျောက်တောင်လိုဏ်ဂူဖောက်၍ ဘုရားပါတစ်ပါတည်း ထုယူဆစ်ပြုထားခြင်း ဖြစ်လေသည်။ လိုဏ်ဂူတွင်းသို့ဝင်ရန် မုခ်ပန်းတို့ဖြင့် မုခ်ပေါက်များလည်း အတင့်အတယ်ပြုလုပ်ထားခဲ့သည်။ မုခ်ပေါက်တိုင်း၌ အပြင်မုခ်ပန်းတို့မှာ ပလ္လင်တံကဲ သဖွယ်ရှိလှသည်။

မကန်းကောင်၊ နဂါးကောင်၊ နဂါးလိမ်၊ ပန်းကိုက်တို့အပြင် ညောင်ရေပန်းအိုးများ ဖော်လျက်လည်း ပါရှိသည်။ ပန်းနွယ်၊ ပန်းခက်၊ နွဲ့ခွေလိမ်တွန့်၊ စိန်တောင်ယက်မားကိုလည်း ချယ်လှယ်ထားပေသေးသည်။ မုခ်ပန်းများနှင့် မုခ်ပေါက်ဝဲယာ ထက်အောက် ကျောက်တောင်အရှေ့ဘက် တစ်ခြမ်းလုံးကို ရုပ်ကြွရုပ်လုံးများဖြင့် မွမ်းခြယ်ထားလေရာ အဝေးကပင် အထင်းသား ရှုကြည့်နိုင်လေသည်။ ရုပ်ကြွရုပ်ထုံးများမှာ နတ်ရုပ်၊ မင်းသားမင်းသမီးဟန်များ၊ ဘီလူးရုပ်၊ အစောင့်လှံတံလက်နက်ကိုင် ရုပ်များ၊ ကျားစသောတောတိရစ္ဆာန်ရုပ်များကိုပါ ဖွယ်ဖွယ်ရာရာစုံနေသည်။ ကျောက်တောင်အတွင်း လိုဏ်ဂူမှာလည်း အမိုးအကာတို့ဖြင့် ကျောက်ဆောင်သဏ္ဌာန် ဖော်ထုထားသည်။ ရှေးခေတ်အဆောက်အအုံပုံကဲ့သို့ သရုပ်ပေါ်လွင်လေသည်။ ဉပမာ-ဂူကိုလေးထောင့်၌ တိုင်စိုက်ထားပေသည်။ ထိုတိုင်ထိပ်တို့၌ ဖောက်ထွင်း၍ မြား၊ ဒိုင်း၊ ထုပ်၊ လျောက်တို့ကို တပ်ဆင်ပေးပုံ ထွင်းထုထားရှိလေသည်။ မျက်နှာကြက်တွင် လ၊ ကြာငုံ၊ ကြာပန်း၊ ကြာပွင့်များလည်း တွဲလွဲဆွဲနေဟန် ပုံဆောင်ထားသေးသည်။ သည့်တိုင်လေးလုံးတို့၌လည်း ပန်းကြွကျောက်ဆစ်လက်ရာများဖြင့် အလှအပခြယ်သထားလေသည်။

ဂူကိုကျောက်ဆောင်ပုံဟန်ပြုပြီးနောက် ဆင်းတုတော်များမှာ အတွင်း၌ကိန်းဝပ်တည်နေပုံ ဖူးမြော်ရသည်။ တစ်ဂူလျှင် ဘုရားကြီးတစ်ဆူအပြင် လက်ဝဲလက်ယာ အရံပါ ဘုရားကြီးသုံးဆူထိလည်း တည်ရှိသည်။ ဘုရားကြီး၏နံဘေးတို့၌ ဂူငယ်ဖြင့် အသီးသီးကိန်းဝပ်နေသော ဘုရားအဆူဆူကိုလည်း ဖော်ထုပေးထားသေးသည်။ ဘုရားကြီးနောက်တော်ပါးတို့၌ လျောင်းတော်မူများလည်း တည်ထားပေးရှိလေသည်။ အတွင်းလိုဏ်ဂူနံရံအများအပြားလည်း ကောက်ကြောင်း၊ ပန်းနွယ်၊ ပန်းခက်များဖြင့် ပြုလုပ်ထားလေသည်။

တောင်မှမြောက်သို့အားလုံး လိုဏ်ဂူ ၅ခုရှိသည်။ ဝင်ဝမုခ်ပေါက်မှာ အလယ်ဂူနှစ်လုံး၌ လက်ဝဲဘက်ဂူတွင် သုံးပေါက်နှင့် လက်ယာဘက်ဂူတွင် နှစ်ပေါက်ထိ ဖောက်ထွင်းထားရှိသည်။ ထိုနှစ်ဂူကိုလည်း တောက်လျှောက်သွားလာနိုင်ရန် ဂူအတွင်း ဘေးပေါက် ဖောက်ပေးထားလေသည်။ ထို့ကြောင့် ဂူလုံး ၅ခု၊ ဂူပေါက် ရှစ်ပေါက်တွေ့မြင်နိုင်၏။

## အတိုင်းအတာ

တောင်ဘက်အစ ပထမနံပါတ် ၁ ဂူတွင် ၁၀ပေ (ခုနှစ်တောင်ခန့်) ရှိခြေယှက် တင်ပျဉ်ခွေ ထိုင်တော်မူဘုရားကြီး တစ်ဆူရှိသည်။ အကောင်းဆုံးဂူဖြစ်၍ ရွှေရောင်တဝင်းဝင်းနှင့် ဘုရားကြီးကို သပ္ပာယ်ဖူးတွေ့ခဲ့ရသည်။ ဂူအတွင်းသည် အလျားအနံ ကိုးတောင်ခန့်ကျယ်လေသည်။ စောက်အမြင့် ခုနှစ်တောင်ကျော်ခန့်ရှိလေသည်။ ဂူပတ်လည်တွင် နံရံတို့၌ ထိုင်၊ ရပ်မုဒြာဖြင့် ထုထားရှိသည်။

ထိုဂူမှမြောက်ဘက်အနီး တစ်ကန့်ခြားတွင် ၂နံပါတ်ဂူရှိသည်။ ထိုဂူလည်း ၁နံပါတ်ဂူခန့် ပဏာမရှိသည်။ ဘုရားကြီး ခုနစ်ပေခွဲမြင့်သည်။ နှစ်ပေခွဲပလ္လင်ခံထားလေသည်။ မုခ်ဝဲယာ၌ ထိုင်တော်မူ တစ်ဖက်တစ်ပါးကျစီရှိသည်။ ဘုရားကြီးဝဲယာ၌ အရံတစ်ဖက်တစ်ပါးစီ ၂ပါးရှိသည်။ ဘုရားကြီးအရှေ့နံရံတွင် တောင်ဘက်၌ရပ်တော်မူနှစ်ဆူ၊ မြောက်ဘက်၌ထိုင်တော်မူ သုံးဆူလည်း အသီးသီးထုဆစ်ထားသည်။ ဘုရားကြီးအနောက်ဘက် နံဘေးထိုင်တော်မူ တစ်ဘက်နှစ်ဆူနှင့် ရပ်တော်မူတစ်ဆူ ရှိလေသည်။ အနောက်နံရံကပ်တွင် လျောင်းတော်မူတစ်ဆူ၊ ထိုင်တော်မူတစ်ဆူ ထုဆစ်ပါရှိလေသည်။

ထိုကတစ်ကန့်ခြား၍ မုခ်ဝသုံးခုပါသော ၃နံပါတ်အလယ်ဂူကြီးရှိသည်။ အနံ ၁၂တောင်၊ အလျား ၁၃တောင်ခန့်ကျယ်၍ စောက် ၇တောင်မြင့်မားလေသည်။ ဤဂူမှာ မိုးရေစိမ့်ယိုစ ပြုနေလေပြီ။ ဘုရားကြီးခုနစ်ပေကျော်၊ ပလ္လင်နှစ်ပေအမြင့်၊ ဝဲယာအရံ သုံးပေခန့်နှစ်ဆူ၊ ပလ္လင်အောက်၌ သီးခြားတစ်ဆူ၊ မြောက်ဘက်မုခ်ထုတ်ချင်းပေါက် နံဘေးနှစ်ဘက်၌ ထိုင်တော်မူ နှစ်ဆူ၊ တောင်ဘက်ရှေ့ခန်း နံရံကပ်ထိုင်တော်မူတစ်ဆူ၊ အလွတ်သုံးဆူ၊ နောက်နံဘေးတစ်ဖက်တစ်ချက်၌ ထိုင်တော်မူတစ်ဆူ ရှိသည်။ ထိုအဆူများမှာ သုံးပေခန့်စီရှိကြသည်။ အနောက်နံရံကပ် လျောင်းတော်မူနှစ်ဆူ၊ ခုနစ်ပေကျော်ရှည်သည်။

၄နံပါတ်ဖြစ်သော မုခ်ဝနှစ်ခုပါ ဂူကြီးမှာ ၃နံပါတ်ဂူ၏ တစ်ကန့်ခြားတွင် ရှိလေသည်။ သို့သော် ၃-၄နံပါတ် ဂူကို နံဘေးမှထုတ်ချင်းပေါက် ထွင်းထုထားရှိသည်။ ဤဂူမှာ အလျား ၁၅တောင်၊ အနံ ၁၀တောင်၊ စောက် ၉တောင်ခန့်မြင့်မားသည်။ အားလုံးသောဂူတို့ထက် အကျယ်အဝန်းကြီးမားသည်။ ဂူထဲရှိဘုရားကြီးမှာ ၇ပေကျော်မြင့်သည်။ ဝဲယာအရံနှစ်ဆူမှာလည်း တစ်ပေခန့်သာငယ်သည်။ မြောက်ဘက်တွင်တစ်ဆူ၊ လေးပေကျော်ရှိသည်။ နံရံကပ် ဘုရား ၅ဆူ၊ နံရံဂူပေါက်ငယ်များတွင်လည်း ထွင်းထားရှိလေသေးသည်။

၅နံပါတ်ဂူကား မုခ်ပေါက်တစ်ခုရှိသည်။ အမြင့် ၁၀ပေရှိသည်။ ဤဂူ၌ မိုးယိုစပြုနေပြီဖြစ်၏။ ဘုရားကြီးခြောက်ပေ

ကျော်တစ်ဆူ၊ ဝဲယာအရံနှစ်ဆူ နှစ်ပေကျော်ရှိသည်။ နံရံကပ်အပေါက်တို့၌ ဘုရားပူဇော်ထားခဲ့ကြမည်ဖြစ်သော်လည်း တစ်ဆူသာတွေ့ရလေသည်။

ကျောက်တောင်အဆုံး၌ ရှေ့ဘက်မျက်နှာကို အနည်းငယ်ချိုင့်၍ လျောင်းတော်မူတစ်ဆူ ထွင်းထားရှိလေသည်။ လုံးကား မနက်ရှိုင်းလှ၊ အဝေးကပင် ပေါ်လွင်နေပေ၏။ ဤဂူ၌ လျောင်းတော်မူ ၉ပေရှည်တစ်ဆူရှိလေသည်။ မြတ်စွာဘုရား တပည့်သားခြံရံလျက် ဆွမ်းခံကြွနေဟန် ထွင်းထုထားချက်လည်း ရှိပေ၏။ ကျောက်ချိုင့်ဝှမ်းမှာ အလျား ၉တောင်၊ စောက် ၇တောင်ခန့်မြင့်လေသည်။

ဂူတိုင်းတွင် မုခ်ဝဝင်ပေါက်ဆိုလျှင် လူတစ်ရပ်တိတိ မြင့်မားဘိ၏။ တစ်မုခ်ချင်းဂူများဆိုလျှင် တစ်ရပ်ထက်ပင် ပို၍မြင့်သေးသည်။ ချောင်ချောင်ချိချိရှိလှပြီး မထိမခိုက်ဘဲ ကောင်းစွာဝင်ထွက်နိုင်လေသည်။ ဝင်ပေါက်အနံဆိုလျှင်လည်း အကျယ် ၄တောင်ကျော်ထိ ဖွင့်လှစ်ပေးထားရှိ၏။ တောင်ဘက်အစဂူနှင့် မြောက်ဘက်အဆုံး ၅နံပါတ်ဂူသာ ထိုစဉ်က အသင့်အတင့်ကောင်းမွန်စွာ ရှိနေသည်။ အခြားဂူများမှာဆိုလျှင် ဆားပေါက်၍တစ်စတစ်စ ဆွေးမြည့်ကြေမွခြင်းဖြင့် ပျက်စီးနေပေပြီ။ ထို့ကြောင့် ယခုအခါ ဘုရားရုပ်တုများ လုံးဝမရှိတော့ပြီဖြစ်၏။ မိုးစိမ့်ယိုစဖြစ်နေရကား ပို၍ပျက်စီးလွယ်နိုင်ပေ၏။ ကျောက်တောင်အပေါ်တွင်လည်း နွယ်များ၊ တောခြုံများပေါက်နေသဖြင့် သစ်ပင်အမြစ်ထိုးဖောက်နိုင်သဖြင့် သုတ်သင်ထားရန် လိုအပ်၏။ ဘိလပ်မြေများဖြင့် မိုးယိုစိမ့်ရာများကို ဖာထေးပြုပြင်ထားနိုင်လျှင်ကား သက်သာနိုင်ပေမည်ဖြစ်၏။

ထို့ပြင် မသမာသူများ လက်ချက်ကြောင့် ဂူအပြင်မုခ်ပန်းများ ကျောက်ဆစ်လက်ရာများလည်း ထုခွဲရိုက်နှက်ဖျက်ဆီးခြင်း ခံခဲ့ရသေး၏။ မြင်မကောင်း ရှုမလှဖွယ်ရာ ထိုလုပ်ရပ်များကြောင့် ဆုံးရှုံးရခြင်း၊ နှမြောမိခြင်း၊ ယူကျုံးမရအောင် ဝမ်းနည်းမိခြင်းများဖြစ်ရပေ၏။ တန်ဖိုးရှိလှသောရှေးခေတ် ရခိုင်ကျောက်ဆစ်အနုပညာသည်တို့၏ ဉာဏ်စွမ်းရည်၊ လက်စလက်န၊ ကြိုးစားမှု ဝီရိယတို့ကို တန်ဖိုးမထားတတ်ကြ၍လော၊ တန်ဖိုးကိုနားမလည်၍ မလေးစားကြလေခြင်းလေတကား။

ထို့ကြောင့် သက်ဆိုင်ရာက ထိန်းသိမ်းပြုပြင်ပေးနိုင်က သမိုင်း အနုပညာယဉ်ကျေးမှု ဗိသုကာပညာရပ်နှင့်ဆိုင်ရာများစွာအကျိုးဖြစ်ထွန်းမည်သာတည်း။ ဂူအနီးရှိ ဂူနားကျောင်းဆရာတော်ကလည်း ၂၅-၂-၁၉၆၆ ခုနှစ်ကတစ်ကြိမ်၊ ရှေးဟောင်းသုတေသနဌာနသို့ အစီရင်ခံစာ တင်ပို့ခဲ့ဘူးပြီဆို၏။ သို့သော် ဌာနမှမည်သို့ အရေးယူဆောင်ရွက်လျက်ရှိသည်။ အစီအစဉ်မည်သို့ ဆောင်ရွက်မည်ဆိုသည်ကို မသိရသေးပါ။ လိုလားနေသည်မှာ ဂူကိုမိုးမယိုရန် ထိန်းသိမ်းရေး၊ ဆားမစားရန် ကာကွယ်ရေးတို့ပင်ဖြစ်သည်။ ယခု ဆရာတော်အနေဖြင့် ဆားကိုခွာခြစ်သုတ်သင်ပြီးနောက် ထုံးကိုကောင်းစွာသုတ်လိမ်းပေးထားသဖြင့် ခံသာရုံရှိလှသည်ဟု ပြောပြပါ၏။

## ဂူတောင်ထိပ်စေတီ

ဤဂူတောင်ထိပ်ဖျား၌ အုတ်စေတီငယ်တစ်ဆူ တည်ရှိခဲ့၏။ ဒုတိယကမ္ဘာစစ်က ဗုံးဒဏ်ကြောင့် ပျက်ပြိုသွားခဲ့ရလေသည်။ စေတီပျက်မှ ဌာပနာကြုတ်နှင့် ငွေပြားဖြင့်ရေးထိုးပါ ကမ္ပည်းစာတို့ကို ရရှိခဲ့ပေ၏။ ထိုစာအရ များစွာမကြာလှသေးချေ။ ကောဇာ ၁၂၆၃ခုနှစ်က တည်ထားခဲ့သောစေတီဖြစ်ကြောင်း ကောင်းမှုရှင်အမည်ပါ တွေ့ရှိရပေ၏။ ငွေပြားတွင် ၂၄ပစ္စည်း ပဋ္ဌာန်းဒေသနာတော်များလည်းပါရှိ၏။ ဓမ္မစေတီအဖြစ် ဌာပနာခဲ့ကြောင်း ထင်ရှား၏။

## ဆတ်ကြီးတင်သား တောင်ဂူ

ဘုရင်၏ဆန္ဒ၊ အလုပ်သမားတို့၏လိုအင်အရ မပြည့်မြောက်လှသောအခါ ဆက်လက်၍ နေရာသစ်ကိုရှာဖွေခဲ့ကြလေ၏။ ထိုအခါ ကျောက်တောင်တစ်လုံးကို တွေ့ကြလေ၏။ ထိုတောင်သည် မုံစဲကျွန်း၏မြောက်ဘက်ရှိ ရွှေကူတောင်မှ အရှေ့ဖက် ၄ဖာလုံခန့်ကွာဝေးသော နေရာ၌ဖြစ်လေသည်။ ဆတ်ကြီးတစ်ကောင်၏တင်ပါးနှင့် သဏ္ဍာန်တူသည်ဖြစ်၍ ဆတ်ကြီးတင်သားတောင်ဟု မှည့်ခေါ်ကြခြင်းဖြစ်လေသည်။

ထိုတောင်တွင် ဘုရင်၏အမိန့်အရ ဘုရားလိုဏ်ဂူတော် ထွင်းထုခြင်းလုပ်ငန်းကို စတင်ခဲ့ကြလေသည်။ ယခုထိ လက်စလက်န လက်ရာကြွင်းများကို သက်သေခံအဖြစ် တွေ့ရှိနေသေး၏။ ထိုတောင်တန်းတောင်ဘက်ရှိ တောင်ခင်စိုင်းတွင် ဓာတ်တော်စေတီတစ်ဆူလည်း တည်ရှိလေသည်။ လက်ဖန်တော်စေတီဟူ၍ အမည်တွင်နေကြ၏။ ကျောက်စေတီဖြစ်ပြီး ပြိုပျက်စပြုလျက်ရှိနေပေ၏။

စာဆိုရှင် ဦးလှဖြူကလည်း ထို့အတူပင် စပ်ဆိုမှတ်တမ်းတင်ထားခဲ့ကြောင်း တွေ့ရပေ၏။

‘မြောက်ခွင်ဒီသာ၊ ဥတ္တရာသို့

ဗိုလ်ပါခြံရံ၊ ကြွရောက်ပြန်မူ

အလွန်တင့်တယ်၊ ရှုချင်ဖွယ်ဖြင့်
နာမည်ခေါ်ဆောင်၊ ဆတ်ကြီးတောင်ကို
မင်းခေါင်မြင်က၊ သဘောကျ၍
ထွင်းကြဖောက်စေ၊ မိန့်ရှိလေသော်
မနေမနား၊ လက်သမားတို့
လျင်လျားမသွေ၊ ထွင်းဖောက်လေသည်
ဗိုလ်ခြေငါးရာ လူပေါင်းတည်း။

## မျောက်ဖြူနိမိတ်ကြောင့် ဆိုင်းငံ့ခဲ့

၎င်တောင်၌ လုပ်ဆောင်နေစဉ်ပင် မျောက်ဖြူတစ်ကောင်က တောင်အတွင်းမှပြေးထွက်လာလေသည်။ ထို့နောက် အနောက်ဘက်ကွင်းပြင်သို့ ဖြတ်သန်းခဲ့လေသည်။ ထိုအခါ မျောက်ဖြူကို လိုက်လံကြလေရာ အနီးရှိကျောက်တောင် (ရွှေဂူတောင်)သို့ ဝင်သွားသည်ဟု မြင်ယောင်ခဲ့ကြလေသည်။ ထို့ကြောင့် ဘုရင်လည်း ၎င်ကျောက်တောင်ပေါ် မျောက်ဖြူ ဝင်သွားရာကိုပင်လျှင် ကောင်းမွန်သင့်လျော်ချေရာသည်။

'၎င်တောင်ကိုပင်၊ ထွင်းထုစေလို၍ နိမိတ်ပြသည်ဖြစ်ပေရာ၏'ဟုမှတ်ထင်လာခဲ့သည်။

ဘုရင်၏စိတ်ပြောင်းစွဲထင်ချက်ကြောင့် ထိုတောင်ကို ဆက်လက်မလုပ်တော့ဘဲ ရပ်ဆိုင်းခဲ့ရခြင်းဖြစ်၏။ ထို့ကြောင့် ဆတ်ကြီးတင်သားတောင်၌ ဂူလိုဏ်မဖြစ်မြောက်ခဲ့ရချေ။ ယခုကဲ့သို့ထီးထီးမားမားသာ ရှိနေခဲ့ရလေသည်။ သို့သော်လည်း ကိုးကွယ်ရာအဖြစ် လက်ဖန်တော်စေတီတစ်ဆူကား တည်းရှိပြီးသားတည်း။

## မျောက်ပြင်ကြီး

ယခုရွှေဂူတောင်နှင့် ဆတ်ကြီးတင်သားတောင်ကြားရှိ မျောက်ဖြူပြေးသန်းရာ ကွင်းပြင်ကိုလည်း မျောက်ပြင်ကြီးဟူ၍ ခေါ်တွင်မှုဖြစ်လာရလေသည်ဆို၏။

ဆရာဦးလှဖြူကလည်း၊ ယင်းသို့ဖြစ်ရပ်တွင် မှတ်လာပုံနှင့်-

'နတ်မင်းဒေဝါ၊ မက္ကဋနွယ်
ကွင်းပြင်ကျယ်ကို၊ မနေမနား
မျောက်ဖြူလားသို့၊ ပြေးသွားလာကျင်
ထိုကြောင်းအင်ကြောင့်၊ များဖျင်ရှေးက
လူထိုမျှတို့၊ ခေါ်ကြတုံပြီး
မြောက်ပြင်ကြီးလျှင်၊ ခုတိုင်တွင်၏'ဟူ၍ စပ်ဆိုခဲ့သေး၏။

မျောက်ဖြူကြီးမှာ နတ်ကဖန်ဆင်းခြင်းဖြစ်၏။ နတ်ကမျောက်ဖြူဟန်ဆောင်၍ နိမိတ်ညွှန်ပြလေခြင်းဟုဆိုလို၏။ ထိုမျောက်ဖြူညွှန်ပြရာ ကျောက်တောင်ကိုပင် နောက်ဆုံးရွေးချယ်လျက် ဘုရားမြတ်ရှင် စမ္မာယ်ကိန်းဝပ်တော်မူသော ဂူကျောင်း ပုံသဏ္ဌာန်ထုဆစ်ခဲ့ကြလေသည်ဆို၏။ ယခုထိုတောင်ကို ကျောက်တစ်လုံးဂူ၊ ကျောက်တစ်လုံးဘုရားတောင်၊ ရွှေဂူတောင်ဟူ၍ မုံစဲကျွန်းတွင်ပင် အထင်အရှားရှိနေပေ၏။

## ဂူတောင်ထုဆစ် ခုနှစ်အကြာ

ဇီးကိုင်ဂူတောင်ကား မုံစဲကျွန်းတောင်ဘက်၌ တည်ရှိပြီး ရွှေဂူတောင်ကား ထိုကျွန်း၏မြောက်ဘက်၌ တည်ရှိလေသည်။ ၎င်ဂူသည် မင်းပင်ကြီး၏ ထွင်းထုခဲ့သောဂူ ၉လုံးတွင် အပါအဝင်ဖြစ်သည်ဆို၏။ ကျောက်ဖြူမြို့ ကျောက်တစ်လုံးဂူထက် စဦးကျနေသည်။ ထို့ကြောင့် ရခိုင်ရာဇဝင်သစ်လာ ကျောက်တစ်လုံးဂူ၏ထွင်းထုသော ကောဇာ ၈၉၅ခုနှစ်ထက် နောက်မကျနိုင်ချေ။

မင်းပင်ကြီးသည် ၈၉၄ခုနှစ်တွင် ဘင်္ဂါကို စစ်ချီစဉ် ထွင်းထုခဲ့သည်ဆိုဟုလည်းကောင်း၊ အပြန် ၈၉၅ခုနှစ်တွင် ထွင်းထုခဲ့သည်ဟုလည်းကောင်း၊ သို့မဟုတ် ၈၉၆ ခုနှစ် စစ်တွေကြွေတဲကျွန်းကို ဘုရင်ဂျီတို့ တိုက်ခိုက်လာသဖြင့် ရေတပ်ကို အခိုင်အမာ ချထားခဲ့ရစဉ် ပြုလုပ်ခဲ့လေသည်ဟု ယူဆကြသည်။ ၈၉၇ခုနှစ်တွင် ရှစ်သောင်းစေတီတော်ကို တည်ပြီးနောက်တွင် ၎င်နေရာတစ်လျှောက်ကိုလည်း စေတီ၊ ဂူလိုဏ်များ ပြုလုပ်ခဲ့ကြောင်းဖြင့် ပြောဆိုခဲ့ကြလေ၏။ ဆရာ ညိုလှဖြူက ဘင်္ဂါသို့

စစ်ချီစဉ် ထုခဲ့သည်ဆို၏။

## ရွှေတောင်

ကျောက်တစ်လုံးဘုရားတောင် ခေါ် ရွှေတောင်မှာ ယခုထိ အထင်အရှားတွေ့မြင်နေရပေသေးသည်။ ဤတောင်၌ မျောက်ဖြူက နိမိတ်ပြလေသောကြောင့် ရွေးချယ်ပြုလုပ်ခဲ့ရလေသည်ဆို၏။ မျောက်ဖြူဟန်ပြ၍ နတ်ကနိမိတ်ညွှန်ပြလေ ကြောင်းကို ရည်၍ ပညာရှိ ဦးကောင်စံကလည်း ဤသို့ မှတ်တမ်းပြုရေးစပ်ခဲ့လေသေး၏။

'သိကြားဒေဝါ မျောက်ပမာသို့
ဖြူစွာဖန်သ၊ လမ်းညွှန်ပြ၍
စိမ်းမြတောင်ကုန်း၊ ကျောက်တစ်လုံးကို
မင်းဘုန်းရာဇာ၊ တွေ့မြင်ပါသော်
သာသနာစီးပွား၊ အကျိုးများအောင်
ကြိုးအားရည်သန်၊ ပြုစီမံ၍
သမန္တစက္ခု၊ သဗ္ဗညု၏
ရုပ်တုဆူဆူ၊ ကိန်းတော်မူ၏'

စာဆိုရှင် ဦးလှဖြူကလည်း ထိုနတ်ပြညွှန်ပြရာဌာနတွင် ဘုရားတည်ထားရန် စိတ္တရလက်ာဆရာများကို စေခဲ့လေသ ဖြင့် ထွင်းဆစ်ဖောက်လုပ်ခဲ့ရသည်ဟု ဤသို့စပ်ဆိုခဲ့လေသည်။

'ယခုခါမူ၊ ဒေဝါပြသ
မှန်မုချဟု၊ ဗုဒ္ဓကိုယ်စား
ဓာတ်တော်များကို၊ တည်ထားဌာပနာ
ဤနေရာဟု၊ ပညာသိပ္ပ
လိမ္မာလှသည့်၊ စိတ္တလက်ာ
ထိုဆရာကို၊ မဟာရာဇာ
အာဏာချသော်၊ ကိုဇ်ကြစူးဆောက်
တချို့ဖောက်ခြင်း၊ တချို့ထွင်း၏'ဟု စပ်ဆိုခဲ့ပါသည်။

## မူလထွင်းဂူ (၃)ပေါက်

ရွှေဂူတောင်သည် တောင်မြောက်အလျားသွယ်တန်းလျက် တည်ရှိနေ၏။ ကျောက်တောင်ခြေ အရှေ့တစ်လျှောက်ကို မြေညှိလျက် ကျောက်တံတိုင်း ကာရံထား၏။ မြေပြင်မှ တောင်ခြေသို့ ကျောက်လှေကားအတိုင်း တက်ရောက်သော် ဂူပေါက်ကို ဝင်သွားနိုင်၏။ တောင်ခြေတစ်လျှောက်၌လည်း စေတီပုထိုးများ၊ သိမ် တန်ဆောင်းများ တည်ထားရှိ၏။ စေတီတည်ထားရှိလေ ၏။

ကျောက်တောင်၏တောင်ဘက်အစတွင် ဂူသုံးလုံးထွင်းထုရှိရာ မူလထွင်းထုဂူများဖြစ်ကြ၏။ ကျောက်တောင်၌ ဂူပေါက် (၇)ခုရှိ၏။ မုခ်ပန်းများမှာ ကြာဖူးကိုင်၍ ပူဇော်နေပုံများ၊ မကန်းကောင်၊ စုလစ်မွန်းချွန်များ၊ ကျောက်ဆစ်ပန်းများ ဖြင့် ဆင်ယင်ထား၏။ မြောက်ဦးမြို့ ရှစ်သောင်းသိမ်၊ အံတော်သိမ်၌ ထုလုပ်ထားရှိသော လက်ရာနှင့်မခြား တူညီပေ၏။ တစ်ဂူနှင့်တစ်ဂူ ဘေးထွင်းပေါက်ဖြင့် ဆက်သွယ်သွားလာနိုင်၏။ ဂူ ၁နှင့် ၂တို့တွင် အမိုးအကာကို ချောချော နံရံကိုပန်းပင် ပန်းခက်တို့ဖြင့် မွမ်းမံထားသည်။ တိုင်လုံး၊ ဒိုင်း၊ မြား၊ ဖော်၍ မထားချေ။ ၂ဂူမှာ မိုးယိုစပြုနေ၏။

ပထမဂူသည် ဒုတိယဂူလောက် မကြီးချေ။ ပထမဂူ၏ အမြင့်ခေါင်မိုးမှာ ၇ပေခွဲရှိပြီး ဝင်ဝမုခ်အကျယ်နှစ်ပေခွဲ၊ မုခ်အမြင့် ငါးပေခွဲ၊ မုခ်အထု သုံးပေခွဲစီရှိကြ၏။ ဂူ၏အလျားမှာ ၇ တောင်၊ အနံဆိုလျှင် ၇တောင်ခန့် ရှိလေသည်။ ဘုရားကြီးမှာ အလယ်တွင်နှစ်ဆူရှိသည်။ ၄ပေမြင့်သည်။ နံဘေးတောင်ဘက်တစ်ဆူ၊ မြောက်ဘက်တစ်ဆူ၊ အရှေ့ဘက်သုံးဆူ၊ ဂူနံဘေး ပေါက်ဝရှေ့နောက်ရင်ဆိုင်နှစ်ဆူ ထွင်းထုရှိသည်။

၂နံပါတ် အလယ်ဂူမှာ အလျား ၁၇ပေ၊ အနံ ၁၅ ပေ ၆လက်မကျယ်ဝန်းသည်။ ခေါင်မိုးအမြင့် ၁၀ပေရှိသည်။ နံရံကိုကပ်၍ထုဆစ်ထားသော နှစ်ပေခွဲ ဆင်းတုတစ်ဆူ၊ နှစ်ပေတစ်ဆူ၊ သုံးပေခွဲဆင်းတု ရှစ်ဆူ၊ ပတ်လည်တည်ရှိသည်။ ဂူအဝင်မုခ်အမြင့် ၇ပေခွဲ၊ အနံ ၂ပေခွဲ၊ ထု ၃ပေရှိသည်။ ဂူအလယ်၌ ဘုရားကြီးမှာ အကြီးဆုံးတည်း။ ၆ပေခွဲတစ်ဆူ၊ ၄ပေ

ခွဲတစ်ဆူ နှစ်ဆူရှိလေသည်။ ၁နံပါတ်ဂူမှ နဘေးပေါက်ထွင်း၍ ဝင်လာလျက် ၃နံပါတ်ဂူသို့လည်း ဆက်သွားရန် နံဘေးပေါက်ထွင်းထုရှိလေသည်။ ဂူအမိုး၊ ခေါင်မှာ ပြင်ဆင်မွမ်းမံမှု အထူးမရှိ။ ချောတိတိပင်ဖြစ်ချေ၏။ ဂူအတွင်းသို့ အက်ကြောင်းများမှ မိုးယိုပြီး သွပ်ပြားမိုးကာထား၍ ရှိ၏။ ဂူထဲမြောက်ဘက်နံဘေး ပလ္လင်အောက်၌ ကျောက်စာထွင်းထုခဲ့၏။ ဖတ်မရပြီ။

၃နံပါတ်ကား အလျား ၁၆ပေခွဲ၊ အနံ ၁၀ပေရှိသည်။ ဤဂူတွင် အမိုးခေါင်၌ ထုပ်လျောက်ဒိုင်းမြှားသည် တိုင်ဖော်၍ ထွင်းထား၏။ တိုင်ဖုံးပန်းများဖြင့်လည်းကောင်း၊ ကြယ်နက္ခတ်ပုံတို့ဖြင့်လည်းကောင်း၊ ငှက်, နဂါး ပန်းနွယ်များဖြင့်လည်းကောင်း၊ ခြယ်သထားရှိပေ၏။ ဂူအလယ်၌ ဘုရားကြီးတစ်ဆူ ၆ပေခွဲရှိသည်။ အနောက်ဘက်တွင် လျောင်းတော်မူတစ်ဆူ ရှစ်ပေခွဲရှည်သည်။ နံဘေးပတ်လည်တို့၌ ဘုရားကိန်းဝပ်တည်ထားရန် ဂူငယ်များစွာပါရှိသည်။ ဂူဝင်ဝ မုခ်ပေါက်မှာ အမြင့် ၈ပေခွဲ၊ အနံ ၃ပေရှိသည်။ ဤဂူကား ကျောက်ဆစ်လက်ရာ ဆန်းကြယ်လှသည်။ ဤဂူ၌ မုခ်ဝင်ဝ တစ်ဘက် (လက်ယာဘက်)မှာ ပဲ့ကျသွားသဖြင့် အုတ်ဖြင့် ဖာထေးပြုပြင်ရှိလေ၏။ ဂူတိုင်းကား ကျောက်ထွင်းဘုရားချည်းဖြစ်ကြ၏။ မုခ်များမှာလည်း ခြေယှက်၊ ဘုမ္မိဖဿ လက်ရာတို့ဖြစ်ကြ၏။

## နောက်ထွင်းဂူသုံးပေါက်

မူလဂူမှ မြောက်က်သဠိုဆက်၍ နောက်ထွင်းဂူသုံးပေါက် ရှိလေသည်။ တောင်ဘက်ပထမပေါက်ကို လောင်းဇင်မှ သင်္ဃာဆရာကြီး ရွှေဘော်ဦး ကိုယ်တိုင်ထွင်းထုပြုလုပ်ခဲ့လေ၏။ ဒုတိယ၊ တတိယမြောက်ဂူပေါက်တို့ကိုကား မောင်ဖော်အောင်၏အဖိုးဖြစ်သူ အောင်ကျော်က ထုလုပ်ခဲ့သည်ဆို၏။

ပထမဂူမှာအလျား၊ အနံ ၇တောင်ခန့်ရှိသည်။ အမြင့် ၆တောင်ရှိသည်။ မုခ်ပေါက်အမြင့် ၅တောင်၊ အကျယ် ၂တောင်ရှိသည်။ အလယ်၌ထိုင်တော်မူဘုရားတစ်ဆူ၊ ရပ်တော်မူနှစ်ဆူရှိသည်။ မြောက်ဘက်ဂူသို့ဝင်သွားရန် နံဘေးပေါက်ရှိလေသည်။ ဂူအလျား ၁၀တောင်၊အနံ ၉တောင်၊ အမြင့် ၇တောင်ရှိသည်။ ဝင်ပေါက်မုခ်ဝ အမြင့် ၆တောင် အနံ ၂တောင် တစ်ထွာရှိသည်။

မြောက်ဘက်အဆုံးဂူ၌ ထိုင်တော်မူဘုရားကြီးတစ်ဆူ၊ ၎င်းနောက် လျောင်းတော်မူတစ်ဆူ၊ နံဘေးနှစ်ဘက်တွင် အောက်ဘက်က ရပ်တော်မူတစ်ဆူ၊ မြောက်ဘက်က ထိုင်တော်မူတစ်ဆူ ရှိလေသည်။ ဂူအတွင်း တောင်မြောက်အကျယ် အလျား ၁၅တောင်၊ အနံ အရှေ့အနောက် ၁၀တောင်ခန့်ရှိသည်။ အမြင့် ၇တောင်ခန့်ရှိသည်။ ဂူဝင်ဝမုခ်ပေါက် အမြင့် ၇တောင်၊ အနံ၃တောင်ခန့်ကျယ်သည်။

## စေတီများ

ရွှေဂူတောင်ထိပ်၌ ကျောက်စေတီတစ်ဆူရှိသည်။ အလှူရှင်ကို မသိရှိရချေ။ မိုးကြိုးထိခိုက်၍ ပျက်စီးနေရသည်။ ဤကျောက်စေတီ၏မြောက်ဘက်တွင် အတုတ်စေတီတစ်ဆူရှိနေ၏။ ခလင်းမမိစေတီဟု ခေါ်တွင်နေ၏။ ကူတောင်ရွာဇာတိဖြစ်သော ချင်းမမိခင်က တည်ထားခဲ့သည်ဆို၏။ ၎င်းသားမြေးတို့က ထပ်မံပြုပြင်ခဲ့ကြပေ၏။

ရွှေဂူတောင်ရင်ပြင်၌ မောင်ဖော်အောင်၏အဖိုးကောင်းမှုစေတီကြီးတစ်ဆူရှိ၏။ ကျောက်ဘုရားကြီးနှင့် ၂၈ဆူကိန်းဝပ်နေ၏။ ၂၇ဆူမှာ ဂူပေါက်တို့၌ရှိနေကြ၏။ ၎င်းစေတီနှင့်ဘုရားကို ယခုတည်ရှိသော ကုသိနာရုံတန်ဆောင်းအလွန်ရှိချောက်မှကျောက်များကို ထုဆစ်တည်ခဲ့ခြင်းဖြစ်သည်ဆို၏။ မောင်ဖော်အောင်သည် အင်္ဂလိပ်ကို တော်လှန်ခဲ့ရာ ဤစေတီ၌ ဖမ်းမိခံသွားလေ၏။ ဤစေတီမှာ ရင်ပြင်တစ်လျှောက်၌ အကြီးဆုံးဖြစ်ချေ၏။ ကူတောင်စေတီကြီးဟု ခေါ်တွင်နေကြလေ၏။

ထိုစေတီကြီး အနောက်ဘက်တွင် ကပ်လျက် ကျောက်စေတီတစ်ဆူရှိလေ၏။ ဘချစ်မ မိခင်တည်ထားခဲ့သဖြင့် ၎င်းအမည်ကိုစွဲ၍ ဘချစ်မမိစေတီဟု ခေါ်တွင်ရှိနေကြ၏။

ထိုစေတီကြီး မြောက်ဘက်ကပ်လျက် အုတ်စေတီတစ်ဆူမှာ ထွီးနှောင်းမြူမိစေတီဟု ခေါ်တွင်၏။ အလှူရှင်အမည်ကို စွဲခေါ်နေကြခြင်းဖြစ်၏။ ကူတောင်ရွာဇာတိဖြစ်သည်ဆို၏။

ရွှေဂူတောင်ဘုရားတံတိုင်း ရင်ပြင်အတွင်း၌ သိမ်သမုတ်ထားရှိခဲ့၏။ ခေါင်းဆောင် မ,တည်ခဲ့ကြသူးတို့မှာ နီမဘုံနှင့်

---

၁။ (က) ရခိုင်နယ်ချဲ့တော်လှန်ရေး ပျိုးထောင်မှု (ရခိုင်မဂ္ဂဇင်း အမှတ် ၃)

(ခ) ရခိုင်ယဉ်ကျေးမှု (၂)၊ စာ-၁၄၄

၂။ ပြည်နယ်ဖြစ်စဉ်သမိုင်း၊ နိုင်ငံရေးကဏ္ဍ၊ (မုံညှင်းကျွန်းကို ဥယျာဉ်တော်ဟုလည်း ခေါ်သည်)

အောင်ခိုင်ဦး တို့ဖြစ်ကြ၏။ကုသိနာရုံပုံသဏ္ဍာန် လောျင်းတော်မူတစ်ဆူလည်း ရှိပေရာ၊ အုတ်ငြဖ့် တည်ထားခဲ့ခြင်းဖြ စ်၏။ အလလှူရှင်ကိုကား အုတ်အသား မသိရှိကြပါ။ ရွှေဂူတောင်ခြေရင်းအနီးရှိ မုံညင်းကျွန်းမှ ပင့်ထေားသော (၁၂၈၂ခုနှစ်က) ကျောက်ဆင်းတု ဘုရားတစ်ဆူရှိခဲ့၏။ ထို့ပြင် ရွာတွင်း၌လည်းကောင်း၊ အနီးနားတစ်ဝိုက်၌လည်းကောင်း၊ ဘုရားစေတီများ ရှိကြပေ၏။ ဘုန်းခင်စေတီမှ ဌာပနာဘုရားများကိုလည်း ဖူးနိုင်လေ၏။

## မောင်ဖော်အောင်၏မျိုးနွယ်ဆက်

မောင်ဖော်အောင်သည် ကျွန်းအုပ်၊ တိုက်သူကြီးသားမြေးတစ်ဦးဖြစ်၏။ အဘိုးအောင်ကျော်ဆိုလျှင် အမြင့်ကျွန်းသား ဇာတိဖြစ်၏။ အောင်ကျော်၏မယားကား ချမ်းဖြူဖြစ်၏။ အောင်ကျော်သား ချင်းဖိုနှင့် မယားကြင်လှော်ဝေဖြစ်၏။ မောင်ဖော်အောင်၌ သာထွန်းဦး၊ သာပန်း၊ အောင်ကျော်၊ မအေးသာတို့ကို ရရှိခဲ့လေ၏။ ကျွန်ုပ်ကောဇာသက္ကရာဇ် ၁၃၁၇ ခု ပြာသိုလ ကူတောင်ရောက်ခဲ့စဉ်က သားအောင်ကျော်မှာ အသက် ၇၈နှစ်ရှိချေပြီ။ မောင်ဖော်အောင်ကို အင်္ဂလိပ်တို့အား တော်လှန်ပုန်ကန်မှုဖြင့် ဖမ်းဆီးခဲ့လေသည်။ မောင်ဖော်အောင် ပုန်ကန်မှုကြောင့် အဖဖြစ်သူကို ဦးစွာဖမ်း၍ အလုပ်ကြမ်းဖြင့် ထောင်အကျဉ်း ချထားခဲ့သေး၏။ ဆေးအိုးကျရွာသူကြီးသားဖြစ်သူမှာ မောင်ဖော်အောင်ကို ဖမ်းစဉ် (၁၀)နှစ်သားအရွယ် ရှိသတတ်။ ၎င်းနှင့် ကျွန်ုပ်တွေ့ရစဉ်က အသက်(၈၀)ရှိလေပြီ။ ထို့ကြောင့် မောင်ဖော်အောင် တော်လှန်မှု၊ အဖမ်းခံရမှုမှာ ၁၂၅၀ကျော်လောက် ဖြစ်သင့်သည်ဟု ခန့်မှန်းကြ၏။[၁]

မောင်ဖော်အောင်ကို ၁၈၅၈ခုတွင် ဖွား၍၊ ၁၈၈၅ခုနှစ် တော်လှန်သဖြင့် ၁၈၉၂ခုနှစ် အဖမ်းခံရသည်ဟု ပြဆိုခဲ့ကြ၏။[၂]

## ဂူထွင်းကောင်းမှုရှင် ဘုရင်မင်း

ဖော်ပြပါမင်းပင်ကြီး၏ ကောင်းမှုတော်တည်ထားသော ခုနှစ်သက္ကရာဇ်နှင့်ပတ်သက်၍ ဆရာဦးလှဖြူက သက္ကရာဇ် ၈၉၅ ခုနှစ်ကို ပြဆိုခဲ့၏။ ၎င်း၏မှတ်တမ်းဘွဲ့၌လည်း ဤသို့စပ်ဆိုခဲ့လေသည်။

'မင်းဗာဘုရင်၊ ရွှေပြည်ရှင်မူ
စိတ်ရွှင်ဝမ်းသာ၊ လိုဏ်ဂူတော်မှာ၌
မြတ်စွာကိုယ်စား၊ ဓာတ်တော်များနှင့်
တည်ထားတုံပါ၊ ဌာပနာ၍
စုံစွာပြီးလစ်၊ သက္ကရာဇ်၏
ဖြစ်သည်မှန်စွာ၊ နှစ်ဂေါစာမူ
ဇယာ,နဝ၊ အင်္ဂအကျဟု
တွေးထလေလျှင်၊ ရာဇဝင်အရ
ထုတ်ဖော်ပြသည်၊ ပြည်မနိဗ္ဗူ စောင်းတန်းတည်း'။

မြောက်ဦးမြို့သမိုင်း၌ သျှစ်သောင်းဘုရားကို (၈၉၇)ခုနှစ် တည်ပြီးနောက် ပြဆို၏။ ရမ်းပြည့်တောင်ကျောင်းဆရာတော်၏ ရခိုင်ရာဇဝင်သစ်ကျမ်း၌ ၈၉၅ခုနှစ်ထုလုပ်စေကြောင်းဖြင့် ဆိုထား၏။ ဆရာဦးလှဖြူနှင့် တစ်နှစ်ခန့်သာ အကွာအဝေးရှိချေသည်။ မဆိုစလောက်ဟုသာ ယူဆရပေမည်။ ကောင်းမှုရှင်နှင့်ထုလုပ်သော ခေတ်ကာလအကြောင်းအချက် တူညီမှုသာ လိုရင်းဖြစ်လေသည်။

'မင်းဗာကြီးသည် အလိုတော်ပြည့်၍ မကြာမြင့်ခင်လျှင် သံတွဲမြို့သို့ ကြွချီတော်မူ၍ အလှူကြီးပေးခဲ့လေသည်။ မိုးစဲကျွန်း၌ မဖြစ်မြောက် မကြံစည်ကောင်းသော ကျောက်တောင်ကြီးကို ဥမင်ဖောက်ထွင်း၍ သက္ကရာဇ် ၈၉၅ ခုတွင် လေးဆူသော ရုပ်ပွားဆင်းတုတော်တို့ကို တည်ထားတော်မူလျက် တောင်အားလုံးကိုလည်း ရေသတ္တဝါ၊ ကြည်းသတ္တဝါအရုပ်တို့ကို ထုလုပ်တော်မူစေ၍ အလှူကြီးကို ပေးလှူတော်မူသည်။'

**(ရခိုင်ရာဇဝင်သစ်ကျမ်း၊ ဒု-အုပ်၊ စာ-၄၅)**

'မင်းဗာကြီးသည် သျှစ်သောင်းစေတီတော်ကြီးကို တည်ပြီးနောက် ဂူတောင်ဝယ်၊ ဂူတော်စေတီတစ်ဆူနှင့် မင်းဘုန်းခေါင်စေတီတစ်ဆူ၊ မင်းကံဝယ်စေတီတစ်ဆူ၊ ကျောက်ဖြူတွင် ကျောက်တစ်လုံးတောင်စေတီတစ်ဆူ၊ ရမ်းပြည့်တွင် စေတီ ၂၄ဆူနှင့် မြောက်ဦးမြို့တော်ကြီးဝယ် များပြားလှစွာသော စေတီတို့ကို တည်ထားတော်မူခဲ့လေသည်။'

**(မြောက်ဦးမြို့ ဘုရားသမိုင်း၊ စာ-၆၁/၆၂)**

## ဦးကောင်းစံရေး ဘွဲ့ချင်းများ

ဒေသခံစာဆိုတစ်ဦးဖြစ်သော ပညာရှိဆရာကြီး ဦးကောင်းစံသည် မိမိ၏ဌာန၌ မင်းဗာဘုရင် ခရီးလှည့်စဉ် သာသနာစည်ပင်စေရန် ကျောက်တော်၌ဂူထွင်း၍ ဘုရားအဆူဆူတည်ထားခဲ့သည်ကိုလည်းကောင်း၊ ထိုဂူကိုထုလုပ်ပုံ၊ ဂူအတွင်း၌ ဘုရားဆင်းတုပေါင်းနှင့် တင့်တယ်အောင်ထုဆစ်ထားပုံများ၊ ဂူပြင်ပ၌ထုလုပ်ထားပုံများ၊ ထိုထုလုပ်ရာ၌ ဇာတ်ကွက်ဇာတ်လမ်းများ၊ ပါရှိပုံကိုလည်း စပ်ဆိုထားလေသည်။ နိဗ္ဗာန်အထွတ်သို့ တက်လှမ်းရန်အတွက် ရည်ရွယ်လုပ်ခဲ့သော စောင်းတန်းလှေကားပမာ တူလှပေသည်ဆို၏။ ထိုဆရာ၏ဂူတောင်အဖွဲ့ကို နိဂုံးအဖြစ် ကောက်နုတ်တင်ပြလိုက်ရပေသတည်း။

### ဂူတောင်ကျောက်တစ်လုံးဘွဲ့

'မြပန်းမင်္ဂလာ၊ ဖွင့်လန်းဖြာသား
ကမ္ဘာကျယ်ဝန်း၊ တည်ကာထွန်း၍
မြပန်းအရောင်၊ တပြောင်ပြောင်ဖြင့်
ညာသောင်ကမ်းငူ၊ ကျွန်းဇမ္ဗူတွင်
ထီးဖြူရစ်ညောင်း၊ မကိုဋ်ဆောင်းလျက်
မင်းပေါင်းတကာ၊ စိုးစံရာသား
မဟာဝိဟိန်၊ ကျော်အရှိန်နှင့်
ဝတိံသုဒဿန၊ အယူဗ္ဗသို့
ဝံသာရက္ခာ၊ ရှည်အကြာဖြင့်
နွယ်လာသမယ၊ နေထိုင်ကြသည်
ရက္ခမဏ္ဍိုင်၊ ပြည်ရခိုင်၏
ခရိုင်အတွင်း၊ ကျော်စောခြင်းဖြင့်
သတင်းပေါ်ထင်၊ ရှေးယခင်က
တို့ရှင်ထွဋ်ထား၊ ဘုရားအလောင်း
ဆင်ကောင်းမုံယို၊ ထိုတွင်ရပ်စည်း
အကြောင်းရည်ကြောင့်၊ မူစည်းခေါ်မှန်း
အောင်မြေကျွန်းသို့၊ ရွှေနန်းသခင်
ပြည်ကြီးရှင်က၊ ဘုရင်စောထီး
မင်းဗာကြီးလျှင်၊ ခရီးလှည့်လည်
ရခိုင်ပြည်တွင်၊ နတ်ပြည်နှံ့စပ်
အရပ်ရပ်တွင်၊ မြတ်သာသနာ
စည်ပင်သာအောင်၊ မြို့ရွာနိုင်ငံ
အောင်နက်စံသို့၊ ထွက်စံလေရာ
ထိုအခါ၌၊ မလ္လာယုမည်
ယခုသည်ကား၊ ဒီရေစုန်ဆန်
ဂယက်သံဖြင့်၊ ညံညံကျွတ်ဆူ
ယက်ပန်းဖြူနှင့်၊ မယူမြစ်ညာ
ကမ်းလက်ျာတွင်၊ သေလာညိုမှောင်
မြူခိုးဆောင်သည်၊ ထိုတောင်အပါး
ရောက်လေငြားသော်၊ သိကြားဒေဝါ
မျောက်ပမာသို့၊ ဖြူစွာဖန်သ
လမ်းညွှန်ပြ၍ စိမ်းမြတောင်ကုန်း
ကျောက်တစ်လုံးကို၊ မင်းဘုန်းရာဇာ
တွေ့မြင်ပါသော်၊ သာသနာစီးပွား

အကျိုးများအောင်၊ ကြိုးစားရည်သန်
ပြုစီမံ၍၊ သမန္တစက္ခု
သဗ္ဗညု၏၊ ရုပ်တုဆူဆူ
ကိန်းတော်မူ၏။'

## ရွှေဂူတောင် ကျောက်ဆစ်ပန်းဘွဲ့

'ရက္ခပူရ၊ ဓညဝတီ
တိုင်းဌာနီကို၊ ခွန်ဆီပိုင်သ
အစိုးရသည်၊ ရှေးကရာဇာ
ဘုန်းသမ္ဘာနှင့်၊ မင်းဗာမင်းဖျား
တည်တုံငြားသည်၊ ဘုရားလိုဏ်ခေါင်း
ကုသိုလ်ကောင်းဟု၊ တသောင်းပတ်ကုန်း
အံ့မဆုံးသည်၊ ကျောက်တစ်လုံးတောင်
စိမ်းညိုပြောင်သား၊ မြရောင်ညီးညီး
ရွှေဂူကြီးတွင်၊ ဘုန်းမီးလျှံပ
ဂုဏ်ကိုးဝနှင့်၊ ဗုဒ္ဓမြတ်ဖျား
ကိုယ်တော်စားလျှင်၊ အပါးငါးဆယ်
ခြောက်ဆူပေတည်း၊ ကြီးငယ်ရှင်ကျော်
ဆင်းတုတော်ကို အပေါ်၌ဝယ်
လွန်တင့်တယ်အောင်၊ လနေတာရာ
အဇ္ဈာ၌၊ အဂ္ဂိဘောမ
သြဘာသနှင့်၊ ဗုဒ္ဓဂုရု
အောင်လုလုနှင့်၊ ရာဟုသောကြာ
လျှံလက်ဖြာ၍၊ သွာရာစနေ
ဂြိုဟ်ရှစ်ထွေနှင့်၊ နှစ်ဆယ်ကျော်လတ်
ခုနစ်ရပ်တည်း၊ နက္ခတ်ဘုံဆောင်
ကြယ်များမြောင်တို့၊ မြရောင်ရွှန်းစို
တောင်မြင့်မိုရ်ကို၊ ထိုထိုရစ်သန်း
လှည့်ပတ်ဝန်းသို့၊ နတ်နန်းဗိမာန်
အတန်တန်ဝယ်၊ တင့်ဟန်နုထွား
မိုးနတ်သားတို့၊ စံစားသောပုံ
ရုပ်မျိုးစုံကို၊ အကုန်သေချာ
ထုလုပ်ကာလျှင်၊ မဟာဂူတ
လိုဏ်ပြင်ပ၌၊ မုခ်ဝသပွါယ်
အသွယ်သွယ်တည်း၊ ပန်းနွယ်စည်းခက်
ပွင့်ဖူးဆက်၊ အရွက်ထူးထွေ
အမယ်မယ်လျှင်၊ ကြည်းရေပျော်နွဲ
ဝမ်းဘဲဟင်္သာ၊ တမာဖောင်းကား
ကျေးကုလားနှင့်၊ နဂါးဂဠုန်
ကုမ္ဘဏ်ယက္ခ၊ ဂန္ဓဗ္ဗနှင့်
ဒေဝဒေဝီ၊ စုံအညီလျှင်
တူညီယှဉ်ပြိုင်၊ ပန်းခက်ကိုင်လျက်

**ရခိုင်သားကြီးစာပေ**

အစဉ်မပျက်၊ ဇာတ်ကွက်ကျမ်းလာ
မြတ်ဆုရှာသား၊ လောင်းလျာနေမိ
မင်းဘုန်းရှိကို၊ မာတလိခေါ်
နတ်သားကျော်သည်၊ ယဉ်တော်ဗိမာန်
ဝေဇယန်တွင်၊ မြင်းပျံတစ်ထောင်
ကကြိုးနှောင်၍၊ နတ်ဘောင်ဆောင်ယူ
ပြသောသူနှင့်၊ ဘုန်းလူလောင်းမွန်
ရှင်သုဝဏ်သည်၊ ဟေဝန်တောခွင်
ရေအိုးတင်လျက်၊ သမင်အပေါင်း
တသောင်းသောင်းတို့၊ စောင့်ညောင်းရံကာ
ရေခပ်ခါဝယ်၊ ဗာရာစိုးနင်း
ပိဠိမင်းသည်၊ ထန်ပြင်းတစ်တစ်
မြားနှင့်ပစ်သို့၊ တဆင့်ထိုပြင်
ဘုန်းရောင်တင်သား၊ ဘုရင်ရာဇာ
ဥတေန၏၊ မိလှတွင်ညီ
ကေသနိကို၊ ငှက်ချီသို့လား
ပုံမခြားတည်း၊ သစ်ကျားခြသေ့်
တောပျော်မွေ့သည်၊ ရသေ့ဇော်ဂျီ
တပသီနှင့်၊ ကိန္နရီ ကိန္နရာ
ရုပ်များစွာကို၊ သေချာစီရင်
တန်းဆာဆင်၍၊ ကြည်လင်စဘွယ်
ပြီးမြောက်စေသည်၊ အောင်မြေနိဗ္ဗူ၊
စောင်းတန်းတည်း။'

**(အရှင်စက္ကိန္ဒ၏မှတ်စုမှ)**

# ဗုဒ္ဓဝင်အန်ချင်းများ

**အရှင်စက္ကိန္ဒ(ရခိုင်ပြည်နယ်)**

ဗုဒ္ဓဝင်ကို လင်္ကာ၊ သာချင်း၊ ရတုအမျိုးအစားအလိုက်လည်းကောင်း၊ အန်ခြင်းအမျိုးအစား အလိုက်လည်းကောင်း၊ ရခိုင်စာဆိုများ ရေးစပ်ခဲ့ကြသည်။ ဗုဒ္ဓဝင်၊ လင်္ကာ၊ ဗုဒ္ဓဝင်ကြိုးတန်းလင်္ကာ၊ ရှင်လောင်းလှည့် ဗုဒ္ဓဝင် သျှိုးလိုက်ရတု၊ ဝေဿန္တရာသာချင်း၊ ဗုဒ္ဓဝင်တောထွက်အန် အမျိုးမျိုးကို တွေ့ရသည်။ ရခိုင်ပြည်နယ်စာစောင်အမှတ်(၈) ၁၉၇၈ ခုနှစ်အောက်တိုဘာလထုတ်တွင်လည်း ဗုဒ္ဓဝင်တောထွက်အန်ဘွဲ့တို့ကို ဖော်ပြခဲ့ဖူးလေပြီးဖြစ်သည်။ (ရခိုင်ပြည်နယ် ယဉ်ကျေးမှု အမှတ် ၂တွင်လည်း ပါရှိလေပြီ။)

ယခု တင်ပြရမည့်အန်မှာလည်း ဗုဒ္ဓဝင်အန်ပင်တည်း။ ဤအန်ကား အနောက်ပြည် ပင်းဝါ(ရာမူး)မြို့မှ ရှာဖွေတွေ့ရှိရသော ပေမူမှဖြစ်၏။ ဘုရားအလောင်းသည် ပဋိသန္ဓေနေသည်မှစ၍ မယ်ယသော်နှင့် စုလျားရစ်ပတ်သည်ထိ ဖွဲ့ဆိုသောအန်ချင်းများဖြစ်သည်။ လက်ထပ်ခန်းမျှသာ ရှိသေးရာ ဘုရားဖြစ်သည်ထိဆိုလျှင် အတော်ရှည်လျား များပြားနိုင်ရာ၏။ န-ကိုဟူကားမှ အစချီထား၍ လက်ထပ်သည့်ထိတိုင် ဤမျှရှည်ရှည်များများ တွေ့နေရလျှင်၊ န-မတိုင်မီ အ-မှ-မီထိလည်းကောင်း၊ ပ-မှအထိလည်းကောင်း ရေးစပ်ရှိခဲ့မည်ဆိုက အလွန်ပြည့်စုံလှသော ဗုဒ္ဓဝင်တစ်ဆောင်အဖြစ် သီဆိုနေကြရပေလိမ့်မည်။

အလားတူ ဆရာ့ဆရာများ၏ လက်ရာမှုကွဲများလည်း အများအပြားရှိနိုင်သေးရာ၏။ ဗုဒ္ဓဝင်အန်အတူ ဆုတောင်းအန်၊ လှေလှော်သံဟန် အလိုက်စပ်ဆိုသောအန် (ဟန်စွလေ)။ လှေတော်အန်၊ ဗျည်းသုံးဆယ့်သုံးလုံး ဘွဲ့အန် (ကကြီးအန်လည်းဟူ၏။ ကကြီးအစချီအန်လည်း ခေါ်၏။) စသည်ဖြင့် အန်ချင်းများ အစားစား စပ်ဆိုခဲ့ကြပေ၏။ အန်ချင်းတစ်ပိုဒ်ဆုံးတိုင်း ဟန်စွလေ၊ ဟန်စိလေ ကဗျာဟူ၍လည်း ခေါ်ဆိုကြပေသေး၏။ ထို့ကြောင့် အန်ချင်းအလိုက် မည်သို့အကြောင်းအရာ မဆို စပ်ဆိုနိုင်၍ သီဆိုနိုင်ကြောင်း သိမှတ်အပ်လှ၏။

အန်ချင်းမှာ လင်္ကာအမျိုးအစားဝင် အဖွဲ့တစ်မျိုးသာဖြစ်ရကား အကြောင်းအရာ၊ ဖွဲ့ဆိုပုံ၊ သဏ္ဌာန်အရ အမည်ကွဲပြားရခြင်းသာဖြစ်လေသည်။ သံတွဲဇာတိ မောင်ဘိုးကျိုင် (ကျောက်တော်မြို့ ဒုတိယပညာအုပ်) ၏ဆရာကျိုင်လင်္ကာမေဒနီကျမ်းတွင် အန်ဟူ၍ခေါ်ခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း ဖွင့်ဆိုထားခဲ့လေသည်။ ဆရာကျိုင်သည် ထိုကဗျာဖွဲ့နည်း လင်္ကာမေဒနီကျမ်းကို ရန်ကုန်မြို့ သူရိယသတင်းစာတိုက် လီမိတက်၌၊ ကောဇာ ၁၂၈၂ခုနှစ် ဝါခေါင်လတွင် ရိုက်နှိပ်ထုတ်ဝေခဲ့သည်။ အင်္ဂလိပ်ခေတ်ပညာရေးတွင် အထောက်အကူအဖြစ် စာမေးပွဲတွင် အသုံးပြုနိုင်ရန်ဟူ၍ ရည်ရွယ်ထုတ်ဝေခဲ့သော စာအုပ်ဖြစ်လေသည်။

'အဏ္ဏဝါသဒ္ဒါကို အစွဲပြု၍ အန်ဟုခေါ်သည်။ ဏနှင့် ဝကိုချေပြီးလျှင် ကျန်မုဒ္ဓဇ(ဏ)ကို ဒန္တဇ(န)ပြု၍ န-ထက် တံခွန်လွှားတင်ကာ အန်ချင်းဟူ၍ ခေါ်ဝေါ်ခြင်းဖြစ်သည်။ သက္ကရာဇ် ၇၅၉တွင် မင်းကြီးစွာစော်ကဲသည် အဝနေပြည်တော်မှ တကောင်းသို့ဆန်စဉ် ဘောင်(ဖောင်)ခတ်သူတို့ သီချင်းဆိုကြသည်။ ယင်းသို့ရေဘောင်(ဖောင်)ကို အစွဲပြု၍ အန်ချင်းဖြစ်သည်ဟု မဟာရာဇဝင်တော်ကြီးတွင် ပြဆိုသည်ကို ထောက်ထားသိရသည်။ ၎င်းကို ထောက်သဖြင့် အန်သဒ္ဒါသည် ရေ-ဟောဟူ၍ မှတ်အပ်သည်။ ၎င်းအန်ချင်းကိုပင် (ဘောင်ငင်ချင်း)ဟူ၍လည်း ခေါ်သည်' ဤကား ဆရာကျိုင်၏အန်အကြောင်း ဖွင့်ဆိုချက်မှ အကျဉ်းကောက်နုတ် ဖော်ပြရခြင်းတည်း။

## ဗုဒ္ဓဝင် ဟန်စွလေ

ဟန်စွလေ- ဟန်စွလေ။
နကိုဟူကား-
ခြောက်ထပ်နတ်ရွာ၊ တုသိတာက
သက်လျှာကျသည်၊ မိလှမာယာ
ဝမ်းထဲသော်လည်း၊ ဟန်စွလေ။
ပဋိသန္ဓေ၊ တစ်လနေ၍
မယ်တော်အိပ်မက် သုံးကြိမ်မက်သည်
တပေါင်းလပြည့်၊ စနေသော်လည်း
ဟန်စွလေ။

တပေါင်းလပြည့် စနေနေ့တွင်
ညဥ့်သန်းခေါင်၌၊ မက်လတ်သည်ကား
ဦးခေါင်းဆံပင်၊ ဖြူလျှင်ဆွတ်ဆွတ်
ဝမ်းကသည်းအူ၊ အကုန်ထွက်ပြီး
မြစ်ကီးသီဒါ၊ အညာစိမ်းဝင်း
ဆေးတစ်ချောင်း၌၊ နဝဒတ်ကန်
ထက်သို့ဆန်၍၊ ကောင်းကင်ပျံ့ခဲ
မိုးရိပ်ခဲသို့၊ တိမ်ခွဲမြင်ကာ
မြင်ကာသော်လည်း ဟန်စွလေ။

တစ်ပါးအိပ်မက်၊ မက်လတ်သည်ကား
ဇမ္ဗူတည်ရာ၊ မြကျောက်ဖျာ
ခေါင်းမှာဆောင်းတုံ၊ မြင့်မိုရ်တောင်ထက်
ပျံကာတက်၍၊ ကောင်းကင်ပြိုကွဲ
မက်ကာသော်လည်း၊ ဟန်စွလေ။

တစ်ပါးအိပ်မက်၊ မက်လတ်သည်ကား
နေနှင့်လကို၊ လက်ဝဲလက်ယာ
ဆွတ်ကာပန်လျက်၊ နားနှစ်ဖက်တွင်
မြင့်မိုရ်တောင်ကို၊ ခံတွင်းမူလျက်
ခရုသင်းကို၊ လက်ဝဲကိုင်ကာ
လက်ယာအမြဲ၊ တောင်ဝှေးစွဲလျက်
ပုဏ္ဏားအသွင်၊ စလွယ်ထင်၍
ဥယျာဉ်ထဲတွင်၊ နွံ၍ဝင်သည်
မေတော်အိပ်မက်၊ သုံးကြိမ်မက်၍
တရင်းထင်ကာ၊ ထင်ကာသော်လည်း
ဟန်စွလေ။

အိပ်မက်ကိုမြင်၊ မိခင်ကြောင့်ကြ
လွန်ညိုးစွနှင့်၊ ပဋိသန္ဓေ
မိခင်ဝမ်းတွင်၊ ဆယ်လနေသည်
ဖွားချိန်တိုင်ကာ၊ ထိုင်ကာသော်လည်း
ဟန်စွလေ။

ဖွားချိန်တိုင်က၊ ကိုယ်ရောင်လှသည်
ပြင်မှာတဝင်း၊ တဝင်းသော်လည်း
ဟန်စွလေ။
ပြင်မှာတဝင်း၊ ဆီနနွင်းနှင့်
ပန်းပေါင်းကြိုင်စွာ၊ ဆီနံ့သာနှင့်
ကြိုင်စွာခါးအီ၊ မွှီးမျိုးရကျိုင်
အကြိုင်မွှီးမွှီး၊ နံ့သာဆီနှင့်
မကွင်းတုံငြား၊ ရွှေဖလားမှာ
ပေါင်းငြားထားလျှင်၊ ကိုယ်ဝန်ကြင်သည်
မိခင်ဖွားချိန်၊ တိုင်ကာသော်လည်း
ဟန်စွလေ။

ဖွားချိန်တိုင်လျှင်၊ ကိုယ်ဝန်ကြင်သည်
မိခင်တုန်ကာ၊ တုန်ကာသော်လည်း
ဟန်စွလေ။
မိခင်တုန်ကာ၊ ပုတ္တာသားကို
မိခင်ချစ်အား၊ လင်မင်းလှကို
ခြေတော်ဆံပွတ်၊ အစင်းဝပ်၍
ရှိညွှတ်သခင်၊ ဦးထိပ်တင်သည်
မေတော်ငိုကာ၊ ငိုကာသော်လည်း
ဟန်စွလေ။
မေတော်ငိုကာ၊ မနေသာ၍
ထက်အောက်ပြောင်းပြန်၊ သွေးလေဆန်၍
သုဒ္ဓေါဒန၊ လမင်းလှကို
မနေ့းတောင်းကာ၊ ငို၍မှာသည်
လက်ကိုခေါင်းတင်၊ ခြေတွင်ရစ်ပတ်
အစင်းဝပ်၍၊ ချစ်မြတ်ငယ်လင်
ဦးထိပ်တင်ကို၊ မေတော်ဝမ်းနည်း
မှာကာသော်လည်း၊ ဟန်စွလေ။
ဝမ်းနည်းမှာကား၊ မေဇာဆစ်မျက်
ချွေးစက်စက်နှင့်၊ အရှိုက်တငင်
ငယ်လင်မြတ်လောင်း၊ ဦးခေါင်းကိုင်လျက်
ရင်ခွင်တင်သည်၊ မေလျှင်ပုလဲ
ပူဆာသော်လည်း၊ ဟန်စွလေ။
ပူလည်းပူဆာ၊ မနေသာ၍
ပုလဲမြရံ၊ စိန်သလွန်နှင့်
တင်ကာသော်လည်း၊ ဟန်စွလေ။
ပုလဲမြရံ၊ စိန်သလွန်တွင်
ပူလောင်ပျောက်နီး၊ မခံချိ၍
မျက်များလည်းရံ၊ မြသလွန်မှာ
စရံသိန်းသောင်း၊ မိမပေါင်း နှင့်
သောင်းသဲခြံရံ၊ မြသလွန်တွင်
ဖျင်ဖြူရံကာ၊ လင်းဝါဆီမီး
ညနေ့မကင်း၊ တလင်းလင်းနှင့်
နေပြောင်းမပျော်၊ ရှုမျှော်မကြည့်
စိတ်ကြိမ်ကွဲ၍၊ လင်မင်းလက်ကို
ဦးထိပ်လည်းတင်၊ တရင်တည်းနှို့
ဝေ၍စို့သည်၊ ညီမလှညီ
ဂေါတမီလည်း၊ ဟန်စွလေ။
ညီမလှညီ၊ ဂေါတမီကို
လက်ကိုဆွဲငင်၊ ရင်မှာလည်းဟပ်
မှာကျင်တုံငြား၊ မျက်ရည်ကျ၍
မိခင်ငိုကာ၊ ငိုကာသော်လည်း
ဟန်စွလေ။

မိခင်ငိုကာ၊ အဖြာဖြာကို
မှာချင်တုံပြီး၊ ငါ့ရင်သွီးကို
မိမမဖြစ်၊ ယောကျ်ားဖြစ်လျှင်
ရှင်အောင်မွီးစား၊ ချစ်ညီမဟု
မှာထားပြုသည်၊ ဝမ်းနည်းညီမ
ငိုကာသော်လည်း၊ ဟန်စွလေ။

ညီမငိုမြောက်၊ လွမ်းခြင်းကောက်၍
ဆံရင်းကိုသတ်၊ ချွေးကိုပွတ်၍
ပါးနမ်းငိုကာ၊ မာတာအမိ
မိထွေးတက်စား၊ ချစ်ခအိုကြီးကို
ညီမမာယာ၊ ယင်မြီးသော်လည်း
ဟန်စွလေ။

ညီမမာယာ၊ ဆင်ကာမစဲ
တစ်ကိုယ်တည်းသို့၊ နေပြေးပျော်ရွှင်
ထွက်ဝင်သွားလာ၊ ချစ်ခအိုကြီးထံ
ရက်မကျန်သည်၊ ညီမ-တ,ရှူ
ငိုကာသော်လည်း၊ ဟန်စွလေ။

တ,ရှူငိုလျှင်၊ ဗေဒင်တတ်တို့
ဖွားလအခါ၊ ရက်ရာဇာနှင့်
နာရီမကြွင်း၊ နက္ခပေါင်းကို
အကုန်တွက်ပြီး၊ ကြမ္မာကျိန်းနှင့်
စန်းလက်ဒသာ၊ ဂြိုဟ်ရှစ်ဖြာကို
အကုန်ထွက်ငြား၊ မိဖုရားကို
ရှင်ငှာမမြင်၊ နန်းတွင်မှာထား
ဥယျာဉ်သာတွင်၊ ချထားတုံငြား
အင်္ဂရားခက်ကို၊ ဆွဲလျက်ကိုင်ကာ
ဖွားဇာတာကို၊ ဆရာမုနိ
ဟောကာသော်လည်း၊ ဟန်စွလေ။

မုနိဆရာ၊ ဟောတုံပါသော်
မိမ-မဖြစ်၊ ယောကျ်ားဖြစ်သည်
စင်စစ်လောင်းတော်၊ ဗုဒ္ဓသော်လည်း
ဟန်စွလေ။

ဗုဒ္ဓအလောင်း၊ ရှေ့ကံကြောင်းကို
လွတ်ကြောင်းမမြင်၊ ချီပင့်တုံငြား
မြင်းရထားတွင်၊ သွင်းပြီးချင်သည်
မက်တော်ပင်ပန်း၊ ပြီးကာသော်လည်း
ဟန်စွလေ။

ပင်ပန်းပြီးစဉ်၊ ရိပ်ဂနိုင်နှင့်
သရက်ပင်မွန်၊ ရေကန်အကြား
အင်္ဂရားခက်ကို၊ ဆွဲလျှောက်ဖွားကာ
ဖွားကာသော်လည်း၊ ဟန်စွလေ။

ဖွားကာတုံမြောက်၊ ငေါက်ငေါက်လည်းထ
တောင်ဘက်မျက်နှာ၊ လက်ယာရစ်ပတ်
ခေါင်းကိုပွတ်၍၊ ခုနစ်ဖဝါး
မြောက်သို့သွား၍၊ သားလှလောင်းတော်
ဗုဒ္ဓသော်လည်း၊ ဟန်စွလေ။
ဖိုးခလောင်နှင့်၊ ဖိုးခေါင်ကျော်ကျော်
ဖော်ကိုခေါ်သည်၊ မကြာဆွတ်မျှ
မိအည်းမကို၊ တကာသော်လည်း
ဟန်စွလေ။
တ,လဲ တ,ကာ၊ တောမှာတရိုး
ငှက်တစ်မျိုးကား၊ ဥဩသိန်းစွန်
ဒေါင်းရုံနှံဆွတ်၊ ဒေါင်းဇာဖတ်ကေ
မြည်လတ်သောခါ၊ စိတ်ဝီပျောင်းပျ
ဆည်မရလေ၊ ဟန်စွလေ။
စိတ်ကဝီဆာ၊ ဗျာယာလည်းတမ်း
မကြံတတ်ဘဲ၊ နေပြေားစဉ်တွင်
ခိုချိုးသားနှင့်၊ ကျေးသားရင့်ရှူ
ဆွတ်များကြူသည်၊ စိတ်ပူဗျာယာ
မိအည်းမကို၊ ငို၍တသည်
ညီမကိုယ်ချည်း၊ ငိုသည်တ,လေ
ဟန်စွလေ။
ညီမချစ်ဖော်၊ အည်းမတော်ကို
မစဲတရှူ၊ ငိုမကုန်သည်
တရှူလျှင်လျှင်၊ နေပြေားစဉ်တွင်
ပူဆာဆေးလောင်၊ နေစဉ်ခါဝယ်
တ,လည်း တ,ကာ၊ မြည်ပြေားလှာသည်
ရာတွင်တရိုး၊ ခိုချိုးကျိုးဖြာ
ဆွတ်မျှကြူသည်၊ ချိုးဖြူကြမ္မာ
မေဇာတာနှင့်၊ ပမာမလွဲ
တစ်ချက်တည်းလေ၊ ဟန်စွလေ။
ပမာမလွဲ၊ တလဲလဲသည်
အနေ့ချိုးဖြူ မေနှင့်တူသည်
ကွာသူဆင်းရဲ မီးကျီခဲကို
တစ်သက်နီးချင်၊ အသာတင်၍
ပူပင်လွမ်းဆွတ်၊ အူသည်းပြတ်မျှ
မတတ်ဝီဆာ၊ ပန်းရွှေကြာကို
ဆွတ်ကာလှန်းလှန်း၊ နေပူလှန်းသို့
ပျောင်ခွေပူဆာ၊ သားရွှေဝါထို
လည်တွင်ရစ်ပတ်၊ ပါးကိုနမ်း၍
မိထွေးငိုကာ၊ ငိုကာသော်လည်း
ဟန်စွလေ။

မိထွေးငိုကာ၊ နတ်ဩဇာကို
ရသာချိုအေး၊ နှပ်ပျောသီးနှင့်
အုန်းသီးသကာ၊ ရသာချိုပျား
ဆိမ့်လှစွာကို၊ မိထွေးချစ်ကြင်
မွှီးစပ်တုက်သည်၊ လူပင်မင်းသား
သိဒ္ဓတ်သော်လည်း၊ ဟန်စွလေ။
သိဒ္ဓတ်မင်းသား၊ ကြီးငြားတုံမြောက်
သုံးနှစ်မြောက်တွင်၊ မိထွေးလှညီ
ဂေါတမီတွင်၊ ညီထွေးမြင်သည်
ကဆုန်လပြည့်၊ စနေသော်လေ
ဟန်စွလေ။

ညီချစ်ဖွားမြင်၊ တရင်တည်းနို့
ဝီ၍စို့သည်၊ မိခင်မျက်ရှု
သားမောင်ဦးနှင့်၊ ကြီးလှမြန်စင်
နှစ်ယောက်မြင်သည်၊ မိခင်ကြင်ချစ်
မျက်ရှုသော်လည်း၊ ဟန်စွလေ။
မိခင်ချစ်မြောက်၊ သားနှစ်ယောက်ကို
အတ္တကဗေဒင်၊ သွင်သွင်လွတ်လွတ်
မြင်မချွတ်သည်၊ သဗ္ဗလုံးခြုံ
အကုန်တတ်လိုက်၊ ဆယ့်ခြောက်နှစ်တွင်
ကြီးလှကျင်သည်၊ လူပင်မင်းသား
သိဒ္ဓတ်သော်လည်း၊ ဟန်စွလေ။
မင်းသားလုလင်၊ ကြီးမြောက်စင်သည်
မေမင်းသားယောင့်၊ သာယာသော်လည်း
ဟန်စွလေ။

သာယောင့်သာယာ၊ မိတ္ထီလာပြည်
လေးဆယ့်လေးကျွန်း၊ ရခိုင်ကျွန်း၌
သင်းထွီးပေါက္ကုံ၊ ပြည်မှန်အတူ
ကျွန်ဇာကူလကျ်ာ၊ ဝါသဲရွာ၌
ခေါ်ဝေါ်အညီ၊ ဝတီဟံသာ
ရွှေမှာပြုဗ္ဗာ၊ ပစ္ဆိမတိုင်းခွင်
နောက်ရပ်ကျွန်းပြင်၊ နောက်ခွင်တလွှား
သွားလာတုံသာ၊ ဥာဏ်ဖြင့်ရှာ၍
မိတ္တာကြုံလျက်၊ ကောင်းမှုဘက်၍
ရေစက်ချရာ၊ ဇာတာကပေါင်း
ခင်ပွန်းဟောင်းကို၊ နတ်ပေါင်းဆင်ယူ
မောင်နှင့်ကြုံသည်၊ ကြင်သူမျောက်သား
ယသော်ဇာလေ၊ ဟန်စွလေ။

မျောက်သားယသော်၊ ဆင်းရှီးကျော်နှင့်
ပျိုတော်လည်းပေါင်း၊ ရာရှစ်သောင်းနှင့်
နတ်တို့တူရိယာ၊ လူတန်းဆာနှင့်
များဖျင်ပြည်သူ၊ ရှင်လူပုဏ္ဏား
ရဟန်းသား။

**(ဤမျှသာရရှိသည်။ အစနောက်ပြည့် ပင်းဝါမှရရှိသောပေမူမှ)**

## ဆုတောင်း–အန်

ဩကာသသည်၊ ဇမ္ဗူထွန့်တင်
ဘုရားရှင်ကို၊ ထိပ်တင်စုပေါင်း
လက်ဆယ်ချောင်းဖြင့်၊ ပေါင်းရုံးခေါင်းတင်
တင်လျှင်ထိုထို၊ မြတ်ရှင်ပင်ကို
ပူဇော်လီလေ၊ အန်စွလေ။

ပူဇော်ပြီးမှ၊ ခုခါဖြစ်ရ
ဤဘဝ၌၊ ဆင်းရဲပူဆာ
ခံရပါသည်၊ နောင်လာသံသရာ
ဆက်များစွာတွင်၊ မာတာပိတ
မိဖမျိုးဆွီ၊ ကျော်လူမြီတွင်
တူနီတကွ၊ ဖြစ်ချင်စွလေ
အန်စွလေ။

ဖြစ်သောကြမ္မာ၊ ဇမ္ဗူချာတွင်
သစ္စာလေးပါး၊ တည်ငြားသတိ
သမာဓိပညာ၊ ဌာရသလျှင်
မြတ်စွာလုံ့လ၊ ရူပဆင်းဝါ
နတ်သူဇာသို့၊ ဖြစ်စီသော်လည်း
အန်စွလေ။

နတ်စစ်သူဇာ၊ ရုပ်ဝါထွန်းပ
သော်တာလသို့၊ ခါးပါးကသတ်
ရင်ကချပ်နှင့်၊ မညိုးကိုယ်ရောင်
ခေါင်းတွင်ဆံသား၊ စော်လက်ညားသို့
ထုပ်ငြားရှိသီ၊ သီဗိဘာရာ
စိလာရီတို့၊ ဗလခွန်အား
ဆဒ္ဒန်အင်အား၊ ဆဒ္ဒန်ထောင်သောင်း
စုပေါင်းအညီ၊ ကျော်လူမြီတွင်
ဖြစ်စီသော်လေ၊ အန်စွလေ။

ခုအောင်ဖြစ်ခ၊ တောင်းဆုရ၍
ညီနှင့်အစ်ကို၊ မောင်နှင့်နှမ
မကွာမကွဲ၊ မျိုးလေးတိုင်လေ
ဝါသဝတီ၊ ထိုပြေရပ်၌
ဖြစ်လီသော်လည်း၊ အန်စွလေ။

ဖြစ်သောကုသလ၊ ထိုဌာန၌
နှစ်ပါးမောင်နှံ၊ စည်းစိမ်ခံ၍
သားကတစ်ကျိပ်၊ မြေးတစ်ရာကျော်
စံပျော်နီရာ၊ ဝတီသာ၌
စံပါရစီ၊ နံပါးရပ်ထက်(၌)
ဝင်းလျှိုးထွက်ကာ၊ စုံစွာရ၍
မြီးလှသားသျှေ၊ သွားလာသည်လည်း
အန်စွလေ။

သာယာပျော်ပါး၊ နတ်မောင်အရှိ
ခေါပဏီနှင့်၊ ထက်(ဆီ)မိုးပွား
ဆင်းလာရောက်ငြား၊ နတ်ဝါဇာရဇိ
အရိန္ဒမာမင်း၊ ထီးနှင့်ဖိနပ်
နှိုင်းတုလွတ်၍၊ မင်းလှရာဇာ
စကြာထီးလု၊ သီရံမရ
ကျင့်သီလနှင့်၊ ခပင်းလူသူ
မ,ဇီသော်လည်း၊ အန်စွလေ။

မ,စီပျော်ရာ၊ နီစိုင်ခါဝယ်
အရှင်အရိယာမိတ္တေ၊ ပွင့်သောအခါလည်း
ဖူးတွိရလျှင်၊ ရထုံကျင်မှ
ဖူးမြင်ရ၍၊ ပွင့်ဆဲတေဇာ
ကျွန်းပြေသာ၌၊ ရတနာကို
ရှိမ့်ပြည့်စုံ၊ ကျောင်းတော်နီ၍
နတ်ပြည်မျိုးနှင့်၊ စေပါစွလည်း
အန်စွလေ။

စေပင်သာယာ၊ ပြည်သာရောက်ငြား
ရှစ်ပါးပရိက္ခရာ၊ စုံစွာလည်းကပ်
ဉှော့ဝတ်မစဲ၊ လုပ်ကျွေးပါသော်
ပြည့်သည်ပါရမီ၊ ဆယ်ဘို့ထွိသို့
ပြည့်လီပြီးမှ၊ ကျွတ်အားဗျာဓိ
ပညာဓိလည်း၊ အန်စွလေ။
ပညာဓိက၊ ရသောဆုမွန်
သျှစ်တန်အာစာ၊ အာသာဆယ်ပါး
ကျင့်တရားနှင့်၊ ငါးပါးစွန့်ခြင်း
သတင်းဆောက်တည်၊ တောဝယ်ရသီ
ထွန်းညီဝိဇ္ဇာ၊ အရိယာလျှင်
ဖြစ်စီသော်လည်း၊ အန်စွလေ။
ဖြစ်သည်မကြာ၊ တစ်ထောင့်ငါးရာ
ကိလေသာကို၊ ရှောင်ခွာနိုင်ယောင်
ညောင်ပင်အောက်၌၊ ဆောက်တည်တူကွ
စရိယသည်၊ ကျင့်ပြီးသော်မှ
ပညာဓိက၊ ဘုရားအမှန်
ဖြစ်စီသော်လည်း၊ အန်စွလေ။

**လူနတ်ပြဟ္မာအပေါင်းတို့သည်၊ သောင်းသောင်းသာခု ခေါ်စေသော်. . .။**

**စစ်တကောင်းတောင်တန်း ရင်ဂွာမြို့အနီး**
**ဟုန်းနယ်ဖျားကျောင်း၊ ပလံထောင်မှ ရရှိသောမူမှ-**
**စစ်တွေကောလိပ်မဂ္ဂဇင်း ၁၉၈၄-ခု၊ အောက်တိုဘာ**

---

* ဦးဝါသဝ၏ ဆုတောင်းအန်လည်းရှူ။

# ပဉ္စမသံဂါယနာ မော်ကွန်းစာ

**ဦးမုဏိဓဇ (မြောက်ဦး)**

ထေရဝဒကျမ်းစာတို့၌ သံဂါယနာတင်သောအကြိမ်သည် လေးကြိမ်ဟူ၍ လာရှိ၏။ ပထမ၊ ဒုတိယ၊ တတိယသုံးကြိမ်ထိ မဇ္ဈိမဒေသ၌တင်ခဲ့၏။ စတုတ္ထအကြိမ်တွင်ကား သီဟိုဠ်ကျွန်း (ယခု သီရိလင်္ကာ) ၌ ပေထက်အက္ခရာ တင်ခဲ့၏။ မြန်မာရာဇဝင်၌ ပဉ္စမအကြိမ်မြောက်ကို မင်းတုန်းမင်းကျောက်ထက် အက္ခရာတင်ခဲ့သည်ဆို၏။ ရခိုင်ရာဇပုံကျမ်း၌ 'မင်းရင်ဖြူ' လက်ထက်အရောက်တွင် တစ်ဆယ့်တစ်ကြိမ်မြောက် သံဂါယနာတင်မှုကို တွေ့ရ၏။ အခြားအကြိမ်တို့ကို အဘယ်မင်းတို့လက်ထက် တင်ခဲ့သည်ဟု မတွေ့ခဲ့ရတော့ချေ။ သို့သော်လည်း ပဉ္စမအကြိမ်မြောက် သံဂါယနာတင်မှုကို ရခိုင်သီရိစန္ဒရားမင်းလက်ထက်တင်ခဲ့ကြောင်း အထောက်အထားတွေ့ရ၏။[၁]

ထိုမူနှင့်မူကွဲဖြစ်သော မော်ကွန်းစာစောင်ကိုလည်း ရရှိထားပါ၏။ ထိုမူကို ဆေးဆရာ ငမဲမူဟူ၍ သတ်မှတ်နိုင်ပါ၏။ ငါတို့ ယခု ရရှိထားသော ငမဲမူမှာ မင်းပြားမြို့ ဇယသုခကျောင်း စာချဓမ္မစရိယ ဦးမဏ္ဍက ရှာဖွေတွေ့ခဲ့ရစေ၏။ ထိုသံဂါယနာတင် မော်ကွန်းပေမူသည်လည်း ပညာမေဓမော်ကွန်းစာပင်ဖြစ်၏။ ဆေးဆရာ ဦးငမဲက ကောစာ ၁၂၆၀ခုနှစ်တွင် ရေးကူးထားသောမူဖြစ်ရာ အနှစ်ရှစ်ဆယ်ကျော်ခဲ့ပေပြီ။ အခြားစာများနှင့်ဆက်၍ ရေးကူးထားသဖြင့် ကော်ချပ်မှ ကားချပ်ထိ ထိုမော်ကွန်းစာကို တွေ့ရ၏။ ယခု ဦးမဲ၏မူနှင့် မဟာသကရာဇဝင်လာမူကို ညှိနှိုင်းတိုက်ဆိုင်ကြည့်ရန် တင်ပြလိုရင်းဖြစ်၏။

ထိုရခိုင်ပဉ္စမသံဂါယနာတင် မှတ်တမ်းသည်လည်း မူအားဖြင့် မကွဲပြားသော်လည်း သံဂါယနာတင်ပုဂ္ဂိုလ်တင်သောကျမ်းစာ၊ အချင်းအရာအားဖြင့် ကွဲပြားချက်တွေ့ရသည်။

(ဥပမာ)

ရခိုင်မဂ္ဂဇင်း၊ အမှတ် (၁)၌ ဆရာကြီးဦးအောင်သာဦး တင်ပြထားသော ဗုဒ္ဓသာသနာ သက္ကရာဇ်ဆောင်းပါးတွင် မဟာသကရာဇဝင်လာ ပညာမေဓာမော်ကွန်းအရ တင်ပြထားသည်ကို တွေ့နိုင်ကြမည်ဖြစ်၏။ သီးခြားရိုက်နှိပ်၍ ထိုဆောင်းပါးကိုစာစောင် ထုတ်ဝေဖြန့်ချိခဲ့ပါသေး၏။

## ကွာခြားချက်

မဟာသကမူတွင် သံဂါယနာတင် သံဃာနှစ်ထောင်တွင် ရခိုင်နှင့်သီဟိုဠ် (ယခု သီရိလင်္ကာ) တစ်ထောင်ကျစီ ပြဆို၏။ ငမဲမူ၌ကား သီဟိုဠ်မှ ငါးရာရခိုင်မှ တစ်ထောင့်ငါးရာဟူ၍ ပြဆို၏။ ပါဠိအဋ္ဌကထာတင်ရာ ကာလသည် သုံးနှစ်စီနှင့် ရေးကူးသောကြေးပြားချပ်ရေ ငါးထောင်တို့သည် ညီမျှကြသော်လည်း တင်သောကျမ်းဂန်အစီအစဉ်နှင့် ရေးကူးသောကြေးပြားချပ်အရေအတွက်သည် ကွာခြားနေပေသည်။ မဟာသကမူတွင် ပိဋကတ်တော်သုံးပုံ ပါဠိတော်ကို အောက်ပါအစီအစဉ်အတိုင်း တင်ခဲ့သည်။

### (က) ပါဠိတော်

| | | | |
|---|---|---|---|
| (၁) | ဝိနည်းငါးကျမ်း | ကြေးဝါချပ်ရေ | ၂၅၀ |
| (၂) | သုတ်သုံးကျမ်း | ။ | ၉၁၀ |
| (၃) | အဘိဓမ္မာ | ။ | ၈၄၀ |
| | | ချပ်ရေပေါင်း | ၂၀၀၀ |

### (ခ) အဋ္ဌကထာ

| | | | |
|---|---|---|---|
| (၁) | ဝိနည်းငါးကျမ်း | ကြေးနီချပ်ရေ | ၇၅၀ |
| (၂) | သုတ်သုံးကျမ်း | ။ | ၁၅၀၀ |
| (၃) | အဘိဓမ္မာ ခုနစ်ကျမ်း | ။ | ၆၉၀ |
| (၄) | ဝိသုဒ္ဓိမဂ် | ။ | ၆၀ |
| | | ချပ်ရေပေါင်း | ၃၀၀၀ |

---

၁။ အာနန္ဒစန္ဒြမင်း ပဉ္စမ၊ သီရိစန္ဒြမင်း ဆဋ္ဌသံဂါယနာတင်ခဲ့သည်ဟုလည်း မှတ်တမ်းလာ၏။

ဦးငမဲမူ၌ အောက်ပါအတိုင်း ပြဆိုထားသည်။

## (က) ပါဠိတော်

| | | | |
|---|---|---|---|
| (၁) | ဝိနည်းငါးကျမ်း | ကြေးနီချပ်ရေ | ၂၅၀ |
| (၂) | နိကာယ်ငါးရပ်တွင် သုတ္တန် ၄၁ကျမ်း၌ | ။ | ၉၁၀ |
| (၃) | ခုဒ္ဒကနိကာယ်ဝင် အဘိဓမ္မာ | ။ | ၈၄၀ |
| | | ချပ်ရေပေါင်း | ၂၀၀၀ |

**(မှတ်ချက်)** ဤ၌ သုတ္တန် ၄၁ကျမ်းကို တသုတ်လျှင် တစ်ကျမ်းကျစီဖြင့် ရေတွက်ထားခြင်းဖြစ်၏။

ရေတွက်ပုံမှာ-

| | | |
|---|---|---|
| (၁) | ဒီဃနိကာယ် | ၃-ကျမ်း |
| (၂) | မဇ္ဈိမနိကာယ် (ပဏ္ဏာသ) | ၃-ကျမ်း |
| (၃) | သံယုတ္တနိကာယ် | ၅-ကျမ်း |
| (၄) | အင်္ဂုတ္တရနိကာယ် | ၁၁-ကျမ်း |
| (၅) | ကျန် ခုဒ္ဒကနိကာယ် | ၁၉-ကျမ်း |
| | သုတ်ပေါင်း(ကျမ်းပေါင်း) | ၄၁-ကျမ်း |

## (ခ) အဋ္ဌကထာ

| | | | |
|---|---|---|---|
| (၁) | ဝိနည်းငါးကျမ်း | ကြေးနီချပ်ရေ | ၇၅၀ |
| (၂) | နိကာယ်ငါးရပ်တွင် သုတ္တန် ၄၁ကျမ်း | ။ | ၁၅၀၀ |
| (၃) | အဘိဓမ္မာ ခုနစ်ကျမ်းတွင် | ။ | ၆၉၀ |
| (၄) | ဝိသုဒ္ဓိမဂ် | ။ | ၄၀ |
| (၅) | ကင်္ခါဝိတရဏီနှစ်ကျမ်း (ဘိက္ခု၊ ဘိက္ခုနီ ဝိနိစ္ဆယ) | ။ | ၂၀ |
| | | ချပ်ရေပေါင်း | ၃၀၀၀ |

**(မှတ်ချက်)** ဤ၌ ဘိက္ခုပါတိမောက်နှင့် ဘိက္ခုနီပါတိမောက်တို့ကို ဖွင့်ဆိုထားသော ပါတိမောက် အဖွင့်ခေါ် ပါတိမောက် အဋ္ဌကထာကို သီးခြားသံဂါယနာတင်ထားကြောင်း ညှိနှိုင်းဝေဖန် စီစစ်ဆွေးနွေးနိုင်ကြရန် ဆေးဆရာဦးငမဲ၏ ပညာမေဓာ မော်ကွန်းစာမူကို အောက်ပါအတိုင်း ပေမူမှ ကူးယူတင်ပြလိုက်ရပေ၏။

**'သုဘူပရံ၊ သုလောကီတံ၊ သုမင်္ဂလံ၊ သမိဇ္ဈတု။'**

ကမ္ဘာစဉ်လာ၊ ဓမ္မတာဖြင့်
တိဒ္ဒါသမုတ်၊ စုတုယုဂ်ကိန်း
လေးသိန်းသုံးသောင်း၊ နှစ်ထောင်ဆောင်းသား
နှစ်ပေါင်းကိုချုပ်၊ ကလယုဂ်တည်း။
ထိုယုဂ်နှစ်ပြန်၊ ဒွါပရန်ဟု
သုံးပြန်တေတြာ၊ လေးဖြာကတ
ပေါင်းကြလေးထပ်၊ ရှိအပ်သိမှု
အ,အာ,ဥ,ဤ ရာဂီတြု၊ ဂဏန်းစုဖြစ်
ထိုနှစ်အပေါင်း၊ ခေပြောင်းပြန်လှန်
ကပ်ဆုံးလွန်အောင်၊ လူ့ဘောင်ပွားဆုတ်
လေးပါးယုဂ်တွင်၊ အယင်ကတ
ဓမ္မဥစ္စာ၊ ပြည့်လှာဥသုံ

ကောင်းကိန်းကြုံ၏၊ သုံးပုံတေတြာ
ယုဂ်မှာတစ်စု၊ ကောင်းစုသုံးမှာ
ဒွါပရာစက်၊ တစ်ဝက်ကောင်းဆိုး
တစ်မျိုးကလိ၊ အသိဇက
သုံးဆချွတ်ယွင်း၊ တရားကင်း၍
ယင်းကလိသက်၊ ထိုနှစ်ထက်မှာ
သိက္ခာသိက္ခ၊ ဂဏန်းချခါ
ရာသက်ကာလ၊ ဟာယနမှီ
သာကီသကျ၊ ဂေါတမဟု
လောကလူ့ရွာ၊ ဖြစ်ပွင့်လာ၍
ဒေဝါမနု၊ ကျွတ်မှုဟောကြား
လေးဆယ့်ငါးဝါ၊ ရောက်ရေခါကား
သြဆာသာရ၊ သာခပုဏ္ဏမီ
ငြိမ်းလီနိဗ္ဗာန်၊ ထားပြန်သာသနာ
ကောဇာဖြို့ရှူ၊ ခါတုငှိုကာ
ရောက်ခါပေါင်းကြ၊ နဝတြီ
သတ္တဂီရ၊ ဂေါတမပုရဏ်
ကျမ်းညွှန့်အလာ၊ ရက္ခာပူရ
ဓညသခင်၊ ဘုရင်ရာဇာ
နာလာမာယု၊ မင်းဟူသမိုက်
ဘိသိက်ကြိုက်ခါ၊ ကောဇာဘိန္န
သာဓကကျမ်း၊ ကိန်းဆန်းအရ
မိ-ဘ-စံ-ဇီ၊ ဖြိုလီကြွင်းနှစ်
သက္ကရာဇ်မဟာ၊ တစ်ရာသုံးခု
ပွင့်မှုတို့ကြုံ၊ ကဆုန်ပုဏ္ဏာ
ဂေါတမဟု၊ ဗုဒ္ဓတံထွာ
မသိရာကို၊ လွယ်စွာရစိမ့်
သနားဖိန့်ဖိန့်၊ ဟောမိန့်ညွှန်ကြား
လေးဆယ်ငါးလျှင်၊ ရောက်ငြားဝါရွယ်
ရာလေးဆယ်ရှစ်၊ ဘိုးတော်ချစ်၏။
ပြည်သစ်ကဆုန်၊ အင်္ဂါကြုံနီ
သုံးဘုံဆွီဆွီ၊ တုန်ခွီခွီလျှင်
မရှိနိဗ္ဗူ၊ စံတော်မူဘိ
ပြည်သူသက်နှင်း၊ မင်းမင်းစဉ်လျှောက်
ငါးဆက်မြောက်ကျ၊ စန္ဒသူရိယ
ဇီဝကကိန်း၊ ဖြိုသိမ်းပြီးမှ
တစ်ကစလစ်၊ သက္ကရာဇ်ပါ
သာသနာနှစ်၊ ပွားသစ်အညီ
ယှဉ်မှီမြောက်တက်၊ ဆယ့်ခြောက်ဆက်မှာ
သိရိယာစိတြ၊ ဓနဥ္စကိန်း
ဖြိုသိမ်းပြီးထ၊ ခတ္တိယနွယ်
သုံးဆယ်နှစ်ဆက်၊ ဆင်းသက်ရောက်ပြန်

သိရိစန္ဒြ၊ ဥတ္တမကိန်း
ဖြိုသိမ်းပေါင်းပြု၊ ခါတုင္ဂိုကာ
ကောဇာဂုဏ၊ ရောက်ထမှတ်စွာ
သာသနာနှစ်၊ အတိတ်ဖြစ်၏။
ထိုနှစ်မှာပင်၊ စိတြပုဏ္ဏ
ပါဠိုပဒ၊ ဆုတ်စတစ်ရက်
ယင်းနီထက်တွင်၊ မြသွင်မှိုင်းအိ
တန်ခိုးဟိသည်၊ ဘူမိရှိတောင်
ဗွိထိပ်ခေါင်ကို၊ ညီအောင်ပြုလျက်
လေးဘက်ညီညာ၊ တစ်မျက်နှာလျှင်
ဝိဟာယှဉ်မှီ၊ ငါဆောင်စီတည်း။
မျှညီစမ္ပာယ်၊ ငါးဆယ်သံဃာ
တစ်မျက်နှာလျှင်၊ နှစ်ရာငါးဆယ်
လေးသွယ်အရိယာ၊ ထေရ်သံဃာတို့
နှစ်ဖြာဓူရ၊ သီဟဠမှ
သတငါးလီ၊ ကြွချီဖြည့်တင်း
တိုင်းရင်းဓည၊ တို့ပြည်မမှ
ဓူရငါးရာ၊ ကျော်လာတစ်ထောင်
ပင့်ဆောင်ကျွေးမွီး၊ လှူပီးပွဲကြီး
ပွဲ့တင်ဟည်းမျှ၊ အုံ့ချီးထိုခါ
ကျင်းပရာတွင်၊ လယ်ချာထူးဆန်း
နတ်နန်းတူလျှောင်း၊ ရှိကျောင်းဗိမာန်
ဝေဇယန်မှ၊ ဓမ္မရတနာ
ညီလာခံမှူ၊ ပြုကြစေရာ
သံဃာနှစ်ထောင်၊ ဦးဆောင်ပုဗ္ဗင်
သခင်စူဠ၊ ရေတဝထေရ်လျှင်
ကြီးမှူးတင်၍၊ သဘင်ဓမ္မ
သင်္ဂါယနာ၊ တင်ပြုရာတွင်
စစ္စာပဋ္ဌ၊ ဝိနယ၌
နှစ်ရာငါးဆယ်၊ နိကာယ်ပဋ္ဌ
သုတ္တန္တဟု၊ ဧကတာလီ
ကျမ်းဂမ္ဘီ၌၊ ယှဉ်မှီကိုးရာ
တစ်ဆယ်လာ၏၊ ခုဒ္ဒကာမည်ရ
သတ္တဝေဖြာ၊ အဘိဓမ္မာ၌
ရှစ်ရာလေးဆယ်၊ သုံးသွယ်ပိဋကတ်
ပါဠိမြတ်၌၊ ရှီးမှတ်ကြီးပြား
နှစ်ထောင်အားဖြင့်၊ ပြီးငြားသီချာ
တစ်နှစ်ကြာခဲ့၊ တစ်ဖြာဖွင့်ပြ
အဋ္ဌကထာ၊ ဝိနယာ၌
ခုနစ်ရာငါးဆယ်၊ နိကာယ်ပဋ္ဌ
သုတ္တန္တမှာ၊ ထောင့်ငါးရာတည်း
ဓမ္မတိရေကာ၊ ဘိဓမ္မာ၌
ခြောက်ရာကိုးဆယ်၊ ဓိပ္ပါယ်ပေါင်းရုံး

ကျဉ်းချုံးဖွင့်ဟ၊ ဝိသုဒ္ဓိမဂ်
ရေတွက်တာလီသ၊ ဒွိယနိစ္ဆယာ
ကင်္ခါဝိတရဏီ၊ ကြီးနီချပ်ပြား
နှစ်ဆယ်အားဖြင့်၊ ငါးပါးနိကာယ
အဋ္ဌကထာ၊ နှစ်နှစ်ကြာခဲ့
စဉ်လာပွားသက်၊ ဓမ္မစက်လျှင်
ရှည်ဆက်တည်မှု၊ မျှော်ထောက်ရှု၍
ပ-ဒုနောက်မှ၊ တတိယဟု
ဓမ္မသဘင်၊ သံဂါယနာ
တင်ရာဓိပတိ၊ မောဂလိပုတ္တ
တိဿထေရ်ကျော်၊ အမိန့်တော်ဖြင့်
မဟိန်သဟု၊ မည်ရသမိုင်း
ရခိုင်တိုင်းသို့၊ စီခိုင်းကြွလာ
မဟာရေဝ၊ ထေရငါးဖြာ
ရဟန္တာတို့၊ သူရိယာစက္က
တို့ရာဇအား၊ ဒေဝဒူတန်
နတ်တမန်ဖြင့်၊ ဟောညွှန်သွန်းလောင်း
လေးသောင်းအရိယာ၊ ဓမ္မစက္ခု
ရမှုလူပေါင်း၊ လေးသောင်းရဟန်း
ကျွတ်တမ်းဆိုက်ရ၊ မြတ်ဗုဒ္ဓ၏။
စမ္မစက်နွယ်၊ ဆက်သွယ်ပွားလျှောက်
ထပ်ဆင့်လျောက်၍၊ ထွန်းတောက်ထိန်ထိန်
နောက်နောင်ချိန်လည်း၊ မမှိန်သမိုင်း
ရှိခိုင်တိုင်းဝယ်၊ ပြန့်လှိုင်းရောင်စွယ်
ဇမ္ဗူလယ်၌၊ ဖြန့်ကျယ်ဆင့်ဆင့်
နှံ့သွယ်လင့်ဟု၊ အသင့်လျော်စွာ
ဆောက်တည်ကာဖြင့်၊ မဟာမဟိန္ဒ
ထေရဘုန်းစည်၊ တည်နွယ်ဖြန့်စင်
သီဟိုခွင်၌၊ နောင်တွင်ဆောင်ရွက်
လွန်ခဲခက်၍၊ ပေထက်အက္ခရာ
သံဂါယနာ၊ စတုတ္ထမြောက်
တင်ပြီးနောက်မှ၊ တိမ်းမှောက်ညစ်ညူး
ဝါဒထူးဖြင့်၊ ကူးလူးမယှဉ်
အစဉ်တည်တံ့၊ အရှည်ခံဟု
ကူးပုံဖြန့်ဖြူး၊ မြတ်ကျေးဇူးဟိ
ရဘိရည်ညွှတ်၊ လွတ်လွတ်ပြုထ
သီဟဋ္ဌနှင့်၊ ဝါဒတူဘိ
တုံးသိင်္ဂီကား၊ ပဉ္စမီထပ်
ကြီးနီချပ်လျှင်၊ ရှိကွပ်တင့်သား
ငါးထောင်အားဖြင့်၊ ရှိသားသီးချာ
သုံးနှစ်ကြာလျှင်၊ ကောင်းစွာသီးသီး
အောင်မြင်ပြီး၍၊ လူထီးခွန်ဆီ
စိုးမိုးချီသ၊ သီရိစန္ဒြာ

တို့ရာဇာကား၊ ပြည်ရွာခွန်ဆက်
လျော့တန်တစ်ဝက်၊ ရန်မျက်ခပ်သိမ်း
ငြိမ်းစီကြောင်းပြု၊ ကောင်းမှုပြည့်ဖြိုး
စေတီမျိုးနှင့်၊ ပုထိုးဆင်းတု
မျက်ရှုကြည်လင်၊ ဖြူစင်မနော
ပြန့်ပြောစဖွယ်၊ ဂူကျောင်းသွယ်လျက်
သွားလွယ်တံတား၊ ရီတားကန်တူး
မြောင်းတည်တူးဖြင့်၊ ဆည်းပူးမယုတ်
ကြိုးကတ်ဒါန၊ သီလတစ်ဖြာ
ဘာဝနာတစ်ရပ်၊ ဝိပဿနာ
ပွားကာထိန်းချုပ်၊ လောကုတ်မဂ္ဂင်
ထုံမွှန်းတင်သည်၊ ဖိုလ်ဝင်နိဗ္ဗာန်ရောက်ကြောင်းတည်း။

ရခိုင်မဂ္ဂဇင်း အမှတ် (၇)

---

၁၉၈၃-ခု ဇန်နဝါရီလ

ရခိုင်/မြန်မာ ပဏ္ဍိတ် ဦးဦးသာထွန်း၏

# ရခိုင်တန်ဆောင်ဆောင်းပါးများ

မိမိဘာသာစကားကို အထင်သေးသောသူများအတွက်

# အရှင်စက္ကိန္ဒ၏ ရခိုင်ဘာသာစကားလမ်းညွှန်

---

* ၁၉၆၈ ခုနှစ်တွင် အမှတ်(၁)ထွက်ခဲ့ပြီး
ယခုမှသာ ထွက်ခွင့်ကြုံလာသော
သုတ/ရသအဖြာဖြာဖြင့်

# ရခိုင်ညွှန့်ပူးဆောင်းပါးများ (အမှတ် ၂)

(ထွက်ပြီ)

ဖြန့်ချိရေး

ရခိုင်သားကြီးစာပေ

အမှတ် (စ) ၅၅ အေ၊ ကျွန်းရှေ့ဝါလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၆၇၄၃၆
ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများနှင့် စစ်တွေမြို့၌ 'စေတနာပုံနှိပ်တိုက်' 'ရောင်နီဦးစာပေ'
ရခိုင်သားကြီးစာပေ
စသည်တို့တွင် ဝယ်ယူနိုင်ပါသည်။

# မဟာကျန် ရှုပ်ပွားတော်

နတ်မြစ် ဦးဝါသဝ

ရခိုင်ပြည်(နယ်) ဘုရားသမိုင်းတွင် မဟာမုနိ၊ ရှင်ကျော်၊ မဟာကျီ၊ မဟာကျန်၊ မဟာဇိန် စသောဘုရားဆင်းတုအမည်များ တွေ့ရှိနိုင်သည်။ မဟာကျန်ရုပ်တုတော်နှင့်ပတ်သက်၍ သမိုင်းအလာ မှတ်တမ်းအယူအဆတို့မှ ထုတ်နုတ်တင်ပြလိုသည်။ ရခိုင်ပြည်(နယ်) ပဥ္စာခေတ် ဘုရင်မင်းယင်ဖြူလက်ထက် သင်္ဂါယနာတင်ခြင်းအပြင် ရုပ်ဆင်းတုကိုလည်း သွန်းလုပ်ခဲ့သည်ဟု ရခိုင်ရာဇပုံကျမ်းတွင် ဖော်ပြထားသည်။ ရခိုင်ဝေသာလီခေတ် စန္ဒရားမင်းလက်ထက်တို့တွင်လည်း ဆင်းတုများစွာ ထုလုပ်ပူဇော်ခဲ့ကြပေသည်။ ဝေသာလီနောက်ပိုင်းတွင် ပဥ္စာခေတ်၌ဆိုလျှင် မင်းယင်ဖြူ (သက္ကရာဇ် ၂၀၃၊ ခရစ် ၈၄၈ မှ ၈၇၁)လက်ထက်သည် ဆင်းတုအများ ပူဇော်ခဲ့သည်ဟုဆိုနိုင်သည်။

မှန်၏။ ပဥ္စာခေတ် ၃ဆက်မြောက်ဖြစ်သော မင်းယင်ဖြူသည် သီဟိုဠ်နိုင်ငံ ဝဋ္ဋဂါမဏိမင်းလက်ထက် ပေထက်အက္ခရာ တင်ခဲ့သော စတုတ္ထသံဂါယနာတင်မှုအတိုင်း ရွှေပေရွက်ပေါ်တွင် စရေးထိုးလျက် သံဂါယနာတင်ခဲ့သည်။ ထိုသံဂါယနာကို ရခိုင်ပြည်တွင် အဆက်ဆက် သံဂါယနာအကြိမ်ရေ မှတ်တမ်းအရ ဧကေဒသမ (၁၁)ကြိမ်မြောက် သံဂါယနာဟုဆိုသည်။ ထို့အပြင် နှစ်ကျိတ်ရှစ်ဆူရေရှိသော ဆင်းတုကို သွန်းလုပ်ခဲ့ကြောင်း အောက်ပါမှတ်တမ်းအရ ထင်ရှားသည်။ ထိုမှတ်တမ်းမှာ ရခိုင်ရာဇပုံကျမ်းအမည်ရှိ၍ ပေမူအားဖြင့် ၁၁အင်္ဂါတိတိရှိသည်။ သက္ကရာဇ် ၉၃၅ခု၊ (ခရစ်-အေဒီ ၁၉၇၃)ခုနှစ်မြောက်ဦးခေတ် မင်းဖလောင်းလက်ထက်ရေးခဲ့သော ကျမ်းဖြစ်သည်။ ထိုကျမ်းမှလိုရင်းကို ထုတ်နုတ်တင်ပြပေအံ့။

'ပဥ္စာမြို့ကို အစိုးရသောမင်းကြီး မင်းယင်ဖြူနှင့် စောမုခိ မိဖုရားခေါင်ကြီးတို့သည် ကောဇာသက္ကရာဇ် ၂၀၉ခုနှစ်တွင် စန္ဒာသူရိယမင်းကောင်းမှုတော်တွင် ပဥ္စလောဟာရတနာ အစုအပုံတို့မှ ယူ၍ ဘုရားသွန်းလုပ်တော်မူသည်။ ဆူရေကား (၂၈ဆူ) နှစ်ကျိပ်ရှစ်ဆူတည်း။ ယင်းနောက် ဧကေဒသမမြောက် သံဂါယနာကို ရဟန္တာရှစ်ရာနှင့် တင်တော်မူသည်။ ရွှေအတိကိုပေချပ်လုပ်၍ တင်တော်မူ၏။ ပေချပ်အလျားတစ်ထောင်၊ အနံတစ်ထွာ၊ တစ်ချို့ကျမ်းစာကား လက်လေးသစ်ဟူ၏။ တစ်မျက်နှာတွင် စာကြောင်းရေ ခုနစ်ကြောင်းဖြစ်၏။ ရွှေပေတစ်ချပ်၏အလေးချိန်မှာ ၁၅ိစီရှိ၏။ ယင်းအခါမှစ၍ ရခိုင်မင်းအဆက်ဆက် အသုံးပြုလာခဲ့ရာ မြောက်ဦးခေတ် မင်းဖလောင်းလက်ထက်တွင်မှ နောင်သောအခါ ရခိုင်ပြည် ပျက်စီးအံ့သည်ကိုမြင်၍ သာမန်အညတြမင်းတို့ယူဆောင်နိုင်ရန် ခဲယဉ်းလှစွာသော သေလာပထဝီကို ဖောက်ထွင်းပြီးလျှင် ထားခဲ့တော်မူ၏။ မိုးကြိုးဝရဇိန်နှင့်ဖောက်ခွဲသော်လည်း မရဟူ၏။ ထိုနေရာမှာ ဦးရာဇ်တောင်စေတီတော်အောက် ဌာပနာအတွင်းဟူ၏။'

စန္ဒာသူရိယမင်း၏ကောင်းမှုတော် ပဥ္စလောဟာ ရတနာပုံထဲမှဟုဆိုသည်မှာ ထိုစန္ဒာသူရိယမင်း မဟာမုနိကို သွန်းစဉ်ကြွင်းကျန်သောရတနာအစုအပုံထဲမှ ဖြစ်ရာ၏။ ထိုစဉ် ယင်းရတနာတို့ကို ရဟန္တာအရှင်မြတ်တို့အား လှူလေရာ လက်ခံတော်မမူကြသဖြင့် ပြန်ယူခြင်းငှာလည်း မအပ်ကောင်းရာကား၊ မဟာမုနိပလ္လင်တော်အောက်တွင် မြှုပ်နှံခဲ့သောရတနာစုကိုပင်ဆိုလိုပေ၏။ ထိုရတနာတို့မှဖော်ပြသော ရာဇပုံကျမ်းလာ ဘုရားဆင်းတုတော်နှစ်ကျိပ်ရှစ်ဆူကို သွန်းလုပ်ခြင်းပင်ဖြစ်၏။ ထိုဘုရားတို့ကား နေရာအနှံ့အပြားကိန်းဝပ်ခဲ့လျက် နှစ်ရှည်ကာလ ရှည်လျားခဲ့ပေပြီ။ နှစ်ပေါင်းတစ်ထောင်တစ်ရာကျော်မြောက်ပေရာပြီး ရွှေကျန်ဘုရားဟူ၍ ပန်းမြောင်းကြီးချောင်းတွင် စေတီတစ်ဆူရှိသေး၏။

ထိုမျှကြာညောင်းခဲ့သော စေတီတော်များကို တစ်စုတစ်လုံးတည်း ဖူးတွေ့နိုင်ရန်မှာ မလွယ်လှပြီ။ သို့သော် ထင်ရှားဖူးတွေ့ရသေးသော ဘုရားတစ်ဆူကိုကား ယခု စစ်တွေမြို့ ခေါင်းလောင်းကျောင်းတိုက်တွင် ကိန်းအောင်းလျက်ရှိကြောင်းအသိဖြစ်ကြ၏။ ထိုဘုရားကို ဖော်ပြပါ နှစ်ကျိပ်ရှစ်ဆူအနက်မှ တစ်ဆူအဖြစ်ဖြစ်လည်းကောင်း၊ ထိုမင်း၏ကောင်းမှုတော်ရုပ်ပွားတော်တစ်ဆူ အဖြစ်ဖြင့်လည်းကောင်း၊ သက်သေဆောင်လျက်ရှိ၏။ ထိုဘုရား၏ဓမ္မခဏ်တွင် ရေးထိုးထားသောကမ္ပည်းစာအရ ဤသို့သိရ၏။

သက္ကရာဇ်. . ၉၊ ကဆုန်လဆန်း ၆ရက်၊ တနင်္လာ ၅ါး နာရီကျော်သော. . . ရောက်. . . ကြီးသွန်း အဲအည် ငမ်ရ်ဖြူကောင်းမှုဘုရား ပဥ္စလောဟာ ပြီးပြည့်စုံအည်၊ ဘုရားပြုသျှော အကျိုးအားဖြင့် ဘုရားမချွတ်ဖြစ်သျှော'

အပြည့်အစုံအဖြစ် ဤသို့ဖတ်နိုင်၏။

သက္ကရာဇ် ၂၀၉ခု၊ ကဆုန်လဆန်း (၆)ရက်၊ တနင်္လာနေ့ ၅နာရီကျော်သော(အချိန်) ရောက်(သောအခါ) ကြေးသွန်းအပ်၏။ ငါ မင်းရင်ဖြူကောင်းမှုဘုရားကို ပဥ္စလောဟာဖြင့် (သွန်းလုပ်)ပြီးပြည့်စုံ၏။ ဘုရားပြုသောအကျိုးအားဖြင့် ဘုရားမချွတ်ဖြစ်စေသော။

ဖော်ပြပါဘုရား၏ရေးထိုးဓမ္မခဏ်ကို ကြည့်ခြင်းအားဖြင့် အချို့ကထိုဘုရားကို ပဥ္စလောဟာဘုရားဟူ၍လည်းကောင်း၊ ရှင်ကျော်ဘုရားဟူ၍လည်းကောင်း၊ မဟာကျန်ဘုရားဟူ၍လည်းကောင်း ယူဆကြ၏။ ပေါက်တောမြို့နယ် ရွာချောင်းကြီးစာဆိုတော် ဆရာဦးအောင်ထွန်း (သက္ကရာဇ် ၁၂၆၀-၁၃၂၃)သည် ဘုရားနှင့်ပတ်သက်၍ ရတုတစ်ပိုဒ် (ပိုဒ်စုံရတု)ကို စပ်ဆိုခဲ့

၏။ စပ်ဆိုရင်းကား ဂျပန်ခေတ်တွင် စစ်တွေမြို့မှ မင်းပြားမြို့နယ်၊ ပြားချောင်းကျောင်းသို့ စစ်ဘေးအရ ပင့်ဆောင်ထားခဲ့ရသည်။ ထိုစဉ် ဆရာဦးအောင်ထွန်းလည်း ရှိနေရာ ထိုဘုရားပွဲကျင်းပစဉ် အဆိုပါရတုကို စပ်ဆိုပူဇော်ခဲ့သည်ဆို၏။ ထိုဆရာ၏ ဖွဲ့ဆိုချက်တွင် မဟာမုနိကိုယ်စားတော်မှ ရတနာကြွင်းဖြင့် သွန်းလုပ်ခဲ့သော ရုပ်ပွားငါးဆူမှတစ်ဆူဆို၏။ ဆရာ၏လက်ရာကို အပြည့်အစုံ လေ့လာနိုင်ရန် ဖော်ပြလို၏။

'သကျမာရဇိန်၊ ဘုန်းရောင်ရှိန်သား
အစိန္တေယျ၊ သမ္ဗုဒ္ဓသည်
လောကသုံးထပ်၊ ဘုံသုံးရပ်၌
လူနတ်ဗြဟ္မာ၊ သတ္တဝါအား
ဒေသနာရေအေး၊ အမြိုက်ဆေးကို
တိုက်ကျွေးခါလျှင်၊ ကျွတ်တမ်းဝင်သည်
ပုံပြင်သောင်းသောင်း၊ ရဟန်းပေါင်းနှင့်
ကျိန်းအောင်းပျော်စံ၊ ဇေတဝန်၌
မြတ်မွန်ဘုန်းကြွယ်၊ ဝါနှစ်ဆယ်တွင်
ကြီးကျယ်ခန့်ခိုင်၊ ဝပြောလှိုင်သည်
ရခိုင်ပြည်သာ၊ မြို့ဓညာ၌
ဉက္ကာမူခ၊ မင်းမှုစ၍
သကျနွယ်စင်၊ သာကီဝင်ဟု
ဘုရင်စန္ဒသူရိယသည်၊ ကောင်းထမိဋ္ဌာန်
သစ္စာပန်လျှင်၊ ထက်ယံအာကာ
ထက်ဝဋ္ဋာက၊ ရတနာပြာသာဒ်
ဗိမာန်ထွတ်ဖြင့်၊ ကြွလတ်တုံငြား
ထိုမင်းအားလျှင်၊ သနားပြင်းထန်
ပူဇော်ခံ၏။
တစ်ဖန်ထိုခါ၊ မင်းရာဇာက
မြတ်စွာသခင်၊ ကိုယ်တော်ရှင်သည်
ခုလျှင်မနေ၊ ကြွတုံချေက
စိတ်နေမရွှင်[၁]၊ ကျွန်ုပ်လျှင်က
ပူပင်ခန်းခြောက်၊ ဆင်းရဲရောက်လိမ့်
မျက်မှောက်ကကော်၊ မြတ်ဗုဒ္ဓါသည်
ကြင်နာသနား၊ ကျွန်ုပ်အားလျှင်
ကိုယ်စားတစ်ဆူ[၂]၊ ပေးတော်မူဟု
လျှောက်ယူတောင်းပန်၊ မေတ္တာခံသော်
မြတ်မွန်ဇိန၊ သုံးလူဘလည်း
ရက္ခမဏ္ဍိုင်၊ ပြည်ရခိုင်ဝယ်[၃]
ဂနိုင်တောရိုး၊ ဝက်သတိုးတောင်
ထိပ်သာခေါင်၌၊ များမြောင်စုံစွာ
နတ်ဗြဟ္မာဖြင့်၊ ရတနာကိုးပါး
သွန်းလုပ်ထား၏။

---

(မူကွဲများ)

၁။ စက်နေမရွှင်

၂။ တမူ

၃။ ပြည်ရခိုင်၌

ဘုရားမြတ်စွာ၊ မဟာမုနိ
ယခုရှိသည်၊ ဇိနထွတ်ထား
ကိုယ်တော်စားမှ၊ ကြွင်းငွားကျန်ထွေ
ရတနာရေဖြင့်၊ သွန်းလေတုံသော်
ကိုယ်စားတော်သည်၊ အဖော်ငါးပါး
ဖြစ်တုံငြား၍၊ ညီဖွားမာရ်ကျင်
ဂုဏ်တော်ထင်သား၊ ရှင်တော်ကိုယ်ပွား
ကိုယ်တော်စားကို၊ အများဝေနေ
ကိုးကွယ်စေဟု၊ စစ်တွေ, မင်းကန်
လူမကျန်အောင်၊ ဂျပန်တပ်သား
ဗျာန်ရထားဖြင့်၊ ဗုံးများပစ်ချ
ထိုကာလ၌၊ မူလရှိဟောင်း
ခေါင်းလောင်းကျောင်းမှာ၊ ကျိန်းအောင်းတင့်တယ်
မစမွယ်ဘဲ၊ တိုက်နယ်သာယာ
ရေနှင့်ကြာသို့၊ များစွာသောင်းသောင်း
ပျားချောင်းကျောင်းဝယ်၊ ကိန်းအောင်းပျော်စံ
ပူဇော်ခံသည်၊ မြတ်မွန်ဇိန
ကိုယ်စားတည်း။'

ထို့ပြင်မှတ်တမ်းတစ်ခုကို ဖော်ပြလို၏။ ထိုမှတ်တမ်းမှာ ယခုမြောက်ဦးမြို့နယ်၊ လောင်းကြက် နတ်တောင်ကျောင်း (ပန်းမော်ဆရာတော်) ဦးအဂ္ဂဓမ္မ (သကျသီဟ) ၏မှတ်စုဖြစ်၏။ ထိုအဂ္ဂဓမ္မ (သက္ကရာဇ် ၁၂၅၀-၁၃၂၀) ဆရာတော်၏မှတ်တမ်းတွင် မဟာကျီရုပ်ရှင်တော်နှင့် မဟာကျန်တို့ပါ ပါရှိ၏။ ထိုဘုရားသွန်းလုပ်ခြင်းနှင့် အနေကဇာတင်အစီအရင်ကိုလည်းကောင်း၊ ကိုးကွယ်ပုံကိုလည်းကောင်း၊ အပြည့်အစုံဖော်ပြထားရာ လေ့လာသူများအတွက် အလွန်တန်ဖိုးရှိ၏။ အောက်ပါအတိုင်း မှတ်တမ်းကို ဖော်ပြလိုက်ရ၏။

ပထမပဥ္စာမြို့တည် ခေတ္တသင်မင်းမှ သုံးဆက်မြောက်မင်းကြီး မင်းရင်ဖြူနှင့် စောမူခိတို့သည် ရခိုင်သက္ကရာဇ် ၂၀၉ခုတွင် မဟာကျီရုပ်ရှင်တော် နှစ်ကျိပ်ရှစ်ဆူကို ရတနာခုနှစ်ပါးနှင့် သွန်းလုပ်ခဲ့ပြီး ကျန်ရှိသော ရတနာများတွင် မိမိဘဏ္ဍာတိုက်မှ ရတနာများဖြည့်စွက်၍ မဟာကျီရုပ်ရှင်တော်သွန်းလုပ်ရာမှ ကျန်သောကြောင့် မဟာကျန်ဟု ခေါ်ဆိုကြသော ရုပ်ပွားတော်အငယ် အမြောက်အများကို ရတနာခုနှစ်ပါးနှင့်တစ်မျိုး၊ ရတနာခုနှစ်ပါးရောစပ်၍တစ်မျိုး၊ စိန်, စက်, မိုးကြိုး, သတ္တုနှင့် ရွှေရောစပ်၍တစ်မျိုး၊ သွန်းခဲ့ပြီး ၃၈ဆူသော စေတီတို့တွင် ဌာပနာခဲ့သည်ဟု ဆိုပါသည်။ ထိုရှင်ကျန်ရုပ်ပွားတော်များကို သက္ကရာဇ် ၂၀၉ခု၊ ကဆုန်လဆန်း ၆ရက်နေ့တွင် သွန်းလုပ်ပြီးနောက် ရှစ်ရက်နေ့ ဗုဒ္ဓဟူးနေ့တွင် သံဃာရှစ်ရာနှင့် အနေကဇာတင်ခဲ့လေသည်။ ထို့အပြင် ဤရုပ်ရှင်တော်ငယ်များကို လောကီပညာအရာတွင် ကျွမ်းကျင်ကြသော လူပုဂ္ဂိုလ် ၉ဦးနှင့် ရဟန်းပုဂ္ဂိုလ် ၉ဦးတို့က လဆန်း ၁၁ရက် စနေနေ့ နေတက်စ ၁၀နာရီတွင် အစီအမံများ ပြုလုပ်ခဲ့လေသည်။ ဤမဟာကျန်ရုပ်ပွားတော်နှင့် ခွဲမရအောင်တူသော ရုပ်ပွားတော်အများအပြားကို ရှေးစေတီဟောင်းများတွင် တူးဖော်တွေ့ရှိကြရပေလိမ့်မည်။ သို့သော် သိဒ္ဓိတင်ရာတွင်ကား ကွဲပြားသည်ဟုဆိုပါသည်။

ရုပ်ရှင်တော်နှင့် ပတ်သက်ရာရှောင်ကြဉ်ရန်နှင့် ဆောင်ရန်မှာဆိုလျှင်

(၁) မိန်းမများအနေဖြင့် မကိုင်ရ။ သို့သော် နဝင်္ဂသီလကို ၉နှစ် သို့မဟုတ် ၉လ သို့မဟုတ် ၉ပတ် နေ့စဉ် စောင့်ထိန်းရှိမှသာ ကိုင်တွယ်ရ၏။

(၂) အရက်သေစာသောက်စားမူးယစ်၍ မကိုင်တွယ်ရ။ အရက်ဝိုင်းနှင့်တစ်ခြား ဒုစရိုက်မကောင်းမှု ကျူးလွန်ပြုလုပ်နေသော နေရာများသို့ ဆောင်မသွားရ။

(၃) တန်ဖိုးဖြတ်ခါ ရောင်းဝယ်ဖောက်ကားခြင်းမပြုလုပ်ရ။

(၄) ဤရှင်ကျန်ရုပ်ပွားတော်အား ဆောင်ထားခြင်းဖြင့် မည်သို့အန္တရာယ်ကာကွယ်သည်၊ လိုရာအောင်မြင်သည်ဟူ၍ ကြီးကြီးကျယ်ကျယ် ကြွားဝါလုည့်ဖြားခြင်းမပြုရ။ သို့မဟုတ် အထင်ကြီးစေရန် မဟုတ်မမှန် မြှောက်ပင့်၍မပြောရ။ နှုတ်ကြမ်းလျှာကြမ်းပြောဆိုခြင်းမှ ရှောင်ကြဉ်ရမည်။

(၅) ဆောင်သည့်အခါတွင်လည်း ဤရှင်ကျန်ရုပ်ပွားတော်အား ဆောင်ထားလျှင် အန္တရာယ်ကင်းမည်၊ လိုရာအောင်မြင်

မည်ဟု အဆောင်အင်းအိုင်လက်ဖွဲ့ စသည်တို့လို သဘောဆန္ဒနှင့်မဆောင်ပါလေနှင့်၊ အဆောင်ပစ္စည်းတစ်ခုလို သူတစ်ပါးအားလည်း လှည့်ဖျားမပြောပါလေနှင့်။

ဆောင်ရန်မှာ ကျွန်ုပ်သည် ဤရှင်ကျန်ရုပ်ပွားတော်အား ပင့်ဆောင်သွားခြင်းဖြင့် ထိုဘုရားရှင်တော်၏တန်ခိုး အရိပ်အာဝါသအောက်တွင် ကျွန်ုပ် စောင့်ထိန်းအပ်သော သစ္စာသမာဓိ တည်ကြည်မှုအပေါ် မူတည်၍ ဘေးအန္တရာယ် အပေါင်းကာကွယ်ပြီး လိုရာအောင်မြင်ပါစေသတည်း။ ဆောင်သူ၏သစ္စာ သမာဓိ သီလအပေါ်မူတည်၍ တစ်ဦးတစ်ယောက် မက ခရီးသွားဖက် တစ်လှေတည်းစီး တစ်တောတည်းခိုစေသော ဝန်းကျင်များကိုပါ အန္တရာယ်ကာကွယ်နိုင်ပါလိမ့်မည်။ လိုရာအောင်မြင်ပါမည်။

ဖော်ပြပါ မင်းရင်ဖြူကောင်းမှု ရုပ်ဆင်းတုကား နှစ်ကျိပ်ရှစ်ဆူမက များလှပေသည်။ ထို့ကြောင့် မင်းရင်ဖြူ၏ရုပ်တု ကောင်းမှုများကို ပဉ္စလောဟာဘုရားဟူ၍လည်းကောင်း၊ မဟာကျီရုပ်ရှင်တော်ဟူ၍လည်းကောင်း၊ ထိုမဟာကျီမှ ကြွင်းကျန် သော သွန်းလုပ်သောဘုရားကို မဟာကျန်ဟူ၍လည်းကောင်း၊ ရွှေကျန်ဘုရားဟူ၍လည်းကောင်း၊ ပညတ်ခေါ်ဝေါ်များပြား လာခဲ့ရသည်။ စမ္ပဒဏ်တွင် စာရေးထိုးပါ ကြေးဆင်းတုကိုကား မင်းရင်ဖြူကောင်းမှုဟု ထင်ရှားသော်လည်း နှစ်ကျိပ်ရှစ်ဆူ မဟာကျီရုပ်ရှင်တော်၊ မဟာကျန်လော၊ ရွှေကျန်လော ဆိုသည်ပညတ်ရန် ဆုံးဖြတ်နိုင်ကြစေလိုကြောင်း တင်ပြအပ်ပါသတည်း။

**ရခိုင်မဂ္ဂဇင်း အမှတ် (၇)**
**၁၉၈၃-ခု၊ ဇန်နဝါရီလ**

# ရမ္မာဝတီကျွန်းနှင့် ဓာတ်တော်များ

**အရှင်စက္ကိန္ဒ**

## ဗုဒ္ဓဗျာဒိတ်တော်အရ ဓာတ်တော်ပျံ့နှံ့ခြင်းများ

(၁) အာနန္ဒာကို မိန့်ဆိုစကား၊ ဤသို့ ကြား၏။ ဘုရားငါလွန်၊ နိဗ္ဗာန်စံခါ၊ ငါ့ခန္ဓာမှ၊ များစွာဖြစ်ဓာတ်၊ ရှစ်စရွတ်မှ၊ အမှတ်ပြုသည်၊ နာမရယူ၊ အဆူဆူတို့၊ ငါ့မူဖြစ်ဖူး၊ ရပ်တိုင်းကျူးလျက်၊ ရောင်မြူးကွန့်ဖြန့်၊ တည်လတ္တံ့ဟု၊ ရည်ညွှန်းနိမိတ်၊ ဗျာဒိတ်ပေးပြီး၊ မြေကြီးလျှောင်၊ ပွဲတင်ဟည်း။

(၂) မှတ်သားအပ်ရာ၊ အကြောင်းမှာမူ၊ ဓမ္မသောက၊ ထိုရာဇသည်၊ ပုညပွားပြန့်၊ ဖြစ်စေခန့်လျက်၊ ထိုနှံ့လုံးညီ၊ တည်စေတီမူ၊ သရီရဓာတ်၊ ရှစ်စရွတ်မည်၊ အတည်တည်တည်း။

(၃) ဤပြည်သည်ကား၊ ဘုရားဗျာဒိတ်၊ တံဆိပ်နှင့်လျော်၊ ကိုယ်တော်မှာသည်၊ နာမည်ရဖြစ်၊ ဥရာဇ်တော်မြတ်၊ သင်းချပ်တော်က၊ စသည့်ဓာတ်တော်၊ တောင်ညွှန့်ပေါ်၌၊ ရောင်ဖော်ပြပါ၊ များစွာရှင်လူ၊ ထုယူကိုးကွယ်၊ သပ္ပာယ်လုံးညီ၊ စေတီတည်သည်၊ ဤသည်ပြည်၌၊ မည်မည်ပြားပြား၊ ကျော်ထင်ရှား၏။

**(ရမ်းပြည့်ဝါးကျောင်းဆရာပဏ္ဍိတ် ဥတိန္နလင်္ကာ နိဂုံးမှ)**

## ရမ္မာဝတီ လက်ဝဲဘက် ဓာတ်တော်များ

ဓာတ်တော်ကို ဆိုပေအံ့။ ရမ္မာဝတီလက်ဝဲဘက် မူရင်းတောင်၊ ယင်းတောင် အရှေ့တောင်ထောင့်၊ အုတ်တော်တောင် တွင် မုတ်တော်ဓာတ်၊ ကျောက်ခေါင်းလောင်းတော်တွင် ပခုံးတော်ဓာတ်၊ ဆိပ်ဖူးတောင်တွင် မုတ်ဆိပ်တော်ဓာတ်၊ ဆင်ပုတ် တောင်တွင် ထိပ်တော်ဓာတ်၊ သဲချောင်းတောင်တွင် သဲတော်ဓာတ်၊ လှံဘုံကျောက်တွင် လက်ဖျံတော်ဓာတ်၊ ရေချမ်းကြီးတောင် တွင် ဦးစွန်းတော်ဓာတ်၊ ထိပ်တော်တောင်တွင် ထိပ်တော်ဓာတ်၊ ကျောက်ဆည်တောင်တွင် ကျောက်ဆစ်တော်ဓာတ်၊ ရေမျက် နှာတောင်မှာ မျက်ရစ်တော်ဓာတ်၊ ငရုတ်တောင်တွင် ပရုတ်တော်ဓာတ်၊ စစ်တောပြင်တွင် နှာရောင်တော်ဓာတ် တောင်ထိပ်တွင် တည်လတ္တံ့။

## ရမ္မဝတီ လက်ယာဘက် ဓာတ်တော်များ

ရမ္မာဝတီ လက်ယာဘက်တောင်ဝန်းကား ကံ့ကော်တောင်ဘက် စစ်တောတွင် တောင်မော်ရှိ၏။ ယင်းတောင်တွင်

ကန်ကောက်တော်ဓာတ်၊ ယင်းတောင်အရှေ့ဘက် ကျောင်းသမားတောင်မော်တွင် သလုံးတော်ဓာတ်၊ ယင်းတောင်အရှေ့ဘက် ငှက်ပျောချောင်းတောင်တွင် နှလုံးတော်ဓာတ်၊ ရမ်းပေါက်ချောင်းလက်ယာဘက် ရင်ခေါင်းတော်ဓာတ်၊ ထမ်းချောင်းလက်ယာဘက် တံတောင်တော်ဓာတ်၊ လက်ဝဲဘက်သရက်တောင်တွင် ကုန်းတော်ဓာတ်၊ ကျက်သရေတောင်တွင် တင်ပျဉ်တော်ဓာတ် သင်းပန်းကိုင်း တောင်မော်ထက်တွင် လက်ဖျံတော်ဓာတ် ယင်းတောင်မော် တောင်ဘက် ကြက်ဖတောင်တွင် မျက်ရစ်တော်ဓာတ်၊ တရောင်းချောင်းလက်ဝဲဘက် သရက်တောင်တွင် ဦးတော်ဓာတ်၊ ရမ်းဖြငယ်တောင် ခင်စည်းတွင် နှုတ်ခမ်းတော်ဓာတ်၊ ရမ်းဖြကြီးချောင်းဖျားတွင် ရုံပြည်သုံးပင်ရှိ၏။ လေးတောင်တွင်လည်း ရိုးတော်ဓာတ်၊ ကန်တိုင်းချောင်း လက်ယာဘက် တင်တောင်ထက်တွင် တင်တော်ဓာတ်ရှိ၏။ ချောင်းဖျားအဆုံးတွင် နားမွေးတော်ဓာတ်ရှိ၏။ ရမ္မာဝတီကျွန်းတွင် တည်အံ့ဓာတ်တော်များ ပြီး၏။

## ရမ္မာဝတီကျွန်း

ရမ္မာဝတီချောင်း ကျွန်းနေဟန်ကား ကျောက်ဖြူသည် ဦးခေါင်း၊ အထက်နှုတ်ခမ်း၊ အောက်နှုတ်ခမ်းကား ကျောက်ဆည်၊ လှဲဘုံကျောက်၊ မျက်စိကား ပေါင်းနက်ကြီး ပေါင်းနက်ငယ်၊ နှုတ်သီးကား မူရားစည်(မရစိုင်း) ညောင်ပင်လှ၊ ဦးနှောက်ကား ကြက်သေနဂါး၊ အမောက်ကား ဆိတ်ကျွန်း၊ လျှာကား မြတ်ကျွန်း၊ မုတ်ဆိတ်ကား ကျွန်းခုံလောက်၊ လည်ပင်းကား မင်းရပ်၊ ချက်ကား ကလံကြမ်းတောင်၊ အသည်းကား ပိန္နဲတောင်၊ ရမ္မာဝတီချောင်း၊ ရမ်းဖြကြီးချောင်းကား ဝမ်း၊ တပြချောင်းနှင့် လေးတောင်ကျောက်အုပ် ချောင်းကား အတောင်၊ ရမ်းဖြငယ်ကား ကျောက်ဆစ်၊ တရောင်းတောင်ကား မီးဂေါင်း၊ ကလိန်တောင်နှင့် စက်ကျွန်းကား အခြေ။ (ကျွန်းတည်ပုံသမိုင်းမှ)

ရမ်းဖြ(ပြည့်)ကျွန်းသည် တောင်ဘက်ကို ကျောက်နီမော်၊ မြောက်ဘက်ကို ကျောက်ဖြူမြို့၊ အရှေ့ဘက်ကို ကုလားပုန်း၊ အနောက်ဘက်ကို လောင်းကျိုးအဆုံးဖြင့် ပိုင်းခြားလျက်ရှိသည်။

## ညွှန်ပြချက်

ကျောက်ဖြူ=ယခုကျောက်ဖြူမြို့တည်ရာ ပင်လယ်ကျွန်းဦး၊ ကျောက်ဖြူအရပ်။

ကျောက်ဆည်=မင်းရပ်တိုက်နယ်၊ အဝတောင်စနဲမရောက်မီ။

လှဲဘုံကျောက်=ယခု လှဲဘုံကျောက်ခေါ်သည်။ အဝတောင်နားတွင်ရှိသည်။ မင်းရင်တိုက်နယ်။

ပေါင်းနက်ကြီးငယ်= ကျောက်ဖြူနားရှိ စိုင်ချုံ နဂါးမော် မရောက်မီ ရေပင်လယ်ပြင်ထဲရှိ ကျွန်းပေါ်တွင် တောင်နှစ်လုံးအနီးကပ်၍တည်ရှိသည်။ တစ်လုံးနှင့်တစ်လုံး ရေခြားနေသည်။

မူရားစည်(မရစိုင်း)=အမ်းချောင်းဝတွင်ရှိသည်။

ညောင်ပင်လှ=ယခု ညောင်ပင်လှကျွန်းဟုခေါ်သည်။ ရမ်းပြည့်ကျွန်းတွင် ရှိသည်။

ကြက်သေနဂါး=ရမ်းဖြကျွန်း၊ သိုင်းချောင်းတိုက်နယ်၊ ကြက်တိန်ရွာမှ စိုင်ခြုံတိုက်နယ်၊ ကသပြေသို့ ကျော်ရာဖြစ်သောတောင်တွင် နဂါးရှိသည်ဟူ၏။ ၎င်းနဂါးကို ကြက်သေနဂါးဟုခေါ်သည်။

ဆိတ်ကျွန်း=ကျောက်ဖြူအောက် (ပင်လယ်ဝဲဘက်)အုံးတော၊ ဂုံးချိုနှင့် တစ်ဖက်ကမ်းတွင်တည်ရှိသည်။ ကျွန်းလွတ်ဖြစ်သည်။

မြတ်ကျွန်း=(မင်းရပ်ချောင်း စီးဝင်ရာကျွန်း)=ကျောက်ဖြူအထက် ကုလားပါတောင် အထက်ဘက်တွင် အောက်ဗတဲကျွန်းရှိသည်။ အထက်ဗတဲကျွန်းကား ကုလားပုန်းတောင်နှင့် မြစ်တစ်ဖက်ခြားတွင် ရှိသည်။ ၎င်းနှစ်ကျွန်းလုံး ကျွန်းလွတ်ဖြစ်သည်။

ကျွန်းခုံလောက်(ခွင်ခလောက်)=မြောက်ဘက်သို့ သလုမော်၊ တောင်ဘက်ကို မရစည်းကျွန်း၊ အနောက်ဘက်ကို ကုလားမကျွန်း၊ နောင်တော်တောင်ကြီး အရှေ့ဘက်ကို အမ်းချောင်းအဝ ပိုင်းခြားထားသည်။ သလူမော်အနီးတွင်ဖြစ်သည်။ လူနေတစ်အိမ် နှစ်အိမ်ရှိသည်။

မင်းရပ်=ရမ်းဖြမြို့နယ် ကုလားပါတောင်၏ တောင်ဘက်တွင်ရှိသည်။

ကလံကြင်းတောင်=ရမ်းဖြနှင့် ကျောက်ဖြူမြို့ ကင်းမြစ်ကမ်းတွင် ရှိသည်။

ပိန္နဲတောင်=ကင်းနယ်တွင်ရှိသည်။

တပြချောင်း(မယ်ပျော့ချောင်း)=ရမ်းဖြချောင်းကထွက်သော် လက်ဝဲဘက်သည် မယ်ပျော့မြစ် လက်ယာဘက်သည် သံစစ်မြစ်။

ရမ်းပြည့်ငယ်=ရမ်းဗြဲကျွန်း၊ ဟုန်းချောင်းကမ်းတောင်ဘက်၊ ယာခြမ်းမှာရှိသည်။
တရောင်းတောင်=ရမ်းဗြဲမြို့နယ်၊ သင်းပန်းကိုင်းနယ်၊ တရောင်းချောင်းဝတွင်ရှိသည်။
**မှတ်ချက်၊ ။** ရမ်းဗြဲကျွန်းတွင် ထင်ရှားသော သမိုင်းဝင်ဓာတ (၂၄)ဆူရှိခဲ့သည်ဟု မှတ်တမ်းရှိသည်၊ ဆန်းအကျော် ဦးဇာဂရ ဆရာတော်ထံမှ သခင်ရွှေဆန်းရရှိသော စာရင်းတွင် (၁၆)ဆူသာ တွေ့ရသည်။ (မျက်မှောင်၊ မျက်တောင်၊ နှုတ်ခမ်း၊ ပခုံး၊ လက်သန်း၊ ပါးတော်၊ လက်ရုံး(လက်ဖျံ)၊ ရင်အုံ၊ ညှပ်ရိုး၊ ကန်ကောက်၊ ကျောက်ကုန်း၊ ပရုပ်၊ ဦးကောင်း၊ မုတ်(မုခ်) လည်ရိုး၊ နားမွေးတော်ဓာတ်တို့တည်း) ဖော်ပြပြီး ပေမူဝဲယာတည်ဓာတ်တော်နှင့် ညှိနှိုင်းကြည့်နိုင်၏။

## ဝေးကပူးမျော်

ထိုသို့ဓာတ်တော်တို့ကို ကိုယ်တိုင်ဖူးမြင်ရသည်က ပို၍ကောင်း၏။ မဖူးရောက်နိုင်သူများကား အဝေးကအာရုံယူ၍ ရှိခိုးလေ့ရှိကြောင်း၊ ဓာတ်တော်စဉ်(ကျွန်းစဉ်ပတ်) ဘုရားရှိခိုးက သက်သေခံနေဘိ၏။ ထိုတွင်-

‘ရမ္မာဝတီ၊ ခေါ်ညီတွင်ဆောင်
တောင်တွင်ရမ်းဗြဲ၊ တည်မြဲဓာတ်တော်
နဖူးတော်ဟု၊ ပါးတော်မုတ်တော်

နားမွေးတော်၊ နှာခေါင်းတော်
လိုင်ခြောင်းတော်နှင့်၊ တံတောင်တော်တသီး
စာတီကြီးကို၊ ဝီးကပူဇော်
ဖူးမျှော်ကြည်ဘွယ်၊ အသွယ်သွယ်တည်း’
ဟူ၍စပ်ဆို ရှိခိုးထားချက် ပြုခဲ့ကြသတည်း။
(ရမ်းဗြဲမြို့နယ်၊ ဖြစ်စဉ်သမိုင်း၊ ရမ်းဗြဲမြို့နယ်ကောင်စီ)

# သျှစ်သောင်းဘုရားအနားနှိုက် အန္တော်

**အသျှင်စက္ကိန္ဒ(ရခိုင်မြေ)**

ရခိုင်ပြည်(နယ်)မြောက်ဦးမြို့၌ သမိုင်းဝင် အံတော်သိမ်စေတီတည်ရှိလေသည်။ ထင်ရှားလှသောသျှစ်သောင်းဘုရား စေတီတော်ကြီး၏ မြောက်ဘက်အနီးတွင် ကျရောက်သည်၊ ကျောက်စာ၌ ‘ရှစ်သောင်းဘုရား အနားနှိုက်အန္တော်’ဟူ၍ ရေးထိုးပါ ရှိလေသည်။

အံတော်သိမ်၏တည်ဆောက်ပုံမှာ ရှစ်ထောင့်ချိုးဖြစ်ပြီးလျှင် အထွဋ်မဏ္ဍိုင်ကို စေတီငယ်ရှစ်ဆူရံလျက်ရှိသည်။ လိုဏ်ခေါင်းကြီးတစ်ထပ်၊ အငယ်တစ်ထပ်ပါရှိပြီး လိုဏ်ခေါင်းအတွင်း မုခ်ပလ္လင်ဝယ်ဘုရားများ ဖွဲ့ခွေစမွယ်လျက် ရှိနေသည်။ ကျောက်ဆစ်ကနုတ်ပန်းများဖြင့် ဆန်းကြယ်စွာထုလုပ်ထားရာ လက်ရာပြောင်မြောက်လှသည်။ ဖူးတွေ့မဝ အံ့အဲကြရသည်သာ ဖြစ်၏။ စေတီတော်ကို အလျားအတောင် ၁၇၀၊ အနံအတောင် ၁၂၀ရှည်သော ကုန်းတော်မြင့်တွင် အုတ်တံတိုင်းလေးဘက် ကာရံ၍ တည်းထားလေသည်။ သိမ်တော်စေတီ၏အပြင်ဘက် အရံစေတီများဆိုလျှင် လုံးပတ်အတောင် လေးဆယ်စီ ကြီးလှပြီး ဆယ်တောင်ခန့်မြင့်လေသည်။

## အံတော်နှင့်စေတ်ပြိုင်စေတီ

အံတော်သမိုင်းကို ထောက်ထားရန် စေတီအတွင်းရှိရေးထိုးထားသော ဘုရားဓမ္မခဏ်ကျောက်စာ၊ ထုပိကာမုခ်ချွန်၊ ကမ္ပည်းစာတို့သည် သက်သေပြနေကြပေ၏။ ရခိုင်ရာဇဝင်တို့တွင် ဤစေတီကိုတည်ဆောက်သော ခုနှစ်ကို အထင်အရှား မတွေ့ကြရချေ။ သျှစ်သောင်းဘုရားပုထိုးတော်ကြီးခေါ် ရန်အောင်ဇေယျသိမ်တော်ကြီးနှင့် ခေတ်ပြိုင်ဖြစ်ရာ ထိုပုထိုးတော်ကြီး တည်ပြီးနောက်တွင် တည်ခဲ့သည်မှာ ထင်ရှားနေ၏။ သျှစ်သောင်းပုထိုးတော်ကြီး ဒါယကာမှာ ဘုရင်မင်းပင် (ကောဇာ ၈၉၃-၉၁၅)ဖြစ်၏။ ကောဇာ ၈၉၇ခုနှစ်တွင် အနောက်ဘင်္ဂါကို စစ်ချီသိမ်းပိုက်အောင်မြင်တော်မူသဖြင့် အထိမ်းအမှတ်အဖြစ် တည်ထားခြင်းဖြစ်၍ ရန်အောင်ဇေယျသိမ်တော်ကြီးဟူ၍ သမုတ်ခဲ့လေသည်။

အံတော်သိမ်စေတီ၏ဒါယကာမှာလည်း မင်းပင်ဘုရင်ဖြစ်ကြောင်း ထင်ရှားပေသည်။ ဤသိမ်တော်စေတီ၏အတွင်း

ထပ် ဗဟိုမဏ္ဍိုင်တည့်တည့်တွင် အံတော်ဓာတ်ကိန်းဝပ်ခဲ့လေသည်။ အံတော်ကို ဌာပနာ၍ တည်ထားခဲ့ခြင်းဖြစ်သောကြောင့် အံတော်စေတီဟုခေါ်တွင်လာရသည်။ စေတီနှင့်တစ်ဆက်တည်း အရှေ့ဘက်တွင် သိမ်တန်ဆောင်းတစ်ခုပါရှိသဖြင့် အံတော်သိမ်ဟူ၍ တစ်ပေါင်းတည်းမှည့်ခေါ်လာကြခြင်းလည်း ဖြစ်လေသည်။

## အံတော်ဒါယကာ မင်းပင်

အံတော်သိမ်စေတီ ဒါယကာ မင်းပင်သည် သံတွဲမြို့စား (မင်းသားကြီး)အဖြစ်ဖြင့် နေခဲ့ရစဉ်က သံတွဲမြို့၌ ထင်ရှားလှသော အံတော်၊ နံတော်၊ ဆံတော်စေတီသုံးဆူကို ပြုပြင်မွမ်းမံခဲ့ရလေသည်။ မင်းပင်မတိုင်မီ အမတ်ကြီး ဓမ္မသူရ၊ သံတွဲမင်းညို၊ မင်းစက်ချုပ်တို့လည်း အကြိမ်ကြိမ်မွမ်းမံခဲ့ကြဖူးပေပြီ။ ၎င်းမင်းပင် မွမ်းမံစဉ်က ကောင်းမှုရှင်၏ ကမ္ပည်းမှတ်တမ်းတစ်ခုကိုလည်း ရေးထိုးခဲ့လေသည်။ ထိုကမ္ပည်းဆိုလျှင် နှစ်ပေအမြင့်ရှိ ကျောက်ဆင်းတုရ၏ဓမ္မခဏ်တွင် ပါရှိသည်။ ယခုထိ ထိုဆင်းတုတော်ကို အံတော်သိမ်စေတီ၌ သက်သေခံအဖြစ် တွေ့နိုင်သေးသည်။ ထို့အပြင် သံတွဲမှ အရှင်တေဇောရသနှင့် မြောက်ဦးမြို့ မြောက်တန်ဆောင်းဆရာတော် ဓမ္မဝိလာသဆရာတော်ပါ သံဃာ ၄၀တို့ သီဟိုဠ်သို့ကြွစဉ်ကပင် ပင့်ဆောင်ခဲ့ကြသော ဓာတ်တော်များကိုလည်း ဌာပနာထည့်သွင်းခဲ့ကြသည်ဆို၏။

ထို့နောက် မင်းပင်ကြီးသည် မြောက်ဦးမြို့ကို သိမ်းပိုက်၍ထီးနန်းကို ဆက်ခံမှုပြုလာခဲ့ရသည်။ မိမိဘုရင်ဖြစ်သောကာလတွင် အံတော်မြတ်ကို ကိုးကွယ်လိုရကား သားငယ် မင်းဖလောင်းကို ပင့်စေသည်။ သံတွဲမှပင့်ဆောင်ပြီး ကြွရောက်လျှင် နန်းဦး၌ခေတ္တကိုးကါယ်ပူဇော်ခဲ့ပေသည်။ မင်းသားကြီးဘဝက မိမိသံတွဲတွင် ပြုပြင်မွမ်းမံစဉ် ကမ္ပည်းထိုးလှူခဲ့သော ဆင်းတုတော်အပါအဝင် လက်ရာမြောက်လှသော ကျောက်ညိုဆင်းတုတော်ဆူရေ အများလည်း ပင့်ဆောင်လာခဲ့လေသည်။ ထိုအံတော်ဓာတ်ကား နန်းဦး၌ရောင်ခြည်ကွန့်မြူးခြင်း စသော တန်ခိုးတော်ကို ထင်ရှားပြသ, ဖူးတွေ့ရသောကြောင့် သားတော် မင်းဖလောင်းအား စီမံစေ၍ စေတီတည်ထားဌာပနာပြုခဲ့ရလေသည်ဆို၏။ ထိုကစ၍ ရခိုင်မင်းအဆက်ဆက်တိုင် အလေးထား၍ ဂရုတစိုက်ကိုးကွယ်လာခဲ့ကြလေသည်။

## ထောက်ထားနှိုင်းယှဉ်ချက်ပြုရာများ

အံတော်သိမ်၌တွေ့ရသော ဆင်းတုတော်၏ဓမ္မခဏ်စာတွင် ရခိုင်အသံထွက်ဖြင့် 'ဆန္ဒော်၊ အန္ဒော်'ဟု ရေးထိုးထားပေ၏။ မင်းသားကြီးလှူသည်ဟု ဖော်ပြထားရာ အိမ်ရှေ့မင်းသား သံတွဲမြို့စား (မင်းပင်) လှူသည်မှာ ထင်ရှားနေ၏။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ထိုဆင်းတုတော်မှာ ဖျက်ဆီးခြင်းခံခဲ့ရသည်။ ထိုကြောင့် ခါးမှအထက်သို့ တစ်ပိုင်း၊ အောက်သို့တစ်ပိုင်းဖြင့် နှစ်ပိုင်းပြတ်ကျိုးသွားလေသည်။ သက္ကရာဇ်ပါသော လက်ယာဘက် ဒူးစွန်းအောက်ဓမ္မခဏ်တော်လည်း တစ်ဖဲ့ပဲ့ပါသွားခြင်း ခံရလေသည်။ ဘုရားကို ဆက်စပ်၍ မွမ်းမံထားသော်လည်း ပဲ့ကျသွားသောနေရာတွင် (၆)ဇသတ်တစ်လုံး ပျက်စီးပါသွားခဲ့လေသေး၏။ (သကြ)ကား ကျန်ရစ်၍ သကြဇ်ဖြစ်ရမည်ဟု ခန့်မှန်းဖတ်ယူနိုင်လေသည်။ ကျောက်စာလည်း အနည်းငယ် ပျက်စီးနေပေ၏။

## အံတော်သိမ် ဆင်းတုတော်ကျောက်စာ

ထိုဆင်းတုတော်ကျောက်စာကို ယခုအက္ခရာဖြင့် ဖလှယ်၍ ဖတ်ရှုရလျှင် ဤသို့ဖြစ်၏။ 'သက္ကရာဇ် စစ၃ခု တန်ခူး လပြည့်နေ့တွင် အန္ဒော်၊ ဆန္ဒော်ပ. . . ၏။ သျှင်ကောင်းမှုပြီး၏။ မင်းသားကြီးလှူသည့် ၄နေ့ကား ဗုဒ္ဓဟူးနေ့ကို အကျဉ်းရေးထိုးခြင်းဖြစ်ချေ၏။ အန္ဒော်၊ ဆန္ဒော်ကား အံတော်၊ ဆံတော်ဓာတ်ကိုဆိုလိုခြင်းတည်း။ အသံထွက်အတိုင်း ရေးထိုးခဲ့ရာဖြစ်ပေ၏။ (ပ)အက္ခရာတစ်လုံး နောက်စာအနည်းငယ်ပျက်စီးနေသဖြင့် ဤသို့အပေါက်အစက်ဖြင့် ဖော်ပြလိုက်ရခြင်းသာ ဖြစ်ပါ၏။ ဤကျောက်စာအရ သက္ကရာဇ် စစ၃ခုနှစ်တွင် သံတွဲမြို့၌ စေတီကို မွမ်းမံပြင်ဆင်ခြင်းကာလ ထိုဆင်းတုတော်ကို ဌာပနာထည့်ခဲ့ကြောင်း ထင်ရှားလှ၏။ ထို့ပြင် ဆံတော်၊ အံတော်အစရှိသော စေတီတို့ကို ထပ်မံပြုပြင်ကြောင်းကိုလည်းကောင်း၊ မင်းသားကြီး (အိမ်ရှေ့စံ)မြို့စားဘဝက အလှူပြုကြောင်းကိုလည်းကောင်း၊ ကျောက်စာသဘောကို တွေးယူရရှိပေ၏။

## မင်းရာဇာကြီးလယ်မြေလှူကမ္ပည်းကျောက်စာ

ဘဝရှင်မင်းတရားကြီးသည် သံတွဲမြို့ အံတော်စေတီမှ တစ်ဖန် ပင့်ဆောင်ပြီး မြောက်ဦးမြို့၌ စေတီထည်ထားကိုးကွယ်ခဲ့ကြောင်းကို ထင်ရှားစေသည်ကား လယ်မြေလှူ ကမ္ပည်းကျောက်စာပင်တည်း။ ထိုကျောက်စာ အလှူရှင်မင်းရာဇာကြီး (ကောဇာ ၉၅၅-၉၇၄)လက်ထက် ရေးထိုးခဲ့ခြင်းဖြစ်၏။ အံတော်သိမ်စေတီ၏ ဗဟိုမုခ်ဝအထက်တည့်တည့်၌ စုလစ်မွန်းချွန်

တစ်ခုတွင် ထိုစာရေးထိုးထား၏။ ယခု နန်းရာကုန်းပြတိုက် (မြောက်ဦး)တွင် ရှိနေ၏။ စာငါးကြောင်းပါရှိရာ အတော်အတတန် ပြေပျက်နေပြီး စာနှစ်ကြောင်းကျော်သာလျှင် ဖတ်ရှုနိုင်၏။ သို့သော် မင်ကူးမှုနှင့် တိုက်ဆိုင်ဖတ်ရန် လိုအပ်ပေသည်။ ကောဇာ ၁၂၉၉ ခုနှစ်တွင် ရေးကူးထားသော မင်ကူးမှုရှိပေသည်။ ယခုအတိုင်းဆိုလျှင် ဖတ်ရှုရန်သော်လည်းကောင်း အတော်ပင် ခက်ခဲနေပြီဖြစ်၏။

မင်ကူးအကူအညီဖြင့် ဖတ်ရှုရာတွင်လည်း ခုနှစ်သက္ကရာဇ်ကို ၉၅၈ခုနှစ်ဟူ၍လည်းကောင်း၊ ၉၈၅ခုနှစ်ဟူ၍လည်း ကောင်း၊ ထင်မှတ်ယူဆရသဖြင့် နှစ်မျိုးဖတ်ယူနေကြ၏။ ၉၅၈ခုနှစ်ဆိုလျှင် မင်းရာဇာကြီးလက်ထက်ဖြစ်၍၊ ၉၈၅ခုနှစ်ဆိုလျှင် မင်းဟရိ လက်ထက်ဖြစ်ပေ၏။ မင်းဟရိကား မင်းခမောင်း၏သား မင်းရာဇာကြီး၏မြေးတည်း။ ကောဇာ ၉၈၄မှ ၁၀၀၀ ထီးနန်းသက်ရှည်ခဲ့၏။ ဤကျောက်စာအရ အံတော်သိမ်စေတီ၏တည်နေရာနှင့် လယ်မြေလှူသော ခုနှစ်သက္ကရာဇ်၊ နေ့ရက်၊ အချိန်ကို တိကျစွာ သိရပေသည်။ ကျောက်စာမူရင်းကို သက္ကရာဇ် အယူအဆကွဲပြားခြင်းမှအပ၊ ဖတ်၍ရသလောက် အက္ခရာဖြင့် ဖလှယ်၍ ဤသို့ဖော်ပြရပေ၏။

'သက္ကရာဇ် ၉၅၈ခု၊ တပိုတွဲလဆန်း ၁၁ရက် ဗုဒ္ဓဟူးနေ့ တက်နေတပ ဝါ အချိန်တွင် သျှစ်သောင်းဘုရား အနားနှိုက်၊ အနွှေ်တွင် လယ်ကိုလှုသေ'

ဤကျောက်စာကို လေ့လာခြင်းဖြင့် သျှစ်သောင်းဘုရားဟူ၍ ရေးထိုးခြင်းမှာ ရန်အောင်ဇေယျသိမ်ကိုပင် ခေါ်ဆို ကြောင်း ထင်ရှား၏။ တပဝါဟူသည်ကား လေးပုံတစ်ပုံအချိန်ပင်ဖြစ်၏။ ဗုဒ္ဓဟူးနေ့ကို ပုတဟူနီဟူ၍လည်းကောင်း၊ လှူသည် ကို လှူသေဟူ၍လည်းကောင်း၊ ရေးထိုးထားခြင်းများမှာ ရခိုင်တို့ယခုတိုင် သုံးနေကျ ရခိုင်အသံထွက် ဝေါဟာရများပင် ဖြစ်နေပေ၏။ နံနက်ပိုင်း၏လေးပုံတစ်ပုံကို တပဝါ၊ 'တပွါ'ဟုဆို၏။ ယခုထိ ရခိုင်တို့တွင် မိုးထသုံးပိုရ်ခတ်၊ ညနေသုံးပိုရ်ခတ်ဟု အသုံးပြုရှိနေသေး၏။ နံနက်မွန်းမတည့်မီအချိန်တည်း။ တပို့တွဲလဖြစ်၍ နေထွက်နောက်ကျသည့်အချိန်ဖြစ်သဖြင့် နေထွက် စက်နာရီ ၈ချက်တီးကျော်ခန့် ကာလကျရောက်၏။ တပဝါ၊ တပွါဟူသော ဝေါဟာရကို ချိန်တွယ်ရာ၌ဖြစ်စေ၊ လယ်မြေတိုင်း တာရာ၌ဖြစ်စေ၊ ယခုထိ အသုံးပြုနေကြသေး၏။ ရခိုင်တို့သည် 'ည်'ကြီးသတ်ကို အေ-အေး အသံထွက်ကြောင်း၊ 'ဥ်'လေးသတ် ကို အိုင်သံ၊ အေ-အေးသံထွက်ရကြောင်း။ 'လှူသေ၊ တက်စားပီးသော ဓိုးသေကား။ အဥ်မတော်ဟူသော ရှေးခေတ်ရခိုင်ရေးထုံး က သက်သေခံနေ၏။

ဖော်ပြပါကျောက်စာတို့ကို ထောက်ထားလျက် အံတော်စေတီသည် မင်းပင်ကြီးလက်ထက် သားတော်မင်းဖလောင်း က စီမံဦးစီး၍ တည်ထားခဲ့ကြောင်း ထင်ရှားသည်။ မဟာရာဇဝင်ကြီးကလည်း ဘဝရှင်မင်းဖလောင်းကြီးနှင့် ပေါ်တူဂီတို့ တည်ခဲ့ကြောင်း ပြဆိုထား၏။ မင်းဖလောင်းကား ကောဇာ ၉၃၃မှ ၉၅၅ထိ ထီးနန်းဆက်ခံခဲ့ရပေသေး၏။

## အံတော်တိုက်နှင့် ကိန်းဝပ်ရာဌာနများ

ဖော်ပြပါ အံတော်သည် မင်းမဲ့ ထီးကျိုးစည်ပေါက်၍ အင်္ဂလိပ်လက်အောက်အရောက်တွင် အံတော်သိမ်မှ ဖောက်ထွင်း ခံခဲ့ရလေသည်။ သို့သော် ကံကောင်းထောက်မ၍ ဘုရားပေါ်ကျောင်းဟောင်း လေပေါ်ဆရာတော်၊ ထိုမှတဆင့် ကုလားတန်နေပူခံဆရာတော်၊ ထိုမှပြန်၍ ဘုရားပေါ်ကျောင်းဟောင်း တောက်ဆုံဆရာတော်တို့ထံ ရောက်ရှိခဲ့ရသည်။ ထိုက လောကမာန်အောင်ဘုရား၊ ဘုံကျောင်းတို့၌ ကိန်းဝပ်ခဲ့ရသည်။ ဟာရီတောင် အံတော်တိုက်တွင်လည်း ရွှေ့ပြောင်းစံနေခဲ့လေ သေးသည်။ အနှစ်နှစ်အကြိမ်ကြိမ် အံတော်ပွဲကို ခြိမ့်ခြိမ့်သဲ ကျင်းပခဲ့ကြပေဖူး၏။ အံတော်ဖွင့်ပွဲမှာ ကောဇာ ၁၂၆၃ခုနှစ်မှ ယခုတိုင်ရှည်ကြာလာခဲ့ပြီဖြစ်၏။ သို့သော် အံတော်မှာမူ ယခုအခါတွင် မြောက်ဦးမြို့ ဗန္ဓုလကျောင်းတိုက်တွင် ကိန်းဝပ်လျက် ရှိနေဆဲပင်ဖြစ်သည်။ ကောဇာ (   ) ခုနှစ်ကပင် ကြွရောက်နေခြင်းဖြစ်၏။

အံတော်မြတ်ကား အရွှေ့အပြောင်း အကြွအမြန်းများခဲ့ပေပြီ။ သို့သော် အံတော်နှင့်ဆိုင်ရာ ကိန်းဝပ်ဖူးသော စေတီ အံတော်တိုက်များကား သမိုင်းကို ပြောပြလျက်ပင် ရှိနေပေသေး၏။ မြောက်ဦးမြို့၌ အံတော်စေတီသည်လည်းကောင်း၊ ဘုရားပေါ်လေသာကျောင်းသည်လည်းကောင်း၊ ဟာရီတောင် အံတော်တိုက်သည်လည်းကောင်း၊ အထင်အရှားသက်သေခံ နေရာများ ဖြစ်ကြောင်း သက်သေခံစရာအဖြစ် ထင်ရှားနေပေသတည်း။

**မြဝတီ မဂ္ဂဇင်း**
**အတွဲ ၃၄၊ အမှတ် ၁၂၊**
**အောက်တိုဘာလ**

# ဝရာဇ်တောင် စေတီကဗျာများ

**အသျှင်စက္ကိန္ဒ(ရခိုင်မြေ)**

ရခိုင်ကဗျာပန်းများသည် ရခိုင်ဒေသအနှံ့အပြား ပြန့်ကြဲမွှေးကြိုင်နေတုန်းပင် ရှိသေး၏။ ကဗျာတိုထွာများကအစ ကဗျာရှည်အထိ အကြောင်းအရာအစုံကို ဖွဲ့ဆိုထားချက်တွေ့နိုင်၏။ ကာလရှည်လျားလာသည့်အလျောက် တစ်ရပ်တစ်ကျေး ကွာဝေး သီဆိုနေကြသည်များလည်း ရှိပေ၏။ ဝရာဇ်တောင်စေတီမြတ်သည် ကုလားတန်ကမ်းခြေတွင် တည်ရှိရကား အဝေး အနီးမှ ဖူးမြင်ရသဖြင့် လူသိရှင်ကြား ကျော်စောလှသည်။ ထင်ရှားသည့်အတိုင်းလည်း ဖြစ်ပေရာသည်။ ထိုစေတီဖွဲ့ကဗျာသည် ခရီးတာရှည် နှစ်ကြာလာခဲ့ရသည့် ဓမ္မတာအရအဆိုများမှာလည်း အမျိုးမျိုးကွဲပြားလာခဲ့ရလေသည်။ ပင်မကဗျာကား တစ်ခုတည်း၊ သို့မဟုတ် နှစ်ခုခန့်သာ ရှိပေရာ၏။ယခုကား မူကွဲမနည်းတော့ပြီ။ စာရေးသူ စုဆောင်းဖော်ပြခဲ့ပြီးသော 'ရခိုင်သဘာဝ တေးကဗျာများ' စာအုပ်တွင်လည်း မူကွဲများရှိပေ၏။ ယခုတစ်ဖန် အခါအားလျော်စွာ ရရှိစုစည်းမိသည့် မူကွဲများကို တင်ပြရန် အခွင့်ရလာ၏။ အလားတူရှာဖွေစုစည်းဖော်ထုတ်တင်ပြနိုင်ကြပါစေဟုလည်း ဆန္ဒပြုရပေ၏။ မိမိ၏စုစည်းရသမျှ ကဗျာမူကွဲ (၆)ပုဒ်ကို ညှိနှိုင်းသုတ်သင်တိုက်ဆိုင်လေ့လာ၍ အမှန်မူစစ်သို့ ရောက်ရှိနိုင်ကြပါစေရန် မျှော်လင့်ရခြင်းဖြစ်ပါသည်။

(၁)

ဝရာဇ်တောင် စာတီလုံးပတ်ညီ
လုံးညီပွတ်တိုက် အဖျားစွန်မှာ
ရွှီခြည်ရစ်လို့
ဦးမနားမှာ ဝတ်လို့ပါကေ နားမှာတွဲလွဲ
မြလေးချိန်ကေ စိန်တလင်းမှာ ကျလို့ကွဲရေ
မိကိုယ်ကို မိကိုပီးလည်း
မိလည်းတိုင်တိုင် ထွီးစမွယ်
စိန်နားတောင်းကို မဆက်နိုင်
ဖကိုယ်ကို ဖ,ကိုပီးလည်း
ဖ,လည်းကိုယ်တိုင် ထွီးစမွယ်
ဖန်နားတောင်းကို မဆက်နိုင်
အသူဆက်ကေ မြလိမ့်မယ်
အမိမှာမောင်ကြီး အခင်ကြီးကေ
ဝရီးဆက် မြလိမ့်မေလေ။

(၂)

ကျောက်စရစ်ကေ ဖြစ်သျှေမှုံချွန်း
စာနှင့်ပျော် သိန်းခိုကျွန်းက
တရာ့ငါးဆယ် ပီးလို့ဝယ်
စိန်ခြယ်ရောင်ကောင်း မြနားတောင်း
ဝရာဇ်တောင်စာတီ လုံးပတ်ညီ
လုံးညီပွတ်တိုက် အဖျားသျှေမှာ ရွှီခြည်ရစ်လို့
သျှင်ချစ်ကေဘုရား ဆယ့်ငါးပါး
ဖူးစောင်လားခါ အထင်သီလေ
ဦးဝီနားမှာ ဝတ်လို့ပါကေ
နားမှာမမြ ဂူထဲဝင်ကေ
သျှင်ပင်ရှိမှာ ကျလို့ကွဲကေ
မိ,ကိုယ်ကို မိကိုယ်ပီးလည်း
မိ,လည်းကိုယ်တိုင် မဆက်နိုင်
ဖ,ကိုယ်ကို ဖ,ကိုပီးလည်း
ဖ,လည်းကိုယ်တိုင် မဆက်နိုင်

ရမ်းပြည်းယေပန်းထိမ် ဆက်မမှီ
သံထောင်ယေပန်ဖဲ ဆက်မမြဲ
သင်္ဂဇာဟု မတ်ရာယူကေ ထွီးဖြူဆက်တတ်
ဒွိသမ္ဘိန်လေ မေနားကပ်ကို
အစသတ်ကေ ဝတ်ရရေလေ။

(၃)

ဝရာဇ်တောင်စာတီ လုံးပွတ်ညီ
လုံးညီပွတ်တိုက် အဖျားသျှေမှာ ရှိခြည်ရစ်လို့
သျှင်ချစ်ကေ ဘုရား တဆယ့်ငါးပါး
ဖူးစောင်လားခါ မောင်မပါ
မေသာကိုယ်ချည်း လွမ်းစာတီကို
မဖူးဝံ့ကေ တိုးတွန့်ရေလေ။

(၄)

ဝရာဇ်တောင်စေတီ လုံးပတ်ညီ
လုံးညီထွတ်ထွတ် အဖျားသျှေမှာ ရှိခဲရစ်လို့
သျှင်ချစ်ကေဘုရား မြတ်နှစ်ပါးကို ဖူးစောင်လားခါ
မြနားဗီ စိန်နားတောင်း ကျဗျာယ်ကွဲကေ
မိကိုယ်ကို မိကိုယ်သံဒါ
မြနားဗီ စိန်နားတောင်းကို မဆက်ပါ
အသူဆက်ကေ ဝတ်ရမေ
အမိမောင်ကြီး အခင်ကြီးသား
မြောက်သားဆက်ကေ ဝတ်ရမေလေ။

(၅)

ဝရာဇ်တောင်စာတီ လုံးပတ်ညီ
လုံးညီပတ်ရစ် အဖျားသျှေမှာ ရှိဝါကွပ်လို့
ဇနီဇာခါ ဖူးပါရမေ
သခွားပွင့်တုံ ဖရုံပွင့်သစ်
နှင်းစိုစိုကေ ပြာသိုလမှာ ဖူးခလိုက်
မဖူးကေဝါ ဖူးကေဝါ
ဗောဓိပင်အောက် နှင်းရေသောက်
မြီဟောက်ကေ မောင်ယေ ကိုက်လိမ့်မေလေ
ကိုက်လိမ့်မေ။

(၆)

ဝရာဇ်တောင်စာတီ
လုံးပတ်ညီကို ဖူးစောင်းလားခါ
မြနားတောင်းသွယ်သွယ် စိန်နားတောင်းလိပ်လက်
နားမှာမမြဲ ရှိကျောက်ဖျာ
အံစာထဲမှာ ကျဗျာယ်ကွဲ
သုံးဖြာလည်းစိပ် သုံးတန်လည်းကွဲ မမြဲပါလို
မြနားဗီ စိန်နားတောင်းကို
ဖတ်ပျာယ်ငို မိကိုပီးလည်း (လ) မဆက်နိုင်
ဖ ,ကိုပီးလည်း ဖ,လည်းကိုယ်တိုင်
မြနားဗီ စိန်နားတောင်းကို မဆက်နိုင်

အရီးသျှင်သား ဝါးခယင် ကိုယ်ခင်ပါး
မြောက်သားပန်းထိမ် ဆက်မေဆို
ဇာနှစ် ဇာလ ဝတ်ရမေလေ
အချိန်တန် သကြံန်လမှာ
ဝတ်ရမေ လေ။
အံဇာ=အံခွက်၊ ချိုင့်ခွက်။
အန်ဇာ=ကြွေသံအသီးကဲ့သို့ သဏ္ဌာန်ပုံဟန် အဝိုင်းအကွက်
(ဒွါရာခါးကြိုး၊ နှစ်ဖက်ပေါ်ကေ-အံဇာထိုးလို့)
(ရွှီပန်းတူ ကဗျာမှ)

ဦးရာဇ်မြေ မဂ္ဂဇင်း (၁)
၁၉၈၄၊ နိုဝင်ဘာလ။

# ဘူးသီးတောင်မြို့နယ် သုံးဆယ့်တစ်ဘုံ ရှုပ်စုံစေတီ

နတ်မြစ်–မာဃ

စံကိုးတောင်ရွာသည် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့မှ တောင်ဘက်(၈)မိုင်ခန့်အကွာတွင် တည်ရှိသည်။ သည်ကန် (သေကန်) တိုက်နယ်တွင် ပါဝင်ပြီး ပြုစုကျွန်းလည်းဖြစ်သည်။ ထိုရွာတွင် နောက်သမိုင်းတွင်လတ္တံ့သော ဦးကျော်ခိုင်ဆိုသော သူကို ကောဇာသက္ကရာဇ် ၁၁၉၁ခုနှစ်တွင် မွေးဖွားခဲ့လေသည်။ ၎င်းသည် လယ်မြေများကို ပြုစုပျိုးထောင်၍ ကြီးပွားလာခဲ့ ရပေသည်။ ငွေကြေးဥစ္စာ စီးပွားတိုးတက်သူဖြစ်၍ လယ်မြေအမြောက်အမြားကိုလည်း ပိုင်စိုးနိုင်ခဲ့လေသည်။ ထို့ကြောင့် ၎င်းအား မြေပိုင်ရှင် ပြုစုကောင်းဟူ၍ သတ်မှတ်တွင်ခေါ်လေသည်။ ဦးကျော်ခိုင်၌ သမီးငါးဦး၊ သားငါးဦးတို့ကို ဖြစ်ထွန်းခဲ့ပေ သည်။

၎င်းသည် ကုသိုလ်ကောင်းမှု၌ အထုံဝသီပါရမီရှိသည့်အလျောက် အလှူဒါနပြုခြင်း၊ ဘုရားစေတီပုထိုးတည်ထားခြင်း တို့ဖြင့် မရောင့်ရဲနိုင်ကြလေ။ ထို့ပြင် လောကီစည်းစိမ် ဂုဏ်ရှိန်ကိုလည်း အပြစ်မြင်လာခဲ့သဖြင့် စက်ဆုတ်ခဲ့ကာ ငြီးငွေ့မှု ဖြစ်လာလေသည်။ ထို့ကြောင့် သားသမီးများ ကြီးပြင်းလာသောအခါ အမွေအနှစ်တို့ကို ခွဲဝေပေးပြီး အိမ်ထောင်တာဝန်ကိုပါ စွန့်လွှတ်လိုက်လေသည်။ မိမိမှာတမူကား၊ လူဝတ်ကြောင်ကို ပယ်ရှားလျက် အဝတ်ဖြူဖြင့်သာ သူတော်ကောင်းစရိုက်သီလဖြင့် ပျော်မွေ့ပိုက်ကာ တစ်ကိုယ်တည်း နေလာခဲ့လေသည်။ အိမ်ထောင်ဖယ်ရှား၍ နိက္ခမလမ်းစဉ်ကိုလိုက်လျက် မဂ်ခရီးကို ထွင်ကာ သံသရာမှလွတ်မြောက်ရန် ကြိုးစားသွားခဲ့လေသည်။ အသက်၁၀၃(တစ်ရာ့သုံး)နှစ်ရှည်ခဲ့ပြီး ကောဇာ ၁၂၉၄ခုနှစ်တွင် ကွယ်လွန်ခဲ့လေသည်။ ထိုပုဂ္ဂိုလ်သေခဲ့သော်လည်း ၎င်း၏နာမည်ကား မသေသေးဘဲ လှိုင်သင်းကြိုင်မွှေးလျက်သာတည်း။

ဖိုးတော်(ဘေးတော်)ဖြစ်သော ဦးကျော်ခိုင်ကို မြစ်ဖြစ်သူ ကြောင်ဘိုဆရာတော် ခေါ် ရေစိုးချောင်းဘုန်းတော်ကြီး ဦးအာဒိစ္စဝံသက ရတု၊ တြိချိုး၊ တေးထပ်စသည်တို့ဖြင့် တစ်နည်း၊ သံပေါက်ဖြင့်တစ်သွယ်၊ မှတ်တမ်းတင်ရေးစပ်ခဲ့လေသည်။ ၎င်း၏ရေးစပ်ချက် တေးထပ်၌ ဦးကျော်ခိုင်အကြောင်းကို သိရ၏။

'ဂုဏ်တေဇာ၊ ကြိုင်သင်းလို့
ဝေးသတရက်ကြေညာ၊ ပြုစုမင်းစေတနာ ရမ်း၊ ကုသိုလ်မှာကျော်မိုး
နိဗ္ဗာန်ကျိုး၊ မြတ်နိုးသန်တယ်၊ ကိုယ်ပိုင်ဉာဏ်ပြည့်တဲ့လူမျိုး၊
မြတ်တနိုးသီလဂုဏ်မှာ၊ ကြည့်ယုံကာဆင့်တိုး
မင်ဖိုသာ ရိက္ခာပျိုးပြီးတော့၊ တဆင့်တိုးဉာဏ်လှာ
ရုပ်နာမ်မှာစိတ်ဝင်စား၊ နေ့မခြား ပွားများ ဘာဝနာ

မြတ်ပုညကြိယာကို၊ နေ့မခြာ အားထားလို့
မြနိစ္စကုသိုလ်တွင်၊ နေညဆင်ခြင်
သင်္ခတနယ်တစ်ခွင်မှာ၊ ပြုစုရှင် ညည်းငွေ့တဲ့လေး။

၎င်းအသက်ရှိစဉ် လုပ်ဆောင်ခဲ့သော ကောင်းမှုလက်ရာများကား ယခုတိုင်တည်ရှိနေသေး၏။ ရခိုင်ပြည်နယ်၏ကျက်သရေကိုလည်း ဆောင်နေ၏။ မိမိ၏စံကိုးထောင်ပြုစုရာတွင် တည်ထားခဲ့သဖြင့် 'စံကိုးထောင်စေတီဟုလည်းကောင်း၊ သုံးဆယ့်တစ်ဘုံ ရုပ်စုံစေတီ'ဟုလည်းကောင်း၊ အမည်နာမထင်ရှား၏။ ဘူးသီးတောင်သင်္ဘော်ဖြင့် စီးသွားလျှင် အဝေးကပင် အထင်ကရမြင်နိုင်ပေ၏။ ရခိုင်လူချမ်းသာများ ဆောင်ရွက်ခဲ့ကြသည့် နှောင်းခေတ်လက်ရာများတွင် အကြီးဆုံးအဆောက်အအုံမှာ ထိုခေတ်က ငါးသိန်းခန့် ကုန်ကျခဲ့ရသည်ဆို၏။

ဤစေတီတည်ဆောက်မှုသည် သာမညလွယ်ကူသော အလုပ်မဟုတ်ပေ။ ငွေကြေးအင်အားတစ်ခုတည်းနှင့် မပြီးမြောက်နိုင်ပါ။ တည်ဆောက်မှုဆိုင်ရာ ကျွမ်းကျင်မှုလည်း လိုအပ်ပေသည်။ ထို့ကြောင့် ပထမအစတွင် အခက်အခဲကြုံခဲ့ရသည်။ စေတီတော်ကို မည်သို့ပုံသဏ္ဌာန်ဖြင့် တည်ရမည်ကိုပင် အကြံမရနိုင်ဖြစ်ခဲ့သည့်အတိုင်း လုပ်ငန်းလည်း စဆောင်ရွက်နိုင်ခြင်း မရှိခဲ့လေ။

တည်ဆောက်မှုဆိုင်ရာ ဗိသုကာလည်း အားကိုးစလောက် မရှိဖြစ်ခဲ့ရ၍ စိတ်ပင်ပန်းကြီးစွာ ဖြစ်ခဲ့ရသည်။ စိတ်လက်မချမ်းသာဖြစ်ခဲ့သောကြောင့် ကိုယ်ခန္ဓာလည်း ပိန်ကြုံချည့်နဲ့ခဲ့ရသည်။ ထိုနောက် ကံအားအလျောက် ကူညီသူပေါ်လာခဲ့ရလေသည်။ တစ်နေ့သ၌ အိပ်ပျော်သွားစဉ် အိပ်မက်တွင် စေတီပုံကို အထင်းသားမြင်လာခဲ့သည်ဆို၏။ ထိုပုံတော်ကို မြင်ရလျှင် အလွန်ဝမ်းမြောက်ဝမ်းသာတက်ကြွမှု ဖြစ်လာခဲ့ရသည်။ ထို့ကြောင့် အိပ်မက်အရထင်လာသော ပုံအတိုင်း ချက်ချင်းတည်ဆောက်ရန် စီစဉ်လေသည်။ တည်ဆောက်မှုကိုလည်း ကိုယ်တိုင်ပင် ဦးစီးကွပ်ကဲညွှန်ပြလျက် ဆောင်ရွက်ခဲ့သည်။

ထိုစေတီကို မိမိတစ်ဦးတည်း ဒါယကာပြု၍ ကောဇာသက္ကရာဇ် ၁၂၆၈ခုနှစ် နတ်တော်လ (၎င်းအသက် ၇၇နှစ်)တွင် တည်ဆောက်ခဲ့လေသည်။ စေတီတော်မှာ လေးထောင့်ချိုးသဏ္ဌာန်ဖြစ်ပြီး၊ အာလိန်ငါးဆင့်နှင့်တကွ ဘုံအဆင့်သုံးဆယ့်တစ်ဆင့် ပါသည်။ ဘုံသုံးဆယ့်တစ်ကို အဓိကထား၍ သုံးဆယ့်တစ်ဆင့်ဖြင့်တည်ခဲ့သည့်အတွက် 'သုံးဆယ့်တစ်ဘုံစေတီ' ဟုတွင်သည်။ သုံးကျိပ်တစ်ဘုံစေတီဟုလည်း ခေါ်ကြသေးသည်။ စေတီဘုံအဆင့်တိုင်း၌လည်း ရုပ်တုတော်များကို ပတ်လည်တည်ထားရှိသည်။ ပုထိုးတစ်ရာနှင့် ဂူခုနစ်ရာ ရံလျက်ရှိသည်။ ဂူထဲ၌ ပိဋကတ် ပါဠိတော် ကျောက်စာသုံးချပ်ကျစီ စိုက်ထူလျက်ရှိပေ၏။ ဆွမ်းရပ်နေဟန် ထုလုပ်ထားသော ရဟန္တာရုပ်တု ငါးရာလည်းရှိသည်။

အခြားအခြားသော ရုပ်များကား မနည်းလှပေ။ အရပ်ရှစ်မျက်နှာတို့၌ ပြိုဟ်ရှစ်လုံးပုံအဖြစ် ဂဠုန်၊ ကျား၊ ခြင်္သေ့၊ ဆင်၊ ကြွက်၊ ဟိုင်းဆင်၊ ပူးရုပ်လုံးတို့ကို ပြုလုပ်ထားသည်။ တောင်ဘက်အရပ်တွင် ကမ္ဘာစောင့်နတ်ရုပ်နှင့် အနောက်တောင်ဘက်တွင် ကမ္ဘာစောင့်နဂါးရုပ်တည်ရှိသည်။ လေးဘက်မျက်နှာတွင် စတုမဟာရာဇ်နတ်မင်းကြီး အရုပ်များကိုလည်း တည်ထားခဲ့သည်။ သံဝေဂဖြစ်စေရန် စေတီတောင်ဘက်၌ ငရဲကြီး ငရဲငယ်အခန်းခန်းများကို စုံစွာပြုလုပ်ထားရှိသည်။ ဓမ္မာရုံသိမ်တော်တည်ဆောက်ခြင်း၊ သိမ်အနောက်ဘက်မှ ကုသိနာရုံရုပ်မျိုးစုံနှင့် ပရိနိဗ္ဗာန်ပြနေသော ရုပ်တုတော်ပါ ကုံလုံပြည့်စုံပေသည်။

မိမိနေထိုင်ရန် သိမ်အနီးတွင် သီးခြားအဆောက်အအုံတစ်ခုလည်း ပြုလုပ်ခဲ့သည်။ ထိုအဆောက်အအုံတွင်နေလျက်တရားဘာဝနာများကို ဆင်ခြင်လေ့လာပွားများခဲ့လေသည်။ ထိုထိုကောင်းမှုတို့တွင် အချို့ဂူတို့၌ ရုပ်ပွားများကိုပါထည့်ထားခဲ့ပေ၏။ ထိုဂူသိမ်များကိုလည်း သွပ်မိုးနိုင်ခဲ့သည်ဆို၏။ စေတီကြီးကိုလည်း ထီးတော်တင်၍ အပြီးတိုင်ခဲ့သဖြင့် အံ့တစ်ပါးအဖြစ်ချီးကျူးနိုင်ခဲ့ကြသည်။

ထိုသို့စေတီကိစ္စဆောင်ရွက်အပြီး အတိအကျကုန်ငွေများမှာ လေးသိန်းခြောက်သောင်း(၄၆၀၀၀၀)ဖြစ်သတည်း။ ငါးသိန်းခန့်ကုန်ကျသည်ဟု အသိအမှတ်ပြုနိုင်၏။ ထို့ကြောင့် ဦးအာဒိစ္စဝံသက ဤသို့ပိုဒ်စုံရတုဖြင့် မှတ်တမ်းတင်ခဲ့သည်။

'ဒေဝါသိကြား၊ အိပ်မက်အားဖြင့်
ထင်ရှားညွှန်ပြ၊ ပုံကိုရသော်
ဗုဒ္ဓသာသနာ၊ ပြန့်ပွားရာဟု
စေတနာမတိမ်း၊ ကိုယ်မယိမ်းဘဲ
လေးသိန်းခြောက်သောင်း၊ ခန့်ငွေပေါင်းဖြင့်
စုဆောင်းကြေးငွေ၊ စွန့်ပေကောဇာ၊ တစ်ထောင်သာ၍
နှစ်ရာခြောက်ဆယ်၊ ရှစ်ခုဝယ်တည်း
စင်ကြယ်မာသ၊ နတ်တော်လ၏
ပက္ခပုဏ္ဏမာ၊ နေ့ရာဇာ၌

ဝိုင်းကာအညီ၊ ပုထိုးစီ၍
စေတီဘုံဆင့်၊ ထီးတော်သင့်အောင်
ထွန်းတင့်မင်္ဂလာ၊ တည်ခဲ့ပါသည်။
တေဇာမြတ်ဘုန်း၊ ထောက်စေသော်ဝ်။

ထိုစေတီကိုအရပ်ရပ်မှ လာရောက်ဖူးမြော်ခဲ့ကြပေ၏။ ရောက်သမျှဘုရားဖူးသားတို့ကိုလည်း ၎င်းကပင်တာဝန်ယူ၍ ကျွေးမွေးခဲ့သည်ဆို၏။ ထိုမျှဖြင့် မရောင့်ရဲဘဲ ထိုင်တော်မူဘုရားတစ်ဆူတည်ခဲ့လေရာ၊ ပေ ၆၀ထိ မြင့်ခဲ့သည်ဆို၏။ တည်၍အပြီးတွင် ပျက်ပြိုခဲ့သဖြင့် စိတ်မတွန့်ဘဲ သုံးကြိမ်ထိ ထပ်မံပြုလုပ်နိုင်ခဲ့ပေ၏။ တည်ပြီးရင်းပျက်ရင်း ဖြစ်ခဲ့လေရာ၊ လေးကြိမ်မြောက်တည်၍ မမြဲသောအခါမှ လက်လျှော့ပြီး ပုံစံပြောင်း၍ တစ်ဖန်တည်ခဲ့ရ၏။ သို့သော် ဘုရားကား မဟုတ်ဘဲ ငုံ၍တည်သောစေတီပင်တည်း။ ဘုရားငုံ၍ တည်သောစေတီကို သျှစ်သောင်းစေတီဟူ၍အမည်တွင်ခဲ့၏။ ထိုစေတီလည်း အစဉ်မတည်မြဲဘဲ အကြိမ်များစွာ ပြိုပျက်ခဲ့ရသဖြင့် ထပ်မံလျက်ပင် တည်ခဲ့ရလေသည်။ ပျက်ပြိုခြင်းများလှသဖြင့် ငွေကုန်ကြေးကျများကာ နောက်ဆုံးတွင် ကိုယ်ပိုင်မြေ ပြုစုကျွန်းကိုပါ ရောင်းချခဲ့ရ၏။ ထိုငွေဖြင့်တည်ခဲ့သော်လည်း စေတီကား အပြီး မရောက်တိုင်ခဲ့တော့ပေ။ ဘုရားတကာကွယ်လွန်ပြီးနောက် ထိုစေတီမှာတောင်ကဲ့သို့ ဖြစ်ကျန်ရစ်ခဲ့လေ၏။ ယခုထိ တောင်ကြီး ပမာ မြင်တွေ့နေရပေ၏။

အချို့က စေတီအနောက်ဘက်တွင် အတောင်ရှစ်ဆယ်မြင့်မျှ ရုပ်တုကြီးကိုလည်း တည်ထားခဲ့သည်ဆို၏။ ထိုအရုပ်မှာ အရိမေတ္တယျဘုရားလောင်းတော်၏ နတ်သားအစစ်ဖြစ်သော ရုပ်တုဟုဆိုကြသည်။ ထက်ဝက်လောက်အပြီးတွင် မိုးကြိုးခရာ ပြိုကျပျက်စီးသွားခဲ့ရကြောင်းဖြင့် သိရ၏။ စံကိုးတောင်ရွာသည် အိမ်ခြေသုံးရာ့ငါးဆယ် (၃၅၀)မျှရှိခဲ့ရာ အလွန်စည်ပင်သာယာခဲ့သည်ဆို၏။ ဘုရားတကာမရှိသည့်နောက်တွင် ထိုရွာကပင် အစစ ပူဇော်ခဲ့ကြပေ၏။ သို့သော်ထိုဘုရားနှင့်ရွာမှာ ဂြိုဟ်မွှေခံခဲ့မှု ဖြစ်လာ၏။ ဒုတိယကမ္ဘာစစ်ဘေးကြောင့် ကုလားပုန်ကန်မှုပြုခဲ့ရာ ထိုနယ်အရပ်ရပ်လည်း အခြေအနေဆိုး ဆိုက်ရောက်ခဲ့ရလေ၏။ ကုလားများသည် ၁၃၀၄ခုနှစ် ကဆုန်လပြည့် အင်္ဂါနေ့ နေ၀င်စတွင် စံကိုးထောင်ရွာကို မီးရှို့ခဲ့ကြသည်။ အခြားရပ်ရွာပေါင်းများစွာလည်း မီးရှို့ခံခဲ့ရသည်သာမက သတ်ဖြတ်ခံရခြင်းဖြင့် ရပ်ရွာပျက်စီးခဲ့ရလေသည်။ ဘုရားကိုလည်း မီးရှို့ဖျက်စီးမှုများ ပြုခဲ့ကြလေသည်။

ထို့နောက် ဘေးအန္တရာယ်ငြိမ်းအေးသောအခါ တစ်ဖန်ရပ်ရွာတည်ထောင်ကာ နေခဲ့ကြ၏။ ထိုစဉ် ရပ်သူရပ်သားများနှင့် နယ်သူနယ်သားများမှာ ဘုရားကိုဖူးမြင်ကြရလျှင် ဝမ်းနည်းခဲ့ကြရ၏။ ထို့ကြောင့် ကောဇာ ၁၃၁၀ခုနှစ်က အပျက်အစီးများကို တဖန်ပြုပြင်ခဲ့ကြရာ အချို့သာပြီးစီးခဲ့ကြလေသည်။ အချို့ကား ပြုပြင်ဆဲပင်ရှိနေစဉ် မူဂျာဟစ်ကုလားသူပုန် တစ်ဖန် ပေါ်ပေါက်လာခဲ့ပြန်သည်။ ထိုသူပုန်တို့၏သောင်းကျန်းမှုကြောင့် ဆက်လက်မလုပ်နိုင်ဘဲ ရပ်တန့်သွားခဲ့ရသည်။ ထိုနောက် ၁၃၂၃ခုနှစ် ပြာသိုလတွင် အသင်းဖွဲ့လုပ်လာခဲ့ကြသည်။ ထိုအသင်းမှ တစ်စတစ်စဆောင်ရွက်ခဲ့သဖြင့် အချို့အဝက်ပြုပြင်နိုင်ခဲ့သည်။ ၁၃၂၄တန်ခူးလဆန်း ၁၄ရက် ဗုဒ္ဓဟူးနေ့က နှစ်ထောင့်ရှစ်ဆယ်(၂၀၈၀)တန်ဘိုးရှိသော ရွှေရောင်ကြေးထီးကို တင်လှူနိုင်ခဲ့သည်။ ယခုတိုင် ပြုပြင်စရာများ ကျန်ရှိနေလျက်သာတည်း။

သုံးဆယ့်တစ်ဘုံစေတီတော်ကို ဦးအာဒိစ္စဝံသက ဤသို့တေးထပ်ဖွဲ့ဆိုခဲ့ပေ၏။

'ဘုံသုံးဆယ့်တစ်အတွင်း၊ ကျင်လည်ခြင်းပုံမီ
ကုသိုလ်ရင်းမြတ်ဝသီငယ်၊ သိမ်စေတီလုပ်ငန်း
ပြုစုမင်းအလှူရှင်ကို၊ အိပ်မက်တွင် နတ်ကပုံညွှန်း
စိတ်ရည်မှန်းသိမ်တကာမှာ၊ မင်္ဂသောကကျင့်လမ်း
စေတီမှာ သင့်ရာမှန်းပြီးတော့၊ အခန်းခန်းလုပ်ပါ
ငွေဥစ္စာငါးသိန်းခန့်၊ စာရင်းသန့် မတွန့်သဒ္ဓါ
ပိဋကတ်သုံးပုံစာရယ်၊ ဂူတိုင်းမှာဖြည့်ထားလို့
အံ့တပါးစေတီပုံ၊ ရုပ်မျိုးကစုံ
စေတီမြတ်သတင်းဂုဏ်ရယ်၊ ပြည်လုံးခြုံလွှမ်းပါတဲ့လေး။

ဖော်ပြပါစေတီကြီးကား အနှစ် (၈၇)နှစ်ကျော်မြောက်လေပြီ။ ဗုဒ္ဓဘာသာတစ်ရပ်လုံးအတွက် တည်ထားခဲ့သည့် အလျောက် ထိန်းသိမ်းပြုပြင်ရန် အလွန်အရေးကြီးလှ၏။ အစားထိုး၍မရသော သာသနာရေး အဆောက်အအုံလည်းဖြစ်၏။ သာမညပုဂ္ဂိုလ်၏ငွေကြေးအင်အား လုပ်ကိုင်မှုစွမ်းရည်ဖြင့် ဖြစ်နိုင်သောအရာကား မဟုတ်ပေ။ အံ့ဘွယ်ရှိလှသော ထိုပုဂ္ဂိုလ်မျိုးထွန်းတောက်ပေါ်ထွန်းခဲ့သဖြင့် လုပ်ဆောင်ခဲ့ရသောကြောင့် ဆန်းကြယ်တမွတ် အံ့မခန်းဖွယ်ရာ ဖူးမြင်လာခဲ့ရ

သည်သာတည်း။ ယခုအခါ ဒေသအခြေအနေ ငြိမ်သက်ကောင်းမွန်နေပြီဖြစ်သဖြင့် ဘုရားဖူးသူများလည်း သွားလာနိုင်လေပြီ၊ မော်တော်၊ ရေယာဉ်၊ လောင်းလှေတို့ဖြင့် မပြတ်ဖူးမြင်ရောက်ရှိနေကြ၏။ ကိုယ်တိုင်သွားရောက်၍ တစ်ကြိမ်တစ်ခါ ဖူးမြင်မိကြလျှင် အံ့သြမဆုံး နှလုံးကြည်လင် ဘဝင်ငြိမ်းချမ်း ပီတိလွှမ်းခြုံ အာရုံခံစားနိုင်ကြပေလိမ့်သတည်း။

ရခိုင်သဟာယစာစောင်

၁၉၈၇-ခုနှစ်။


* **ပုံပြင်သည် –**

**လူမျိုးနွယ်တစ်စု၏ ရှေးကျသော ရိုးရာယဉ်ကျေးမှု အနုပညာတစ်ခုဖြစ်သည်။**

* **ပုံပြင်စာအုပ်ဆိုသည်မှာ–**

**တစ်ခါတစ်ရံ ရှားရှားပါးပါး ပေါ်ထွက်လာခြင်းဖြစ်သည်။**

* **သုတေသီ အရှင်စက္ကိန္ဒ**

**ကိုယ်တိုင်ရခိုင်မြေအနှံ့ သွားရောက်ရှာဖွေစုဆောင်း ပြုစုကာ ရေးသားတင်ပြထားသည့်**

# ရခိုင်တံခွန်ပုံပြင်များ

**စတင်ရိုက်နေပြီ–ကြိုတင်မှာယူကြပါ**

**ရခိုင်သားကြီးစာပေ**

# ရခိုင်ဘုရားရှိခိုး ဆုတောင်းအမျှဝေ

**အသျှင်ကြီး**

ရခိုင်ပြည် သာသနာ့သမိုင်းတွင် ဘုရားရှိခိုးများသည် ဘုရားရှင်အား ရည်မှန်းမျှော်ကိုး ပူဇော်ရိုးဖြစ်သည်။ မြတ်စွာဘုရားရှင်သည် စန္ဒာသူရိယမင်း၏ ပင့်ဖိတ်ချက်အရ ရခိုင်ပြည်သို့ ကြွလာလျက် မဟာမုနိရုပ်ရှင်တော်ကို ကိုယ်စားတော်အဖြစ် ဦးစွာသွန်းလုပ်ပူဇော်ခွင့်ပြုခဲ့သည်။ ဘုရားရှင်မကြွမီကပင် ရခိုင်ဓညဝတီပြည့်ရှင်နှင့် တိုင်းသူပြည်သားများသည် ဘုရားရှင်ကို ရည်မှန်း၍ ပူဇော်ကြိုဆိုရှိနှင့်ကြပြီလည်း ဖြစ်သည်။ လူတိုင်းနှုတ်ဖျားမှ ဘုရား-ဘုရားဟူသော အာရုံပြုရွတ်ဆိုမှု (ဝါ) ရှိခိုးမှုမှာ ပဲ့တင်ညံနေသည်။ တစ်ယောက်ကတစ်ယောက်ကို ခေါ်ထူးရာ၌ပင်လျှင် ဘုရား ဘုရားဟူ၍ပင် အသံပြုခဲ့ကြသည်။ ထိုယဉ်ကျေးမှုအစဉ်အလာသည် ယခုထိ အစဉ်တည်လာခဲ့သည်။ ထို့ကြောင့် ရခိုင်တို့၏ဘုရားတမှု ဘုရားရှိခိုးမှုအာရုံပြုမှုသည် မနောဓိဋ္ဌာန်က စတင်ခြင်းပင်ဖြစ်လေသည်။

ထို့နောက် မဟာမုနိ ရုပ်ရှင်တော်နှင့်ပတ်သက်၍ ဗုဒ္ဓကိုယ်တိုင် ပူဇော်ရကျိုးများကို ဟောကြားခဲ့သည့်အတိုင်း အကျိုးရည်မျှော်၍ ဘုရားရှိခိုးရည်မျှော်ကိုးကွယ်အားထားယုံကြည်ခြင်းကား ပိုမိုခိုင်မြဲလာခဲ့ရသည်။ ဘုရားရှိခိုးနှင့်ပတ်သက်၍ ဖော်ပြပါ ဘုရား ဘုရားဟူသော မှန်းမျှော်ရှိခိုးမှု ဘုရားရှင်ဇီရှင်၊ မဟာမုနိရှင် ဇီရှင်ပင်တို့ကား ရခိုင်ကလေးလူငယ်တို့ကအစ နှုတ်တက်ရ ဗုဒ္ဓပူဇနိယ အဦးအစလည်းဖြစ်ချေသည်။

အချို့က အဏ္ဍုလုံ မွေရှင်တော်ဂါထာသည် ရခိုင်တို့၏ဘုရားရှိခိုး အာဒိအစ ပဏာမအဖြစ် ယူဆကြသည်။ ဦးတော်နဖူးအရပ်၌ ဖြူဆွတ်စင်ကြယ်လက်ဟာလည်၍ အရှည်တစ်လံ ရောင်လျှံကွန့်မြူးသော မွေးရှင်တော်သည် ရောင်လျှံပြိုးပျက်၍ အထူးတင့်တယ်ပေသည်။ စန္ဒာသူရိယမင်းသည် မြတ်စွာဘုရားရှင်ကြွရောက်လာစဉ် ထိုဥဏ္ဍုလုံမွေရှင်တော်၏ တင့်တယ်ပုံကို အထူးမြတ်နိုးခြင်းဖြင့် ပူဇော်မှုပြုခဲ့လေသည်။ ထိုပူဇော်မှုကို အဦးထား၍ 'သြော် ဟရီ-ဟရီ-ဟော-ဟော၊ တိသျှတ္တ-တိသျှတ္တ'အစရှိသော ဥဏ္ဍုလုံမွေရှင်တော်ဘုရားရှိခိုး စတင်ဖြစ်ပေါ်လာခဲ့ရသည်ဟု ယူဆကြသည်။

ထို့အပြင်ကျမ်းဂန်လာ ဘုရားရှိခိုးအမျိုးမျိုးတို့ကား အများရှိခဲ့ပေသည်။ ရခိုင်ကျောက်စာတို့၌ နမောတဿအစချီသော မဟာနမက္ကာရဘုရားရှိခိုးကို တွေ့ရသည်။ နမောတဿတိဟူ၍ ရေးထိုးရှိခိုးထားသည်။ နမောဗုဒ္ဓါယသိဒ္ဓံဟူ၍ပင် စာသင်ပျိုးစ၌ ဘုရားရှိခိုးမှု အစဉ်ပြုထားလေ့ရှိသည်။ ဘုရာရှိခိုးများကား ဘုရားရှင်၏ဂုဏ်တော်ကို ဖွင့်ဆိုထားခြင်းများပင်တည်း။ ဘုရားရှင်သည် ဂုဏ်တော်အနန္တနှင့်ပြည့်စုံရကား ဘုရားရှင်အား ထိုထိုဂုဏ်တော်ကို ဖွဲ့ဆိုရှိခိုး၍ ကုန်နိုင်ခဲ့လေရာသည်။

ရခိုင်ပြည်တွင် ဓာတ်တော်စဉ် ဘုရားရှိခိုးကို ဩကာသအစချီ၍ ဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူသော ဘုရားငါးဆူတို့ကိုလည်းကောင်း၊ ဘုရားရှင်တို့၏သွားတော်၊ စွယ်တော်၊ ညှပ်ရိုးတော် စသော ဓာတ်မွေတော်တို့ကိုလည်းကောင်း၊ ပိဋကတ်ကျမ်းဂန် စူဠာမဏိစေတီတော်တို့ကိုလည်းကောင်း၊ ရုပ်ရှင်တော်မဟာမုနိကစ၍ ပရိနိဗ္ဗာန်ပြုပြီးနောက် ကြွင်းကျန်ရစ်အံ့သော ဓာတ်မွေတော်များ၏ တည်ထားရာစေတီပုထိုးတို့ကိုလည်းကောင်း၊ စပ်ဆိုထားသည်။ ရခိုင်ကျွန်းအရပ်ရပ်တို့၌ ထိုဓာတ်တော်များကိန်းဝပ်နေ၍ ဘုရားလှည့်ပတ်တော်ပူဇော်လေ့ ပြုရိုးစဉ်လာ ဓမ္မတာအလား ကျွန်းစဉ်ပတ် ဘုရားရှိခိုးဟူ၍ အမည်ခေါ်ဆိုထားသည်။ အများသိပြီးဖြစ်၍ မတင်ပြလိုပြီ။

ထင်ရှားသော မဟာမုနိ ရုပ်ရှင်တော်၏သမိုင်းကို ထုတ်ဖော်ရှိခိုးထားသော ဘုရားရှိခိုးမှာလည်း အမျိုးမျိုးဖွဲ့ဆိုရှိခိုးခြင်းများ တွေ့ရသည်။ ရာဇဝင်လင်္ကာ၌ မဟာမုနိဘုရားကို ပူဇော်ရှိခိုးရန်သွားကြပုံ အစဉ်အလာအစီအစဉ် စနစ်ကိုပါတွေ့ရသည်။ ယနေ့ထိလည်း မိမိတို့ဒေသ ဌာနအလျောက်လည်းကောင်း၊ အဓိကရ ဘုရားစေတီတို့ကိုလည်းကောင်း၊ ပူဇော်ဖူးမြော်ရန် သွားရောက်ကြသော အလေ့အထကား ရှိမြဲပင်တည်း။ အထူးသဖြင့် ဘုရားဖူးအလေ့ကို သင်္ကြန်ဝါကျွတ်စသော အခါကြီးတို့၌ အဖော်အပေါင်းတို့ဖြင့် သွားရောက်လေ့ရှိကြသည်။ ဘုရားရေသပ္ပါယ်မှုမှာလည်း ဘုရားပူဇော်သောအလေ့တစ်ခုပင်ဖြစ်သည်။

ရခိုင်တို့၏ဗုဒ္ဓဘာသာဘုရားပူဇော်ရန် ဘုရားရှိခိုးများကား ဖော်ပြပါဓာတ်တော်စဉ် ဘုရားရှိခိုး၊ မဟာမုနိဘုရားရှိခိုးအပြင် ကျွန်းကမ်းအလိုက် ထင်ရှားသောဘုရားဓာတ်တော်၊ စေတီများကို ရှိခိုးသော ဘုရားရှိခိုးများကို တွေ့ရှိကြရာ စုစည်းမှတ်တမ်းတင်ခြင်း၊ ရှာဖွေဖော်ထုတ်ခြင်းများပြုရန် လိုအပ်ပေသည်။ ဘုရားရှိခိုးများသည် ဗုဒ္ဓ၏အဖြစ်သနစ်ကိုလည်းကောင်း၊ ရခိုင်ပြည်၏ဗုဒ္ဓသာသနာသမိုင်းကိုလည်းကောင်း၊ ဘုရာစေတီတို့၏သမိုင်းဖြစ်ရပ်ကိုလည်းကောင်း၊ မှတ်တမ်းတင်ခြင်းပင်ဖြစ်၏။ စာပေအမြင်အရလည်း ဖွဲ့နွဲ့စပ်ဆိုမှု စာပေတန်ဘိုးကြီးမားကြောင်း ထင်ရှားစေ၏။ ရတုဖြင့်တစ်သွယ်၊ လင်္ကာဖြင့်တစ်မျိုး၊ ကဗျာ၊ အဲ၊ အန်၊ စကားပြေတို့ဖြင့် ရေးဖွဲ့ခဲ့သမျှဆိုလျှင် စာပေနယ်ကို ကျယ်ဝန်းနက်ရှိုင်းစေရာသည်။

ဘုရားရှိခိုးနှင့်ပတ်သက်၍ ဆက်နွယ်သောဆုတောင်းမှုများ၊ အမျှဝေမှု၊ သာသနာတော်လျှောက်ထားမှုတို့လည်း အများပင်ရှိနေသည်။ ထိုထိုဖော်ပြပါတို့ကား စာပေ၏အင်အား၊ စာပေ၏နယ်ပယ်ကျက်စားရာများ ဖြစ်ချေ၏။ ယခု ဩကာသ ကန်တော့ခြင်းကအစ အလေ့အထသင်ယူမှု အားနည်းချက်တွေ့နေရသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်ခန်းစာများကိုပြဋ္ဌာန်းခြင်း၊ သင်တန်းပေးခြင်း စသည်များကို လုပ်ဆောင်လျက်ရှိနေကြရသည်။

ရခိုင်တို့၏ဘာသာရေးယဉ်ကျေးမှုနှင့် ဆိုင်ရာတို့ကိုလည်း အလားတူ ပြဋ္ဌာန်းသင်ယူနိုင်ကြလျှင် အဘက်ဘက်က အကျိုးများလှသည်။ မိမိတို့သည် ဗုဒ္ဓဘာသာယဉ်ကျေးမှု အကျိုးသက်ရောက်ရန်အပြင် စာပေကျေးဇူးကိုပါ ဖော်ထုတ်ရာ ရောက်စေရန် တွေ့ရှိသိမီသည်များမှ အနည်းငယ်တင်ပြလိုပေသည်။

## (၁) ရတနာသုံးပါး ဘုရားရှိခိုး

ဩကာသ-ဩကာသ- ဩကာသ

အစိန္တေယျ၊ အစိန္တေယျ၊ အစိန္တေယျ၊ အပ္ပမေယျ၊ အပ္ပမေယျ၊ အပ္ပမေယျ၊ အတိုင်းမသိသောကျေးဇူးတော်အစုံ၊ ဂုဏ်တော်မြတ်အပေါင်းနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသခင်သည် သဇီဝက နိဇီဝသို့ ပြောင်းသွားတော်မူသောကာလ၊ ထားတော်မူခဲ့သော ရုပ်တုတော်၊ ဆင်းတုတော်၊ ဓာတ်တော်၊ အံတော်၊ နံတော်၊ နဖူး၊ သင်းချပ်၊ ညှပ်ရိုးတော်အပေါင်းတို့ကိုလည်းကောင်း၊ ဗုဒ္ဓဥ္စ-မြတ်ဘုရားကိုလည်းကောင်း၊ ဓမ္မဥ္စ-မဂ်လေးတန်၊ ဖိုလေးတန် နိဗ္ဗာန်ပရိယတ်ဟု ဆိုအပ်သော ဤဆယ်ပါးသော တရားတော်မြတ်ကိုလည်းကောင်း။ သံဃဥ္စ -မဂ္ဂဋ္ဌာန်လေးယောက် ဖလဋ္ဌာန်လေးယောက်ဟုဆိုအပ်သော ဤရှစ်ယောက်သော ပရမတ္တသံဃာတော်မြတ်တို့ကိုလည်းကောင်း၊ ယခု သမုတိရ သံဃာတော်အရှင်မြတ်တို့ကိုလည်းကောင်း မာတာပိတု အာစရိယာဒီနဥ္စ၊ မွေးသည့်မိခင်၊ မွေးသည့်ဖခင်၊ ဆရာသခင်ကျေးဇူးရှင်တို့နှင့် သက်ကြီးဝါကြီးတို့အားလည်းကောင်း၊ အဟံ၊ ဘုရားတပည့်တော်သည်။ ဝန္ဒေဝန္ဒာမိ၊ ရှိခိုးပါ၏။

ဤသို့ရှိခိုးရသော အကျိုးအားဖြင့် အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဘေးနှစ်ဆယ့်ငါးပါး၊ ဓာတ်ဆယ်ပါး၊ ရောဂါအနာမျိုး ၉၆ပါးတို့မှ ကင်းလွတ်စင်ကြယ်သည်သာဖြစ်၍ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပတည်းဟူသော သူတော်ကောင်းဥစ္စာ ရတနာခုနစ်ပါးနှင့် ဘဝဆက်တိုင်း ဆက်တိုင်း ပြည့်စုံပြီး၍ အရိမေတ္တယျရှင်တော်မြတ်ဘုရားသည် ထင်ရှားနောင်ခါ ရတနာပလ္လင် ကန့်ကော်ပင်ရင်း၌ အောင်မြင်သစ္စာ ငါးဖြာဥေယျ တစ်စမကျန် ဉာဏ်တော်ထွန်းပ မေတ္တယျလျှင် ရွှေကြာပဒုံ နေအာရုံကျင်း လင်းလင်းတောက်၍ ပွင့်သောခါလျှင် ကိုယ်တိုင်ကိုယ်ကြပ် လက်ဦးလျင်စွာ ဖူးတွေ့ရ၍ ပဋိသမ္ဘိဒါလေးပါး၊ အဘိဉာဏ်ခြောက်ပါး၊ ဈာန်သမာပတ် ရှစ်မျိုးနှင့် ပြီးပြည့်စုံ၍ အဆုံးစွန်သော ဘဝ၌ မဂ်တရား၊ ဖိုလ်တရား မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို ရ,ရပါလို၏အရှင်ဘုရား။

## (၂) မဟာမုနိ ဘုရားရှိခိုးနည်းတစ်နည်း

အစိန္တေယျ၊ အစိန္တေယျ၊ အစိန္တေယျ၊ နှိုင်းမမျှသာ ထွန်းပရှင်ရှိန်၊ ဝရဇိန်ဟု အရှိန်ပြင်းပြင်း၊ ခြောက်ရောင်လင်းသည်၊ ရှင်ရင်းဘုရား ဘုံသုံးပါးကို ရိုညွတ်ကြည်တုပ် အကျွန်ုပ်သည် ထုတ်ဖော်လအံ့။ လွန်လေသောခါ စန္ဒာသူရိယမင်းလှမြတ်စွာ ဒါယကာလည်း ပြဟ္မာသိကြား၊ နဂါးဂဠုန် ကုမ္ဘဏ်ယက္ခ ဂန္ဓဗ္ဗတို့ တရားထီးဆောင်း မင်းအပေါင်းလည်း တစ်သောင်းအမတ်ကြံလတ်ညီစွာ ရတနာအများ မြတ်ကိုးပါးကို ကိုယ်စားတော်ဟု ရုပ်ဆင်းတုကို သဏ္ဍာန်တူစွာ သွန်းရပါကြောင်း၊ အခွင့်တောင်းက ကောင်း၏ဒါယကာ မင်းတကာလည်း သဒ္ဓါထွတ်တင် ရှင်ပင်မြတ်လေး အခွင့်ပေးက သွန်းကုန်ရသော် ကိုယ်စားတော်မှာ ထိပ်တော်မစိ လပ်၍ဟိက လျှောက်ဖိသောခါ ငါ့တာဝန်ကား ဖြစ်တော့ပါဟု ရွှေရင်မွေ့တော် ပွေ့ကာပွေ့ကာ ခုနှစ်ခါလျှင် ထည့်သော်ကျင်မှ သက်တော်ဝင်ဘိ ချင်းချင်းစိလေ ဣန္ဒြေရူပ ထိုခဏ၌ ကြွကြွထလေ ပလ္လင်ဗွေထက် စုံမက်ဆပွား နှစ်ပါးယှဉ်တူ နေတော်မူခါ ဝေါဟာစကား မြွက်ကြားသဖွယ် ထင်ကြသည်မှာ ဇာသူသျှင်သျှင် ဇာသခင်လည်း ဆံပင်တစ်ခြမ်းမယွန်းမှန်စွာ တူတော့ပါဟု များစွာနတ်လူ တွေးယူကြံဆ မသိရကြောင်း ဗုဒ္ဓစင်စစ် ငါပင်ဖြစ်ဟု သျှင်သျှစ်ဘုရား မိန့်တော်ကြားမှ သိကြလေရာ ထိုခါဝယ်၌ ဘုန်းကြွယ်ထွတ်ထား မြတ်ဘုရားလည်း နတ်လူပင့်သေးကြွမည်ကြံခါ မဟာမုနိသွန်းဘိဖျူးဖျူး မြတ်ဆင်းတုက ယခုလိုက်မည် လျှောက်ကြားလေသော် ညီတော်နီလိုက် ငါသျှင်သျှစ်ဟု လိုက်ခွင့်မသင့် တားလင့်သောခါ ငါဗုဒ္ဓလည်း ဇီဝါသက်ရှည် ရှစ်ဆယ်ပြည့်ခါ မင်းမလ္လာသို့ ပွင့်ချိန်ရွှေဗော အင်ကြင်းတောဝယ် စံခိမည်ဟု စံမည်သောခါ လက်ဝါးကာ၍ စကားမပြော တုံဏှိဘာဝေ ဆိတ်ဆိတ်နေဟု မိန့်တော်ပြုက မြတ်ဇိန၏ကိုယ်စားဖြစ်ဘိ မြတ်မုနိကို ဆယ်ဖြာလက်စုံ ထိပ်ဝယ်ငုံ၍ ညွတ်ယူပန်ထွာ ဖူးရပါသား ကောင်းကျိုးအားဖြင့် အမျိုးကောင်း(သားယောက်ျား) (သမီးမိန်းမ) ကောင်းစင်စစ် ဆက်တိုင်းဖြစ်၍ အနှစ်များစွာ သံသရာ၌ ငါးဖြာရန်သူ မပြုတုံသျှောင်း သူတော်ကောင်းနှင့် ပေါင်းရသည်ကို

တောင်းဆုဆို၍ နှောင်းသောအခါ သုံးရွာလူဘ စိန္တေယျရှင် ပတ္တမြားပလ္လင် ကံ့ကော်ပင်၌ အောင်မြင်သဒ္ဒါ ဖွင့်သောခါလျှင် လက်ငင်းပထမ ဖူးတွေ့ရ၍ ပဋိသမ္ဘိဒါလေးမဂ္ဂစတု ရှစ်ခုအဘိဉာဏ် ဈာန်ယဉ်မွန်ဖြင့် နိဗ္ဗာန်အောင်ခန်း ခေမာလမ်းကို တန်းတန်းမတ်မတ် မချွတ်ကျွန်ုပ် ရောက်စေသော်၊ ဩကာသ-ဩကာသ-ဩကာသ မြတ်သျှင်တော်။

## (၃) ရမ်းဗြဲကျွန်း ဓာတ်တော်သုံးဆူ ဘုရားရှိခိုး

ဘဒ္ဒမည်သော ဤကမ္ဘာ၌ မြတ်စွာပုံ့ဒ္ဓ ကဿဖလည်း ဉာဏ်ရသုံးစဉ် ကောင်းကင်ပြင်သို့ ဈာန်ယာဉ်ပါသန်း သဒ္ဒါလမ်းကို ကြွမြန်းစကြာ လှည့်လည်ပါသော် ဟသ်ာကိုးသောင်း ငှက်အပေါင်းသို့ သောင်းသောင်းဖိုမ မြူးရွှင်ကြွလျက် ကဿဖ ဘုရား ဗျာဒိတ်ထား၏။ နောက်မှပေါ်ထွန်း ရမ်းဗြဲကျွန်းဟု မယွန်းစကားမိန့်တုံငြားမှ များများမကြာ ပေါ်ပေါက်လာ၏။ ရမ္မာကျွန်းတွင် လူဖျားဖျင်သည် ရှိရင်းအစ အိမ်ခြေချသော် နာမ ကောင်းခြင်း ရွာမူရှင်းဟု ခေါ်ခြင်းကောင်းမွန် ရှင်ပွဲခံသော် နာမံတော်ရ စရွာကလျှင် ဂေါတမမည်တွင် ဓာတ်မွေရှင်ကို များဖျင်ရွှေပြည် စေတီတည်၍ ခေါ်လေတုံလတ် မုဌ်တော်ဓာတ်ကို ကြည်ညွတ်ပကာ ကံသုံးဖြာတည်း ဝန္ဒာဝန္ဒေ ရှိခိုးလေဟု ကျက်သရေမျိုး ဂုဏ်ရောင်တိုးသည် လူမျိုးခေါ်တွင် နတ်သဘင်သို့ မြင်မြင်သမျှ သောမနရွှင် ခေါ်တွင်ကန်တိုင်း ရပ်သမိုင်းတွင် အတွင်းပြင်၌ ရှေးခွင်ပြုဗ္ဗာ တောင်ထိပ်ချာတွင် ရတနာမွေ့လျော် နားမွေးတော်ကို ပူဇော်ညွတ်ခ ဦးဖြောင့်ချ၍ နောက်မှတစ်ခါ လေးတောင်ရွာ၌ အာကာတိမ်မျှော် တောင်ထိပ်ပေါ်တွင် လက်ရွေးတော်ဓာတ် စေတီမြတ်ကို လက်ဟတ္ထမိုး ကျွန်ုပ်ရှိခိုးသည် ကောင်းကျိုးချမ်းသာ သက်တစ်ရာလျှင် ရှည်ပါစေလို ဤကုသိုလ်ကြောင့် ပြည့်လိုပါစေ အမျှဝေကာ ဆုတောင်းပါသည် မကြာမင်ဖိုလ် ရောက်စေသောဝ်။ မြတ်သျှင်စော ဩကာသ-ဩကာသ-ဩကာသ။

## (၄) တောင်ဖူးဘုရားကြီး ဖြစ်စဉ်သမိုင်း ဘုရားရှိခိုး

ပေါက်တောမြို့နယ် တောင်ဖူးတောင်ပေါ်တွင် ဦးရွှေအောင်ခေါ် ဦးသူတော်က နှီးဆော်၍ 'အင်း၊ ကြင်း၊ ညီ၊ နောင်' တည်ပြီးအောင် ဟူသော နံသင့်အက္ခရာစဉ်အရ ကောဇာ ၁၂၃၇ခုနှစ်က ဘုရားကြီးကို တည်ခဲ့သည်။ အကြီးဆုံး ဘုရားတစ်ဆူအဖြစ် ထင်ပေါ်ကျော်ကြားသည်။

'မဟာဝိဟိကရာမ ကဿပ၏ ဖြုဗ္ဗဝိဒေ ရှိကမ်းခြေ၌ ကပ္ပေမျာစွာ သာသနာလျှင် တည်ကာပေါ်ထွန်း တောင်ရင်းကျွန်းတွင် မော်ကွန်းမင်္ဂလာ အရွှာရွှာထက် ကျော်ဖြိုးနှံ့စပ် တောင်းဖူးရပ်၌ အမြတ်ဖွေရှာ လူတကာတို့ သာသနာတိုးပွား အကျိုးများအောင် ကြိုးစားအားထုတ် ဇောမယုတ်ဘဲ လောကုတ္တရာ မြတ်ဥစ္စာဟု ရတနာရူပ အတုလ၏ ရူပတော်ဓာတ် သမာဇတ်သမ္မယုတ် ယွင်းမယုတ်အောင် ရုပ်တုမဟာ ရတနာထွတ်ထား မြတ်ကိုယ်စားကို တည်ထားသည်မှာ ထောင့်နှစ်ရာနှင့် သုံးဆယ့်ခုနှစ် သက္ကရာဇ်တွင် ဖြစ်ထွန်းချိန်တန် ဆီးနှင်းထန်ဟု ဟေမာန်ကုန်ရှောင်း ဂိမာန်ပြောင်းသား ဆောင်းနှောင်းနွေစ တပေါင်းလ၏ ဆန်းထရေတွက် ဆယ့်နှစ်ရက်တွင် နှုန်းဖက်မတူ သုံးမည်လူဝယ် တစ်ဆူထွတ်ထား မြတ်ဘုရားကို သိကြား, ဗြဟ္မာ ဖန်ကူလာလျက် အင်္ဂါညီညွတ် လွန်တင့်အပ်သော မြတ်သောတေဇော် အာနုဘော်ဖြင့် ဉာဏ်တော်မြင့်ဆောင် ဆယ့်ငါးတောင်နှင့် ခုနစ်တောင်ရင်ဝ ဒသဆယ်တောင် ထက်ဝယ်ဆောင်၏ ငါးတောင်လုံးပတ် လက်တော်မှတ်လော့ မြင့်မြတ်အသရေ တင့်သပ္ပာယ်လျက် ကြီးကျယ်ခန်းနား ကျော်ထင်ရှားအောင် ဘုရားတစ်ဆူ တည်တော်မူသည် နတ် လူ ကောင်းကျိုး ပွားတိုးသောဝ်။ ဩကာသ-ဩကာသ-ဩကာသ-မြတ်သျှင်စော။

## (၅) သာသနာတော်လျှောက်ထုံးစာတမ်း

ရခိုင်ပြည်(နယ်)၊ မင်းပြားမြို့နယ်၊ ကုတိုးဆိပ်ရွာစာဆို ဦးစံမြအောင် (ကောဇာ ၁၂၂၅-၁၃၀၃)၏မှတ်တမ်းကို တင်ပြအပ်သည်။

ရာဇာဘိရာဇာ ဒေဝါတိဒေဝါ ဗြဟ္မာတိဗြဟ္မာ မုနိအစစ် ဓမ္မရာဇ်မှန်ကူ ဖြစ်တော်မူသော သမ္မာသမ္ဗုဒ္ဓ အတုလစိန္တေ ပရမေ မြတ်ဘုရားသည် ကုသိနာရုံ မွှေးပေါင်းစုံတော ရဂုံအင်ကြင်း ဥယျာဉ်တွင်းဝယ် မလ္လာမင်းတို့နှင့်တကွ နတ်ဗြဟ္မာအရပ်ရပ်တို့၏ အပူဇော်ကို ခံတော်မူပြီးနောက် နောင်လာနောက်သားတို့၏အကျိုးငှာ ထားတော်မူခဲ့သော သာသနာတော်မြတ် ငါးထောင်တွင် ဤရခိုင်ပြည်မြတ်ဝယ် စကြာရ မင်းမြတ်ဆယ်ဆက်တွင် တစ်ပါးအပါအဝင် ဖြစ်တော်မူသော ဘုန်းလက်ရုံးနှင့်တကွ လက်နက်စကြာသခင် မင်းတကာတို့၏ဘုရင် ရခိုင်ပြည်သားတို့၏ထိပ်တင် ဆင်ဖြူများတို့၏အရှင် မဟာမြတ်မုနိသျှင်၏ ဒါယကာဘုန်းတော်တို့ကြောင့် ရွှေမိုး ငွေမိုးကို ရွာဖြိုးစေနိုင်သော အတုသီရိ အဓိပတိစကြာရှင်ဖြစ်တော်မူသော သံဃါယနာဒါယကာအလောင်းတော် သီရိစန္ဒရား မင်းတရားကြီးသည် ခ၊ ဆ၊ ပဥ္စာကိန်းကို ဖြိုပြီးနောက် လွန်လေပြီးသောအတိတ်

သာသနာတော်မြတ် သက္ကရာဇ်သည်ကား ၂၅၁၉ နှစ်၊ လွန်လေပါပြီဘုရား၊ နောင်လာလတ္တံ့သော အနာဂါတ်သာသနာမြတ် သည်ကား ၂၄၈၁ ခုနှစ်၊ ကျန်ပါသေးသည်ဘုရား၊ ဥတုဖြင့်ကား မိုးဥတု ဝသန္တ၊ ဆောင်းဥတု ဟေမန္တ၊ နွေဥတု ဂိမန္တဟူ၍ သုံးပါးအပြား ရှိပါသည်ဘုရား။ ထိုသုံးပါးတို့တွင် ဝါဆိုလပြည့်ကျော်တစ်ရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်နေ့အထိ ဝသန္တ မိုးဥတုဖြစ်ပါသည်ဘုရား၊ တန်ဆောင်မုန်းလပြည့်ကျော်တစ်ရက်နေ့မှ တပေါင်းလပြည့်နေ့အထိ ဟေမန္တဆောင်းဥတုဖြစ်ပါ သည်ဘုရား။ တပေါင်းလပြည့်ကျော်တစ်ရက်နေ့မှ ဝါဆိုလပြည့်နေ့ထိ ဂိမန္တနွေဥတုဖြစ်ပါသည်ဘုရား၊ ၎င်းဥတုသုံးပါး ပေါင်းမှတစ်နှစ်ဟု ခေါ်ပါသည်ဘုရား။ ထိုတစ်နှစ်တွင် လအရေအတွက်အားဖြင့် တန်ခူး(ပ) တပေါင်းဟူရာ တစ်ဆယ့်နှစ်လ ရှိပါသည်ဘုရား၊ ထိုတစ်ဆယ့်နှစ်လတို့တွင် ရာသီအားဖြင့်ကား တန်ခူးလ မိဿရာသီ(ပ) တပေါင်းလ မိန်ရာသီဟူ၍ တစ်ဆယ့် နှစ်ရာသီဖြစ်ပါသည်ဘုရား၊ ခုနှစ်ရက်သားသမီးတို့၏နံသော်ကား က ခ ဂ ဃ င တနင်္လာနံ(ပ) အ-တနင်္ဂနွေနံဟူ၍ ခုနစ်နေ့ သားတို့၏နံဖြစ်ပါသည်ဘုရား၊ ယခုလူတို့ခေါ်ဝေါ်အပ်သော ကောဇာသက္ကရာဇ်သည်ကား ၁၃ခုနှစ်၊ တပို့တွဲလ မာသံ၊ ဆုတ်ဆယ်ရက် ဇကေန်၊ စနေနေ့ နဂါးနံမှန်ပါသည့်အကြောင်း ရတနာမြတ်ဦးခေါင်းဖြင့် လျှောက်ထားတောင်းပန် အသနားခံဝံ့ပါ သည်ဘုရား။

## (၆) ရေစက်ချ

ဩကာသ-ဩကာသ- ဩကာသ ဤကမ္ဘာသည်ကား ဘဒ္ဒကမ္ဘာမည်၏။ ဤသည်ကား မြင့်မိုရ်တောင်ဘက် လက်ယာဇမ္ဗူဒီပါကျွန်းမည်၏။ ဘုရားသည်ကား ငါးဆူတည်း၊ ယခု သာသနာသည်ကား ဂေါတမဘုရားသာသနာဖြစ်၏။ ယခုဖြစ်သောသာသနာသည်ကား ၂၅၀၀ဖြစ်၏။ ဒသရာဇာကောဇာသက္ကရာဇ်ကား ၁၃၁၈ခုဖြစ်၏။ (မူလသက္ကရာဇ် ကောဇာ သက္ကရာဇ်ကို ဖြစ်သည့် အတိုင်းကိုထည့်၍ဆိုပါလေ) မေ-အကျွန်ုပ် ပြုလုပ်ရသော ကုသိုလ်ကို မသုန္ဓရီသီပါစီသောငှာ၊ ရီစင်ကရားလက်ဖျားကိုင်၍ ဤရီစက်ကို သွန်းချလိုက်ပါသည်မှာ ဤရီစက်ကား ပထဝီကမ္ဘာ၌ ခန်းခြောက်လာသော ရီစက် မဟုတ်၊ နှစ်သိန်းလေးသောင်း အပေါင်းသချာ၊ မြီမျက်နှာကို စိုးပိုင်နေသော မသုန္ဓရီမ၏ဦးခေါင်း၌ တည်လှာသော ရီစက်သည် ဖြစ်စီသော လေးသချေနှင့် ကမ္ဘာတစ်သိန်း၊ ရှစ်သချေနှင့် ကမ္ဘာတစ်သိန်း၊ တစ်ဆယ့်ခြောက်သချေနှင့် ကမ္ဘာတစ်သိန်း၊ သချေကမ္ဘာကြာမြင့်သော်လည်း မပျက်စီငြား မသုန္ဓရီဆံဖျား ရီစက်ချထားရာ နောင်ခါကျွန်ုပ်ရစီသော၊ မည်သည့်ကမ္ဘာ၊ မည်သည်ကကျွန်း၊ မည်သည့်ဘုရား မည်သည့်သက္ကရာဇ် မည်သည့်နှစ် မည်သည့်ရက်၌ မည်သည့်လူ၊ မည်သည်ကာလ မည်သည့်အချိန် မည်သည့်ကုသိုလ်ပြုသောအခါ သွန်းချလိုက်သော ရီစက်သည် ယခု ငါ့ဦးခေါင်း၌ ယခုထိသည် ငါကား မြင်လိုက် ကြားလိုက် သိလိုက်သည်ဟု မသုန္ဓရီ ဒေဝဘုမ္မိ သက်သီရှိနိ သက်သီအရာ တည်လှာသည် ဟောတု ဖြစ်စီကုန် သတည်း။

## (၇) အမျှဝေ

ဤသို့ပြုရ မြတ်ပုညကို ကြီးထမြင့်ခေါင် မြင့်မိုရ်တောင်ဦး မကကျူးသား ကျေးဇူးအရှင် မွီးမိခင်နှင့် ဘခင်တို့အား ရငြားပါစီ အမျှဝီ၍ မသို့နိစ္စ ဤကာယကို စောင့်ထပီလတ် ကိုယ်စောင့်နတ်နှင့် မပြတ်စီရာ ပီးဝီငှာ၍ မေတ္တာဆွီညာ ဆရာသမ ဘိုးဘွားကစ ယမရာဇာ ဒေဝါယက္ခ ဣန္ဒဘုမ္မာ အာကာသနင်္ဂ အထူးမှတ်ရာ အမြတ်ပုည ကုသလကို ရငြားပါစီ အမျှဝီ၍ သဗ္ဗေသတ္တာ သတ္တဝါဟု နာနာလောက အနန္တတွင် မပြတ်စင်ကာ သတ္တဝါသ ဘုံကိုးဝ၌ ဝိညာဏဋ္ဌိတိ တည်ဘိခုနစ် ပါး များစွာလုံးစုံ ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်သမျှ ဝေနေယျတို့အား အမျှကုသိုလ် ပီးဝီလို၏ ထိုကုသလ ဤပုညကို အမျှရကြ သည်ဖြစ်စီသော မသုန္ဓရီ ဤမြီပံသု သေလာထုသည် သက်သီအမှု တည်စီသော။

(အမျှ. . . အမျှ. . . အမျှ. . . )

သာသနာငါးထောင် ကုန်အောင်စောင့်တတ် ရှင်နတ်မြတ်လည်း သိစေသော်၊ သရီခတ်ပေါင်း အပေါင်းစောင့်တတ် ရှင်နန်မြတ်လည်း သိစီသော ရီတွက်မရ များလှအနန္တော အနန္တ စကြာဝဠာ တိုက်တွင်းမှာလည်း ရငြားပါစီ ဤကောင်းမှုကို

ကျွန်ုပ်ဝီသည် မသုန္ဒရီ သက်သီသာစု ခေါ်စီသောဝ်။

## (ဂ) ဆုတောင်းအန်

ကြကာသသည်၊ ဇမ္ဗူထွင့်တင်
ဘုရားရှင်ကို၊ ထိပ်တင်စုပေါင်း
လက်ဆယ်ချောင်းဖြင့်၊ ပေါင်းရုံးခေါင်းတင်
တင်လျှင်ထိုထို၊ မြတ်ရှင်ပင်ကို
ပူဇော်လီလေ၊ အန်စွလေ။

ပူဇော်ပြီးမှ၊ ခုခါဖြစ်ရ
ဤဘဝ၌၊ ဆင်းရဲပူဆာ
ခံရပါသည်၊ နောင်လာသံသရာ
ဆက်များစွာဆွင်၊ မာသာပီတ
မိဘမျိုးဆွီ၊ ကျော်လူ့မြီတွင်း
တူနီတကွ၊ ဖြစ်ချစ်စွလေ
အန်စွလေ။

ဖြစ်သောကြမ္မာ၊ ဇမ္ဗူချာတွင်
သစ္စာလေးပါး၊ တည်ငြားသတိ
သမာဓိပညာ၊ ဌာရသလျှင်
မြတ်စွာလုံး၊ ရူပါဆင်းဝါ
နတ်သူဇာသို့၊ ဖြစ်စီသော်လေ
အန်စွလေ။

နတ်စသ်သူဇာ၊ ရုပ်ဝါထွန်းပ
သော်တာလသို့၊ ခါးပါးကသတ်
ရင်ကချပ်နှင့်၊ မညိုးကိုယ်ရောင်
ခေါင်းတွင်ဆံသာ၊ စွာလတ်ညာသို့
ထုတ်ငြားရိုးညီ၊ သိင်္ဂီဖားလျား
စီရီထားသို့၊ ဗလံခွန်အား
ဆဒ္ဒန်အင်အား၊ ဆဒ္ဒန်ထောင်သောင်း
စုပေါင်းအညီ၊ ကျော်လုမြီတွင်
ဖြစ်စီသော်လေ၊ အန်စွလေ။

ခုအောင်ဖြစ်ခ၊ တောင်းဆုရန်၍
ညီနှင့်အည်းကို၊ မောင်နှင့်နှမ
ကွာမကွဲ၊ မျိုးလေးတိုင်လေ
ဝဿဝတီ၊ ထိုပြည်ရပ်၌
ဖြစ်စီသော်လေ၊ အန်စွလေ။

ဖြစ်သောကုသလ၊ ထိုဌာန၌
နှစ်ပါးမောင်နှံ၊ စည်းစိမ်ခံ၍
သားကတစ်ကျိပ်၊ မြီးကရာကျော်
စံပျော်နီရာ၊ ဝတီသာ၌
စံပါရစီ၊ နံပါးရပ်ထက်
ဝင်မျိုးထွက်ကာ၊ စုံစွာရ၍
မြီးလှသားသျှေ၊ သွားလာသည့်လည်း
အန်စွလေ။

**ရခိုင်သားကြီးစာပေ**

သာယာပျော်ပါ၊ နတ်မောင်အရှိ
ခေါဘဏီနှင့်၊ ထက်မြီမိုးပွား
ဆင်းလာရောက်ငြား၊ နတ်သားဇာရဇ်
အရိန္ဒဟခင်း၊ ထီးနန်းပြာသာဒ်
နှိုင်းတုလွတ်၍၊ မင်းလှရာဇာ
စကြာထိလု၊ ရန်သူမရ
ကျင့်သီလနှင့်၊ နှစ်ဝလူသူ
မ,စီသော်လေ၊ အန်စွလေ။

မ,စီပျော်ရာ၊ နီစဉ်ခါဝယ်
အရှင်အရိယျမိတ္တေ၊ ပွင့်မေခါလည်း
ဖူး၍ရလျှင်၊ ရတုံကျင်မှ
ဖူမြင်ရ၍၊ ပွင့်ဆဲတေဇာ
ကျွန်းပြည်သာ၌၊ ရတနာကို ရှိမ္မိပြည့်စုံ
ကျောင်းတော်နီ၍၊ နတ်ပြည်မျိုးနှင့်
စည်ပင်သော်လေ၊ အန်စွလေ။

စည်ပင်သာယာ၊ ပြည်သာရောက်ငြား
ရှစ်ပါးပရိက္ခရာ၊ စုံစွာလည်းကမ်
ဧည့်ဝတ်မစဲ၊ လုပ်ကျွေးပါသော်
ပြည့်သည်ပါရမီ၊ ဆည်ဖို့ထွီသို့
ပြည့်လီပြီးမှ၊ ကျွတ်အားဗျာဒိတ်
ပညာဓိလည်း၊ အန်စွလေ။

ပညာဓိက၊ ရသောဆုမွန်
ရှစ်တန်အာစရ၊ အာသာဆယ်ပါး
ကျင့်တရားနှင့်၊ ငါးပါးစွန့်ခြင်း
သီတင်းဆောက်တည်၊ တောဝယ်ရသီ
ထွန်းညီဝိဇ္ဇာ၊ အရိယာလျှင်း
ဖြစ်စီသော်လည်း၊ အန်စွလေ။

ဖြစ်သည်မကြာ၊ တစ်ထောင့်ငါးရာ
ကိတ်သာကို၊ ရှောင်ခွာနိုင်ယောင်
ညောင်ပင်အောက်၌၊ ဆောက်တည်တူစွ
စရိယသည်၊ ကျင့်ပြီးသော်မှ
ပညာဓိက၊ ဘုရားအမှန်
ဖြစ်စီသော်လေ၊ အန်စွလေ။

**လူနတ်ဖြဟ္မာ၊ သတ္တဝါအပေါင်းတို့သည်**
**သောင်းသောင်းသာစုခေါ်ဆီသောဝ် . . .။**

# အနောက်ပြည် မဟာမုနိရုပ်ပွားများ

## အရှင်စက္ကိန္ဒ (ရခိုင်မြေ)

အနောက်ပြည်ခေါ် ယခု ဘင်္ဂလားဒေ့ရှ် ရခိုင်မင်းများလက်ထက် ရခိုင်နယ်ပယ် အပိုင်းအခြား ဖြစ်ခဲ့သည့်အလျောက် အုပ်ချုပ်ရေးနှင့်အတူ ဗုဒ္ဓသာသနာပြုရေးပါ ဆောင်ရွက်ခဲ့သည်။ ထို့ကြောင့် သံဃရာဇာ သာသနာပိုင် ရခိုင်သံဃာတော်များသည် သာသနာပြုစုခဲ့ရသည့်အပြင် ဘုရား, ကျောင်း, ကန်, စေတီ, ပုထိုးများကိုလည်း တည်ထားခဲ့ကြပေသည်။

မြောက်ဦးခေတ် နောက်ပိုင်းထိ ရတနာဗိမာန်ကျောင်းတိုက်ဆရာတော် ဦးဓမ္မရာဇိက ဆိုလျှင် ထိုဘင်္ဂလားနယ်တွင် သာသနာပြုခဲ့သဖြင့် ဘင်္ဂလားဆရာတော်ဟု ခေါ်တွင်ခဲ့ရသည်။ အင်္ဂလိပ်လက်ထက် ၁၈၆၈ ခုနှစ်တွင် သံဃရာဇာသာရမေဓာ အရှင်သည် သာသနာပြုခဲ့၍ ယခုထိ သံဃရာဇာဂိုဏ်းဟူ၍ သံဃဂိုဏ်းတစ်ခုရှိနေသည်။ ရခိုင်မင်းလက်ထက် သာသနာပြု သံဃာဂိုဏ်းအဆက်အနွယ်များကိုကား မဟာသံဃာဂိုဏ်းဟူ၍ ခေါ်တွင်နေကြပေသည်။

ထို့ကြောင့် အရှေ့ပါကစ္စတန် အစိုးရလက်ထက် ၁၉၆၈ခုနှစ်ထုတ် စာအုပ်တို့၌ အရှေ့ပါကစ္စတန်(ဘင်္ဂလားဒေ့ရှ်)တွင် ကျောင်းကြီးဗိမာန်အဆောက်အအုံပေါင်း ၃၁၀ရှိကြောင်း ဗုဒ္ဓဘာသာဝင်ဆိုလျှင် ၃၁၆၀၀၀ရှိကြောင်း အချို့စာအုပ်၌ ငါးသိန်းထိရှိကြောင်း ပြဆိုထားသည်။

ရခိုင်မင်းလက်ထက် တည်ထားပေးခဲ့သော ဘုရား, စေတီ, ပုထိုးများကို ယခုတိုင်တည်ထားပေးခဲ့သော ပင်လယ်၊ ကျွန်း၊ ကမ်းနှင့် မြေပြန့်ဒေသအပြင် စစ်တကောင်းတောင်တန်းတို့၌ တွေ့ရပေသည်။ ထိုရုပ်ပွားများအနက် မဟာမုနိရုပ်ပွားတော်၊ မဟာကျိ စသော ဆင်းတုများလည်း ဖူးတွေ့ရလေသည်။ မဟာမုနိရုပ်ပွားမှာ ရခိုင်ပြည်တွင် ဗုဒ္ဓကြွရောက်စဉ် ထုလုပ်ခဲ့သော မဟာမုနိရုပ်ရှင်တော်ကို အတုယူ၍ ထုလုပ်သည့် ရုပ်ပွားတော် ဆင်းတုတော်ပင်ဖြစ်လေသည်။ မဟာကျိဆင်းတုများဆိုလျှင် မဟာမြတ်မုနိ ရှင်ပင်ကို သွန်းစဉ် ပိုလျှံသော ရတနာကြွင်းများကို အစားစားသွန်းခဲ့သော နောင်ညီရုပ်ပွားများပင်တည်း။

### မဟာမုနိရုပ်ပွား

ထိုမဟာမုနိရုပ်ပွားတော်၊ မဟာကျိ ရုပ်တုတော်အား ထိုထိုဘင်္ဂါဒေသရှိ ရခိုင်၊ မရမာကြီး စသော ဗုဒ္ဓဘာသာဝင်များ၊ ဟိန္ဒူစသော နတ်ကိုးကွယ်သူများ၏ဖူးမြော်လေးမြတ်ခြင်းပြုရာဖြစ်လေသည်။ ယခုထိ နှစ်စဉ်ပွဲများသတ်မှတ်၍ ပူဇော်ပွဲကြီးများ ပြုလုပ်လေ့ရှိကြသေးသည်။

ဘင်္ဂါဒေသရှိ မဟာမုနိရုပ်ပွားမှာ စန္ဒာသူရိယမင်းက ဗုဒ္ဓကိုယ်စား သွန်းလုပ်ခဲ့သော မဟာမုနိရုပ်ရှင်တော် အတိုင်း အစားတူဖြင့် ထုလုပ်တည်ထားသည့် ဆင်းတုဖြစ်သည်ဆို၏။ ဤဘုရားကို ပူဇော်ရန် ဗုဒ္ဓဝန္ဒနာဂီတ (ဘုရားရှိခိုး) ပင်တသီးတခြား ရေစပ်လေသည်။ ထိုမဟာမုနိကို စစ်တကောင်းမြို့မှ ဝေဘူညာထိ မော်တော်ကားနှင့်သွားပြီးထိုမှ လေးမိုင်ခရီးဆက်လျှင် ဖူးတွေ့နိုင်သည်။ မဟာမုနိသို့ မရောက်မီ ၂မိုင်ခရီး၌ လျောင်းတော်မူ တစ်ဆူကိုလည်း ဖူးတွေ့နိုင်လေသည်။

မဟာမုနိမှာ စစ်တကောင်းခရိုင် မပံတာလီမည်သောအရပ်တွင် ကိန်းဝပ်လျက်ရှိသည်။ အဘယ်မင်းလက်ထက်က တည်ထားခဲ့သည်ဟု သမိုင်းမှတ်တမ်းမတွေ့ရသော်လည်း ဖော်ပြပါ ဗုဒ္ဓဝန္ဒနာဂီတတွင်ကား သဒ္ဓါတရား ဉာဏ်ပညာဂုဏ်ရည်များနှင့်ပြည့်စုံကြသော ရှေးပညာရှိများက ဓညဝတီမှ ထုလုပ်ပင့်ဆောင်၍တည်ထားကိုးကွယ်ခဲ့ကြောင်းဖြင့် စပ်ဆိုထားလေသည်။ ထိုဘုရားကို နွေရာသီတွင် ဖူးမြင်ကြသူများ မပြတ်စည်ကားလေသည်။

### ထင်ရှားသောဘုရားဆင်းတုများ

ထို့ပြင်ထင်ရှားသော ဘုရားများမှာလည်း အရပ်ရပ်တို့၌ ရှိနေပေသေးရာ နှစ်စဉ်ပွဲပြုလုပ်လျက်ရှိနေကြပေ၏။ အနည်းငယ်ဖော်ပြရလျှင်-

(၁) ပေတူရွာမှ တစ်မိုင်ကွာတွင် လျော့နေ မော့နေ ရခိုင်ရွာ၌ တန်ခိုးကြီးဘုရားတစ်ဆူရှိသည်။ တပို့တွဲလပြည့်ရောက်တိုင်း ပွဲတော်ကျင်းပလေသည်။

(၂) မဟာမုနိမှ မြောက်ဘက်သို့ ၆မိုင်သွားလျှင် အိန်ရာမူတိန်၊ မရမာကြီးရွာထဲ၌လည်း ထိုင်တော်မူကြေးဆင်းတု ဘုရားတစ်ဆူရှိလေသည်။ နှစ်စဉ် တန်ခူးလပြည့်နေ့တွင် ဘုရားပွဲကျင်းပလေသည်

(၃) ယင်းမှမြောက်ဘက်ကို ဒေဝသျှ ဈေးအလွန် ဝက်ခေါင်း ရခိုင်ရွာတွင် ကျောက်ညိုဆင်းတု သုံးတောင်ခန့် တစ်ဆူရှိသည်။ သီတင်းကျွတ်လပြည့်တွင် ဘုရားပွဲကျင်းပလေသည်။

(၄) ယင်းမှအရှေ့မြောက် ထောပို့ရခြောက်ရွာတွင် တောင်ဆုပ်လောက်သာရှိသော ကြေးဆင်းတုတစ်ဆူရှိသည်။

ဤကြေးဆင်းတု အတိုင်းအစား ရုပ်တုတော်များဆိုလျှင်

(၅) ရင်ဂေါ (ပလံတောင်) တွင်တစ်ဆူ

(၆) ဗိုလ်မင်းထောင်နယ် ကောက်ခရီရွာတွင်တစ်ဆူ

(၇) ရဂ်ါမာတိ သက်ထောင်တွင်တစ်ဆူ

(၈) ဗိုလ်မင်းထောင် ကပိုရွာတွင်တစ်ဆူ

(၉) ဗိုလ်မင်းထောင် ရခိုင်ဝတွင် (တမုတ်ခန့်ရှိ) တစ်ဆူ။

ဖော်ပြပါ ၄-မှ ၈-ထိ ဆင်းတုများမှာ ကံသာချောင်း၊ စိန်မြောင်ရှိ ဆင်းတုတော်(ရှင်ကျော်)နှင့် မခြားမနား မကြီးမငယ် အရွယ်အစားရှိလေသည်။ စိန်မြောင်ဘုရားနှင့်အစားတူ၊ မဟာဂျီ ရှင်ကျော်ဆင်းတုတော်များကား အနှံ့အပြားရှိကြောင်း လေ့လာဖူးသူများထံမှ သိရသည်။

## စိန်မြောင် ရှင်ကျော်ဘုရား

စိန်မြောင်ရှင်ကျော်ဘုရားမှာ မူလက ကံသာချောင်းမှ ငါးသဲ့ရွာတွင် ရရှိသော ဘုရားဖြစ်သည်ဟုလည်းကောင်း၊ ကံသာချောင်း (မြောင်)မှ စိန်ရောင်တောင်ထွန်းလျက် အရောင်ကွန့်မြူးစွာ တွေ့ရှိဖူးမြင်ရသည်ကိုထောက်၍ စိန်မြောင်ဘုရား ဟူ၍လည်းကောင်း တွင်လာရသည်ဟု အချို့ကဆိုကြသည်။ ရခိုင်ပြည်မှ ဘိုးတော်မင်းလက်ထက် အနောက်ပြည်သို့ ထွက်ပြေးကြသော ရခိုင်များနှင့်အတူ ပင့်ဆောင်ပါသွားသော မဟာဂျီရုပ်တုတော်များအနက်မှ တစ်ဆူဖြစ်ကြောင်းလည်း ဤသို့ သမိုင်းမှတ်တမ်း ပြုခဲ့ကြသည်။

## ထင်ရှားအံ့။

စိန်မြောင်ဘုရားမှာ မူလက ရခိုင်ပြည်၊ စစ်တွေခရိုင်၊ ရသေ့တောင်မြို့နယ်၊ မုံစဲကျွန်းတွင် ကိုးကွယ်ခဲ့ သည်ဟုဆို၏။ ထို့နောက် ရခိုင်ပြည်ကို ဗမာမင်းအုပ်ချုပ်စဉ် ထွက်ပြေးသွားကြသူများက ပင့်ဆောင်သွားခဲ့ကြခြင်းကြောင့် ကွဲရောက်ခဲ့ရသည်ဆို၏။ ထိုဆင်းတုတော်ကို ပင့်ဆောင်သွားကြသူများက မိမိနှင့်တစ်ပါတည်း ပင့်ဆောင်လိုက်ပါသွားသော ဆရာတော်ထံ အပ်နှံ၍ ကိုးကွယ်ထားခဲ့ကြသည်။ ထိုဆရာတော်မှာ မိမိဌာနသို့ ပြန်ရောက်ပြီးနောက် တစ်ဖန်မကျန်းမာမှု ကြောင့် ဆေးကုရန် ကွဲခဲ့သေးရာ ထိုတွင်ပင် ဝေဒနာမသက်သာ၍ ပျံလွန်ခဲ့ရသည်။

ထိုဆရာတော် ဆေးကုရောက်နေခိုက် ထိုဒေသမှ တကာများက ထိုဘုရားကို ဆရာတော်၏ခွင့်ပြုချက်အရ ပ င့် ဆောင်ရောက်ခဲ့ရာ နောင်တွင် ဆရာတော်ပျံလွန်သွားခြင်းကြောင့် ထိုဒေသတွင် ကိန်းဝပ်မှုဖြစ်ခဲ့ရသည့်အတွက် မုံစဲကျွန်းမှ တကာ-တကာမများ တောင်းခံခဲ့ကြသော်လည်း ပြန်မရနိုင်ခဲ့ပြီ။ ဆရာတော်ပျံလွန်သတင်းကြားကြ၍ မုံစဲကျွန်းတွင်ရှိနေသော ဘုန်းကြီးမယ်တော်က သားရဟန်းကို လွမ်းတငိုသော တောင်ငယ်တစ်ခုသည် ယခုထိ ရှိနေသေးသည်ဆို၏။ ထိုတောင်ငယ်ကို လွှမ်းတောင်ဟု ခေါ်တွင်ပြုနေကြ၏။ ထိုစိန်မြောင်ဘုရားအား တောင်တန်းနယ်သားများ၏ အားထားကိုးကွယ်ရာ အထင်ရှား ဆုံးဖြစ်နေပေ၏။ သင်္ကြန်တွင် ဘုရားဖူးသွားများ၊ ရှင်ပြု၊ အလှူပေးသူများ ပြည့်ကျပ်စည်ကားပေ၏။ ဥဏ်ဏတော်မှာ တောင်ဆုတ်(တဆုတ်လျှော့တစ်တောင်)ခန့်မြင့်ရှည်၏။ အရောင်အလွန်တောက်ပ၏။ စစ်တစ်ကောင်းမှ 'ကာစ်တိုက်'သို့ သွားရာ မော်တော်ကားဖြင့် စီးသွား၍ ကံသာချောင်းတွင် လှေဖြင့်ကူးလျက် ဖူးမြော်ရလေသည်။ ကံသာချောင်းတောင်ဘက် တွင် ကျောင်းကြီးအတွင်း ဂန္ဓာကုဋိတိုက်ခန်းတွင် ကိန်းဝပ်လျက်ရှိနေပေ၏။

ဖော်ပြပါ ဆင်းတုတော်များကို ထောက်၍ အနောက်ပြည် ဘင်္ဂါတွင် ရခိုင်မင်းများ လက်ထက်ကပင် ဗုဒ္ဓသာသနာ တည်ထားထွန်းကားရာဌာနဖြစ်ကြောင်း သိအပ်ပါသည်။ မဟာမုနိရုပ်ပွားတော်နှင့် မဟာဂျီရုပ်ပွားများအနက် အတိုင်းအတာ တည်ထားလေးမြတ်ခြင်း ပြုခဲ့ကြောင်း ယခုတိုင် သက်သေခံအဖြစ် ထင်ရှားရှိနေပေတော့သတည်း။

**ရခိုင်ပြည်နယ် စာစောင်အတွဲ (၁) အမှတ် (၄)**
**၁၉၇၇-ခုနှစ်၊ မတ်လထုတ်မှ**

# ရခိုင်ပြည် ဗုဒ္ဓရုပ်ပွားစေတီ ထုလုပ်တည်ထားမှုများ

**နတ်မြစ် စန်းအောင်**

## ဗုဒ္ဓလက်ထက် ရုပ်တုသွန်းလုပ်မှုများ

ဂေါတမဗုဒ္ဓ၏ ရုပ်ပုံတော်အတု သွန်းလုပ်ပြုလုပ်မှုသည် ထိုဘုရားရှင်လက်ထက်တော်ကပင် စတင်ခဲ့ကြောင်းဖြထင် အဆိုအမိန့် ရှိကြလေသည်။ ကျီးသဲလေးထပ်ဆရာတော်၏ ဇမ္ဗူဒီပစာတမ်းတွင် မဟေသာရနတ်က ဘုရားကို ကိုးကွယ်သူအဖြစ် ရောက်ပြီးနောက် ၎င်းနေရာ မန္ဒာဂီရိတောင်၌ သီတင်းသုံးရန်လျှောက်သည်။ လက်မခံသောကြောင့် ဘုရားရှင်၏ ရုပ်ပွားသဏ္ဍာန်ကို ဖန်ဆင်း၍ ကိုးကွယ်ခွင့်တောင်းလေသည်။ အခွင့်ပြုခဲ့ရာကား ၎င်းသည် ဂန္ဓကုဋိတွင် ဘုရားရှင်၏ ရုပ်သွင်ဆင်းတုတော်ကို သက်တော်ထင်ရှားရှိသကဲ့သို့ ပြုလုပ်၍ အစဉ်ကိုးကွယ်ထားခဲ့လေသည်ဆို၏။

အလားတူ ဗုဒ္ဓထင်ရှားရှိစဉ် ဟိမဝန္တာ၌ စန္ဒာမုနိကိုလည်းကောင်း၊ သကျတိုင်း၌ သကျမုနိကိုလည်းကောင်း၊ သာဝတ္ထိပြည်၌ စန္ဒနသာရမုနိကိုလည်းကောင်း၊ ရခိုင်ပြည်၌ မဟာမုနိကိုလည်းကောင်း၊ ကိုယ်စားတော်အဖြစ် သွန်းလုပ်စေခဲ့ကြောင်း၊ မန္ဒာဂီရိတောင်၌ ပြုလုပ်ခဲ့သော ဆင်းတုကိုမူ လောကမုနိဟု တွင်လေသည်။ ရာဇဂြိုဟ်၌ ရာဇမုနိကိုလည်း သွန်းလုပ်ခဲ့သည်ဆို၏။ ဖာတီယန်ခရီးစဉ်၌ ၎င်းသည် အိန္ဒိယဗုဒ္ဓဌာနများသို့ လှည့်လည်သွားရောက်စဉ်က ဗုဒ္ဓလက်ထက်က ကိုယ်စားပြုထားခဲ့သည်ဟူသော စန္ဒနသာရရုပ်တုကိုပင် ဇေတဝန်ကျောင်းတော်၌ ဖူးတွေ့ခဲ့ရကြောင်းဖြင့် ပြဆိုထားလေသည်။ မြန်မာစာပေတို့၌ (မဟာမုနိအပါအဝင်) မုနိကိုးဆူထိ သွန်းလုပ်ခဲ့ကြောင်းဖြင့် အောက်ပါလင်္ကာတွင် စပ်ဆိုမှု တွေ့ရ၏။

'အတိတ်ရှေးရှိ၊ ဥဒါန်းချီသား
မုနိရှစ်ဆူ၊ ဟူသည်မှာကား
တာဝတိံသာ၊ မြတ်စွဥ္ဓာတည်း
ပြဟ္မာဒုဿ၊ ကပိလနှိုက်
သကျရှင်မြတ်၊ သာဝတ်ပြည်မှာ
စန္ဒာမည်ရ၊ ရာဇဂဟ
ရာဇမည်သာ၊ မန္ဒာဂီရိ
မည်ဘိလောက၊ အမရအောင်ချာ
ရွှေပြည်သာ၌၊ စန္ဒမဟာ
ဝိုက်ဦးစွာဝယ်၊ နောက်မှာမုနိ
ရှစ်စုံရှိလျှင်၊ မုနိရှစ်ဆူ
ပွင့်သောဟူ၍၊ နတ်လူပြဟ္မာ
သုံးဖြာလောက၊ ကျော်စောလှ၏။'

**(၁၃၁၇-ခုနှစ်ရေး၊ မဟာမုနိသမိုင်းတော်သစ်မှ)**

## ရခိုင်ပြည် မဟာမုနိ ရုပ်တု

ရခိုင်ပြည်၌ ဗုဒ္ဓရုပ်တု ထုလုပ်မှုသမိုင်းသည် မဟာမုနရှင်ပင်ကို သွန်းလုပ်စဉ်ကပင် စတင်ခဲ့ကြောင်း ဘုရားသမိုင်းအရ သိလာရလေသည်။ ထို့ကြောင့် မဟာမုနိသည် ရခိုင်ပြည်၏ သာသနာတည်ရာဟုပင် ဂုဏ်ယူခဲ့ကြပေသည်။ ထိုမဟာမုနိသည် ဘုရားရှင်ကိုယ်စားတော်ဟုလည်း ယုံကြည်ခဲ့ကြလေသည်။ ဘုရားရှင်၏ရွှေရင်တော်ငွေ့ဖြင့် တည်ထားသွန်းလုပ်ခဲ့သည်ဖြစ်၍လည်း ဘုရားရှင်၏ ဓာတ်တော်လည်း ဖြစ်ချေသည်။

ထိုမဟာမုနိကို သွန်းလုပ်ပြီးနောက် စန္ဒာသူရိယမင်းသည် ဘုရားလက်တော်ဖြင့် ကိုယ်တိုင်ပေးခဲ့သော ပစ္စည်းကို ဘုရားနှစ်ဆူ သွန်းလုပ်လေသည်။ ထို့နောက်ကား မဟာမုနိကိုယ်စားတော် သုံးကျိပ်သုံးဆူသော ရုပ်တုတော်များကို ထုလုပ်ခြင်း၊ မဟာမုနိသွန်းရာမှ ကြွင်းကျန်သော ရတနာကြွင်းများကို မဟာကျန်စသော အရာအထောင်မကသော ရုပ်ပွားတော်များ ထုလုပ်ခြင်းဖြင့် အနယ်နယ်အရပ်ရပ်တို့သို့ ရုပ်တုကိုးကွယ်မှုဆိုင်ရာ အယူဝါဒများပါ ပျံ့နှံ့ခဲ့ရကြောင်းဖြင့် သမိုင်းလာရှိလေသည်။

## ရတနာကြွင်းမှ သွန်းလုပ်ခြင်း

'မဟာမုနိသွန်လုပ်ခြင်းအဲ'၌ မဟာမုနိရှင်ပင်ကို သွန်းပြီးနောက်တွင် ကြွင်းကျန်သော ရတနာများကိုလက်ဝဲရံနှင့် လက်ယာရံ ထေပျံနှစ်ပါး ရုပ်တုအပြင် အထက်မဟာမုနိနှင့်သဏ္ဍာန်တူ ၂၈ဆူတို့ကိုလည်း သွန်းလုပ်တော်မူခဲ့သည်ဆို၏။ ထို့နောက် ကြေးချည်းသက်သက်ဖြင့် ခုနစ်ဆူသွန်းတော်မူသေးသည်။ ပဥ္စလောဟာဖြင့်လည်း ငါးပါးသွန်းခဲ့ပြန်လေသည်။ ပဥ္စလောဟာဖြင့် သိကြားမင်းက မဟာမုနိ ညီတော်ဟူ၍ အပါးသုံးကျိပ်ကို သွန်းပြန်သည်ဆို၏။

ထိုပိုးရှိုင့ုက်များကို. . . .
'ညီးညီးပြောင်ပြောင်၊ ပိုးရှိုတောင်
ရှိုတောင်ထက်မှ၊ ညီးညီးရောင်'ဟူ၍လည်းကောင်း
'အဂေါင်ပြောင်လင်း၊ အကိုယ်ပြိန်းပြောက်
ခန္ဓာကိုယ်မှာ၊ လျှပ်ရောင်တောက်ရှိ
ပိုးရှိုကြီးကေ၊ ငှက်ကွန်လောက်လေ' ဟူ၍လည်းကောင်း စာဖွဲ့ကြလေသည်။

## စေတီခြေတော်ရာ၊ ဖနောင့်တော်ရာ ဖြစ်လာရခြင်း

ရှေးမူ မဟာမုနိသမိုင်း လက်ာဟောင်း၌လာသည်ကား မဟာမုနိသွန်းကျန် ရတနာများမှာ ဘုရားပလ္လင်အောက်၌ ဆင်းတုတော်၏တောင်ဘက်အရပ်၌ အချို့ကို မြှုပ်နှံထားခဲ့သည်။ လူများက ယူကြလေသောကြောင့် သိကြားမင်းလာ၍ဆင်းတုတော်၏ မြောက်အရပ်၌ စေတီကြီးတည်ထားလေသည်။

'ဒေဝါသိကြား၊ မြင့်မိုရ်ဖျားက
စီးငြားလာခါ၊ ဆင်းနှင့်ပါသည်
များစွာထွေထွေ၊ ဉစ္စာတွေကား
လုဆွေသျှင်တော်၊ ဆင်းတုတော်၏
ကျိန်းပျော်ရပ်မှာ၊ ဥတ္တရာ၏
ထွန်းပညီးညီး၊ စေတီကြီးလျှင်
တည်ပြီးတငြား၊ နတ်တို့ထားသည်
အများခေါ်ကြ၊ သမုတ်ချသား
ဒေဝစေတီ၊ ဓာတုပြီဟု
သည်မည်ပင်၊ ယခုတွင်၏' ဟုထိုစေတီကို ဒေဝစေတီဟု တွင်ခဲ့လေသည်ဆို၏။

မဟာမုနိကိုယ်စားထားခဲ့ပြီးနောက် ရခိုင်ပြည်အရပ်ရပ် ရှင်တော်ဘုရားကြွသွား၍ လူနတ်တို့က ကိုးကွယ်ရာ တောင်းပန်ခြင်းကြောင့် မအီချောင်းဖျား၌ မအီခြေရာတော်၊ မယုတောင်၊ မင်္ဂလာကြီးတောင်ထိပ်၌ ဖနောင့်တော်ရာစသည့် ကိုးကွယ်ရာများကို ပေးသနားခဲ့သေးသည်ဆို၏။ ထို့ကြောင့် ဘုရားရှင်ရခိုင်ပြည်သို့ ကြွရောက်စဉ် ရှင်ပင်ကိုယ်စား သွန်းလုပ်ခဲ့သော မဟာမုနိရုပ်တုတော်နှင့် တဆက်တည်း စေတီတည်ထားမှု၊ ခြေရာတော်၊ ဖနောင့်တော်စသည်တို့ပါ ချပေးဖြစ်လာရမှု ရှိကြောင်း သမိုင်းမှတ်တမ်းတို့က ဖော်ညွှန်းခဲ့ကြပေ၏။

## မေတ္တာယျ ရွှေဆင်းတုတော်

ဗုဒ္ဓကြွရောက်စဉ်က ဒေသစာရီကြွချီရာ သံတွဲမြို့၌ တန့်ရပ်တော်မူခဲ့၏။ ထိုတွင် မဖွဲ့မပူရိသအတောင်နှင့် စစတောင်ရှိ အရိမေတ္တာယျ ရွှေဆင်းတုတော်တစ်ဆူပင် (မဟာမုနိနှင့်တစ်ဆက်တည်းက) ထုလုပ်နိုင်ခဲ့ကြောင်း သိရသည်။ ထိုဘုရားကြီးကို သရေခေတ္တရာပြည်မှ သုပညာနဂရဆိန္နမင်းသည် ဖူးတွေ့ရလျှင်ပင် မခွာနိုင်ဖြစ်ပြီး သုံးနှစ်တိုင်တိုင် ကြည်ညိုနေခဲ့ဖူးသည်။ ပင့်၍မရနိုင်သည့်အဆုံးတွင်း မျှမတ်ဆိုးများလက်ချက်ဖြင့် ဖိုကျဉ်ထိုးခြင်း ခံခဲ့ရလေသည်ဟူ၍ မှန်နန်းရာဇဝင်တွင် ပြဆိုထားသည်။

ထို့ပြင် ရာဇဝင်ဝါဒကျမ်း၌လည်း
မေတ္တာယျရုပ်တု၊ ဆင်းတုပြောင်ပြောင်

အတောင်ရှစ်ဆယ်၊ ကြီးကျယ်ကျယ်နှင့်
လွှားလွှားမြင့်ကို၊ ဖိုကျင်ထိုး၍
ရသေ့မြို့အလုံး၊ ယူကြသုံးသဖြင့်
ဆုံးဘူးသည်တဝ'ဟူ၍လည်းရေးသားခဲ့လေသည်။

## သကျမုနိ ပင့်ဖိတ်ခြင်း

ဝေသာလီခေတ်တွင် ဆင်းတုတော်အများအပြား စေတီငယ်ပုံ(စတုပါ)အမျိုးမျိုးကို ထုလုပ်ပူဇော်ခဲ့ကြလေသည်။ အာနန္ဒစန္ဒရကျောက်စာတွင်လည်း အထင်အရှားရေးထိုးထားခဲ့လေသည်။ အခြားအခြားဝေသာလီမင်း၏ မိဖုရားများ ကောင်းမှုတော် ကျောက်စာတို့၌လည်း တွေ့ကြရပေသေးသည်။ ထူးခြားသည်ကား သကျတိုင်းမှလည်း ရုပ်တုတော်များ ပင့်ဆောင်မှု ရှိခဲ့ဖူးသည်ဆို၏။ ယခုမြောက်ဦးမြို့ရှိ ဘုရားပေါ် ရှင်ပင်မှာဆိုလျှင် သကျမုနိရှင်ဟူ၏။ ဝေသာလီပြည်ရှင် မဟာသူရိယကဥ္စန္ဒရာမင်း၏ မိဖုရားသုပဘာဒေဝီက ပင့်ဆောင်ခဲ့ရာ ဖောင်တော်မှာ ပြိုပျက်၍နစ်မြုပ်ခဲ့ရလေသည်။ ထို့ကြောင့် မြောက်ဦးခေတ်ထိ ရေထဲတွင် ကိန်းဝပ်နေခဲ့ရပေရာ မြောက်ဦးဘုရင် မင်းရာဇာကြီးလက်ထက်အရောက်မှ ပေါ်ပေါက်ရသဖြင့် ဘုရားပေါ်ဘုရားဟု တွင်ခဲ့ရသည်ဆို၏။

## မဟာမုနိပုံတူရုပ်တုများ မဇ္ဈိမဒေသပြန့်နှံ့ခြင်း

ရခိုင်မဟာမုနိရှင်ပင်၏ ပုံတူရုပ်တုများသည် မဇ္ဈိမဒေသသို့လည်း ပြန့်နှံ့ခဲ့ပေသည်ဆို၏။ ထို့ပြင် အနောက်ပြည်ခေါ် ဘင်္ဂလားဒေသတွင်လည်း ထုလုပ်ပူဇော်ခဲ့ကြပေသည်။ မဇ္ဈိမဒေသသို့ အသောကမင်းလက်ထက် ပုံတူယူဆောင်လာခဲ့ကြခြင်းကြောင့် ရောက်ရှိသွားခဲ့သည်ဟူ၏။[2] အနောက်ပြည်က ရခိုင်မင်းများ ပိုင်စိုးအုပ်ချုပ်ခဲ့ရာ နယ်မြေဖြစ်သည့်အတိုင်း ရခိုင်မင်း လက်ထက်တွင် တည်ထားနိုင်ခဲ့ပေရာ၏။ ရခိုင်မင်း၏သမီးတော်ဇချင်းတွင် ကောလိယမင်း မဟာထီးဘုရားကိုတည်စဉ် တာဝန်းချ၍ အရပ်ရပ်တို့မှလုပ်စေခဲ့ကြောင်း။ ယင်းသို့လက်အောက်ခံနယ်ပယ်တို့မှ အကူအညီပေးလာရသူများသည် မိမိတို့ နယ်ပယ်၌လည်း အလားတူ ဘုရားဆင်းတုများ တည်ထားနိုင်ပေရာသည်။ ထို့ကြောင့် ယခုစစ်တကောင်းနယ် မဟာကာလီ အရပ်တွင်ပင် မဟာမုနိရှင်ပင် ဆင်းတုများ တည်ရှိနေသေး၏။

## ပုံတော်ပင့်ဆောင်ခြင်းနှင့် အဖြစ်သနစ်

တတိယသံဂါယနာတင် ဒါယကာ သီရိဓမ္မာသောကမင်း လက်ထက် ဗုဒ္ဓရုပ်တုတော်ပုံကို ထုတ်လုပ်ရန် အကြံဖြစ်လေ သည်။ ထိုအခါ ရဟန္တာအရှင်များက မိန့်ကြားလေသဖြင့် ရခိုင်ပြည်မှ မဟာမုနိကိုယ်စားတော်ပုံကို လိုအင်ဆန္ဒပြင်းပြခဲ့လေ သည်။ ထို့ကြောင့် အရှင်ဗာဟုလမထေရ်နှင့် ဈာန်ရသာမဏေနှစ်ပါး သုံးပါးတို့အား စေလွှတ်ခဲ့လေသည်။ ထိုမထေရ်တို့အဖွဲ့ သည် ယခု မြောက်ဦးမြို့အရပ် ဗားဗူတောင်၌ ရပ်တန့်ခဲ့ဖူးလေသည်။

ဤတောင်ကား ဓာတ်တော်သမိုင်းအလို ဗုဒ္ဓဗျာဒိတ်ထားခဲ့ရာလည်း ဖြစ်သည်။ အသောကမင်းလက်ထက် မဟာမုနိ ရှင်ပင်၏ပုံတော်ကို သွန်းယူပင့်ဆောင်လတ္တံ့ဟူသည့် ဗျာဒိတ်အတိုင်းလည်း ဗာဟုလမထေတို့သည် ဤတောင်၌ တန့်ရပ်ခဲ့ကြ လေသေးသည်။ ဗာဟုလမထေရ်တန့်ရပ်ရာ တောင်ဖြစ်၍ ဗာဟုလတောင်ဟုတွင်ခဲ့၏။ နောင်တွင် ကုန်သွယ်ရေးအကြီးအကဲ ဗားဗူစာရနေခဲ့ရာ ဌာနဖြစ်၍ ဗားဗူတောင်ဟု တွင်လာသတည်း။

ယင်းသို့ ဗာဟုလထေရ်ဦးဆောင်သော အဖွဲ့သည် ကိုယ်စားတော်မဟာမုနိပုံကို ရတနာရွှေငွေတို့ဖြင့် သွန်းယူ ပင့်ဆောင်လျက် သာသနာ့ဒါယကာ အသောကမင်း၏လိုအင်ဆန္ဒကို ဖြည့်ခဲ့ကြရလေသည်။ ထို့ကြောင့် အသောကမင်းလည်း မဟာမုနိပုံတူ ရှင်ဗုဒ္ဓ၏ရုပ်တုဆင်းတု များစွာတို့ကို တိုင်းပြည်အနှံ့သွန်းထု ကိုးကွယ်တည်ထားစေသည်ဟု ရခိုင်ဘုရားကြီး သမိုင်းကျမ်းနှင့် ရာဇပုံကျမ်းတို့၌လာသည်။

ပါရာဇိကဏ်္ဍ အဋ္ဌကထာ၌ကား အသောကရုံကျောင်းကို အသောကမင်းရေစက်သွန်းချစဉ် နှောင့်ယှက်မှုပြုသော ဝသဝတီမာရ်နတ်ကို ဣန္ဒဂုတ္တမထေရ်က ဆုံးမစေခဲ့ရပြီးနောက် ပရိနိဗ္ဗာန်ပြုလေပြီးသော ဂေါတမဘုရား၏ပုံသဏ္ဌာန်ကို ယင်းမာရ်နတ်အား ဖန်ဆင်း၍ပြစေတော် မူခဲ့ဖူးကြောင်း အဆိုရှိလေသည်။ ဝါးကျောင်းဆရာပဏ္ဍိတ်ကလည်း ဥတေနလင်္ကာ

---

၁။ ဝါးကျောင်းပဏ္ဍိတ်၏ ဥတေနလင်္ကာ နိဂုံးပေါ်ချပ်၊ ကြောဖက်ပေမူမှ။

၂။ ဧရာဝတီတိုင်း ဘုတ်ချောင်းကျေးရွာတွင်ရှိသော ကြက်ကိုးပါး ရုပ်ပွားတော်မှာ မဟာမုနိ မသွန်းမီ ဦးစွာပုံစံ ဟုဆို၏။

နိဂုံးတွင် အလားတူ စပ်ဆိုထားခဲ့လေသည်။

## ရှင်ကျော်၊ ရွှေကျန်၊ မဟာကျီ၊ ရွှေကျံရုပ်တုများ

ရုပ်တုတော်ပုံများသည် သဏ္ဌာန်ပုံဟန် အမျိုးအစားများပြားလေသည်။ မဟာမုနိကိုသွန်းရာတွင် ဦးစွာပုံတော်မှာ ဘုရားရှင်လက်ထက် နှမ်းတစ်လုံးမျှ ကြီးလှသောကြောင့် ရှင်ကျော်ဟူ၍တွင်လေသည်ဟု ပန်းတံမောင်နှင့် သံတွဲသူဖွဲ့ အဲ၌ဖော်ပြထားသည်။[၂] နောက်တစ်ဆူသွန်းသောအခါမှ ပုံသဏ္ဌာန်တူညီလေ၍ မဟာမုနိဟုတွင်လေသည်ဆို၏။ မဟာမိုသွန်းကျန်ရတနာဖြင့် ထုလုပ်သောဆင်းတုများကို ရွှေကျန်ဘုရားဟုခေါ်သည်။ ကျီးတကက်ထမင်းထောင်၌ ချိတ်, သရိုး, သစ္စေး မွမ်းမံ၍ ရွှေချထားသော ဘုရားကို ရွှေကျံဘုရားဟုခေါ်ဆို၏။

ပုဏ္ဏကမင်း၏သားတော် မင်းကြီးဖြူလက်ထက်သ မဟာမုနိသိမ်တော်ကို ဖျက်၍ဆောက်လေသည်။ ထိုစဉ် သိမ်တော်မှပျက်သည့်ကြေးများကို ဘုရားဆင်းတုများ သွန်းလုပ်လေသည်။ ဘုရားအဆူ ကိုးဆယ်ရရှိပြီး တစ်သိမ်တည်းတွင် စု၍ထားလေသည်။ ဘုရားဆင်းတုများစွာ ထားခဲ့သောကြောင့် ကိုးဆယ်သောဆင်းတုများကို မဟာကျီဟူ၍ခေါ်တွင်မှုပြုလျက် လာခဲ့လေသည်ဟူ၏။ မြို့သူကြီးအောင်ကျော်ဇံရတု၌ မဟာကျီကို ဖူးရကြောင်း နရအဘယမဟာရာဇာမင်းလက်ထက်၌ပင့်၍ နန်းတော်၌ ကိုးကွယ်ခဲ့ကြောင်း အဆိုရှိ၏။

## မဟာကျိန်၊ မဟာဇိန်၊ မဟာဒိန်ရုပ်တုများ

ထို့ပြင် ကျိန်သစ္စာတိုင်ပြုလုပ်၍ ဘိသိက်သွန်းစဉ် အသုံးပြုလေ့ရှိသော မဟာကျိန်၊ မေတ္တယျဘုရားဟန်ထုလုပ်သော မဟာဇိန်၊ မဟာဒိန်စသော ရုပ်တုအမည်များဖြင့် ဆင်းတုအများအပြား ပေါ်ထွက်လာခဲ့ရကြောင်း။ ရခိုင်ပြည်သည် အိန္ဒိယ တောင်ပိုင်း မြောက်ပိုင်းတို့နှင့် ဂဟေဆက်သကဲ့သို့ ဆက်စပ်ရာဒေသဖြစ်နေသောကြောင့်လည်း ထိုထိုဒေသတို့မှ သွန်းလုပ်မှု ဆင်းတု မုဒြပုံဟန်အမျိုးမျိုးကိုပါ ရခိုင်ပြည်အနှံ့လေ့လာတွေ့ရှိနိုင်ပေသည်။

ထို့ကြောင့်လည်း မြောက်ဦးခေတ် ရွှေနန်းသခင် စန္ဒသုမနရာဇာ (ကောဇာ ၁၁၃၅-၁၁၃၉)လက်ထက် အင်းဝဆင်ဖြူရှင်မင်းနှင့် အပြန်အလှန်ပေးစာတွင်ဖော်ပြပါ မဟာမုနိ၊ မဟာဇိန်ဘုရားများရှိကြောင်းကို ဂုဏ်ယူစွာဖော်ထုတ်တင်ပြထားကြောင်း ရာဇဝင်တွင် တွေ့ရသည်။ ရာဇဝင်လင်္ကာကလည်း ဤသို့ဂုဏ်ယူ စပ်ဆိုထားခဲ့ပေ၏။

‘အဂ္ဂီရသ၊ ဂေါတမ၏
ရူပရုပ်ကျော်၊ ကိုယ်စားတော်ဟု
လူဖော်နတ်ရွာ၊ ဂုဏ်ကိုးဖြာဖြင့်
မဟာမုနိ၊ ခြောက်ရောင်ညီနှင့်
ထွန်းဘိလျှံဝါ၊ သာသနာလည်း
တည်ရာဌာန၊ ဖြစ်ကုန်ကြ၏။’

## ဇမ္ဗူပတိ ချွတ်စန်းလာ အသွင်သဏ္ဌာန်

ဇမ္ဗူပတိချွတ်ခန်းဝတ္ထုကို ဒီပဲယင်း ဆရာတော်သည် (ခရစ် ၁၇၇၂ ကောဇာ ၁၁၃၄ခုနှစ်) တထာဂတ ဥဒါနဒီပနီကျမ်း၊ အခန်း ၁၅၃တွင် အကျယ်ရေးသားခဲ့သည်။ ရခိုင်ပြည်၌ဆိုလျှင် မင်းဖလောင်းလက်ထက် မဟာပညာကျော်၏ လျှောက်ထုံးတွင် ဥပမာပြုချက် သာဓကအဖြစ်တွေ့ရသည်။

ထိုတွင် သားတော် သံတောင်စားမှာ အဘကို ပုန်ကန်မည်ပြုသူဖြစ်ရကား မာနကြီးသူဖြစ်သဖြင့် ဇမ္ဗူပတိမင်းနှင့်တူကြောင်း။ သားတော်ကို ပါအောင် ခေါ်ဆောင်ယူနိုင်သော ဒါဂါစားမှာ သိကြားတမန်နှင့်တူကြောင်း အရှင်မင်းမှာ ဘုရားသခင်နှင့်တူကြောင်းဖြင့် ဖော်ပြထားကြောင်း တွေ့ရသည်။

## သရဖူဆောင်း မင်းဝတ်ဘုရားများ

ဇမ္ဗူပဒီမင်းကို ချွတ်သော အကြောင်းအရာကိုစွဲ၍ ဇမ္ဗူပတိမင်းအသွင် ဘုရားရုပ်တုများ ထုတ်လုပ်ကိုးကွယ်ခဲ့၊ မကိုးကွယ်ခဲ့သည်ကို တတ်အပ်မသိရချေ။ သစ္စကပရိဗိုဇ်ကို ချွတ်သော အဖြစ်သနစ်ဆင်းတုတော်ကား တွေ့ရှိရသည်။ တစ်ဆူသောကျောက်ဆင်းတုတော်၌ သစ္စကပရိဗ္ဗာဇကဇိနဟူ၍ပင် ရေးထိုးရှိလေသည်။ သစ္စကပရိဗိုဇ်ကဲ့သို့ ဝမ်းဗိုက်ပူနေရကား ရခိုင်တို့က ဘုရားဝမ်းပူ၊ ဗိုက်ပူဘုရား၊ သိုက်ဘုရားဟူ၍ခေါ်တွင်ကြလေသည်။

ဇမ္ဗူပတိမင်းဟန်ကဲ့သို့သော မင်းဝတ်တန်ဆာဆင်ယင်ထုလုပ်ထားသော ကျောက်ဆင်းတု၊ ကြေးဆင်းတုပုံများကိုကား အများအပြား တွေ့ရလေသည်။ သမိုင်းဆရာများတို့ကား မင်းသားဘဝက ဘုရားဖြစ်လာသည်ကို ထင်ရှားစေသော ထင်ရှားစေဟန်ထုလုပ်သော ရုပ်တုများသာ ဖြစ်ချေရာသည်ဟု ယူဆကြသည်။ ဘုရားရှင်သည် မင်းထက် မင်းဖြစ်သည့်အတွက် ရာဇဓိရာဇာဟုလည်း ခေါ်သည်။ ထိုသို့ သရုပ်ပေါ်ရန် သရဖူဆောင်းကာ မင်းဝတ်တန်ဆာဖြင့် ထုလုပ်ထားခြင်းလည်း ဖြစ်လေရာသည်။

## ဗောဓိသတ္တ ဘုရားအလောင်းများ

မင်းဝတ်သဏ္ဌာန်ဆင်းတုများသည်လည်းကောင်း၊ နတ်သားအသွင် ဆင်းတုများသည်လည်းကောင်း၊ ဗောဓိသတ္တ (ဘုရားလောင်း) ဆင်းတုများဟုလည်း ယူဆကြသည်။ ဗုဒ္ဓစာပေတို့၌ ဗုဒ္ဓရှင်ပင်သည် မင်းပရိသတ်အလယ်တွင် ဝင်ရောက်လျှင် မင်းနှင့်မခြား အတူထင်မြင်နိုင်ကြောင်းကိုလည်း ပြဆိုထားချက်ရှိလေသည်။ ထို့ကြောင့် မင်းဝတ်တန်ဆာဖြင့် ထုလုပ်ထားသော ဆင်းတုများဆိုလျှင် မင်းပရိသတ်အလယ် ဖူးမြင်ရပုံ သဘောအရလည်း ဗုဒ္ဓ၏အတိုင်းမသိ အံ့ဖွယ်ရာကိုပေါ်လွင်အောင် ထုလုပ်ချီးမွမ်းကိုးကွယ်ခဲ့ကြခြင်းလည်း ဖြစ်နိုင်ပေရာသည်ဟု အယူရှိကြ၏။ အလောင်းတော်ပုံများဆိုလျှင် ဘုရားအလောင်း သေတကေတုနတ်သား ဝတ်ဆင်ပုံအတိုင်းလည်း ပြုလုပ်ခြင်းဖြစ်နိုင်ရာသေးသည်ဟူ၏။ ထို့ပြင် မာလယမထေရ်၏ အနာဂတာဝင်အလို မေတ္တေယျဘုရားလောင်း နတ်သားပုံဟန်အတိုင်း ထုလုပ်ခြင်းလည်း ဖြစ်နိုင်ရာသည်ဆို၏။

## ဘုရားလောင်းဆင်းတုသည် မဟာယာန ဝါဒလော

ရခိုင်ပြည်သည် အရှေ့ဘင်္ဂလားနှင့် ဆက်စပ်မှုရှိခဲ့သဖြင့် ခရစ် ၆ရာစုမတိုင်မီကပင် ထိုဒေသမှ မဟာယာန ဗုဒ္ဓဘာသာဆက်သွယ်ဝင်လာနိုင်သည်ဟု ခန့်မှန်းကြသည်။ ထို့ကြောင့် မဟာယာန၏ အဓိကဝါဒဟုယူဆနေကြသော ဘုရားလောင်း ဆုပန်မှုသည် (ဝါ)ဘုရားလောင်းဆင်းတုကို ကိုးကွယ်မှုအယူသည်လည်း ရှိခဲ့ရာသည်ဟုယူဆကြပါသည်။ ဗောဓိသတ္တအယူကား ထေရဝါဒ လက်ခံရှိပြီးသော ရခိုင်ပြည်အတွက် ကြီးစွာနှောင့်ယှက်မှုဖြစ်စရာမရှိချေ။ မဟာယာနဝါဒ၌ ဘုရားလောင်းအဖြစ်သည် ၎င်းတို့၏ဝါဒ၌ ဝိမုတ္တိဖြစ်သော်လည်း ထေရဝါဒ၌မူကား နိဗ္ဗာန်သည်သာ ဝိမုတ္တိဖြစ်၏။ ထို့ကြောင့် မိမိအလိုရှိရာ ရည်မှန်းချက်အတိုင်း ဘုရားအဖြစ်ထိတိုင် ဆုပန်နိုင်သေးကြောင်းကို ခုဒ္ဒကပါဌကျမ်း နိဓိကဏ္ဍသုတ်၌ ထင်ရှား၏။ မဟာဗောဓိကျောက်စာ၌ မင်းခီ(ပြုတသိန်းမင်း)သည် 'နိဗ္ဗာန်ပစ္စေး အထောက်အပံ့ဖြစ်ချင်သတေး၊ အရိမေတ္တယျ လက်ထက် ရဟန္တာဆုကို လိုသတေး'ဟူ၍မင်းရင်ဖြူကောင်းမှု ဆင်းတုတော်၌ ဘုရားမချွတ်ဖြစ်စေသောဟူ၍လည်းကောင်း ဆုတောင်းစာရေးထိုးထားခဲ့၏။ သျှင်ထွေကျောက်စာ၌လည်း ဆုတောင်းပါရှိလေသည်။

## ဆင်းတုပုံဟန်အမျိုးမျိုး

ရခိုင်ပြည်တွင်ကား ကြေးဆင်းတုများသည် ပဉ္စာခေတ် မင်းရင်ဖြူနှင့် ပုရိန်ခေတ် ကောလိယမင်းနှင့် ဒုတိယလောင်းကြက်မြို့တည် အလောမာဖြူမင်းလက်ထက်တို့၌ဆိုလျှင် အများအပြား ထုလုပ်မှုများခဲ့သည်။ မြောက်ဦးခေတ် မင်းများလက်ထက်တို့၌ ဆိုလျှင်လည်း ဆင်းတုအများအပြား သွန်းလုပ်ကိုးကွယ်ခဲ့ကြောင်း လေ့လာတွေ့ရှိရလေသည်။ ပုံဟန်အမျိုးမျိုး၊ ဆံတော်ထားပုံ အသွယ်သွယ်တို့မှာလည်း တစ်ခေတ်တစ်မျိုးဖြစ်လေသည်။ ရှားပါးသောခရုခွေ ဆံတော်ပုံကိုပင် ရခိုင်ပြည်၌လေ့လာတွေ့ရှိရသည်။ အုဌ်ခွက်ဘုရားများဆိုလျှင် ဌာပနာစေတီအတွင်း၌ ရာထောင်များစွာထည့်သွင်း ဌာပနာလေ့ရှိကြောင်း သက်သေခံနေသေးသည်။

## ဓာတ်တော်စေတီ ပျံ့နှံ့မှုများ

ဘုရားရှင် ရခိုင်ပြည်သို့ ကြွ၍ မဟာမုနိရှင်တော်ကို သွန်းလုပ်ခြင်းမှစ၍ နတ်တို့ဒေဝစေတီ တည်ထားမှု၊ ဘုရားရှင်နုစဉ်ဘဝ ကျင်လည်ရသည်တို့ကို ဗျာဒိတ်မိန့်ကြားမှုတို့ကြောင့် ဘုရားပရိနိဗ္ဗာန်ပြုပြီးနောက်တွင် ရခိုင်ပြည်အရပ်ရပ် ဓာတ်တော်များ ကိန်းဝပ်တည်လာမှု ဖြစ်ပွားပျံ့နှံ့လာခဲ့ရလေသည်ဆို၏။

ဘုရားပရိနိဗ္ဗာန်ပြုပြီးနောက် ဓာတ်တော်များကို နတ်တို့ပင့်ဆောင်ချက်ဖြင့် ထိုထိုအရပ်ဒေသသို့ ကြွရောက်ခဲ့သည်။ ရခိုင်ရာဇဝင် သုံးဆယ်ကျမ်း၌ ဘုရားသက်တော်ထင်ရှား ရှိစဉ်ကပင် သွားတော်၊ ဆံတော်၊ မွေတော်၊ ခြေသည်းတော်တို့ ကျွတ်ခဲ့၍ နတ်တို့ပင့်ယူလျက် သွားခဲ့ခြင်း။ အသောကမင်းလက်ထက် ဓာတ်တော်တို့ကို တူးဖော်လျက် ကုန္ဒဂုတ္တရ ရဟန္တာ၏ တန်ခိုးအာနုဘော်ဖြင့် ဖြန့်ဝေပေးခဲ့ခြင်း၊ ဘုန်းရှိသောမင်းတို့လက်ထက် မနောဓိဌာန်ဖြင့် ပင့်ဖိတ်ကြွရောက်ခဲ့ခြင်း စသည်တို့ဖြင့်

ပျံ့နှံ့၍ ဓာတ်စေတီတည်ထားမှု ဖြစ်ပွားခဲ့ရသေးသည်။ ထိုသို့ ဓာတ်တော်များ တည်ရှိနေခြင်းသည် သာသနာတည်နေသေးကြောင်း အမှတ်လက္ခဏာလည်းဖြစ်၏။ ရခိုင်ပြည်၏သာသနာပြန့်ပွားမှုကို ကိုးကွယ်မှုသမိုင်း သက်သေခံလည်း ဖြစ်၏။

## ပုဖော်အပ်ရာ စေတီများ

ပူဖော်အပ်ရာစေတီများတွင် ဘုရားရှင်ကို ရည်၍ အတုအစားပြုသော ဆင်းတုတော်သည် ဥဒ္ဒိဿစေတီမည်၏။ ပရိဘောဂစေတီ၊ သရီရစေတီ(ဓာတုစေတီလည်း ဆို၏) ဓမ္မစေတီတို့ကို ပုံသဏ္ဌာန်ပြုလုပ်ရန် မခဲယဉ်းလှဆို၏။ ရှင်မဟိန္ဒထေရ်က ဒေဝါနံ ပိယတိဿမင်းကြီးအား စေတီ၏ပုံသဏ္ဌာန်မှာ စပါးအစုံအပုံသဏ္ဌာန်နှင့် တူသည်ဟူသော ဖြေကြားချက်ကို ထောက်အပ်၏။ သို့သော် ဥဒ္ဒိဿစေတီကို ဘုရားရုပ်သဏ္ဌာန်နှင့် အတုပြုလုပ်ရန် ခဲယဉ်းသည်ဆို၏။

## သဏ္ဌာန်တုယောင်သော ပြုနိုင်၏

လူများကိုထားဘိ၊ ဝသဝတီမာရ်နတ်မင်းကပင် ဘုရားရုပ်သွင်ပုံသဏ္ဌာန်အတိုင်း ဖန်ဆင်း၍ မရကြောင်းဖြစ်၍ ဖုဿရေဝ ရဟန်းမြတ်အား လျှောက်ထားဖူးလေသည်။ ထို့ကြောင့် ဘုရားနှင့် တူယောင်ရှိသော ဆင်းတုတော်ကို ဖန်ဆင်းပြလေသဖြင့် ထိုမထေရ်မြတ်ဖူးမြင်ရ၍ ရဟန္တာဖြစ်ကြောင်း ပရိဝါအဋ္ဌကထာ၌ လာ၏။ ထိုကိုထောက်၍ ဘုရားနှင့်တူစွာ ထုလုပ်နိုင်ကြမည်ကား မဟုတ်ပေ။ သို့သော်လည်း ဘုရားထုသူများကို ဘုရားနှင့်မတူက နူတတ်သည်ဟု ပြောကြသည်မှာ အစီပွါယ်မရှိချေ။ အနေကဇာတင်မှ ဘုရားဖြစ်သည်ဟု ဆိုကြခြင်းမှာလည်း 'အချိုပေါ် သကာလောင်း' 'ရွှေပေါ်မြတင်' သကဲ့သို့ ကုသိုလ်ပွားခြင်း အတွက်သာတည်း။

## ကိုးကွယ်လာခဲ့ရခြင်းများ

စန္ဒသူရိယမင်းမှစ၍ ယနေ့ထိတိုင် ကိုးကွယ်ခဲ့ကြရသော ဗုဒ္ဓဆင်းတု၊ ဓာတ်မွေစေတီများကား ကုသိုလ်ရေးကောင်းရာသုဂတိသို့ ရောက်ရေးအတွက်ပင်ဖြစ်၏။ မဟာမုနိ ရှင်ပင်ကို ကိုးကွယ်ရကျိုးနှင့်ဟောထားသော သမ္ဘဒါန်ကျမ်းတွင် ကုသိုလ်ပွားများ၍ မေတ္တေယျဘုရားရှင်ကို ဖူးမြင်နိုင်လျက် အကျွတ်တရားရမည်ထိ အဆိုရှိပေ၏။ အပဒါန်ကျမ်းနှင့် ဝိမာနဝတ္ထုတို့၌လည်း သက်တော်ထင်ရှားရှိသော ဘုရား၌ဖြစ်စေ၊ စံလွန်ပြီးသောဘုရား၌ဖြစ်စေ၊ ဂုဏ်တော်ကို ညွတ်၍အာရုံပြု ဖူးမြင်ကြည်ညိုမှု စိတ်ထားသည် မကွဲပြားတူမျှလျှင် အကျိုးပေးလည်း တူမျှသတည်း။

**ရခိုင်မဂ္ဂဇင်း အမှတ် (၆) စာ ၁၉**
**၁၉၈၀ ခု၊ ဖေဖော်ဝါရီလထုတ်မှ**

# စေတ်ဦးရခိုင်သမိုင်း အတွေးအမြင်

**အသျှင်စက္ကိန္ဒ(ရခိုင်မြေ)**

ရခိုင်ခေတ်ဦး သမိုင်းအရေးအသားတွင် တစ်ခြားသောကမ္ဘာ့နိုင်ငံတို့ကဲ့သို့ ဝတ္ထုဒဏ္ဍာရီဆန်ဆန် ရေးခြင်းများကို တွေ့ရှိကြရသည်။ ထိုခေတ် ထိုအခါတွင် ယင်းခေတ်အတွေးအခေါ်အရ မပြောင်းလွဲနိုင်ခဲ့သော်လည်း ယခုခေတ်တွင် စီစစ်ပြုပြင်ရန် ကာလတိုင်ခဲ့လေပြီ။ သို့သော်မူရင်းကျမ်းများအလာကို လုံးဝပစ်ပယ်ရမည်ဟူ၍ကား မဆိုလိုပေ။ အမြင်အယူလွဲမှားမှုကို စီစစ်ဖယ်ထုတ်၍ အယူအဆအသစ်၊ အတွေးအခေါ်မှန်တို့ဖြင့် အစားထိုးပြင်ဆင်ရန်သာ ဖြစ်သင့်၏။ အထူးသဖြင့် အိန္ဒိယမြန်မာ ရာဇဝင်တို့နှင့် ဆက်စပ်နေသည့်အချက်များကို မလေ့လာဘဲ ဖြစ်သလို ရေးသားရန်လည်း မသင့်ချေ။

တစ်ချို့မှာ နိုင်ငံခြားသုတေသီများ မှတ်တမ်းကိုသာ အထင်အမြင်ကြီးကြချေသည်။ ၎င်းတို့မှတ်တမ်းမှာ တန်ဖိုးရှိသည်များ ရှိသော်လည်း အလျင်စလို လတ်တလော မျက်စိတမြင် အပေါ်ယံမှု၊ နှိမ့်ချရေးသားမှု စသည့် မှတ်တမ်းများလည်း ရှိသဖြင့် အားကိုးမရချေ။ အထင်သေးစရာများကိုလည်း တွေ့ရ၏။ ဥပမာ- တိဘက်သမိုင်းပညာရှင် တောရာနာလ၏ ၁၆၀၈ခုနှစ်ရေးသော စာအုပ်တွင် ရခိုင်ကို ဘင်္ဂလား၊ ဩရိသနယ်တို့တွင် ပါဝင်သော ကောကီနိုင်ငံများတွင် ထည့်သွင်းဖော်ပြချက်မျိုးတည်း။ နှိမ့်ချရေးသားထားသော နိုင်ငံခြားအင်္ဂလိပ်၊ ဟိန္ဒီ၊ ဘင်္ဂါလီသုတေသီများ၏ မှတ်တမ်းလည်းတွေ့ရသေး၏။

ရခိုင်ပြည် ရှေးဦးဝေသာလီခေတ်ကို ရှေးသမိုင်းသုတေသီတို့က ဂေါတမဗုဒ္ဓရှင်တော် မပွင့်မီနှင့် ခရစ်မတိုင်မီ ရှေးနှစ်ပေါင်း လေးထောင်ကျော်ခန့်လောက်ကသာဟု ယူဆခဲ့ကြသည်။ ၎င်းနောက် ဓညဝတီခေတ်ကို ခရစ်မတိုင်မီနှစ်ပေါင်း ၃၀၀၀ကျော်လောက်ကဟု ယူဆကြသည်။ ထို့ကြောင့် ဝေသာလီခေတ်ဦးကို သမိုင်းပြည့်စုံစွာ မရရှိသေးရာ၊ ဒွါရာဝတီခေတ်ကို

လည်း တွေးဆရန်ထားဘိ၊ ဓညဝတီခေတ်နှင့်နှိုင်းယှဉ်ကြည့်လျက်လာ ရခိုင်သို့လူနေဝင်ရောက်မှုကို လေ့လာအပ်ပေသည်။

မာရယုမင်းသည် ဓညဝတီမြို့ကို ခရစ်မတိုင်မီ ဘီစီ ၃၄၄၁ (အချို့ဘီစီ ၃၃၂၈)ကတည်သည်ဟု ယူဆကြသည်။ သမိုင်းသုတေသီဟောလ်က ဘီစီ ၂၆၆၆ နှစ်ကို ယူဆသည်။ မာရယုမတိုင်မီ ဝါသုဒေဝမင်းမှ ဗြဟ္မဏသိဒ္ဓိမင်းထိ (ရခိုင်ရာဇဝင်သစ်အလို) ၂၃ဆက်။ လမ်းအရေးပိုင်ဟောင်း ဦးချန်ထွန်း၏ပေမူအလို။ ဝေသာလီမြို့ကို ဗြဟ္မဏရာဇာအစရှိသော မင်းပေါင်း ၂၉ဆက် စိုးစံခဲ့ရာ ကုသမင်း သက္ကရာဇ် ၃၀၀၅မှ ၅၉၉၅ထိ နှစ်ပေါင်း (မင်းတစ်ပါးလျှင် ပျမ်းမျှ ၆၆နှစ်ခွဲခန့်မျှ) ၁၉၉၀ တိုင်ခဲ့သည်။ မင်းကြီးကောင်း ရာဇဝင်ပေမူ (ကျောက်ရိုးရာဇဝင်ဆို၏)တွင် ၂၆ဆက်အမည်နှင့် နန်းသက်တို့ကိုပါ ဖော်ပြ၍ နန်းသက်ပေါင်း အနှစ် ၁၉၉၀ ရေတွက်၍ တွေ့ရှိရသည်။ ဦးချန်ထွန်း (ကွယ်လွန်)နှင့် သုံးဆက်သာ ကွဲနေသော်လည်း နန်းသက်မှာမူ တူညီနေပေသည်။

ထို ၂၆ဆက်တို့ကို မာရယုမင်း(ဘီစီ ၃၃၂၆)မှပြန်လည်တွက်စစ်လျှင် ဗြဟ္မဏရာဇာမင်း (မာရယု ဘီစီ ၃၃၂၆တွင် ထို ၂၆ဆက်နန်းသက်ပေါင်း ၁၉၉၀ရော၍) နန်းစံနှစ်၊ ဘီစီ ၅၃၁၆နှစ်တွင်လည်းကောင်း၊ ကုသမင်း သက္ကရာဇ် (မာရယု ၅၉၉၅တွင် ၁၉၉၀ကိုနုတ်၍) ၄၀၀၅တွင်လည်းကောင်း နန်းစံခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ဦးချန်ထွန်း၏မှတ်တမ်း သက္ကရာဇ်နှင့် မင်းကြီးကောင်းပေမူမှာ တူညီနေ၏။

ယင်းနှင့်ယှဉ်၍လေ့လာရလျှင် ဘီစီ ၁မှ မြန်မာနိုင်ငံသို့ စတင်ဝင်လာသော မွန်ဂိုအဆက်အနွယ်များထက် လည်းကောင်း၊ ဘီစီ ၂၀၀၀ခန့်မှ အိန္ဒိယသို့ စတင်ဝင်ရောက်လာသော အာရိယန်တို့ထက်လည်းကောင်း၊ ဝေသာလီမင်းဆက် မာရယုမင်းတို့က ပိုစောနေသေး၏။ ထို့ကြောင့် ခရစ်မပေါ်မီ အာရိယန်တို့ မဝင်မီက ဟိမဝန္တာတောင်ခြေတစ်လျှောက် နိပေါထိ သကျကလန်ဟူသော လူမျိုးတို့သည် ဆက်ကျာတာရိတိုရိ ဆက်ကျာနွယ်ဝင်ဒေသဟု သတ်မှတ်ပြီး တိုင်းပြည်တည် ထောင်ပြီး နေခဲ့ကြလေသည်။ ဂေါတမဗုဒ္ဓသည် ထိုနယ်မြေမှ ပေါ်ပေါက်ခဲ့သည်တို့ကို ထောက်၍လည်းကောင်း၊ ထို့ပြင် ဂင်္ဂါမြစ်ဝှမ်းတွင် ဒရိုင်ဗီဒီယန်(အသားမည်း)လူမျိုးနွယ်များ ရှိခဲ့ပြီး၊ ဘင်္ဂလားနယ်တွင် အင်ဒိုမွန်ဂိုလွိုက်(ခီရာဋ္ဌ)နွယ်ဝင် အသားဝါတစ်မျိုး နေထိုင်ခဲ့ကြသေး၏။ အရိယန်တို့သည် ဒရိုင်ဗီဒီယန်တို့ကို တိုက်ခိုက်၍ ဘန်ဂေါလ်နယ်သို့ ရောက်သွားပြန်ရာ အင်ဒိုမွန်ဂိုလွိုက် လူမျိုးများနှင့်လည်း အနည်းအကျဉ်းရောယှက်ခဲ့နိုင်ပေ၏။ အရိယန်တို့သည် တဖြည်းဖြည်းတိုးလားပြီး ဘီစီ ငါးရာစုလောက်တွင် ရခိုင်ပြည်သို့ ဝင်ရောက်ခဲ့လေသည်။

၎င်းတို့သည် အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းမှ ရှေးဦးဝင်ရောက်ရှိနေနှင့်ပြီးသည့် ရခိုင်ပြည်နယ်ဒေသခံ ရက္ခသျှ အဆက်အနွယ်များကိုလည်း လွှမ်းမိုးနိုင်ခဲ့ရကား၊ ရခိုင်လူမျိုးတို့မှာ အသားညိုပြီး ကိုယ်ခန္ဓာ အထူးမကြီးထွားသဖြင့် မွန်ဂိုလွိုက်၊ ဒရိုင်ဗီဒီယန်၊ အရိယန်၊ ရက္ခသျှတို့နှင့် ရောနှောသွားခဲ့သလောဟု ယူဆရပေသည်။ ရှေးအစဉ်အလာအရ လူသေလျှင် တံတိုင်းဝတ်လေ့၊ ခွပဇာ( လူသေထမင်း) ပစ်လေ့၊ ယောက်ျားများ ဆံထုံးထိပ်ထက်ထုံးလေ့၊ မိန်းမများနားပေါက်ကျယ် နားထောင်းကြီးများ ဝတ်လေ့ရှိကြခြင်းတို့မှာ သက်လူမျိုးများနှင့်တူပြီး လုံချည်ရှည် နံလျားရှည် ခါးတောင်းကျိုက် ဝတ်သိုင်းလေ့၊ သမက်တက်(မင်္ဂလာဆောင်) အခမ်းအနားပြုလေ့၊ အရိုးပြာကို ရေတွင်မျှောခြင်းစသည့် အယူအဆတို့သည် အရိယန်တို့၏ အလေ့အကျင့် အဆက်အနွယ်မှဆင်းသက်ခဲ့ဟန် တူသည်။ ထို့ကြောင့် ရခိုင်လူမျိုးတို့ကို မွန်ဂိုနွယ်ဟူ၍လည်းကောင်း၊ အရိယန် အနွယ်ဟူ၍လည်းကောင်း၊ တစ်ထစ်ချမယူဆနိုင်သေးချေ။ ဆက်လက်သုတေသနပြုရန် လိုအပ်သေးမည်သာ ဖြစ်၏။

ဝေသာလီ၊ ဒွါရာဝတီမြို့တည် ကံသမင်း၊ သာဂရမင်းတို့သည် မဂ္ဂဒေဝမင်း၏ မြေးတော်များဖြစ်၍ မဂဓအနွယ် လူမျိုးရင်းခံအမည်ကို အစွဲပြုလျက် မောက်၊ မဂ်ဟု အမည်တွင်နေသေးကြရာ 'တိုင်းမဇ္ဈိမာ၊ ယင်းကဖြာသည်၊ ရာဇာမျိုးရိုး မြတ်၏'ဟူ၍ သုဝဏ္ဏဒေဝီကဲ့သို့ ဂုဏ်ယူကြသူများလည်း ရှိကြချေသေး၏။

အဇ္ဇုနမင်းသွေးပါ၍ မာရယုကို သကျသာကီဝင် အနွယ်ဟုလည်း ယုံကြည်နေကြသေး၏။ ထို့ကြောင့် ရခိုင်တို့ ဝင်ရောက်သမျှကို အာရိယန်ဟူ၍တစ်ထစ်ချယူဆ၍ မဖြစ်နိုင်သကဲ့သို့ ရခိုင်မင်းများတို့တွင် သာကီဝင်နွယ်ဆိုပြီး နှမနှင့်မောင် လက်ထပ်နန်းစံသော မင်းအတော်များများရှိသည်ကိုကြည့်၍ သကျသာကီလူမျိုးဟု တစ်ထစ်ချ ဂုဏ်ယူရန်လည်း သင့်အံ့လော။

ဖော်ပြပါအလွန်ရှေးကျသော အိန္ဒိယသမိုင်းအချို့တွင် သကျကလန် အဆက်အနွယ်နှင့် ဆက်စပ်သောကြောင်းရိပ်များကိုလည်း တွေ့ရှိရသေးသဖြင့် ဒွါရာဝတီသည် ဝေသာလီနှင့်ခေတ်ပြိုင်ကာလ၊ ဓညဝတီခေတ်ထက်စော၍ တည်သည့် မြို့တစ်မြို့ ဖြစ်သင့်မဖြစ်သင့်လည်း စဉ်းစားစရာရှိပေသည်။ စော၍တည်လာသော ဒွါရာဝတီမြို့သာဖြစ်လျှင် လူနေမှုမည်သို့ အခြေရှိ၍ ဖြစ်ရပ်သမိုင်းကြောင်း အသို့ရှိအံ့နည်းဆိုသည်ကို အဖြေရှာကြရပေမည်။

**(မေဃဝတီ မဂ္ဂဇင်း)**

**၁၉၇၉-၈၀**

**၁၉၇၉၊ ဒီဇင်ဘာ ၁၅ရက်နေ့ထုတ်မှ**

# ရခိုင်ယဉ်ကျေးမှု ပျော်ပွဲသဘင်

**နတ်မြစ်–စန်းအောင်**

ကျွန်ုပ်၏တစ်သက်တာတွင် မှတ်မိသမျှတို့ကို ပြန်ပြောင်းတွေးမိ၏။ အမှတ်မထားမိသည်များရှိသကဲ့သို့ မှတ်မိသိရှိမိသည်များကို စာပေအတွက် သက်သေခံပြစရာဖြစ်လာရ၏။ တကုပ်ကုပ်နှင့် ရေးချယ်သမျှကား မျက်ဝါးထင်ထင် အမှတ်ထင်ခဲ့ရသည်မဟုတ်ပေ။ ပုံနှိပ်ထွက်ပေါ်၍ တိုင်းပြည်အနှံ့ပြန့်လှိုင်ခြင်းရှိသောလက်ရာများသာ သမိုင်းတင်စရာဖြစ်ခဲ့ရသည်။ ထိုသို့ ပုံနှိပ်ဖြန့်ဝေမှုအဆင့်ရောက်အောင် ကြိုးပမ်းခဲ့ရမှုများကား ထိုထက်ခက်ခဲလှဘိသည်။ အခက်အခဲလွန်မြောက်၍ ကြိုးစားမှုရလာဒ်အဖြစ် ပထမဆုံးတွေ့မြင်ရသော ပုံနှိပ်မူစာလုံးအထင်အရှားကို သက်သေခံပြစမ်းစေလိုသည်။

ထို့ကြောင့် မိမိ၏အမှတ်တရ သိမ်းဆည်းထားသောရခိုင်အလင်း သတင်းစာချပ်ကိုပင် တင်ပြစရာရှိ၏။ ရခိုင်အလင်းကို ရန်ကုန်မြို့ လမ်း၃၀ နှင့် ဗိုလ်ချုပ်လမ်းထောင့်ရှိ ဇာတိဂုဏ်ရောင်ပုံနှိပ်တိုက်တွင် ရိုက်နှိပ်ခဲ့သည်။ ရခိုင်အမျိုးသား ဦးထွန်းအောင်ပိုင် ပုံနှိပ်တိုက်ဖြစ်ပြီး၊ ဦးမောင်လှကျော် (မောင်ဝဏ္ဏ)က အယ်ဒီတာအဖြစ်ရှိနေ၏။ ပုဂ္ဂိုလ်အရလည်း နှစ်ဦးစလုံးနှင့် ရင်းနှီးပြီးသားဖြစ်သည်။ ၁၉၅၇ခုနှစ် ဖေဖော်ဝါရီလထုတ်တွင် ပထမဆုံးပုံနှိပ်စာအဖြစ် 'ငစည်အကဆောင်းပါးကို ထည့်သွင်းဖော်ပြခဲ့ပေသည်။ အကြောင်းကလည်း တိုက်ဆိုင်နေသည်။ ရန်ကုန်မြို့သို့ ငစည်ဆရာ မောင်ဖိုးညွန့်ရောက်၍ ရခိုင်လူငယ်အသင်းက ကမကထပြု၍ ရန်ကုန်မြို့တော်ခမ်းမတွင် ငစည်ကပွဲ ကျင်းပခဲ့လေသည်။ မိမိတို့၏မင်္ဂလာသုခကျောင်းတိုက် (တာမွေ၊ ကျောက်မြောင်း၊ ရန်ကုန်မြို့)သို့လည်း ခေါ်ယူကပြစေကာ ဆုတံဆိပ်နှင့် ငွေများကိုလည်း ချနှင်းချီးမြှင့်လိုက်ကြလေသည်။

ထိုငစည်ကပွဲနှင့် တိုက်တိုက်ဆိုင်ဆိုင် စပ်လျဉ်းသောဆောင်းပါးလည်း ဖြစ်နေရာကား ရခိုင်သာမက မြန်မာများပါ စိတ်ဝင်စားခဲ့ကြသည်။ ခေါင်းစီးပုံဒီဇိုင်းလည်း ဘလောက်ရေးဆွဲပေးခဲ့သဖြင့် အခန့်သားပါလာလေသည်။ အတိုင်းမသိ ဝမ်းသာအားရ ဖြစ်မိသောအခါပေတည်း။ ငယ်လက်ရာကိုလေ့လာကြည့်နိုင်ရန် မူအတိုင်းဖော်ပြ ဖောက်သည်ချရပေတော့၏။

## ငစည်အက ရခိုင်ပြည်၌ဖြစ်ပေါ်လာပုံ

ရခိုင်ပြည်၌ ယဉ်ကျေးမှုသဘင်များသည် အများအပြားပင်ရှိသော်လည်း ငစည်အကသဘင်ဖြစ်ပေါ်လာခြင်းနှင့် အဘယ်က စတင်ကပြခဲ့ရသည်ကို လူတိုင်းလူသိ နည်းပါးကြပေလိမ့်မည်။ အချို့ရခိုင်လူထုသည် ငစည်အကကို သက်သက်ဟာသ သဘင် ရယ်ရွှင်ခန်းအပိုင်း၌ သတ်မှတ်ကြသူများ၏။

ငစည်ဟူသည် အတိတ်ရာဇဝင် အဘယ်ကဲ့သို့ ဆင်းသက်၍ ခေါ်တွင်ပေါက်ဖွား ကပြ၍ယခုတိုင် ကျော်ကြားလာသနည်းဟု သိသူရှားလှ၏။ သို့အတွက် ငစည်အကကို တန်ဖိုးမရှိသော သာမန်ဟာသအကဟူ၍ ထင်မှတ်ကြသူအဖို့ တန်ဖိုးကို သိရှိရန် တင်ပြရေးသားဖို့ လိုအပ်ပါသည်။

ယင်းကဲ့သို့ တန်ဖိုးမထား ဂရုမမူ လျစ်လျူရှုသူချည်း များနေကြသဖြင့် ရခိုင်ရာဇဝင်မြောက် ယဉ်ကျေးမှုအကသဘင်များသည် တိမ်ကောခဲ့ရ၏။ ယခုလည်းတိမ်ကောဆဲ၊ နောက်နောင်ကို ဖော်ထုတ်သမှုမရှိက ဘာသာပါပျက်ကွယ်ရာသာ ရှိကြောင်း တိုက်တွန်းအပ်ပေသည်။

ကျွန်ုပ်တို့သည် လျစ်လျူမပြုဘဲ အချိန်ရှိခိုက် လေ့လာတင်ပြသင့်လှ၏။ ထိုကဲ့သို့ တင်ပြမှသာလျှင် နောင်လာနောက်သားများသည် စိတ်ဓာတ်တက်ကြွမှု ပြင်းထန်လာရန်ရှိပါ၏။

ယဉ်ကျေးမှုမကွယ်ပျောက်စေရန် ငစည်အကသဘင်အကြောင်းကို တင်ပြပေအံ့။ ငစည်ရာဇဝင်ကို မရေးသားမီ ငစည်အကဖြစ်ပေါ်လာပုံ အခြင်းအရာကို တိုတိုနှင့်ရေးသားဖော်ပြရသော် လောင်းကြက်စား ငကုသလသည် သီရိသုဓမ္မရာဇာမင်း၏မိဖုရား နတ်ရှင်မယ်နှင့် ချစ်ကြိုက်နေကြ၍ မင်းကြီးကို ပရိယာယ်ဖြင့် သတ်၍ထီးနန်းလုယူ သိမ်းပိုက်ပြီး မိမိမင်းဖြစ်လိုသည့်အတွက် လောကီပညာဖြင့် ယတြာပြုရန် ငစည်ဟူသည့် အင်္ဂါနံကိုယူ၍ သီရိသုဓမ္မရာဇာမင်းကို နံနှိမ်၍နန်းတော်၌ မင်းမိဖုရားရှေ့တော်၌ ကပြစေခဲ့လေသည်။ ခုနစ်ရက်အတွင်း မင်း၏ပျက်စီးကြောင်းကို မြင်၍ မကပြရန် သျှစ်သောင်းဘုန်းတော်ကြီး ဦးဂုဏမဥ္ဇူနှင့် သိုက်တက်ငလက်ရုံးတို့က တားမြစ်သော်လည်း မရရှိခဲ့ချေ။

အကြောင်းမှာ မိဖုရားနတ်ရှင်မယ်က လှည့်ဖျားလျှောက်ထားပြီးဖြစ်၍ ပညာရှိများက ဘယ်လိုပင်ပြောသော်လည်း မရရှိခဲ့သဖြင့် မပျက်တန်ဘဲ ပျက်စီးခဲ့ရဘူးလေသည်။ သို့နှင့် ယတြာကောင်းလျှင် မင်းလောင်းမပေါ်နိုင်ဟူသည်ကဲ့သို့လည်းကောင်း၊ ဓာတ်တူနံတူဆေးဖက်ယူ၍ ငစည်ဟူသောအင်္ဂါနံကို နှိမ်ပြီး ယတြာပြုခဲ့သည်ကစ၍ ဤငစည်သည် ပေါ်ပေါက်လာရခြင်းမှာ ထင်ရှားလှပါသည်။

လောင်းကြက်စား ငကုသလ၏ ယတြာပြုလုပ်ငန်းမှစ၍ ငစည်အကသည် ပေါ်ပေါက်လာရပြီး ရခိုင်တွင် ယခုတိုင်

လူကြိုက်များလျက်ရှိသည့် သဘင်တစ်ရပ်ဖြစ်ပေသည်။ ငေဇည်ဟူသည်မှာ ရှေးကဆိုလျှင် ယတြာပြုန်နိုမ်ပြုလုပ်ခဲ့သော်လည်း သဘောင်သိုက်ဇမ်း (စကားထာ) ကျဘမ်းစကားစုံတို့ဖြင့် သုခုမာလတာ ဂုဏ်မြောက်အောင် ပြောဆိုကပြသောကြောင့် နားထောင်သူ လူထုမှာ နားဝင်ချိုလျက် နာပျော်ဘွယ်ဖြစ်ကြ၍ အထူးအဆန်းသဘင်တစ်ရပ်အနေဖြင့် လူထုကသတ်မှတ်ကြကာ ငေဇည်အကကို နှစ်သက်မှုပြုကြလေသည်။ 'လူသမုတ် သစ်ငုတ်က ကျားဖြစ်'ဟူသကဲ့သို့ အစဉ်အလာ ထင်ပေါ်လာခဲ့ရ၏။

မြန်မာများ၌ ကွက်စိပ်ကို အများနှစ်သက်ကြသကဲ့သို့ပင် ငေဇည်ကိုလည်း ရခိုင်သည် အလွန်နှစ်သက်ကြပေသည်။ ကွက်စိပ်နှင့် ငေဇည်ထူးခြားပုံမှာ ဟောပြောသူ သဘင်သည် ပုဂ္ဂိုလ်တစ်ဦးချင်းတည်းပင် ဖြစ်ကြသော်လည်း ကွက်စိပ်မှာ ဘုရားဟော ဇာတ်နိပါတ်ကို ဇာတ်ကွက် ဇာတ်အိမ်ဖွဲ့ကာ သီဆိုပြကြခြင်းဖြစ်၏။ ငေဇည်သည်ကား နိပါတ်ဇာတ်ထုပ်ကိုလည်းကောင်း၊ ရှေးဟောင်းရာဇဝင် တပေါင် သိုက်ကျမ်း စနည်း ယတြာတို့ကိုလည်းကောင်း၊ သဘာဝစုံစွာ ဇာတ်လိုက်ပေါင်းစုံစွာဖြင့် တစ်ယောက်တည်း စခန်းသွားနိုင်ခြင်း ဖြစ်ပေသည်။

ငေဇည်အက၌ အတီးအမှုတ်တူရိယာ မပါဘဲလျက် ကိုယ်ဟန်လက်ခြေ အပြုအမူအခြင်းအရာအားဖြင့် သဏ္ဍာန်လုပ်သရုပ်နှင့်တူစွာ ပေါ်လွင်စေနိုင်လေသည်။ ငေဇည်အကသည် ကိုယ်နှုတ်ပါ အားလပ်မှုမရှိ၍ ပင်ပန်းသောသဘင်အလုပ်တစ်ခုဖြစ်၏။ စကားအရာ အာဝဇ္ဇန်းလည်း ရွှင်ကြည်ဖို့ အလွန်အရေးကြီး၏။ သို့နှင့်အပြောဝိဇ္ဇာမြောက်၍ နှလုံးရည် ဦးနှောက်ဟာဒယရွှင် ဥာဏ်ထက်မြက်သော ပညာရှင်ပုဂ္ဂိုလ်များသော်မှသာ တတ်ကောင်းသော ပညာရပ်ဖြစ်၏။

ငေဇည်ဆရာမှာ စာရေးဆရာတစ်ယောက်မဟုတ်သော်လည်း စကားအပြောအရာမှာ သူမတူအောင် နှုတ်သွက်လျှာသွက်သည့်အတွက် တစ်ခဏချင်းအကြောင်းအရာတစ်ခုကို စပ်ဆိုနိုင်၍ အဝိဇ္ဇာဥာဏ်သည် အလွန်ချီးမွမ်းအပ်သောကြောင့် စာဆိုရှင်တစ်ယောက်ဟု မှတ်တမ်းတင်ရပေမည်။ သို့နှင့် ငေဇည်အချင်းအရာကို စုံစွာသိရှိနိုင်ရန် ရာဇဝင်ဖြင့် တင်ပြရပေအံ့သတည်း။

ရခိုင်ရာဇဝင်၌ ငေဇည်အကသဘင်ကို အဘယ်ကဆင်းသက်လာသည် ဘယ်မင်းလက်ထက်က စတင်တည်၍ ကခြင်းကို ပြုလုပ်ခဲ့ကြသည်။ ငေဇည်ရာဇဝင်အခြင်းအရာစုံလင်စွာ ပါရှိငြားသော်လည်း ရာဇဝင်၌ သုတေသီဥာဏ်နည်းပါး၊ စာကြည့်မှုမကျွမ်းကျင်ကြသူအဖို့ ယင်းသည် ငေဇည်ကို ကုန်စင်အောင် သိရှိရန်မှာ လွယ်လင့်နိုင်မည်မဟုတ်၊ ထို့ကြောင့် အထက်ပါငါစည်၊ ငေဇည် (ဝါ) ငါးစည်ဟူသည် ရခိုင်ရာဇဝင်သမရိုးကျ ရှေးကျခဲ့သည့် ယဉ်ကျေးမှုအကသဘင်တစ်ခုကို မတိမ်ကောကြစေရန် ရခိုင်ရာဇဝင်အသီးသီးတို့မှ လိုရင်းကို ထုတ်နုတ်၍ ဖော်ပြရပေအံ့။

ရခိုင်ပြည် ဒုတိယမြောက်ဦးမြို့တည် မင်းပါကြီးအစ မင်းစနေအဆုံးရှိ မင်း(၉)ဆက်အပါအဝင်ဖြစ်သော မင်းခမောင်း၏သားတော် (မင်းဟာရီ) သည် ဖခမည်းတော် မင်းခမောင်း နတ်ရွာလားပြီးသော် သက္ကရာဇ် (၉၈၄)ခု နယုန်လဆန်း (၁၃)ရက်နေ့၊ ညဥ့်သုံးခေါင်လွဲ သုံးနာရီအချိန်တွင် သီရိသုဓမ္မရာဇာဘွဲ့ဖြင့် မင်းအဖြစ်ကို ခံယူလေ၏။ ထိုမင်းသည် ဟာရိတောင်၏ အရှေ့ဘက်က ခမည်းတော် ရွှေနန်းဗိမာန်ဝယ် ဖွားမြင်တော်မူသောကြောင့် ငယ်မည်မှာ မင်းဟာရီဟူ၍ပင်ခေါ်တွင်လေ၏။

ထိုရှင်ဘုရင်၌နှမတော်အရင်းဖြစ်သော နတ်ရှင်မယ်၊ ညီမတော်ဖြစ်သော မှောက်တော်၊ ရာဇသူမင်းသမီး ဝင်းလုံးဟူ၍ မိဖုရား (၃)ယောက်ရှိ၏။ ထို့ပြင် အမတ်ဝံသသား လေးမြို့စား သိုက်တက်ငလက်ရုံးနှင့် လောင်းကြက်စား ငကုသလဟူ၍ အမတ် (၂)ယောက်ရှိလေသည်။ ငလက်ရုံးသည် ဗေဒင်အတတ်၊ သိုက်တြင်းအတတ်၌ တဘက်ကမ်းခတ်တတ်မြောက်သော ပညာရှိဖြစ်၏။ ငကုသလလည်း အင်း အိုင် မန္တန် ယတြာယာယီ လောကီပညာအဖြာဖြာ၌ ကျွမ်းကျင်သူပညာရှိဖြစ်၏။

မိဖုရားခေါင်နတ်ရှင်မယ်၏ သားတော် မင်းစနေ၊ မာန်ကြီးစွာနှင့် သမီးတော် ရွှေကြင်းစွာဟူ၍ သုံးယောက်ရှိကြ၏။ တနေ့သ၌ လောင်းကြက်စား ငကုသလနှင့် မိဖုရားနတ်ရှင်မယ်တို့ ချစ်ကြိုက်ကြသောကြောင့် လောင်းကြက်စားက ယတြာအလွန်တတ်သည်ဖြစ်၍ ပြည်ရှင်သီရိသုဓမ္မရာဇာမင်းကို နံကိုနှိမ်၊ အင်းအိုင်ယတြာဖြင့်လုပ်ပြီးမှ အရှင်မင်းကြီးထံ ဆင်ဖြူတော်ရောက်မည်ဟု ဘုရင်ထံသို့လျှောက်ထားလေ၍ ဆင်စာ စပါးဟိန်စွတို့ကို ရေကန်တူး၍ချထားစေပြီးသော် သူငယ်တို့ကို တပေါင်တစ်ခုကို ဆိုစေသည်မှာ 'ညောင်ပင်ကြီးရင်း ဟိန်စွချင်း၊ မင်းထီးတို့ရှင် ဘုရင်နန်းရ ဖြစ်လိမ့်မည်'ဟူပင်ဖြစ်၏။

ဝင်းကို ငလက်ရုံးကြား၍ မင်းအားလျှောက်ရာ အရှင်မင်းကြီး ဟိန်စွသည် အင်္ဂါနံ၊ ဟိဟူသောအမှုသည် ယုတ်သောစကား၊ အရှင်မင်းကြီးလည်း အင်္ဂါသား၊ နံကိုဆင်စီးနင်းသည်၊ ဗုဒ္ဓဟူးသားသည် အမတ်လောင်းကြက်စားဖြစ်၏။ ဆင်ကားရောက်မည်မဟုတ်၊ ဆင်နံ ဗုဒ္ဓဟူးသား မင်းဖြစ်လိုကြောင်း တပေါင်ကို ငကုသလက ဖော်သည်ဖြစ်ကြောင်း၊ ငကုသလသည် ယတြာလုပ်ထား၍ အရှင်မင်းကြီး၏ဝေဒနာ စွဲကပ်နေရကြောင်း၊ ခုနစ်လနှင့် နတ်ရွာစံမည် အမှန်ဖြစ်ကြောင်းလျှောက်ရာ မင်းကြီးက မယုံကြည်၍ ငါ့ကိုထင်မြင်အောင်ပြရဦးမည် ဆိုသဖြင့် မြို့တွင်း၌ တြင်းနာရန် လူတစ်ယောက်ကို စေလွှတ်လိုက်၏။

## 'ကြားခဲ့ရသော တြင်းသံကား'

ပထမ။ ။ မင်းဟာရီ မှောက်မှား အလားလား၊ ဟာရီလည်းသေ ပြည်လည်းကြေ။

ဒုတိယ။ ။ ကျွန်နှင့်မတန်၊ မင်းဖြစ်ကြ၍ အမှန်တန်တန် ခုနစ်လတွင် မင်းဖြစ်လတ္တံ့။

တတိယ။။ ဖွတ်က မိကျောင်းဖြစ်လျှင် ချောင်းမြောင်းမခံသာ၊ ကျွန်က သူကောင်းဖြစ်လျှင် တိုင်းပြည်မစည်ရာဟု ယင်းကဲ့သို့ တြင်း (၃) ခု ကြားခဲ့ကြောင်း လေက်ရိုးလျှောက်တင်ထားသည်ကား။

အရှင်မင်းမြတ်၏ငယ်မည်သည် မင်းဟာရီဖြစ်သည်။ အရှင်လည်းသေ ပြည်လည်းကြေပါမည်။ ကျွန်က သူကောင်းဖြစ်မည်မှာ ကေုသလလောင်းကြက်စား ဆင်နံ မင်းဖြစ်မည့်အကြောင်း ထွက်သည်။ ၎င်းလက်ထက်တွင် နိုင်ငံသတ္တဝါများ မီးပူသကဲ့သို့ ပူပါမည်ဟု လျှောက်ထားလေ၏။ မင်းကြီးလည်း မ-တည်းဟူသော မိဖုရား နတ်ရှင်မယ် ဖျားယောင်းလှည့်ပတ်လျှောက်ထားပြီးဖြစ်၍ ကေုသလ၌ အပြစ်ဒေါသအာဃာတ မထားဘဲနေလေ၏။

တရံရောအခါ မင်းကြီးက 'လေက်ရိုး ငါတို့အနွယ်သည် ဘယ်သူအဆက်တွင် ပြတ်မည်နည်း'မေးရာ စနေသားလက်ထက်တွင် ဖြစ်ပါမည်' ဘယ်အရပ်က ဘယ်ရက်သား' ဟုမေးရာ 'အရှင်မင်းကြီးလက်ထက်တွင် မဖြစ်သေးပါ။ မင်းကြီးလွန်မှ သားတော်စနေလက်ထက်တော်တွင်သာ ဖြစ်လတ္တံ့.' 'ငါ၏အနွယ်ပြတ်လျှင် အဘယ်အနွယ်က အဘယ်ရက်သားဖြစ်လတ္တံ့နည်း'ဟုတစ်ဖန် မေးကြသည်တွင် 'အရှင်မင်းကြီးအနွယ်တော်ကို ကျွန်မျိုး ဗုဒ္ဓဟူးသား ဖြစ်လတ္တံ့မည်ကို. . . .

'ငှက်တွင် ငှက်ယုတ်၊ ငှက်ခေါင်ပုတ်ကို၊ ငှက်များခြံရံပြုလိမ့်မည်'

'လူတွင်လူယုတ်၊ လူစက်ဆုတ်ကို၊ လူများရိုသေပြုလိမ့်မည်'ဟု သိုက်ကျမ်းလာသောကြောင့် အရှင်မင်းကြီးအနွယ်ကို ဖြတ်လတ္တံ့သောမင်းတို့၏ ရက်စဉ်မှာ စနေသားကို ဗုဒ္ဓဟူးသား၊ ဗုဒ္ဓဟူးသားကို စနေသား စသည်ဖြင့် ဖြတ်ပါလိမ့်မည်။ (၁၈)တိုင်ပြီးမှသာ စနေသားတစ်ယောက်ဖြစ်လိမ့်မည်ဟု လျှောက်၍ဆိတ်ဆိတ်နေတော်မူ၏။ ထိုအခါ ကေုသလလည်း မိမိမင်းဖြစ်စေရန် ယတြာစသည်များကို များစွာအားထုတ် ပြုလုပ်လေ၏။

ကေုသလကား ဗုဒ္ဓဟူးသားနံပေါ်ဖို့သာ ကြိုးစား၏။ လေက်ရိုးလျှောက်သော်လည်း မနာယူဘဲ ရွှေလူးမီးပေါက် (၃)ချက်နှင့် ထီးဖြူဆင့်လျက် မြှင့်တော်မူ၍ တောင်ထက်တွင် နန်းထိုင်လေသည်။

မိဖုရားနှင့် ကေုသလတို့ သင့်တင်ကြပြီး ကေုသလလည်း မိမိနံပေါ်ဘို့ ဆင်အိုးတည်ဖို့၊ ဗုဒ္ဓဟူးနံပေါ်ဖို့၊ မိမိမင်းဖြစ်ဖို့ကို ကြံသည်ကိုလျှောက်ထားသော်လည်း မင်းကြီးက မနာယူဘဲ ရှိလေ၏။ ဆင်အသစ်ဝင်သောကာလ ရေအိုင်တို့၌သာ ကစားသာအောင် ကန်တူးစေပြီး၊ ကျောက်စာတိုင်တို့၌လည်း ဘီလူးရုပ်၊ နတ်ရုပ်ထုလုပ်စေ၍ ကန်(၄)ထောင့်၌စိုက်စေလေ၏။ ဆင်ကိုလည်း နယုန်လဆန်း ဆင်းစေ၏။ ဆင်ဝင်သောအခါ ဆင်စားဖို့ ဟိန်းစော စပါးခင်းကန်မြောက်က စိုက်ပျိုးစေ၏။

၎င်းအကြောင်းကို ပရက္ကမတိုက်နေ ဘုန်းကြီးတစ်ပါးနှင့် စစ်ကွက်ဆရာဘုန်းကြီးတို့ ကြား၍မင်းထံသိုက်စာဆက်ကြောင်းကို မင်းက ကေုသလအား ခေါ်ပြီး ၎င်းက အကျွန်ုပ်အဖို့ကို မကြိုက်သဖြင့် သံတော်ဦးတင်ခြင်းသာ ဖြစ်သည်

လျှောက်လေ၏။ လေက်ရိုးမှာ လောင်းကြက်စား မင်းဖြစ်လိမ့်မည်ဟုလျှောက်ရာ အနည်းငယ် ယုံမှားလျက်ရှိနေ၏။ လောင်းကြက်စားလည်း ဆင်အိုင်ကိုလည်း မြန်မြန်လုပ်သည့်ပြင် သိုက်စာဆက် ဘုန်းကြီးတို့ကိုလည်း ရှာလေ၏။ ၎င်းတိုက်တွင် ပင်တွေ့၍ ပြည်တွင် အရှင်ဘုရားနှင့် အကျွန်မှတစ်ပါး နှစ်ယောက်မရှိ သို့ဖြစ်၍အရေးအရာကို ကြံတော်မူပါဟု လျှောက်ထားလိုက်၏။

စစ်ကွက်ဘုန်းကြီးသည်လည်း လောင်းကြက်စားအား မင်းကြီး မင်းဖြစ်လျှင် ပြည်ကားပျက်မည်၊ အနွယ်တော် (၁၁)ဆက်ဖြစ်မည်ဟုဆို၏။ ၎င်းက အရှင်ဘုရား ဆင်အိုးပြီး၍ ဆင်စာကို ဘယ်ကဲ့သို့ပေးရအံ့နည်းဟုမေးရာတွင် ဆင်စပါးဟိန်းစောကို နတ်သားကန်မြောက်ဘက်မှ ကြပြီးသော် အရှေ့တံခါးဖြင့် ထွက်လတ်လျှင် တြင်းတစ်ခု ကြားလိမ့်မည်။ ယင်းတြင်းအတိုင်း ဖြစ်လတ္တံ့ဟုပြောဆိုလိုက်၏။

ဘုန်းကြီးပြောဆိုတိုင်း စီမံပြီးနောက် တြင်းနာရာ သူငယ်တို့တြင်းသံကား. . .

'တောင်ပြိန်းပြိန်းပြောင်၊ ဝန်လယ်ကောင်၊ ကန်ပေါင်ကန်ရင်း၊ ဟိန်းစောခင်း၊ နင့်တလယ်လုပ်၊ အကြံထုတ်၍၊ ထိုသူအို ့နှင့်၊ ဝါဆိုလတွင်၊ စမ်းကြမည်'ဟူသည့်စကား လက်ဝဲဘက်မှကြား၍ လျှောက်လေသော် ဤတြင်းအတိုင်းသာ မချွတ်ဖြစ်လိမ့်မည်ဟုဆိုလေ၏။

သိုက်တတ်လေက်ရိုး ထိုစကားကိုကြား၍ အရှင်မင်းကြီး သားတော်လက်ထက် လောင်းကြက်စားမချွတ် မင်းဖြစ်လတ္တံ့။

'နဂါးအနွယ်၊ အကယ်ကိုးဆက်၊ မြောက်လိမ့်မည်။ အဆုံး နဂါးတိုင်လေငြား၊ နဂါးအနွယ် ပြတ်လိမ့်မည်'ဟုလျှောက်ထားသည်တွင် နှလုံးမသွင်းမိ၍ ယတြာပြုရန် မင်းအား လျှောက်ထား၍ လေက်ရိုးသည် ခေါ (၃၀)၊ ပန်းဖွား (၃၀)နှင့် လောင်းကြက်စားအိမ်တွင် ယတြာပြုချေသည်ကိုသိ၍ ၎င်းကယတြာကို ပတ္တရာပြုမည့်အခြင်းအရာကား သီရိသုဓမ္မရာဇာမင်း

ဟာရီသည် အင်္ဂါသားဖြစ်၍ အင်္ဂါနံဖြစ်သော စေည်ဟူသော ပတ္တရာဆို၏။ ဆိုသည့်စကားမှာ. . .

## စေည်ဆို သာချင်း

ကိုးရာ ကိုးဆယ်၊ ကိုးခုဝယ်ပင်၊ တေင်စရေး၊ ညရေတန်းခွ ပြည်မ မတ်ကျွန်၊ ဟန်ပန်ကောင်းစွ၊ ကျွန်ရည်ကောင်းသည်၊ ပါရဲဘာ။

ဟုတ်တည့်လင်ချာ၊ လင်နွဲ့နှောင်း၊ လင်ကောင်းဆိုသည်၊ ကောင်းလတ်မည်၊ စေည်ယူယူ၊ နှာရောင်ဖြူကို၊ မောင်ဖြူကျုံး၍၊ မရတကား၊ ပါရဲဘာ။

စေည်ကပေါက်၊ ငါရကောက်မှာ ရှိလေလေသည်လည်း၊ ပါရဲဘာ။

ကျေးကတုပ်ပင်ရင်း၊ စေည်တွင်း၊ နင်းလေမောင်မင်း၊ တစ်ယောက်ချင်း၊ နင့်မိမောင်ကြီး၊ နင့်ဦးရီးမှာ၊ တူရွှင်းငှားချေ၊ တူရွှင်းမရ၊ ရန်တင်ချာ၊ ခရာစိုးမည်၊ အိုမိန်းမ၊ နင့်မိမောင်ကြီး၊ နင့်ဦးရီးမှာ၊ အိုးဖျဉ်ငှားချေ၊ အိုးဖျဉ်မရ၊ ရန်တင်ရှာ၊ ခရာစိုးမည်၊ အိုမိန်းမ၊ စေည်ယူယူ၊ နှာရောင်ဖြူကို၊ မောင်ဖြူကျုံး၍ မရတကား၊ ပါရဲဘာ။

သားပါရဲကို၊ ကျောင်းမှာမထား၊ အိမ်မှာထား၍၊ ရှင်များပြုမည်၊ ကြံပါသည်၊ အခေါင်းကိုင်လည်း၊ အခေါင်းမရ၊ ရမ်းရမ်းတကား၊ ပါရဲဘာ။

လမုနီတောင်ရိုး၊ ယာဖုံးဆိုး၊ ကပေါက်တစ်ခု၊ ရှိလေသည်လည်း၊ ပါရဲဘာ၊ ဟုတ်တည့်လင်ချာ (လ) နှာရောင်ဖြူကို၊ မောင်ဖြူကျုံး၍၊ မရတကား၊ ပါရဲဘာ။

ဘီဘိုးနန်းသုံး၊ လမန်တုန်းတွင်၊ အချင်း (၃၀)၊ ပြလတ်မည်လည်း၊ ပါရဲဘာ။

အင်းဝပုဂံ၊ နိုင်ငံဒေသ ပြည်သုံးခွတွင်၊ ကပေါက်တစ်ခု၊ ရှိလေသည်လည်း၊ ပါရဲဘာ။

ဟုတ်တည့်လင်ချာ၊ (လ)မရတကား၊ ပါရဲဘာ။

မာန်အောင်အဆုံး၊ ကျောက်တစ်လုံးမှာ၊ ကပေါက်တစ်ခု၊ ရှိလေသည်လည်း ပါရဲဘာ၊

ဟုတ်တည့်လင်ချာ၊ (လ)မရတကား၊ ပါရဲဘာ။

ကုလားတန်အဖျား၊ ကုလက်နားတွင်၊ ကပေါက်တစ်ခု၊ ရှိလေသည်လည်း ပါရဲဘာ။

အနောက်မှာလည်း ဗစရာအကြား အူချာဖျားတွင်၊ ကပေါက်တစ်ခုရှိလေသည်လည်း၊ ပါရဲဘာ။

ဟင်းမစားသမီး၊ ဟန်လုံးကြီးနှင့်၊ နားတောင်းဝတ်ကာ၊ က၍လာသည်၊ ငါလည်းတစ်ချက်၊ လမန်တောတွင်၊ ပြောလိုက်လျက်၊ ဟုတ်တည့်လင်ချာ (လ) မရပါတကား၊ ပါရဲဘာ။

ခေါင်းကိုကိုင်လည်း ၊ (လ)ရမ်းရမ်းတကား၊ ပါရဲဘာ။

စေည်သားကို၊ တန်အောင်မစား၊ အလွန်စားလို့၊ ကံကောင်းချေးရည်၊ ယိုလတ်မည်လည်း၊ ပါရဲဘာ။

ဟုတ်တည့်လင်ချာ၊ (လ)မရတကား၊ ပါရဲဘာ စသည်ဖြင့် ဟူ၍ဆိုလေသည်။

၎င်းအချင်းအရာကို လေက်ရုံးက မင်းကြီးအား ယတြာဖြင့် ကြံစည်သည့်အတွက် အနွယ်ပြတ်မည့်အပြင် ဘိုးတော် ကေုသလမင်း ဖြစ်ဆစ်ရှိသည်။ အရှင်မင်းကြီး စည်းစိမ်ခံပြီး မနေပါလင့်၊ ကျွန်ုပ်သည် တစ်ပြည်တစ်ရွာသို့ ပြောင်းရပါမည်သာ စဉ်းစားတော်မူပါလေ၊ ကျောက်ဆိပ်နှင့် စိုးရွှေပန်းနတ် ကျောက်ဗီလာတွင် တြင်းနာပါဟုလျှောက်ခဲ့၏။

မင်းကြီးလည်း နန်းရှင်လုလင်ထောင်စားနှင့် ဘုန်းတော်စားတို့ကို နာစေရာ. . . .

ကျောက်ဆိပ်နတ်တွင်နာသော်၊ မင်းဟရီကို ပြည်စောင့်ထားသည်။ ဟရီလည်းသေ ပြည်လည်းကြေဟု ငိုသံကြားခဲ့ရသည်။

စိုးရွှေပန်းနတ်တွင် ကျွန်ကလူသည် အကယ်တန်တန်၊ တစ်ထောင့်စေ့တွင် ဖြစ်လတ္တံ့ဟု ဆိုသံကိုကြားခဲ့ရ၏။

ကျောက်ဖီလာတွင်နာသော် ဖွတ်ကမီးကျောင်းဖြစ်၊ ချောင်းမြောင်းမချမ်းသာ၊ ကျွန်ကသူကောင်းဖြစ် ပြည်ရွာမချမ်းသာဟု တြင်းနာသံ ကြားခဲ့ရကြောင်း နားတော်လျှောက်လေ၏။

မင်းကြီးသည် ကြောက်၍ လေက်ရုံးကိုခေါ်ကာ မေး၏။ အရှင်မင်းကြီး ကျောက်ဆိပ်နတ်ငိုသည်အလိုမှာ အရှင်မင်းကြီး ပျက်စီးအံ့သောအကြောင်း။ စိုးရွှေပန်းနတ်ဆိုသည့်တြင်းမှာ ကျွန်ကမင်းဖြစ်အံ့သောအကြောင်း ဖြစ်သည်ဟု လေက်ရုံးက လျှောက်ကြား၏။

လေက်ရုံးသိုက်ဓာတ် ကိန်းခန်းတို့နှင့် တွက်ချက်ပြီး ကြည့်ကြပါဟု မင်းကြီးအမိန့်ရှိသည့်အတိုင်း တွက်ချက်ကြည့်ရာတွင် သက္ကရာဇ်(၁၀၀၀)တစ်ထောင်စေ့တွင် တောင်က ဗုဒ္ဓဟူးသားအနွယ်(၁၁)ဆက် မင်းဖြစ်အံ့၊ ပြည်ရွာပျက်အံ့ဟုလျှောက်ရာ ဆိတ်ဆိတ်ပင်နေလေ၏။

ကေုသလလည်း ပတ္တရာစေည်ကို ဆိုစေသည့် စကားကိုပြည်သူတို့ တစ်ခါမျှမကြားဖူးကြ၍ အားလုံးလက်ခေါင်

ဖျောက်ဖျောက်တီးကာ ဆိုကြလေကုန်၏။ စေည်အချင်းအရာနှင့် ပတ္တရာဆိုသည့်စကားကိုကြားသော လေက်ရုံးသည် မင်းကြီးအား ဘိုးတော်လောင်းကြက်စားသည် အင်္ဂါနံကိုနင်း၍ စေည်ချင်းကို ဆိုပါသည်၊ မနာခံသင့်ပါဟု လျှောက်ရာဆိတ်နေ တော်မူ၏။

တစ်နေ့သ၌ ကေုသလသည် စေည်နှစ်သား(ဝါ) စေည်က,တတ်သူကိုခေါ်လျက် ငါသည်မနက်အစော မင်းအိမ်တက် မည်၊ သင်သည်ဆည်ဝတွင် လေ့ရုံ၌ စေည်ချင်းရာကို ပြနေနှင့်ဟု နှုတ်တည့်မှာထားခဲ့၏။ မင်းကြီးအိမ်တတ်လတ်၍ စေည် စကားသံကို ကြားလေလျှင် ထမ်းစင်နှင့်ရပ်၍နာခံကာ မင်းကြီးအားလျှောက်၏။ အရှင်မင်းကြီး စေည်ဟူတုံ၏တဲ့၊ အကျွန်ုပ် တစ်သက်တွင်သည်သာ ကြုံဖူး၏။ ယင်းအခါ သျှစ်သောင်းဘုန်းကြီး ဂုဏမဥ္ဇူနှင့် လေက်ရုံးတို့ရှိကြသည်ဟူ၏။

ဘုန်းကြီးက မင်းကြီးအား စေည်စကားကို ကြားက (၇)ရက်အတွင်း ပျက်စီးအံ့ဟုမိန့်တော်မူ၏။ လေက်ရုံးလည်း ယင်းနည်းအတိုင်းပင် လျှောက်၏။ ဆရာတော်မိန့်သည့်အတိုင်း မှန်ကောင်းမှန်မည်ထင်၏ဟုဆို၏။ မင်းကြီး၌မနာမယူဘဲ နန်းရင်ပြင်သို့သွင်းကာ မြေတလင်းတွင် စေည်နှစ်၍ ကပြစေသဖြင့် မိဖုရားမောင်းမ မိဿံတို့နှင့်တကွ ထွက်၍ကြည့်တော်မူ ၏။ စေည်စကားကို ကြားလျှင် သက္ကရာဇ်တစ်ထောင်ပြည့် နယုလဆုတ်(၂)ရက် တနင်္လာနေ့တွင် သီရိသုဓမ္မရာဇာမင်း ဟရီသည် လွှန်တော်မူလေ၏။

ထိုမင်းလွှန်လျှင် မင်းလွှန်သောနေ့၌ပင် အိမ်နိမ့်မှဖွားသောသားတော် မင်းစနေကို နန်းထက်မိဖုရားနှင့် မင်းပြုလေ သည်။ မင်းပြုတော်မူစဉ် ကျောက်ရောဂါပေါက်၍ မယ်တော်မိဖုရား နတ်ရှင်မယ်သည် ကေုသလနှင့် ဟူးရားတတ် ရဲထွတ်တို့ကို တိုင်ပင်ကာ နန်းအရှေ့မြောက်ထောင့် ကမ်းနား ဝင်းစားမ အရပ်သို့ ယာယီပြောင်းနေစေခဲ့သော် ရောဂါချမ်းသာပါမည်ဟု ရဲထွတ်လျှောက်စကားကိုယုံကြည်၍ ယာယီပြောင်းနေခဲ့ရာ နတ်ရှင်မယ်အဆိပ်ဆေးစပ်၍ ပေးသဖြင့် အိမ်နိမ့် (၁၈)နန်းစံ အရက် (၂၀)၊ နှစ်စုသက်တော် (၁၈)နှင့် ရက်(၂၀)သက္ကရာဇ် (၁၀၀၀)ပြည့်၊ ဝါဆိုလဆန်း(၆)ရက်နေ့ (၅)တေးနေ့တွင် ကွယ်လွှန်တော်မူလေသည်။ နံတော် စနေသားတည်း။ ဤမင်းစနေတွင် သာကီဝင်မင်းဆက်ပြတ်လေသည်။ ဤသည်မြောက်ဦး မြို့တည် မင်းပါကြီးအစ မင်းစနေအဆုံးရှိ ၉ဆက်တို့၏ နန်းစံနှစ်ပေါင်း (၁၀၇)နှစ်တည်း။

မင်းစနေကွယ်လွှန်တော်မူလျှင် မင်းပါကြီး၏မြစ်ဖြစ်တော်မူသော လောင်းကြက်စား ကေုသလသည် မိဖုရား နတ်ရှင်မယ်နှင့် ဘိသိက်ခံ၍ မှူးမတ်တို့နှင့်ညီညွတ်လျက် သက္ကရာဇ် (၁၀၀၀)ပြည့် ဝါဆိုလပြည့်ကျော် (၂)ရက် စနေနေ့နံက် တစ်ဗဟိုကျော်တွင် ပြည်စည်းစိမ်ကိုအုပ်စိုး၍ နရပတိအမည်ဖြင့် မင်းလုပ်တော်မူလေသတည်း။

ဤကား ရခိုင်ရာဇဝင်အမျိုးမျိုးတို့နှင့် ညှိနှိုင်းချင့်ချိန် ချိန်ထိုးပြီး လိုရင်းကို ရေးသားဖော်ပြရသော အစည်အစ နရပတိအမည်ခံ လောင်းကြက်စား ကေုလသဟူ၍ ရာဇဝင်သက်သေဖြင့် ထုတ်ဆောင်ရခြင်းဖြစ်၏။ ဤမျှဖြင့် စေည်ရာဇဝင် စတင်ပေါ်ပေါက်ပုံနှင့် စေည်ကပြရခြင်းအခြင်းအရာတို့သည်ကား ရှင်းလင်းနားလည်လောက်ပြီဟု အပြီးသတ်နိဂုံးချုပ်လိုက်ရ ပေသတည်း။

**ရခိုင်အလင်း သတင်းစာ**
**၁၉၅၇-ခု၊ ဖေဖော်ဝါရီလ**

# ရခိုင်နှင့် ပန်းသဇင်

နတ်မြစ် မာယာ

မိုးရာသီကုန်ဆုံးလျှင် ဟေမန္တဆောင်းဥတုသို့ ကူးပြောင်းလာသည်။ ထိုအခါ ဆီးနှင်းစိုစွတ်လျက် မြောက်လေစုန်လေတစ်သုတ်သုတ်ထ၍ ချမ်းအေးလာသည်။ ထို့ကြောင့် ရခိုင်စာဆို ဆရာထွန်းက. . . .

'မိုးလေးလဆုံး၊ တန်ဆောင်မုန်းလ

သာရဒတွင်၊ ဝသန်ကုန်နှောင်း

ဟေမာန်ပြောင်းလျက်၊ ဒေါင်းနှင့်ယုန်ပျံ

ဘုံနဘံဝယ်၊ ကြံ့စံကာတွေ့'ဟူ၍ ဦးရာဇ်တောင်ဘုရားသမိုင်းလင်္ကာ၌ စပ်ဆိုထားခဲ့သည်။

ထိုဆောင်းလအခါတွင် မြောက်လေပြန်ခေတ်လိုက်လျှင် သဇင်ရနံ့လည်း ကြိုင်သင်းခဲ့ရလေသည်။ သဇင်ပန်းပွင့်ချိန်မှာ နတ်တော်လ၌ အစပြုသည်။ တပို့တွဲလတွင် သဇင်ပန်းအဆုံးတိုင်တော့သည်။

ထို့ကြောင့် . . .

'သဇင်ပေါ်စ နတ်တော်လ၊ သဇင်လည်းပွဲ တပိုတွဲ' ဟု ရခိုင်တို့က မှတ်တမ်းစကား ပြောလေ့ရှိလာခဲ့ကြသည်။

ထိုကိုရည်၍-

'မြောက်လေ်ပြန်နှင့်၊ ဟေမန္တဟု၊ လနတ်တော်မှာ

ဂေါ်သဇင်ခိုင်၊ ပန်းမွှေးကြိုင်ကို'ဟူ၍ သတ္တထာနု သာချင်း၌ ဆရာထွန်းက စပ်ဆိုမှုပြုခဲ့ခြင်း ဖြစ်သည်။

ဆရာဦးအောင်ထွန်းကလည်း ၎င်း၏ 'ဝံသာနုလွမ်းမပြေ သာချင်း'တွင်

'ဆန်းလနတ်တော်၊ သဇင်ပေါ်ကေ၊ ဟေမာဥတု' ဟုစပ်ဆိုမှု ပြုခဲ့လေသည်န။

သဇင်ပန်းသည် 'နန်းတော်သူဆင်၊ ပန်းတော်ဝင် သဇင်ကုံးကို'ဟူ၍ ဆိုသောကြောင့် ရခိုင်ပြည်နယ်၌ အထွတ်အမြတ်ဆုံး စံတင်ပြုထားခြင်းခံရသောပန်းလည်းဖြစ်သည်။ ထိုသဇင်ပန်းကို ထွတ်မြတ်သော ဘုရား၊ တရား၊ သားသမီး ရတနာ၊ ချစ်သူမောင်တို့၌ ဥပမာတင်စား၍ ခိုင်းနှိုင်းရာ၌ အသုံးပြုကြောင်းတွေ့ရသည်။

ထို့ကြောင့်

'သဇင်ပန်းခိုင်၊ တစ်မြိုင်မြိုင်၊ ရခိုင်ဘုရားပေါင်း'ဟူလည်းကောင်း

'သားဝမ်းဝင်လေ၊ သဇင်ပန်းကို၊ တမ်းကာလည်းဆို၊ အိုလည်းသမီး၊ လှသဇင်လေ၊ ငါ့ရင်သွီးလျှင်၊ ပဖာတွင်ကေ၊ သဇင်ကုံးနှင့်၊ ရွှင်ပြုံးတူစုံ'ဟူ၍လည်းကောင်း။

တောင်ပုတ်ကေမှာ၊ ကျားသျှေရာလည်း ကျော်လမ်း၊ ကျောင်းပါးတောင်မှာ၊ သဇင်ပန်းကို၊ လူနမ်းလားရာ'ဟူ၍ လည်းကောင်း၊ စာဖွဲ့ထားခဲ့ကြလေသည်။

ရှေးအခါကဆိုလျှင် တော်ဝင်ခံရသောသဇင်ပန်းကို နန်းတွင်သူများ မိဖုရား၊ မင်းသမီးများတို့သာ အထွတ်အမြတ်ပန်ဆင်ခဲ့ကြသည်။ ရခိုင်သာချင်း စာဆိုတို့ကလည်း ထိုကိုဂုဏ်တင်လျက် မင်းသမီးတို့ကို မင်းသားတို့က သဇင်ပန်းပန်ဆင်ပေးလေ့ ဖွဲ့ဆိုခြင်းများကိုတွေ့ရသည်။

ဆရာထွန်း၏ ဥပ္ပလဝဏ်အလောင်း ပဒုမ္မဝတီသာချင်းတွင်လည်းကောင်း၊ ပန်းရွှေမြိုင်နှင့် နန်းကေခိုင် သာချင်းတွင်လည်းကောင်း၊ သဇင်ပန်းပန်ဆင်ပေးခြင်းများကို ရေးစပ်ဖွဲ့ဆိုထားခြင်းများတို့က ထင်ရှားလေသည်။

ထိုပဒုမ္မသာချင်း၌ ဗာရာဏသီပြည့်ရှင်မင်းနှင့် ပဒုမ္မဝတီတို့ချစ်ကြိုက်မေတ္တာသက်ခဲ့ကြသဖြင့် ပြည်တော်သို့ ဆောင်ယူလာသည်။ ထိုအခါ တောစခန်း၌ မင်းဗာရာက မေပဒုမ္မာကို ဂေါ်သဇင်ပန်းဆွတ်ယူဆင်သပေးခဲ့ရသည်ကို ဖွဲ့ဆိုထားသည်။

ဗာရာဏသီပြည်ရှင် ဗြဟ္မဒတ်မင်းနှင့် မိဖုရားစန္ဒာဒေဝီမှ မွေးဖွားသောသားတော် သတ္တထာနုမင်းသားသည် ဇေတရာဇ်တိုင်းနိုင်ငံမှ တစ်ဦးတည်းသော ပြည့်ရှင်မင်း၏ ပဖာနှင့်လူပျိုလှည့်ရေးအတွက် သဇင်ပန်းကို ဂရုတစိုက် ရှာယူကာ ပန်ဆင်ပေးခဲ့ရသည်ကို သတ္တထာနုသာချင်း၌ ဖွဲ့ဆိုလျက်ရှိသည်။

ပညာသင်ရာမှ ပြည်တော်ပြန်လာသော နန်းကေခိုင်မင်းသားသည် မင်းသမီးရွှေမြိုင်ကို ဖခင်ဇော်ဂျီဆေးရှာသွားနေခိုက် ကျောက်ဂူအတွင်း၌ တစ်ယောက်တည်းတွေ့ရ၍ ချစ်ရေးဆိုကာ ကြိုက်နှစ်သက်ခဲ့ရသည်။ ထို သူတို့မောင်နှံစုံ ဗာရာဏသီပြည်ဌာနီသို့ ပြန်လာကြရာ တောစခန်း၌ သဇင်ပန်းကို ပန်ဆင်လိုလှသဖြင့် နောက်တော်ပါ ငရွှေကျော်က ဆွတ်ယူပေးခဲ့ရသည်။

ဇမ်းသာချင်းတို့၌လည်း
'ဆောင်းလရာသီ၊ ပွင့်ဝိဝိ၊ ဇာတိပြင်နား၊
တောင်စောင်ဖျားမှာ၊ လှမျှားသခင်၊
မွှီးသဇင်ကို မောင်မြင်လတ်ကေ
ချစ်တေမေ၊ ပူသျှေထွက်
လှမ်းလက်ပီးမေ'ဟုပင် စပ်ဆိုထားခြင်းရှိလေသည်။
ကျိန်းတောင် ကျိန်းတောင်၊ ရွှေကျိန်းတောင်
ကျိန်းတောင်ကျော်လမ်း၊ ခမောင်းပင်မှာ
သဇင်ပန်းကို၊ နှမနမ်းတုံ၊ မောင်နမ်းတုံ'ဟုလည်း တစ်ယုတစ်ယ နမ်းခဲ့သည်။

ယခုအခါ ရခိုင်သဇင်ပန်းကား ပို၍ပင်ကျော်သည်ထက်ကျော်၊ လှိုင်သည်ထက်လှိုင်ခဲ့ပေပြီ၊ ပြည်သူသမီးပျိုများ၏ အချစ်ပန်းလည်းဖြစ်လာရသည်။ ရန်ကုန်စသော မြန်မာပြည်မြို့ကြီးများသို့ပင် လေယာဉ်ပျံဖြင့်ပို့ပေး ရောင်းချခြင်းဖြင့် အကြိုက်လည်း များတောင်းလှပေသည်။

သာချင်းစာဆိုတို့၏ သာချင်းဝတ္ထုဖွဲ့ဆိုမှု သဇင်ပန်းဘွဲ့များကို ယခုတင်ပြလိုက်ပါသည်။
'ပဒုမ္မာမှာ၊ မောင်တော်ဘုရား
မေ့ထိပ်တင်ကေ၊ လင်မင်းများလေ
မွှေးငြားထူးဆန်း၊ ဤသည်ပန်းကို
ပြောစမ်းပါဟု၊ မေးခါကာလ
အလှပြုံးချို၊ မဘုန်းမိုကေ
ညိုနှမလေ၊ သစ်ခွပန်းတွင်
ဂေါ်သဇင်ဟု၊ ခေါ်တွင်တော့သည်
ဆိုတုံပေက၊ နှမညိုမြ
နန်းတော်သူတွင်၊ ပန်းသဇင်ကို
ဆင်ခြင်လှဟု၊ ချိုမြသာယာ
ဆိုလေပါကေ၊ လှမ်းကာမှီနိုင်
အပင်မြင့်မှာ၊ ဆင်နှင့်ချဉ်၍
ကိုင်ကာလှမ်းညွတ်၊ သဇင်ဖြူကို
ယူကာဆွတ်လို့၊ လှနတ်ညာစံ
ထုံးကေဆံမှာ၊ ဆင်ပန်ပြီးမှ
များဗိုလ်ခြေနှင့်၊ သွားလေကြကေ
တောဝရုံ၊ မြိုင်လမ်းတည့်လေ'။

**(ဆရာထွန်း၏ ပဒုမ္မဝတီ သာချင်းမှ)**

'ဘွားဘက်တော်လှ၊ မလေးကလေ
ဤည၌ပင်၊ မေ့ယံခွင်သို့
ငါလျှင်မင်းပျို၊ ဝင်ချင်လိုဟု
ဆိုလေသောအခါ၊ ယဉ်ကျော်မင်းမှာ
လျှောက်ခြင်းရာက၊ ပဖာဝတီ
လှသဘိလျှင်၊ ရွှေအိမ်ကြင့်နန်း
မြပန်းတိုင်လေ၊ ပင်ဆိုင်နန်းမှာ
စံမြန်း၍သာ၊ နေရပါကေ
ဥမ္မာကိုထက်၊ ပန်းကိုမုံလေ
လွန်စုံမက်လို့၊ နှစ်သက်တတ်သည်
သို့ဖြစ်ပေမူ၊ မေပဖာထွက်
လက်ဆောင်တော်လျှင်၊ မွှေးစွာကြိုင်ရွှမ်း

ဂေါ်သဇင်လေ၊ တော်ဝင်ပန်းကို
ရွှေနန်းသခင်၊ ဘုရင်ရာဇာ
ဆောင်ယူခါမှ၊ တော်ပါလိမ့်မည်
လျှောက်တုံလေသော်၊ ဘုန်းကြွယ်မင်းသား
ဟေဝန်တောင်လေ၊ မြိုင်ချောင်တောမှာ
ဆန်းပြားလှစွာ၊ ပန်းတကာတို့
ရှာပါခိမည်၊ စိတ်ကရည်၍
ကြံစည်လျက်ပင်၊ နေမင်းဝင်ကေ
မိုးလျှင်ချုပ်ကြီး၊ ညအချိန်မှာ
နာရီတီးလို့၊ စည်ကြီးလည်းဆော်
တပိုကျော်တွင်၊ လောင်းတော်မင်းမြတ်
ပုဏ္ဏားဝတ်လို့၊ နတ်လုလင်တို့
ဆင်ယင်တုံပြီး၊ ဓားသံလျက်ကို
ညာဘက်ကိုင်ဗျာ၊ ယာဉ်ကျော်မြင်းကို
နင်းကာစီး၍၊ ခရီးကောင်းကင်
အာကာပြင်က၊ မြိုင်ခွင်သာယာ
နှင်းစွေထန်နှင့်၊ ဟေဝန်တောသို့
သွားလေပါကေ၊ မကြာထုတ်ချောက်
ရောက်၏တည်းလေ။

**(ဆရာထွန်း သတ္တထာနုသာချင်းမှ)**

'လွမ်းစဖွယ်လေ၊ ဆန်းကြယ်ပန်မန်
ပွင့်ဖူးဟန်ကို၊ မြင်ပြန်သောခါ
လှပြာညိုမှာ၊ သိလိုရေးနှင့်
မေးခြင်းရာက၊ မောင်တော်ဘုရား
မေထိတ်တင်ကေ၊ ရှင်မင်းများလေ
ရှုပြားစခန်း၊ အသွယ်သွယ်လေ
ဟိုပင်မြင့်မှာ၊ ပွင့်လို့နေကာ
အဘယ်ပန်းနည်း၊ ခွဲခြမ်းသေချာ
သိလိုရေးနှင့်၊ မေးလေပါကေ
မွှေးစွာကြိုင်ရွှမ်း၊ ထိုသစ်ပင်မှာ
မြင်သည့်ပန်းကား၊ နန်းတော်သူဆင်
ဂေါ်သဇင်ဟု၊ လူရှင်အများ
ခေါ်ခြင်းဟန်ကို၊ ပြန်ကာပြောသော်
ညိုချောနှမ၊ ပန်းကိုမြင်ကေ
ဆင်ချင်လှရေး၊ ရှင်မ,ဆိုသော်
ငရွှေကျော်လျှင်၊ ပင်ပေါ်ထက်က
တက်ကာချင်ကေ၊ သစ်ခွပန်းမန်
မေ၏ဆံမှာ၊ ဆင်ပြန်ပြီးမှ
ပန်းရွှေမြိုင်လေ၊ ယဉ်ချောလှမှာ
စိတ်ကကြည်ညို၊ ရွှင်စေလို၍
လင်ကိုပလီ၊ မာယာချီ၍
မပီတစ်ခွန်း၊ ပီးတစ်ခွန်းနှင့်
ပန်းကိုစိတ်တတ်၊ မောင်ကလှမ်းကိုင်

မေပန်းမြိုင်လျှင်၊ တစ်ခိုင်ဆွတ်လို့
ချပ်ကာပန်ဆင်၊ ပန်းမြိုင်ခွင်မှာ
လင်နှင့်မယား၊ မာယာပရိယာယ်
အသွယ်သွယ်ဖြင့်၊ ချစ်ဖွယ်ပြောလို့
တောအတန်တန်၊ သွားလေပြန်ရေ။'

**ဆရာယွန်း-ပန်းရွှေမြိုင်နှင့် နန်းကေခိုင်သာချင်းမှ**
**အသျှင်စက္ကိန္ဒ၏ရခိုင်ဆို အရွေ့သာချင်းမှ**

**စစ်တွေကောလိပ် မဂ္ဂဇင်း**
**၁၉၈၄-၈၅၊ နှစ်လည်**

## ရခိုင်ညွှန့်ဖူး ဝတ္ထုတိုပြိုင်ပွဲ
# ပြိုင်ပွဲဝင်စာမူများ ဖိတ်ခေါ်ခြင်း

ရခိုင်ညွှန့်ဖူး ဝတ္ထုတိုပြိုင်ပွဲကို ရခိုင်ညွှန့်ဖူးဆောင်းပါးများ အမှတ်(၃)မှ စတင်ကာ စဉ်ဆက်မပြတ် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသဖြင့် ပြိုင်ပွဲဝင်လိုသည့် ဝတ္ထုတိုစာမူများအား ဖော်ပြပါစည်းကမ်းချက်များနှင့်အညီ ရေးသားပေးပို့ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

## ပြိုင်ပွဲဝင်ဝတ္ထုများအတွက် စည်းကမ်းသတ်မှတ်ချက်များ

၁။ မိမိတို့ဒေသသုံး ရခိုင်ဝေါဟာရ၊ ရခိုင်ဘာသာစကားများဖြင့်သာ ရေးရမည်။

၂။ ကိုယ်တိုင်ရေးသားသော ဝတ္ထုစာမူဖြစ်ရမည်။ (ရခိုင်မှုပြုထားသော ဝတ္ထုစာမူ)ဖြစ်ပါက မူရင်းဝတ္ထု၊ စာရေးသူနှင့် စာအုပ်စာစောင်ကို ဖော်ပြပါရှိရမည်။

၃။ မည်သည့်စာစောင် မဂ္ဂဇင်းတွင်မျှ မဖော်ပြရသေးသော စာမူဖြစ်ရမည်။

၄။ ပြိုင်ပွဲဝင်ဝတ္ထုစာမူနှင့်အတူ အမည်၊ နိုင်ငံသား(ဝါ) မှတ်ပုံတင်အမှတ်နှင့် ဆက်သွယ်ရန် နေရပ်လိပ်စာအပြည့်အစုံ ပါရှိရမည်။

၅။ ရွေးချယ်ခြင်းမပြုသောစာမူများကို ပြန်လည်ပေးပို့လိမ့်မည်မဟုတ်ပါ။

အထက်ဖော်ပြပါစည်းကမ်းချက်များနှင့်အညီ အဆင့်မီသောပြိုင်ပွဲတွင် စာမူရှင်များအား ရခိုင်ညွှန့်ဖူးဆောင်းပါးများ စာအုပ်ကို လက်ဆောင်အဖြစ်ပေးပို့သွားမည်ဖြစ်ပါသည်။

ရခိုင်ညွှန့်ဖူး ဝတ္ထုတို ပထမဆုကို (၁၀၀၀ိ)

ရခိုင်ညွှန့်ဖူး ဝတ္ထုတို ဒုတိယဆုကို (၆၀၀ိ)

ရခိုင်ညွှန့်ဖူး ဝတ္ထုတို တတိယဆုကို (၄၀၀ိ) အသီးသီးချီးမြှင့်သွားမည်ဖြစ်ပြီး ၎င်းဝတ္ထုတိုများကို ရခိုင်ညွှန့်ဖူးဆောင်းပါးများ စာအုပ်တွင် ဖော်ပြသွားမည်ဖြစ်ပါသည်။

-ပထမအကြိမ် ပြိုင်ပွဲဝင်စာမူများအား ၁၉၉၅ခု၊ ဖေဖော်ဝါရီလ (၂၈)ရက်နေ့နောက်ဆုံးထား၍ ပေးပို့ပါရန်။

-ဒုတိယအကြိမ် ပြိုင်ပွဲဝင်စာမူများအား ၁၉၉၅ခု၊ ဧပြီလ (၃၀)ရက်နေ့နောက်ဆုံးထား၍ ပေးပို့ပါရန်။

-ဆက်လက်ကျင်းပမည့်အစီအစဉ်များကို ရခိုင်ညွှန့်ဖူးဆောင်းပါးများစာအုပ်တွင် ဖော်ပြသွားမည်ဖြစ်ပါသည်။

မှတ်ချက်။ ရခိုင်ညွှန့်ဖူးဆောင်းပါးများစာအုပ်ကို စဉ်ဆက်မပြတ် ထုတ်ဝေသွားမည်ဖြစ်ပါ၍ စာပေပညာရှင်များနှင့် စာပေဝါသနာရှင်များထံမှ ဆောင်းပါးများ၊ စာမူများကို စဉ်ဆက်မပြတ် ပေးပို့ကြပါရန်နှင့် အကြံပေးဝေဖန်ချက်များကိုလည်း ပေးပို့ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

## ရခိုင်စာပေ ယဉ်ကျေးမှုတိုးတက်ရေးကို ရှေ့ရှုလျက်
# ရခိုင်သားကြီးစာပေ

ခ၊ ၅၅(အေ)၊ ကျွန်းရွှေဝါလမ်း၊ (ကားရပ်နားကွင်းအနီး)
ဘုရင့်နောင်ပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

## ပန်ကြားလွှာ

ကျွန်တော်တို့ ရခိုင်သားကြီးစာပေမှ ရခိုင်ရိုးရာ အမျိုးသားယဉ်ကျေးမှုစာပေသမိုင်းနှင့် သက်ဆိုင်သော စာအုပ်စာတမ်းများ ထုတ်ဝေလျက်ရှိရာ စာအုပ်များ တစ်အုပ်ထက်တစ်အုပ် ပိုမိုကောင်းမွန်အောင် အမြဲတမ်းကြိုးစား အားထုတ်လျက်ရှိပါသည်။ သို့သော်လည်း အကောင်းဆုံး ဖြစ်မလာသေးပါ။

ထို့ကြောင့် စာပေကို လေ့လာလိုက်စားသူ စာပေဝါသနာရှင်များထံမှ ဝေဖန်အကြံပြု နည်းပေးလမ်းပြမှုများ ပေးပို့ကြပါရန် မေတ္တာရပ်ခံလျက်ရှိပါသည်။

**ရခိုင်သားကြီးစာပေ**

### ရခိုင်သားကြီးစာပေမှ
### ဆက်လက်ထုတ်ဝေမည့် စာအုပ်များ

| | | |
|---|---|---|
| ၁။ | ရခိုင်တံခွန် ပုံပြင်များ | အသျှင်စက္ကိန္ဒ |
| ၂။ | ကိုလိုနီဘဝရွှေပြည်ရခိုင် (ရခိုင်သားကြီးစာပေ၏ (၁၀)အုပ်မြောက်အထူးထုတ်) | မြထွန်းအောင် |
| ၃။ | ရခိုင်ယဉ်ကျေးမှုများ အမှတ် (၅) (၆) | အသျှင်စက္ကိန္ဒ |
| ၄။ | ရက္ခမဏ္ဍိုင် ဆောင်းပါးများ | ဥညစံ |
| ၅။ | ရခိုင်ညွန့်ဖူး. . . တို့ကို စဉ်ဆက်မပြတ် ထုတ်ဝေသွားမည်ဖြစ်ပါသည်။ | |

---

-ရခိုင်အရင်းဇစ်မြစ် အနှစ်ဖြစ်သော
-စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ဘာသာရေးဆိုင်ရာ သုတအဖြာဖြာများဖြင့် ထုံမွမ်းကာ
-ရခိုင်ဒေသအနှံ့မှ ဆောင်းပါးရှင်များ၏စာမူသစ်များဖြင့် ရခိုင်စာပေလောက၌ထူးခြားသော

**ရခိုင်ညွန့်ဖူး အမှတ် (၃)**

ကိုဆက်လက်ထုတ်ဝေပါမည်။
အမှာစာများ ကြိုတင်ပေးပို့ မှာယူနိုင်ပါသည်။
**ရခိုင်သားကြီးစာပေ**

---

**သုတေသီ အရှင်စက္ကိန္ဒနှင့် အရှင်ဝါသဝတို့**

နှစ်ပေါင်းများစွာ စုဆောင်းထားသော

စကားပုံ ၇၀၀၀ကျော် ပါဝင်သည့်

**ဥပမာစုံ ရခိုင်စကားပုံ**

**ရခိုင်သားကြီးစာပေမှ မကြာမီထွက်မည်**



အသျှင်စက္ကိန္ဒသည်၊ ရခိုင်လူမျိုး ရဟန်းတော်တစ်ပါးဖြစ်ပါသည်။ ၁၉၃၆-ခုနှစ်တွင် အဘဦးအောင်ထွန်းရှီ၊ အမိခေါ်ချင်းမယ်တို့ထံမှ မွေးဖွားသန့်စင်ခဲ့ပါသည်။

၁၉၅၅-ခုနှစ်မှစ၍ စာပေနယ်ထဲသို့ ဝင်ရောက်ခဲ့ပါသည်။

အသျှင်စက္ကိန္ဒအည်အပြင် ဦးပါကဋ္ဌအသျှင်ကြီး၊ နတ်မြစ်စန်းအောင်၊ နတ်မြစ်မောင်ကျော်ရှီ အမည်ခွဲများဖြင့်လည်း ရခိုင်ရိုးရာဆောင်းပါးများကို ရေးသားလေ့ရှိပါသည်။

**အသျှင်စက္ကိန္ဒရေးသားပြုစုခဲ့သော စာအုပ်စာတမ်းများမှာ**

၁။ ရခိုင်သဘာဝတေးကဗျာများ (၁၉၆၁)
၂။ ရခိုင်လက်ရွေးစင်ပုံပြင်များ (၁၉၆၆)
၃။ ရခိုင်ပုံပြင်ဆန်းများ (၁၉၆၇)
၄။ ရခိုင်ယဉ်ကျေးမှုများ (၁) (၁၉၆၉)
၅။ ငစရိုင်းချောင်းသမိုင်းနှင့်ထေရာမော်ကွန်း(၁၉၇၅)
၆။ ရခိုင်ပြည်တခွင် ပုံပြင်များ (၁၉၉၀)
၇။ ပြည်တွင်မကိုဋ် ဓာတ်ဦးရာဇ်သမိုင်း(၁၉၉၃)
၈။ ရခိုင်ယဉ်ကျေးမှုများ အမှတ် (၂) (၁၉၉၃)
၉။ ရခိုင်ပုံသေဝတ္ထုများ ပထမတွဲ (၁၉၉၄)
၁၀။ ရခိုင်ယဉ်ကျေးမှုများ အမှတ် (၃) (၁၉၉၄)
၁၁။ လက်ဝဲသလုံးတော်ဓာတ်သမိုင်းနှင့် စစ်တွေမြို့အကြောင်း (၁၉၉၄)
၁၂။ ရခိုင်ဘာသာစကားလမ်းညွှန် (၁၉၉၄)
၁၃။ ယခု-ရခိုင်ယဉ်ကျေးမှုများအမှတ် (၄) အပြင် အမှတ် (၅) (၆)နှင့် အခြားစာအုပ်များလည်း ထုတ်ဝေရန် စီစဉ်ထားရှိပြီး ဖြစ်ပါသည်။

ယခုအခါ အသျှင်စက္ကိန္ဒသည် အသက်(၅၇)နှစ်ရှိပြီဖြစ်ရာ ရခိုင်ပြည်နယ် မောင်တောမြို့၌ မြို့ဦးကျောင်းကို ထူထောင်၍ သာသနာ့တာဝန်များကို ဆောင်ရွက်နေပါသည်။

၁။ သကျမာရဖိန်နှင့် အတုလဝေယန် ကျောက်စာအပိုဒ်-၃
၂။ ရက္ခပူရ ဗုဒ္ဓသာသနာ ရောင်ခြည်စာစောင်၊ နှာ-၃၀။
၃။ ထွန်းရွှေခိုင်၏ရခိုင်ရှေးဟောင်းမြို့တော်များ၊ နှာ-၁၅၄
၄။ ဒေါက်တာဖိုချင်မာ၏ အာရကန်စာအုပ်။

၁။ (က) ရခိုင်နယ်ချဲ့တော်လှန်ရေး ပျိုးထောင်မှု (ရခိုင်မဂ္ဂဇင်း အမှတ် ၃)
(ခ) ရခိုင်ယဉ်ကျေးမှု (၂)၊ စာ-၁၄၄
၂။ ပြည်နယ်ဖြစ်စဉ်သမိုင်း၊ နိုင်ငံရေးကဏ္ဍ၊ (မုံညှင်းကျွန်းကို ဥယျာဉ်တော်ဟုလည်း ခေါ်သည်)

၁။ ဦးဝါသဝ၏ ဆုတောင်းအန်လည်းရှု။

၁။ အာနန္ဒစန္ဒြမင်း ပဥ္စမ၊ သီရိစန္ဒြမင်း ဆဌသံဂါယနာတင်ခဲ့သည်ဟုလည်း မှတ်တမ်းလာ၏။

၁။ စက်နေမရှင်
၂။ တမူ
၃။ ပြည်ရခိုင်၌

၁။ ဝါးကျောင်းပဏ္ဍိတ်၏ ဥတေနလင်္ကာ နိဂုံးပေါ်ချပ်၊ ကြောဖက်ပေမူမှ။
၂။ ဧရာဝတီတိုင်း ဘုတ်ချောင်းကျေးရွာတွင်ရှိသော ကြက်ကိုးပါး ရုပ်ပွားတော်မှာ မဟာမုနိ မသွန်းမီ ဦးစွာပုံစံ ဟုဆို၏။